
www.burmeseclassic.com



BURMESE
CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# စောညို

## ပြေးပေါက်

ငုံပြချက်အမှတ် - ၅၀၁၆၆၃၀၅၁၂

ဘဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၄၄၀၆၀၀

၂၀၀၆ ခုနှစ်၊ ဇွန်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၀၈၁၉) ချစ်မင်းလှံ့စာပေ

အမှတ်-၄၃/တ၊ မလိခလမ်း၊ ၇-မိုင်၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET

အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

စီစဉ်သူ

မောင်ကျော်လှိုင်

(စေတနာစာပေ)

# စောညို



## ပြေးပေါက်



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



## "ပြေးပေါက်" ဝတ္ထုစာတ်လမ်းဦးတည်ရည်ရွယ်ချက်

၁။ ရာဇဝတ်မှုများလျော့နည်းပပျောက်စေရန်။
၂။ အမျိုးသမီးများ ထူးချွန်ပြောင်မြောက်လာစေရန်။
၃။ ရဲနှင့်ပြည်သူများ ပူးပေါင်း၍ ရာဇဝတ်မှုများဖြိုခွင်းရန်။
၄။ မကောင်းမှုစရိုက်သည် အပြစ်ကိုသာပြန်ခံကြောင်း သိစေရန်။
၅။ တာဝန်နှင့်ဝတ္တရား ကျေပွန်မှုရှိစေရန်။

စာရေးသူသည် အထက်ပါရည်ရွယ်ချက်၊ ဦးတည်ချက်များနှင့် ယခုဝတ္ထုကို ရေးသားပါသည်။

စောညို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် . . .

- * ရတနာသုံးပါးကို ဦးညွှတ်၏။
- * နိုင်ငံတော်ကို ဦးညွှတ်၏။
- * ပြည်သူကို ဦးညွှတ်၏။
- * စာဖတ်ပရိသတ်ကို ဦးညွှတ်၏။
- * ကျွန်ုပ်အား မွေးဖွားပေးသော စာရေးဆရာကို ဦးညွှတ်၏။

ချက်စနေထွန်း





ကျွန်တော် ဤစာပေကို ရေးသားရာတွင်

- * နိုင်ငံနှင့်ပြည်သူ၏အကျိုးကိုရှာ၏။
- * စာဖတ်ပရိသတ်၏အကျိုးကို ရှာ၏။
- * စာဖတ်ပရိသတ်၏ မေတ္တာကိုရှာ၏။
- * စာပေ၏ အလှနှင့် စာပေ၏သစ္စာကိုရှာ၏။

စောညို



www.burmeseclassic.com

www.burmeseclassic.com



## ✢ အတ်ထွက်စဉ် (၁) ✢

ခံပြင်းခြင်းသည် ဒေါသနှင့်မတူပေ။

ဒေါသသည် တစ်ခဏချင်းမှာ ပေါက်ကွဲသွားပြီး တစ်ခဏချင်းမှာ ငြိမ်းသွားတတ်သည်။

တစ်သက်လုံး ဒေါသဖြစ်မနေတတ်ပါ။ တစ်ချိန်လုံး ဒေါသဖြစ်မနေတတ်ပါ။ ဒေါသကြောင့် အမှားအမှန်ကို ရုတ်တရက်မသိ။

ခံပြင်းခြင်းဆိုတာကတော့ တစ်သက်လုံးစွဲသွားတတ်သည်။ တစ်ချိန်လုံး ကပ်ငြိနေတတ်သည်။

တွေးလေ ခံပြင်းလေ၊ ခံပြင်းလေ ဒေါသဖြစ်လာမိလေ။

ခံပြင်းမှုကို မတွေးလျှင် ဒေါသဖြစ်လာစရာအကြောင်းမရှိ။





ဦးနှာဂသူရာမှာလည်း သွန်းရွှေစင်သွယ်နှင့်ပတ်သက်ပြီး ခံပြင်းစရာလေးတွေကို ရှိနေသည်။

သွန်းရွှေစင်သွယ်နှင့် သူသည် ကစားဝိုင်းတစ်ခုမှာ ဆုံမိခဲ့ကြသည်။ ယင်းကစားဝိုင်းသည် ကြေးစားကစားဝိုင်းမဟုတ်သော်လည်း ရှုံးသူက နိုင်သူကို ကြိုက်သလို ကျွေးမွေးပြုစုရသော မိနီကက်စီနိုဟု သူတို့ဖာသာ သူတို့ခေါ်ကြသည့် ကစားဝိုင်းသာဖြစ်သည်။

စစ်တုရင်၊ ချက်(စ်)၊ မိုနိုပိုလီ၊ ဘောလင်း နှင့် စကရက်ဘယ်(လ်) (SCRABBLE) ခေါ် စာလုံးအမြန်ဆောင်းသော ကစားဝိုင်းသာ ဖြစ်သည်။

အောက်တန်းလွှာမရှိ။

အလတ်တန်းစားနှင့် အထက်လွှာသာ ကစားကြသည်။

ယင်းကစားဝိုင်းကို ကျယ်ပြန့်သော အင်တာပတ် (INTER PARK) မြက်ခင်းပြင်ဥယျာဉ်တွင်း၌ ဖွင့်ထားသည်။

အင်တာပတ်ထဲတွင် ဘီယာဆိုင်၊ စားသောက်ဆိုင်များ ဖွင့်ထားသည်။

တစ်ခြမ်းတွင် အပျော်တမ်းကစားဝိုင်း ဖွင့်ထား၍အခြားတစ်ဘက်တွင်ကလေးကစားကွင်းဖွင့်ပေးထားသည်။

ဟိုဘက်ခြမ်းနှင့် သည်ဘက်ခြမ်း သွားလိုသော်



www.burmeseclassic.com

www.burmeseclassic.com



ကူးလူးဆက်သွယ်ပေးထားသည့် မိချောင်းရုပ်ကြီး၏ပါးစပ်နှင့် အမြီးပေါက်ကို ဝင်ပေါက်ထွက်ပေါက် လုပ်ပေးထား၏။

တစ်ခုတော့ ကန့်သတ်ထားသည်။

အသက်ဆယ်နှစ်ခန့် ကလေးငယ်သည်ကစားဝိုင်းသည်ဘက်ပိုင်းသို့ မလာနိုင်သော်လည်း ကစားဝိုင်းမှ လူကကလေးကစားကွင်းသို့ သွားခွင့်ရှိသည်။

လူကြီး၊လူငယ်တွေအတွက် အသက်ငယ်သောကလေးများကြောင့် အနှောင့်အယှက်ဖြစ်မှာ စိုးသောကြောင့် ကန့်သတ်ထားမြစ်ထားခြင်းဖြစ်၏။

ယင်းအာတာပတ်(ခ်) ဥယျာဉ်ကို ပျိုးထောင်သူက ဦးနာဂသူရာ။

သည်မြို့တွင် ဦးနာဂသူရာသည် စီးပွားရေးသမားတစ်ဦးဖြစ်ကြောင်း လူဦးရေထက်ဝက်နီးပါးလောက်က သိထားကြသည်။

ကူညီစရာရှိလျှင် ရက်ရက်ရောရော ကူညီတတ်သည်။ ထိုအတွက် သူ့အဖို့ အမြတ်ပြန်ယူတတ်သည်။

လှူစရာရှိလျှင် ထိပ်ဆုံးကလူ။

ယင်းလှူစရာအတွက်လည်း သူ့အဖို့ အမြတ်ပြန်ထုတ်တတ်သည်။ ဘယ်သူ့ကို ဘယ်လိုအသုံးချရမည်ကိုလည်း သိသည်။

စတိုးဆိုင်အချို့ကို မိနီမတ်ကက်ဆိုကာ ဖွင့်



ထားတတ်သည်။

အဆောက်အဦ တွန်စထရပ်ရှင်လုပ်ငန်းတွင်လည်း သူ့ခြေ သူ့လက်၊ ကားအရောင်းအဝယ်တွင်လည်း သူ့အရိပ်က ထိုးကျနေ၏။

ဒါတောင် သူက လောဘမသတ်နိုင်။

သူ့မြို့နှင့် ရန်ကုန်ကို ဆက်သွယ်ထားပြီး ဒုစရိုက်မှုမကင်းသောလုပ်ငန်းများလည်း လုပ်ထားလိုက်သေးသည်။

သည်မြို့တွင် ဦးနာဂသူရာကို စီးပွားရေးမှာ မီသည့်လူတစ်ဦးမျှ မရှိသေး။

တစ်ရက်တွင် ဦးနာဂသူရာ "အင်တာဝတ်(ခ်)"ကို ရောက်လာသည်။

အင်တာပတ်(ခ်)တွင် သူ့မိတ်ဆွေတချို့နှင့် စကားပြောသည်။ မိတ်ဆွေတချို့က တခြားဂိမ်း (GAME) တွေကို ကစားသော်လည်း စကားရက်ဘယ်(လ်)ကို ကစားမည့်သူ မရှိ။

စကားရက်ဘယ်(လ်)ခုံမှာ အင်္ဂလိပ်စာဝေါဟာရများ စုဆောင်းကစားရသော ကစားနည်းမျိုးဖြစ်သဖြင့် အင်္ဂလိပ်စာဝါသနာပါသူက နည်းတာမို့ ကစားမည့်သူရှိသလောက်ဖြစ်နေသည်။

သူတို့ဂိမ်း(မ်)တွေမှာ ဇင်ကစားလိုပါက



www.burmeseclassic.com

www.burmeseclassic.com



ဂိမ်း(ခ်)တစ်ခုတွင် ကစားခွင့်အခကြေးငွေတစ်ရာပေးရသည်။

သည်တော့ဝါသနာပါမှသာကစားလိုကြသည်။

ဆယ်တန်းအထိ စာသင်ခဲ့ဖူးသော ဦးနာဂသူရာသည် အင်္ဂလိပ်စာကိုတော့ ဝါသနာပါ၏။ ဒါကြောင့် သူက အင်္ဂလိပ်စကားပြောသင်တန်းလည်း တက်သည်။

အင်္ဂလိပ်စာရေးနည်းကိုလည်း သင်ယူသည်။

သည်တော့ သူက အင်္ဂလိပ်လို ပြောနိုင်သူ၊ ရေးနိုင်သူကို ရှာသလို စကရက်ဘယ်(လ်)ကစားခြင်းကိုလည်း သဘောကျ ဝါသနာရှိသည်။

သည်တော့ သူက စကရက်ဘယ်(လ်) ကစားမည့်သူကို ရှာမြဲ။

ထိုနေ့မှာတော့ ကစားမည့်သူ မရှိ။

အခြားသော ဂိမ်းကစားဝိုင်းများတွင် ဆူညံနေသည်။ ရယ်မောကြ၊ အကြံဉာဏ်ပေးကြနှင့်။

ဦးနာဂသူရာက စကရက်ဘယ်(လ်)ခုံတွင် ထိုင်ကာ စီးကရက်ကိုပဲ ဖိုင်ဖွာနေရင်း သူ့လုပ်ငန်းတွေကို စဉ်းစားနေသည်။

ရန်ကုန်မှ လုပ်ငန်းတွင် သူ့ညီနာဂသော်တာက ဦးစီး ဦးကိုင်လုပ်နေသည်။ ဒေါ်လာမှောင်ခိုလုပ်ငန်း၊ မူးယစ်ဆေးဝါးဖြန့်ချိရေးလုပ်ငန်းတွေကိုအကောင်အထည်ဖော်နေသည်။

အဲသည်က အမြတ်အစွန်းတွေကို ဦးနာဂသူရာ





နှင့် နာဂသော်တာတို့ တစ်ဝက်စီ ခွဲစားကြသည်။

သို့သော် လုပ်ငန်းမှာ ပြဿနာဖြစ်လာသည်။

နာဂသော်တာကို တစ်စုံတစ်ယောက်က သတ်ဖြတ်သွားသည်။

သတ်သည့်တရားခံကို မမိပါ။

ရဲက ရှာဖွေနေဆဲ။

ထိုအတွင်း ရဲကလည်း နာဂသော်တာ၏ ဒေါ်လာမှောင်ခိုလုပ်ငန်းနှင့် မူးယစ်ဆေးဝါးလုပ်ငန်းတွေကို အနံ့ခံမိလာသည်။

နာဂသော်တာသေဆုံးရခြင်းသည် ဦးနာဂသူရာအတွက် အကြီးမားဆုံးသော ဆုံးရှုံးမှုတစ်ရပ်ပင်။

တစ်ခုတော့ ဖြေဖွယ်ရာရှိသည်။

နာဂသော်တာ သေဆုံးခဲ့ခြင်းကြောင့် ဒုစရိုက်လုပ်ငန်းများကို ရဲကအနံ့ခံမိခြင်းသည် ဤမှာတွင်ပဲ တစ်ခန်းရပ်သွား၏။

ရဲများ၏လက်တံက သည်မြို့ရှိ ဦးနာဂသူရာ့ဆီသို့ ဆန့်တန်းရောက်ရှိမလာမိပါ။

သို့ရာတွင်...

ဦးနာဂသူရာက သူ၏အမည်းရောင်စီးပွားရေးကို လျစ်လျူရှုမထားနိုင်ပါ။

ထပ်မံအသက်သွင်းဖို့ ပြင်ဆင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တွင် အုပ်စီးနိုင်သော ကိုယ်စားလှယ် တစ်ယောက်လိုသည်။

သည်လူသည် ရန်ကုန်မြို့အကြောင်း၊ ရန်ကုန်တွင်းရှိ အဆက်အသွယ်တွေလည်း သိရမည်။ ရာဇဝတ်ရေးတို့၏ခြေလှမ်းတွေကိုလည်း အကင်းပါးစွာ အကဲခတ်တတ်ရမည်။

ခြေလှမ်းသစ်စဖို့ ခြေလှမ်းပိုင်ရှင်ကို စဉ်းစားတော့ သူ့တပည့်တွေထဲမှ သော်မော်ကြီးကို စဉ်းစားမိ၏။

သော်မော်ကြီးက ရန်ကုန်နှင့် ဤမြို့သို့ အခေါက်ခေါက်အခါခါ သွားဖူးသလို နာဂသော်တာရှိစဉ်က နာဂသော်တာ၏လက်အောက်အစီအမံတွင် နေထိုင်လှုပ်ရှားခဲ့ဖူးသည်။

သော်မော်ကြီးက စိတ်ချရသည်။

တွေးနေစဉ် မွှေးကြိုင်သော ရနံ့တစ်ခုကိုရှူရှိုက်မိသည်။ အတွေးရပ်ဆိုင်းသွားသည်။ မျက်လုံးတွေက အလိုက်တသိရှာဖွေတွေ့ရှိမိသည်။

"သြော်..."

သည်တစ်ခွန်းသာ သူ အသံထွက်မိ၏။

လှသော၊ ယဉ်သော၊ ကြည့်ရှုတင့်တယ်သော ယမင်းရုပ်ကလေးတစ်ရုပ် သူ့နားရောက်လာသလား ထင်ရသည်။ သူမက နောင်မှာ မိတ်ဆက်နာမည်သိခဲ့ရသည့် သွန်း





ရွှေစင်သွယ်။

သွန်းရွှေစင်သွယ်က ခေတ်ဆန်ကျော့ရှင်းစွာ ဝတ်စားထားသည်သာ မဟုတ်ပါ။ ရုပ်ကလေးနှင့် လိုက်အောင် လှုပဆွဲဆောင်နိုင်သော စကားလုံးကလေးများနှင့် အပြုံးကလေးပါ ကြွယ်ဝသူဖြစ်၏။

ဤနေ့က တစ်ယောက်တည်း ငေါင်နေမိသော ဦးနာဂသူရာနှင့်စတာရက်ဘယ်(လ်)ကစားရင်းမိတ်ဖြစ်ကြသည်။

လောင်းကြေးက ဦးနာဂသူရာနိုင်လျှင် သွန်းရွှေစင်သွယ်က ဘီယာအဝတိုက်။

သွန်းရွှေစင်သွယ်က ထိပ်ဆုံးဖြစ်လျှင် သူမသွားလိုရာသို့ ဦးနာဂသူရာက လိုက်လံပို့ပေးပြီး သူမစားချင်တာကို အဝကျွေး။

သည်လိုနှင့် အင်္ဂလိပ်စာလုံးများ စီကစားကြသည်။ ဦးနာဂသူရာ၏ အင်္ဂလိပ်စာလုံးကလေးတွေက ရိုးရိုးသွယ်လွယ်ကလေးနှင့် အကွက်တိုတိုကလေးများတွင် ထည့်သွင်းသွားသည်။ (MAN. WOMEN, HOUSE, PUT. BOX)စသည့်စာလုံးတွေ။

သွန်းရွှေစင်သွယ်ကတော့ စာလုံးကြီးကြီးတွေတိုင်ကစားသည်။ ကြည့်လိုက်။

(EDUCATION, TIFFING, NOMINATION), စတာ ... စတာတွေ။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စာတော်သည်ဟု ခန့်မှန်းချက်ဖြင့် ဦးနာဂသူရာက သွန်းရွှေစင်သွယ်ကို အထင်ကြီးသွားသည်။

စိန့်ငသရွှေ့ အလုံးအရေအတွက် အမှတ်ယူကြ၏။ တစ်ပွဲကို ဆယ့်ငါးမိနစ်လောက်ကြသည်။

ပထမပွဲတွင် အကွက်ဆယ့်တစ်ကွက် နောက်ဆုံးကျန်သည်။ ထိုအကွက်ဆယ်ကွက်ကို တစ်ခါတည်း အင်္ဂလိပ်အက္ခရာ ဆယ်လုံးဖြည့်ရမည်။

ဦးနာဂသူရာက ခပ်ကြွားကြွားဆိုတော့ သူ့အလှည့်တွင် ဆရာ်စပ်ပြီး ဖြည့်ဖို့ စဉ်းစားနေသည်။ ဖြည့်ရသော စာလုံးအထက်မှာ (GAP)ဆိုသော စာလုံးရှိတော့ အဆုံးစာလုံး "P" နှင့် ဆက်ရမည်။

"ဘယ်လိုလဲ စဉ်းစားပြီးပြီလား..."

ပြုံးခနဲ့နဲ့နှင့် တစ်ဘက်မှ မေးခြင်းခံရသည်။ ရိုးရိုးစာလုံးများသာ သုံးသောသူ့အဖို့ ခက်နေသည်။ စာလုံးရှည်ကြီးတွေကို သူမသိ။ နောက်ဆုံး မခံချင်စိတ်နှင့်။

"ကဲ... ခင်ဗျားပဲ ဖြည့်စမ်းပါဦး..."

သူ့အသက်က လေးဆယ်။

ဟိုမချောက နှစ်ဆယ်ကျော်။

ခင်ဗျား ကျွန်တော်နှင့်ပဲ လူ့ယဉ်ကျေးတို့ဘာဝ ပြောမိသည်။

သွန်းရွှေစင်သွယ်က လှလှကလေးပြုံးကာ "P"





အက္ခရာအဆုံးတွင် ထောင်လိုက်စာလုံးဖြည့်လိုက်၏။

ဖတ်ကြည့်သည်။

PORNOGRAPHY.

သူ့ကို လှူလည်လုပ်သည်ဟုထင်သည်။ အဆင်သင့်ယူလာသော အင်္ဂလိပ်မြန်မာအဘိဓာန်စာအုပ်တစ်အုပ်ကို သူ့အိတ်ထဲမှ ဆွဲထုတ်၏။

"ဘာလဲရှင့်... ကျွန်မက ရှင့်ကို ပတ်တယ်ထင်လို့လား... ဒါ အဓိပ္ပာယ်ရှိတယ်ရှင့်... ပေါ်နိုဂရပ်ဖီဆိုတာ ညစ်ညစ်ညမ်းညမ်းရေးထားတဲ့စာမျိုးကို ခေါ်တာ..."

သူမ ဖိန့်သလား၊ မဖိန့်သလားဆိုတာ သိရအောင် အဘိဓာန်ကို လှန်ကြည့်လိုက်သည်။

ဟုတ်သည်။

ပေါ်နိုဂရပ်ဖီဆိုသည့်အင်္ဂလိပ်စာလုံး ဝေါဟာရမှာ ညစ်ညစ်ညမ်းညမ်းရေးသား ဖွဲ့စည်းထားသောစာဟု အဓိပ္ပာယ်ရသည်။

သွန်းရွှေစင်သွယ်သည် တကယ်ခေတ်ပညာတတ် မိန်းကလေးပဲ။

အဲသည်ကတည်းက သူတို့အသိဖြစ်သွားရာက ခင်မင်။ ခင်မင်ရာမှ နှောင်ဖွဲ့.

နှောင်ဖွဲ့တာက သွန်းရွှေစင် မဟုတ်။

ဦးနာဂသူရာ၏နှလုံးသားမှတည်ဆောက်သော



www.burmeseclassic.com

ဆောင်ရွဲ့ခြင်းခံစားချက်။

သွန်းရွှေစင်ကို လက်ထပ်ဖို့ ရည်ရွယ်လိုက်သည်။

သွန်းရွှေစင်သည် သည်မြို့မှ မဟုတ်ပါ။ မြစ်ဝကျွန်းပေါ်သူဖြစ်ပြီး ရန်ကုန်တွင် ကြီးပြင်းလာသည်။

မိဘရှိသော်လည်း လွတ်လွတ်လပ်လပ် စီးပွားရှာလိုစိတ်နှင့် ဤမြို့သို့ ရောက်ခဲ့သည်။

သူမသည် ရွှေလက်ဝါးကုမ္ပဏီတွင် လက်ထောက်မန်နေဂျာလုပ်နေသည်ဟု ပြောသည်။

ထို၍ထိုမျှသာ သူမနှင့်ပတ်သက်၍ ဦးနာဂသူရာ သိလာခဲ့သည်။

သူမကို သူက ယုံကြည်သည်။

သူ့လမ်းကြောင်းပေါ်တွင် သူက တင်လာသည်။

လုပ်ရည်ကိုင်ရည်ရှိသော အမျိုးသမီးတစ်ဦးလို့လည်း သူကယုံကြည်သည်။

သည်တော့ သူ့လုပ်ငန်း တချို့တလေကို မျှော်တော်ဇောနှင့် ဖွင့်ဟပြောမိသည်။

သွန်းရွှေစင်က သဘောကျသည်။

ရန်ကုန်မှ လုပ်ငန်းကို သော်မော်ကြီးအား မလွှဲဘဲနှင့် သူမကို လွှဲပါရန် ပြောခဲ့သည်။





လုပ်ငန်းမကျွမ်းကျင်သေးဟူသော အကြောင်းပြချက်နှင့် သော်မော်ကြီးကိုသာ လွှဲထားပြီး သူက သွန်းရွှေ-စင်ကို သည်မြို့မှာပဲ ဆွဲထားလိုက်သည်။

သော်မော်ကြီး ရန်ကုန်ရောက်သွားသည်။

ပထမတော့ အဆင်ပြေသလိုလိုပဲ။

ထိုသည်နောက်တော့ သော်မော်ကြီးထံမှ လျှို့ဝှက်စာရသည်။

မိမိတို့မြို့မှ ပို့လိုက်သောဆေးပြားတွေကို ကြားမှလူတစ်စုကအပျောက်ဖျောင်သွားခြင်းခံခဲ့ရသည်ဟုဆိုသည်။

အဲသည်လူတွေမှာ ဘယ်သူမှန်းမသိသော်သည်း မိမိအထင် မိမိတို့အထဲမှ လျှို့ဝှက်လက်ထောက်ချနေသူတစ်ဦးရှိလိမ့်မည်။ ထိုသူသည် သွန်းရွှေစင်သာလျှင် ဖြစ်နိုင်ကြောင်း ပြော၏။

သော်မော်ကြီးစာကို ဖတ်ကာ ခေါင်းယမ်းမိ၏။

မိမိမျက်စိရှေ့မှောက်တွင်ပင် သွန်းရွှေစင်ရှိ၏။ သော်မော်ကြီးက မဖြစ်နိုင်တာကို ပြောသည်ဟုထင်၏။

ဆေးပြားများကို လူတစ်စုက ကြားမှအပျောက်ရိုက်သွားတာကို သူ မေ့လိုက်၏။

လက်ငင်းအကောင်အထည်တစ်ခု ဖော်ချင်၏။

နယ်စပ်တွင် နိုင်ငံခြားငွေအတုလုပ်ခြင်းပင်ဖြစ်သည်။ သည်အတွက် ငွေစက္ကူအတုဒီဇိုင်းကို ကွန်ပျူတာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ခက်ခက်ခဲခဲ ဖော်ထုတ်ကြည့်သည်။ ကွန်ပျူတာဂရပ်
ကြောင့် ငွေစက္ကူပုံစံအတု ရှေ့မျက်နှာနှင့် နောက်မျက်နှာ
ရသည်။

ဒါတွေကိုသာ သူအပိုင်လုပ်လိုက်လျှင် နိုင်ငံခြ
ငွေအတုတွေကို နိုင်ငံခြားသို့ ပြန်လည်ထုတ်ခြင်းဖြင့် များ
ကြွယ်ဝချမ်းသာလိမ့်မည်ဟု ခန့်မှန်းမိသည်။

သည်တော့ အန္တရာယ်မကင်းသော အလုပ်မျ
အနက် ဆေးဝါးအလုပ်ကို ဂရုမစိုက်တော့ပါ။

ထိုအတွင်းမှာပင် သော်မော်ကြီးက ရန်ကုန်မ
အဖမ်းခံလိုက်ရသည်။ သော်မော်ကြီး မူးယစ်ဆေးဝါးဖြန့်
ရောင်းချမှုနှင့် ပတ်သက်လို့ အဖမ်းခံရသောအခါ ဦးနာ
သူရာ တော်တော်တုန်လှုပ်သွားသည်။ နလုံးခုန်သွားသည်

မျက်ခုံးလှုပ်မိသည်။

သော်မော်ကြီးက ရဲကို မိမိအကြောင်းတွေ ဖော
ပြလိုက်မှဖြင့်...။

သော်မော်ကြီး သစ္စာရှိသည်။

နှုတ်ပိတ်ရေဝုံနှင့်ပင် သူ့အပြစ် သူခံသွားသည်

သော်မော်ကြီးတွင် မိခိုစရာဆိုလို့ သူ့အဒေါ်
သူ့မိန်းမသာ ကျန်ခဲ့သည်။

ဦးနာဂသူရာက ပစ်မထားပါ။

လစဉ်ပင် တစ်လငွေတစ်သောင်းသွားရော





ထောက်ပံ့ခဲ့သည်။ ဒါကတော့ သူ၏တပည့်အပေါ် ပြန်လည်
သစ္စာရှိမှုပင်ဖြစ်သည်။

အဲသည်နောက်တော့အတွင်းစကားကြားလာရ၏။

သွန်းရွှေစင်သည် နယ်နယ်ရရ အမှတ်တမဲ့
ထားအပ်သည့် မိန်းကလေးတစ်ယောက် မဟုတ်တော့ဘဲ
သူ့ကိုတိတ်တဆိတ်ယှဉ်ပြိုင်လာသည့်လူဖြစ်ကြောင်းအတွင်း
စကားများအရ သိလာရသည်။

သော်မော်ကြီး ထောင်ကျရသည်မှာ သူမ၏
စနက်ဖြစ်ကြောင်းပါ အထောက်အထားနှင့် သိမြင်လာသည်။

ဦးနာဂသူရာ ခံပြင်းသည်။

သူသည် လူတကာပေါ်တွင် မျက်ခုံးစကြီ
လျှောက်လိုသူ။ လူတကာ၏ဆံပင်ကို ကိုင်ရသော ဆံညှပ်
သမား၏ငယ်ထိပ်ပေါ်မှ တက်ရပ်လိုသူ။

သူ့နာမည်ကိုတောင် နာဂသူရာရယ်လို့ ကြံဖန်
မှည့်ခေါ်ထားတဲ့လူ။

အဲသည်လိုလူကို သွန်းရွှေစင်ဆိုတဲ့ မိန်း
ကလေးက မိန်းမတန်မဲ့ လာပြိုင်သည်ဆိုတော့ တွေးရင်းခံပြင်း
လာ၏။

သည်ကနေ့တော့ သွန်းရွှေစင်ကို သူ၏ဆောင်
လုပ်ရေးလုပ်ငန်းမှ မပြီးပြတ်သေးသော တိုက်ခန်းတစ်ခုသို့
ချိန်းဆိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သူသည် ကိုက်ခန်းမှပင်စောင့်နေသည်။

ဆောက်လုပ်ဆဲတိုက်မှာ လေးထပ်ဖြစ်၍ လေးခန်းတွဲဖြစ်သည်။ ယင်းတိုက်ဆောက်သည့်မှာ လေးလရှိပြီး တာဝန်ခံမြို့နယ်အင်ဂျင်နီယာနှင့် စကားများရသည်။

ဘိလပ်မြေနည်းပြီး သဲတွေကိုသာ ဖိသွန်သုံးရန် သူက ကန်ထရိုက်ကို မှာခဲ့သည်။ သုံးထပ်ပြီးလောက်တွင် အင်ဂျင်နီယာ လာစစ်သည်။

သဲတွေများသဖြင့် အင်ဂျင်နီယာက လက်မခံ။ ဦးနာဂသူရာက ထိုအင်ဂျင်နီယာကြီးကို သူ့အိတ်ထဲထည့်ဖို့ ကြိုးစားသည်။

တိကျ၍ စည်းကမ်းကြီးသောပုဂ္ဂိုလ်မို့ သူ ထည့်လို့ မရ။

သက်ဆိုင်ရာမှခေတ္တလာရောက်ပိတ်သွားသည်။

ဆောက်လုပ်ဆဲ အဆောက်အဦကာရပ်သွားသည်။

ဒေါသဖြစ်သည်။ ကြိုန်ဆဲမိသည်။ ပထမတော့ ထိုအင်ဂျင်နီယာကြီးကို ဒုက္ခပေးဖို့ ကြံစည်လိုက်သေးသည်။

အင်ဂျင်နီယာကြီးမှာ နှယ်နှယ်မဟုတ်။

သူ့နောက်မှ သူ့ဆွေမျိုးတွေမှာ တောင့်တင်းသော ဘက်ဂရောင်းဖြစ်သည်။

ဘက်ဂရောင်းကို ကြောက်တတ်သော လူတွေထဲတွင် ဦးနာဂသူရာလည်း ပါသည်။ ခံပြင်းမှုထက် ဒေါသ





ဖြစ်မှုက တစ်ခဏပဲ။

နောက်တော့ ငြိမ်သွားသည်။

ချောင်းတဟွတ်ဟွတ်ဆိုးလာသဖြင့် သောက်လက်စ စီးကရက်ကိုပင် ဆက်မသောက်တော့ဘဲ လက်တွင် ကိုင်ထားရသည်။

ဆောင်းတွင်းမို့ အအေးမိသွားဟန်တူသည်။ မနေ့ကတည်းက ချောင်းဆိုးနေသည်။ ဘာဆေးကိုမှ မသောက်ဘဲ ပေတေနေလိုက်သည်။

စိတ်ထဲတွင် သွှန်းရွှေစင်သွယ်ပေါ်တွင် မကျေနပ်မှုများ တိုးနေသည်။ တွေ့လျှင်တော့ ပြောင်ပြောင်ပဲဖွင့်ပြောပြီး ပြောင်ပြောင်ပဲအပြစ်ပေးလိုက်မည်ဟုစိတ်ကူးသည်။

မော်တော်ဆိုင်ကယ်တစ်စီး၏စက်ရပ်သံ။

စိတ်ထဲတွင် နိုးကြားလာသည်။

လက်ထဲတွင် တစ်ဝက်တစ်ပျက် ကိုင်ထားသော စီးကရက်ကို အုတ်ကြမ်းပြင်ပေါ် ပစ်ချ၍ နင်းချေလိုက်သည်။

ချောင်းတဟွတ်ဟွတ်ဆိုးနေတာကို ရပ်အောင် လုပ်ရသည်။ ထိုသည့်နောက် မှုသေမသပ်ဖြစ်နေသော အခန်းထဲမှ ထွက်ကြည့်သည်။

နေရောင်သည် ပတ်ဝန်းကျင်တွင် ဖြန့်ကျက်ထား၏။



www.burmeseclassic.com

စီတစ်ရာကိုးဆယ် ဟွန်ဒါအနီကလေးပေါ်မှ ကိုယ်ကလေးကြွကြွရွရွ ဆင်းလာသူကို ကြည့်လိုက်သည်။

ယောကျ်ားဝတ်အနီကွက်ရောင် ဖော့ရိန်းရှပ် လက်ရှည်ကို လက်စကခေါက်၍လည်း ဗစ်ဂျင်းပြာကလေး ဝတ်ထားသော သွန်းရွှေစင်၏အလှက နေရောင်တွင်ယှက် ဖြာသော အလှတစ်မျိုးပင်ဖြစ်၏။

ခေါင်းထက်မှ ဆိုင်ကယ်စီးဦးထုပ်ကို ချွတ်ကာ ပခုံးထက်ဝဲကျနေရှာသော လှိုင်းတွန့်ဆံနွယ်တွေကို ခေါင်းယမ်းကာ ခါလိုက်သည်။ ပြီးတော့ ဆံနွယ်တွေကို လက်ကလေး တစ်ဘက်နှင့် သပ်ရင်း မော်ကြည့်သည်။

ဦးနာဂသူရာက အထက်မှ လက်ထောင်ပြ နှုတ်ဆက်သည်။ ပိုက်ဆံအိတ်ကြိုးကလေးကို စလွယ်သိုင်း လွယ်ထားသော သူမသည် ပေါ့ပါးသော လမ်းလျှောက် နောက်ပိတ်ဖိနပ်ကလေး စီးထားသော ခြေထောက်များနှင့် ဆောက်လုပ်ဆဲ တိုက်ခန်းပေါ် တက်လာသည်။

"စောင့်နေလိုက်ရတာ... လာမှလာပါ့မလားလို့... အဟွတ်..."

"ဦး ခေါ်တာပဲ... မလာလို့ဖြစ်မလား...."

"လာ... အထဲ... အဟွတ်... အဟင်း... ဟင်း..."

ချောင်းဆိုးတာကြောင့် ချဲ့ရှင်းလိုက်ပြီး

"အထဲကို ဝင်..."





"မနေ့က ဦးနဲ့ မတွေ့ဖြစ်ခဲ့ဘူး..."

"တို့လည်း အလုပ်များနေတယ်လေ..."

"အရေးကြီးသလား..."

"ကြီးဆို... အဟွတ်... အဟွတ်..."

အရေးထဲချောင်းက ဆိုးနေတာကြောင့် စကား ...တ်မပြောဖြစ်။ လက်ရိုပ်ပဲ ပြလိုက်သည်။

အကြမ်းဖျင်း သုံးနိုင်ရန် ခွေးခြေနှစ်လုံးရှိ၏။ ...စ်လုံးတွင် သူမဝင်ထိုင်သည်။

"ဦး ဘာဖြစ်တာလဲ... ချောင်းဆိုးနေသလား..."

သူက ခေါင်းညိတ်ပြ၏။ ချောင်းဆိုးရပ်သွားမှ ...ကော ပြုံးစစနှင့်...

"သတိထားနော်... အေအိုင်ဒီအက်(စ်)အစ ချောင်းဆိုး ခြင်းကတဲ့..."

စ,သည်။ ကျီစယ်သည်။

"ဒီရောဂါဖြစ် ဝမ်းသာစရာကြီးပေါ့... ရှားရှားပါးပါး ကပ်ရောဂါပဲ...သေတော့လည်းခေတ်မီမီသေရတာပေါ့"

ချောင်းရပ်သွားသည်။ မျက်နှာချင်းဆိုင် ခွေး ...တွင် သူ့အတ္တဘောကြီးကို တင်လိုက်သည်။

"ရှဲ့ပြောနေတာလား..."

ပြောဆိုနေစဉ် စလွယ်သိုင်းလာသော ပိုက်ဆံ ...ကလေးကို ချွတ်လိုက်သည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"မရှုံ့ပါဘူး... ဒါပေမယ့် မဲ့ချင်နေတယ်..."

"မဲ့ချင်မဲ့ပေါ့ ဦးရယ်... ငိုတော့ မငိုလိုက်ပါနဲ့... ဒီမှာက ရေမကူးတတ်ဘူး... မျက်ရည်စီးကြောင်းထဲပါသွားမှာ စိုးရတယ်..."

"သွန်း..."

ခပ်မာမာပင် ခေါ်လိုက်သည်။ ရင်းနှီးနေစေဖော့ လည်း သွန်းလို့ပဲ အဖျားဆွတ်ခေါ်သည်။

"ပြောပါဦး..."

"တည့်တည့်ပဲ ပြောမယ်..."

"မျက်နှာချင်းဆိုင်နေတာလောက် တည့်ရဦးမလား"

"သွန်း... မင်း ဟန်ဆောင်မနေစမ်းပါနဲ့... တို့ကို မင်း ဘာတွေလုပ်ဖို့ ကြံစည်ထားလဲ..."

"ဘုရားရေ... သွန်းက ဦးကို ဘာကြံစည်ရမှာလဲ... ပေါက်ပေါက်ရှာရှာတော်... မိန်းကလေး တစ်ယောက်က ယောကျာ်းကြီးတစ်ယောက်ကို ကြံစည်ရတယ်လို့ အမယ်လေးဟဲ့နော်..."

"မင်း ရယ်စရာလုပ်မပစ်ပါနဲ့ကွာ... မင်းနဲ့တို့ ဆုံဆည်း ခင်မင်လာခဲ့ကြတာ ရက်တွေကြာလောက်ရှိရော့မယ် ဒီအထဲ တို့က သံသယဝင်ထားမိတယ်..."

"အေးလေ... သွန်းကလည်း ဦးကို ခင်မင်ခဲ့တာပဲ... မဟုတ်လား..."





"မင်း... ခင်မင်တာက ကပ်နိုက်ချင်လို့ မဟုတ်လား"

"တည့်တိုးပြောစမ်းပါ... ရှည်လျားပေများ ကုလားကားလုပ်မနေစမ်းပါနဲ့ ဦးရာ..."

"မင်း တို့လုပ်ငန်းကို သိတယ်... ဟို့ကို ပခုံးချင်းယှဉ် လာနိုင်အောင် မင်း ကြိုးစားနေတယ်... အဟွတ်... အဟွတ်..."

ချောင်းဆိုးနေပြန်သည်။

သည်ချောင်းကိုသတ်လို့ရသတ်ပစ်လိုက်ချင်ရဲ့။

စကားပြောတုန်း တယ်အနှောင့်အယှက်ပေး တာကိုး။

သွန်းက သူမ၏ သိုင်းလွယ်အိတ်ကလေးထဲမှ တစ်စုံတစ်ခုကို ထုတ်လိုက်သည်။ ဓားလည်းမဟုတ်၊ သေနတ်လည်းမဟုတ်။ဆေးပုလင်းကလေးတစ်လုံးသာဖြစ်သည်။

"ဒီမှာ... သွန်း အမြဲစားတတ်တဲ့ လျက်ဆားပုလင်း... ဦး... ချောင်းဆိုးရပ်အောင် စားလိုက်..."

"မလိုဘူး... မင်းနဲ့တို့ ဒီနေ့အပြတ်ရှင်းရမယ်..."

"ဒီလူကြီး ဒီနေ့ ဘာဖြစ်နေတာလဲ... ကဲ... ပြော... သွန်းက ဘာလုပ်မိလို့လဲ..."

"မင်း ရန်ကုန်မှာ မင်းအဖွဲ့ရှိတယ် မဟုတ်လား..."

"ဘာအဖွဲ့လဲ..."

"တို့ ဟိုပစ္စည်းလုပ်တဲ့အဖွဲ့မျိုး..."

www.burmeseclassic.com



"ဟာကွာ... ဦး... ဦးနှောက်မှ ကောင်းရဲ့လား... ရန်ကုန်နဲ့ ဒီမြို့က မိုင်ပေါင်းသုံးရာခြောက်ဆယ်လောက်ဝေးတာ... သွန်းက ဘာအဖွဲ့မှ မလုပ်ဘူး..."

"မဟုတ်ဘူး... မင်းတို့နဲ့ပေါင်းမိခဲ့တဲ့ အချိန်ကစပြီး... တို့ ဒီမြို့က ရန်ကုန်ကိုပို့လိုက်တဲ့ ဆေးပြားတွေကို လူတစ်စုက ကြားဖြတ်ဝင် ကလိမ်ကျယူသွားတယ်... ဒါဟာ မင်း သတင်းပေးလိုက်လို့ပဲ... ဒါကို သော်မော်ကြီးက သိတယ်... ဒုတိယ သော်မော်ကြီး အလုပ်လုပ်လို့မရအောင် ရဲကလိုက်တယ်... နောက်ဆုံး သော်မော်ကြီး အဖမ်းခံရပြီး ထောင်ထဲရောက်သွားတာ ဘယ်သူ့လက်ချက်လဲ... တို့လုပ်ငန်းကိုလုပ်တာ... လူသစ်ဆိုလို့ မင်းတစ်ယောက်တည်းပဲ ရှိတယ်... တို့လူဟောင်းတွေတုန်းက ဘာပြဿနာမှ မပေါ်ဘူး... မင်းလာပြီးမှ ပြဿနာပေါ်တာပဲ သွန်း... ဒီတော့ မင်း ငါတို့အလုပ်ကို လာနှောက်တဲ့လူ..."

သည်တစ်ခါတော့ သူမက ကြည့်ကြည်ကလေး ရယ်လိုက်သည်။

ခေါင်းကလေးမော်ကာ ...

"ခြော်... ဦးနာဂသူရာရယ်... ကျွန်မ ရှင့်ကို မအေ့ဘူးလို့ ထင်ခဲ့သလို... တကယ် မအေ့ပါဘူး... ရှင် စောကြောမိတတ်သားပဲ..."





"ဟင်... ဒါဆို မင်း... ငါထင်သလို တကယ်မိနှောက်ပဲပေါ့..."

"ဟုတ်..."

"မင်းတော်တော်ရက်စက်ပါလား... ငါက မင်းကို ယုံကြည်ခဲ့တာ..."

"ဒေါသမကြီးပါနဲ့ရှင်... ဆိုင်ပြောလည်း ရပါတယ်... ဘာလို့ ထပြောနေရတာလဲ... ခြေညောင်းပါတယ်... ဟုတ်တယ်... ကျွန်မ ရှင်တို့ကို နှောက်ချင်လို့ပဲ... ကျွန်မက ကြီးပွားချင်တယ်လေ... ပြိုင်ဘက်ရှိရင် မကြီးပွားနိုင်ဘူး... ဒါကြောင့် ဦးကို ကျွန်မက ဖူးသတ်ဖို့ ကြံမိတာပါ..."

"မင်းအတော်အကြံပက်စက်တဲ့ မိန်းကလေးပဲဒီတော့"

စကားပြောရင်း ချောင်းဆိုးလာပြန်သည်။

သူ့လက်ကတော့ မြန်သည်။ ခါးနောက်သို့ တ်ရောက်သွားသည်။ ပြန်ထွက်လာသော လက်တွင်မှိုင့် ရိုးတူးပြောင်းတိုခြောက်လုံးပြူးတစ်လက် ပါလာပြီးဖြစ် ည်။

"အဟွတ်... မင်းပြေးဖို့ မကြိုးစားနဲ့... ဘယ်နည်းနဲ့မှ မင်းမလွတ်တော့ဘူး..."

"ဦးက သွန်းကို သေနတ်ကြီးနဲ့ ချိန်နေပြန်ပြီ..."

"မင်းကို သတ်မလို့..."



www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်ကို သတ်ဖို့ဆိုတာ မလွယ်ပါဘူး... ဦးရယ်... ပြီးတော့ ကျွန်မက မိန်းမသား... သွန်းဆိုတဲ့ မိန်းကလေးဟာ မိန်းမချော မိန်းမလှလေးပါ... ဦး သတ်မယ်ဆိုရင်တော့ အသေခံရပါတယ်... ပစ်လိုက်စမ်းပါ... "

ခံပြင်းစိတ်ရှိသော်လည်း ခြိမ်းခြောက်သည့်အတိုင်း ဦးနာဂသူရာ မလုပ်နိုင်ပါ။ သူက သွန်းကိုချစ်မိပေသကိုး။

ဒါပေမဲ့ သူ့လုပ်ငန်းကိုင်ငန်းတွေကို သွန်း သိသွားလေတော့ သည့်အတိုင်း သွားလို့ရာသွားဆိုပြီး ပစ်မထားနိုင်ပါ။

"မင်းကို မသတ်သည့်တိုင်အောင် ဒီတစ်သက်မင်းဘယ်ကိုမှ မသွားနိုင်အောင် ငါ လုပ်နိုင်တယ်... "

"သွန်း ဦးကို မခုခံပါဘူး... "

ဒါကိုတော့ သူ ယုံကြည်သည်။

သွန်းသည် မိန်းမသားတစ်ဦး။

နောက်ပြီး လက်ရှိတွင် မိမိကသာ လက်နက်ရှိ၍ မိမိကပဲ လက်ဦးနေသည်။

မိန်းကလေးကို ချုပ်နှောင်ထားရမည်။

ပါးစပ်ကို အဝတ်စည်းပေးထားမည်။ မိမိ ကားပေါ်တင်၍တစ်နေရာတွင်တစ်သက်ချုပ်နှောင်ထားလိုက်မည်။





ဒါက သူ့စိတ်ကူး။

"သွန်းကို ဦးမသတ်ရဲဘူး မဟုတ်လား... သွန်း ... ဦးနဲ့ ပြေလည်ချင်ပါတယ်... "

ခပ်ပျော့ပျော့ လေသံကလေးနှင့် သူမဆိုသည်။

ဦးနာဂသူရာက မျက်မှောင်ကုတ်လိုက်၏။ လည်ချောင်းထဲ ယားကျိကျိဖြစ်လာသည်။

ချောင်းဒဏ်ကြောင့် စကားပြောရတာ အဆင်မပြေလိုတ်တာ။

သူ့မျက်လုံးတွေက သွန်းခေါ်းမှာ ချထားသည့် လျက်ဆားပုလင်းလေးဆီ ရောက်သွားသည်။ ပုလင်းအရှည်က လက်ညှိုးတစ်ချောင်းလောက် ရှည်မည်။ လုံးပတ်က ကျပ်ပြားစေ့လောက်။

လျက်ဆားပုလင်းကို ကောက်ယူလိုက်သည်။

"ဦး... ချောင်းဆိုးလို့ စိတ်တိုနေတာပါ... ဒါလေး စားလိုက်ရင် လည်ချောင်းရှင်း ရင်ချောင်ပြီး အဆင်ချောသွားပါလိမ့်မယ်... "

သွန်း ကြူနွှေမပျက်ပင် စကားသံပေးသည်။

လျက်ဆားပုလင်းဘူးဆို့ကိုသွားနှင့်ကိုက်ဖွင့်သည်။

လျက်ဆားနံ့သည် နှာခေါင်းထဲစူးခနဲ ဝင်လာသည်။ ရေမရှိသော်လည်း လျက်ဆားတချို့ကို သူ့ပါးစပ်ကြီး မော့ဟ၍လောင်းချမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"အား ရှူး... ဖူး... အား... "

ရုတ်တရက်ဆိုသော စူးရှမှုလောင်သောဒဏ်ကို ပါးစပ်တွင်ခံလိုက်ရသည်။

မီးစကြီးပါးစပ်ထဲ ဝင်သလို ပါးစပ်တစ်ခုလုံးရော ကိုယ်ကြီးတစ်ခုလုံးပါ မခံမရပ်နိုင်ဖြစ်သွားတော့သည်။

သူ စူးစူးဝါးဝါးဖြစ်ကာ ပါးစပ်မှဝေဒနာကြောင့် အနားတွင်ရှိသော သွန်းရွှေစင်သွယ်ကို မေ့သွား၏။

ပါးစပ်ကိုပိတ်၍ ခုန်ဆွခုန်ဆွ ဖြစ်နေခိုက် သွန်းရွှေစင် မြန်မြန်ထက်ထက် အလုပ်လုပ်ပစ်လိုက်သည်။

သူမက ရုတ်ခနဲထလိုက်၏။

ဦးနာဂသူရာ၏လက်တွင် လျော့ရိလျော့ရဲ ကိုင်ထားလိုက်သော သေနတ်ကို သွန်းရွှေစင်က ဖျတ်ခနဲ လုယူလိုက်ပြီးဖြစ်သည်။

ဒုတ်...

သွက်လက်လျင်မြန်သည့် မိန်းကလေးပါပဲ။

သေနတ်ပြောင်းနှင့် ဦးနာဂသူရာ၏ခေါင်းကို ထုထည့်လိုက်ပြီးသား။

ဝေါကြီး တစ်ခါတည်း ပုံလဲသွားသည်။

သွန်းက သေနတ်ကိုင်လျက်မှ ငုံ့ကြည့်သည်။ တိုးတိုးကလေးလည်း ပြောမိသည်။

"သွန်းဆိုတဲ့ မိန်းကလေးဟာ အစွမ်းအစမရှိဘဲ ရှင်တို့





ဒုစရိုက်ဝင်းထဲကို မဝင်လာပါဘူး ဦးနာဂသူရာရယ်... ကျွန်မအကြောင်း ရှင်သိသွားသလို... ရှင့်အကြောင်းကိုလည်း ကျွန်မ သိသွားပြီးပြီ... ဒီတော့ ပြိုင်ကြည့်ကြတာပေါ့... "

သူမက ကိုင်ထားသော သေနတ်ကို မေ့သွားသော ဦးနာဂသူရာပေါ် ပစ်ချလိုက်သည်။

ဣန္ဒြေရရပင် သူမက အောက်ဆုံးထပ်သို့ ဆင်းလာ၏။

ခေါင်းတွင် ဆိုင်ကယ်စီးဦးထုပ်ကို ဆောင်းလိုက်၏။

ဟွန်ဒါဆိုင်ကယ်လေး၏ စက်သံသည် ညက်ညက်ညောညော ပေါ်လာသည်။

နေ့ခင်းကြောင်တောင် နေရောင်အောက်တွင် စင်းစင်းကြီးလဲကျန်နေတာကတော့ ဦးနာဂသူရာရယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



✢ အတိလစ်ဧငြိ (၂) ✢

ကိုယ့်အပြစ်နှင့်ကိုယ်ဆိုတော့လည်းမပြောရဲပါ။

တပည့်တွေက သူ့ကို လေးစားကြသည်။ ကြောက်ကြသည်။

သူ့တပည့်တွေကို အရေးကြုံခိုင်းနိုင်အောင် လက်သီးပုန်းမွေးထားသည်။

သော်မော်ကြီးပြီးလျှင် ဗလကျော်သူက ဒုတိယ အားအကိုးရဆုံးလူ။

သွန်းရွှေစင်၏လှုပ်ရှားချက်၊ မိမိအား တုပချက်တွေကို မိမိအား ပြန်ပြောသူက ဗလကျော်သူပါ။

လူလိုလျှင် ဗလကျော်သူက စုဆောင်းပေး၏။

သည်မြို့တွင် မိမိ၏တစ်ဘက်က အရိပ်မည်းတွေ သူမသိအောင် ဦးနာဂသူရာ ဖုံးဖုံးဖိဖိ သိုသိုသိပ်သိပ်





နေထိုင်နိုင်သော်လည်း ဟိုဟာမလေး ယွန်းရွှေစင်က မိမိ အပေါ် နှပ်ပစ်သွားပြီဆိုကတည်းက လူသိရှင်ကြားဖြစ်မှာကို သူစိုးသည်။

ယွန်းရွှေစင်ကို သူ အထင်သေးခဲ့မိတာ မှားလေခြင်းပဲပေါ့။

သူက ယွန်းရွှေစင်ရှိမည့်နေရာတွေကို ဗလကျော်သူအား ထောက်လှမ်းခိုင်းသည်။

ရွှေလက်ဝါးကုမ္ပဏီတွင် ရှာသည်။

နိုး... ။

သူမအလုပ်ထွက်သွားတာ သုံးလေးရက်ရှိပြီဟု ပြောသည်။

သူမနေသော အဆောင်သို့သွား၏။

မလွယ်။

အဆောင်မှ သူမဘယ်သို့ ပြောင်းသွားသည် မသိဟု အဆောင်မှူးကဆိုသည်။

သူမသွားတတ် လာတတ်သော နေရာတွေကို လှောင်းမြှောင်းစုံစမ်းသည်။

မှမာကြောပဲ။

တစ်ခုတော့ သိရသည်။ သူမသည် တစ်ခါ တစ်ခါ ရန်ကုန်ဆင်းတတ်သည်ဟူသော စကားတစ်ခုကို သူ သွားလေ့ရှိသော စားသောက်ဆိုင်တစ်ခုမှ ကြားရသည်။

www.burmeseclassic.com



နှစ်ရက်ဆက်တိုက် လိုက်ရှာသော်လည်း သွန်း
ရွှေစင်သွယ်ကို မတွေ့ရတော့။

လက်လျှော့လိုက်သည်။

တစ်သက်လုံး သူမကိုချည်းရှာသည့်အလုပ်နှင့်
လုပ်လို့မဖြစ်။

မိမိတွင်တခြားလုပ်စရာများလည်းရှိသေးသည်။

"ဆရာက ဘာလို့ ဒီမိန်းမကို သဲကြီးမဲကြီး ရှာနေ
တာလဲ... သူနဲ့ဆရာ ပြဿနာများရှိလို့လား... "

ဦးနာဂသူရာ၏အိမ်တွင် သူ့အား တပည့်ကျော်
က မေးသည်။

ဦးနာဂသူရာမှာ မြဝတီလမ်းတွင် နေထိုင်
သဖြင့် သူ့အိမ်သို့ ရုံဖန်ရံခါရောက်လာတတ်သူက ဗလ
ကျော်သူ။

ဦးနာဂသူရာ၏အိမ်မှာ ခံ့ထည်သော နှစ်ထပ်
တိုက်ကြီးပင်ဖြစ်သည်။ သူက အိမ်တွင် အဖော်အလှော်အဖြစ်
ထမင်းချက် ဒေါ်သီတာ၊ ခြံစောင့် ဘိုးလှ၊ ဥယျာဉ်မှူး မတင်
ဌေး၊ ကားဒရိုင်ဘာမြတ်မင်း၊ တောက်တိုမယ်ရခိုင်းရသော
အညာသားအေးကျော်တို့သည် သူ့ပတ်ဝန်းကျင်ပဲဖြစ်သည်။

မြဝတီလမ်းမှာ ပြီးပြည့်စုံသော လူတန်းစား
တွေနေကြသည်။ ဦးနာဂသူရာကတော့ ဘယ်သူနှင့်မှ မရော
ယှက်။





အလှူအတန်းလာလျှင် ရှေ့ဆုံးကလှူသည်။

သူများတစ်ထောင်ဆို၊ သူက နှစ်ထောင်။ သူ
များ တစ်သောင်းဆို သူက နှစ်သောင်းထည့်လှူသော လူစား
လို့ခေါ်လျှင်လည်း ရသည်။

ဒါမှမဟုတ် တခြားလူထက်အကြောမခံဟု
ယူဆနိုင်စရာလည်းရှိသည်။ ရပ်ကွက်၏သာရေးနာရေးတွင်
သူက ငွေအားသာမက၊ လူလိုလျှင် သူ့တပည့်တွေကို ထည့်
သွင်းခိုင်းတတ်သည်။

ဒါကြောင့် သူ့စိတ်ရင်းစေတနာကို လေးစား
သည့်အသွင်နှင့် မည်သူကမှ သူ့ကို မပြိုင်ဆိုင်။ သူ့ကို
ကြည်ဖြူသူ မရှိ။

တစ်ခုတော့ ရှိ၏။

ရပ်ကွက်၏အကြီးအကဲအဖြစ် ဘယ်တော့မှ
မလုပ်။

တင်မြှောက်လျှင်လည်း ငြင်းပယ်သည်သာ သူ
၏အမိကသော့ချက်။

"ရပ်ကွက်အတွက်သာ ကောင်းအောင်လုပ်ကြပါဗျာ...
ကိုယ်က ခေါင်းဆောင်ဖြစ်မှ ရပ်ကွက်ကောင်းမယ်
ဆိုတဲ့ အတ္တဝါဒီ ကျွန်တော့်မှာ မရှိပါဘူး... ကျွန်ကော်
က နောက်လိုက်လုပ်ပြီး ရပ်ကွက်ကောင်းဖို့သာ အဓိ
ကပါ... "



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားက နိုင်ငံရေးခေတ်သာဆိုလျှင် အတော်ဟာသဓာဓ်မြည့်စကားပါပဲ။

လူတွေလက်ခံနိုင်လောက်သည့် စကားပါပေ။

တစ်ဘက်မှ ခြေပုန်းခုတ်တာတွေကိုတော့ လူတွေမသိ။

တကယ်တော့ သူက မကောင်းသည့်လူမို့ စင်ပေါ်မတက်ရဲခြင်းသာ ဖြစ်ချေသည်။

"မင်းပဲပြောခဲ့တာမဟုတ်လား ဗလ... သွန်းရွှေစင်ဟာ ငါ့နေရာကို ဝင်လာဖို့ ကြိုးစားနေတယ်... သော်မော်ကြီး ထောင်ထဲရောက်တာ သူ့ကြောင့်ဆို... ဒီတော့ သူ့ကိုရှင်းဖို့ရာရပြီပေါ့ကွာ..."

"ဒါဆို... ဒီကောင်မလေးကို ကျွန်တော် ပြောခဲ့တာ ဘော့(စ်)လက်ခံတယ်ပေါ့... ဟုတ်လား ဘော့(စ်)"

"လက်ခံပြီကွာ..."

"အဲဒီလိုလုပ်ပါ ဆရာရယ်..."

"မင်းကြည့်ရတာ ပူပန်နေသလိုပဲ..."

"အကျိုးလိုလို့ ညောင်ရေလောင်း... ပတ်ထမ်းနဲ့ မတွေ့ချင်လို့ပါ..."

"မင်းစကားက အလာကြီးပါလား..."

"အလာကောင်းရင် တော်ပါရဲ့... အလာမကောင်းရင် မှောက်သွားနိုင်တယ်လေ... ဘော့(စ်)က သွန်းရွှေစင်





ကို ခိုက်နေတယ်... ကျွန်တော်က တပည့်ကောင်းပီသစွာနဲ့ ဘော့(စ်)ကို တီးဖို့ သွန်းရွှေစင်က ဒါတွေ ဒါတွေ လုပ်နေပါတယ်လို့ ပြောပြတော့... ဘော့(စ်) ကျွန်တော့်စကားကို ယုံရင်ကောင်းမယ်... မယုံရင် ကျွန်တော့်မှာ မျက်နှာမရ ခြေထောက်ရဖြစ်သွားနိုင်တယ်... ဒါကြောင့် လက်ခံသလား မေးတာ..."

ဗလကျော်သူဆိုတဲ့ကောင်က သော်မော်ကြီးနင့်တွေ့။

စကားပြောစရာရှိလျှင် ရှည်ရှည်ဝေးဝေးပြောတတ်သည်။

စကားပုံတွေကို ညှပ်ပြောတတ်တာကသူ့ဝသီ။

"ငါ အခုနားလည်သွားပြီကွ... ဒီဟာမရဲ့ ခြေလှမ်းတွေကို စုံစမ်းကြည့်ပြီးပြီ... သိပ်တော့မနိပ်ဘူး..."

"ကျွန်ယုံရင် တစ်ဘက်ကန်း... သားသမီးယုံတော့ စုံလုံးကန်း... မိန်းမယုံတော့ မျက်လုံးရော နားရော မကန်းဖို့ အရေးကြီးတာပဲ..."

"ဟား... ဟား... ဟား... မင်း တော်တယ် တပည့်... မင်းတော်တယ်... ငါကတော့ မင်းကို အားကိုးလို့ တစ်ဘက်တော့မကန်းနိုင်ပါဘူး... ရန်ကုန်ရွှေဘုံသာလမ်းက အမေရိကန်ဗစ်ရှင်းမျက်မှန်တပ်ထားလိုက်ရင် ပြီးတာပဲ... ဟား... ဟား..."



www.burmeseclassic.com

www.burmeseclassic.com



"မမေ့နဲ့နော..."

ပြောင်စပ်စပ်မျက်နှာပေးနှင့် ဗလကျော်သူက ဆိုသည်။ ဗလကျော်သူဆိုတာ နာမည်နှင့် လူနှင့်တစ်ဘက်စီ။

လူက နွဲ့နှောင်းသည်။ အရပ်မြင့်သည်။အသား လတ်သည်။ နှာတံပေါ်ပေါ် မျက်နှာသွယ်သွယ်နှင့် ဟဲဗီး ဆံပင်ထားသည်။ အသက်က အစိတ်။

အမြဲတမ်း တက်ကြွနေပြီး ဦးနာဂသူရာအပေါ်တွင် လေးစားခင်မင်စိတ်လည်းရှိကြောင်း ရာခိုင်နှုန်းပြည့် ဦးနာဂသူရာက ယုံကြည်သည်။

"သောက်ကွာ..."

မိမိသောက်နေသော ဂိုက်လေဘယ်ပုလင်းတွင်းမှ အရက်လက်ကျန်ကို လက်နှင့်စားပွဲပေါ်တိုးပေးသည်။

ဂိုက်လေဘယ်ဆိုတာ သောက်ရခဲဘီခြင်း။

"ဘော့(စ်)လုပ်လေ..."

"ငါ တော်ပြီ..."

တကယ်တော့ ဖန်ခွက်ထဲ ငှဲ့ထည့်လိုက်တာမှ လက်ကျန်က လက်နှစ်လုံးကျော်ကျော်လေးပဲ ရှိသည်။

ရှားပါးတန်ဖိုးကြီးသော အရက်၏အရသာကို ငနဲသား ဗလကျော်သူက တမြေ့မြေ့ဖိမ်ခံသောက်ရင်း နိုင်ငံခြားဖြစ် ပက်လက်ကုလားထိုင်တွင် ထိုင်နေသူ ဦးနာဂသူရာအား

"ဘော့(စ်) ဒီမိန်းကလေးကို ဆက်လိုက်မှာလား..."





မိန်းကလေးသာ ပြောရခေါ်ရပေမယ့် သွန်းရွှေစင်က သူ့အသက်နှင့် မတိမ်းမယိမ်း။

ကွာလှ တစ်နှစ် နှစ်နှစ်သာ သွန်းရွှေစင်က ငယ်လိမ့်မည်။

"ဘာကိုဆက်လိုက်ရမှာလဲ၊ မင်းစကားက မရှင်းဘူးကွ"

"ဪ... ဘော့(စ်)ရယ်... သူ့ကို ဖမ်းဖို့နောင်ဖို့ ဆက်လိုက်ရှာမှာလားလို့ပါ..."

"သူ့ထက်အရေးကြီးတာရှိတယ်..."

"ဘာလဲ..."

"တို့ ဟိုငွေကိစ္စ... ကော င်တာဖိတ်မန်းနီး..."

ကောင်တာဖိင မန်းနီး (COUNTERFEIT MONEY) ဆိုတာ သူ့တို့ဘာသာ သူတို့ပြောခြင်းပင်။

တကယ်တော့ ငွေတု။

နိုင်ငံခြားငွေကို တုထားသောငွေ။

"အဲဒါ မြန်မြန်အကောင်အထည်ဖော်ရင်လည်း ဖော်ပေတော့ ဘော့(စ်)... နယ်စပ်က ကျွန်တော့်လူတွေက မှာတယ်... မြန်မြန်ပို့လိုက်ပါတဲ့... ကောင်တာဖိတ် ဒီဇိုင်းတွေကို သူတို့သုံးသပ်ပြီး ရက်ထဲထည့်ကြည့်မယ်တဲ့... တကယ်ဖြစ်နိုင်ရင် ပထမဆုံးနိုင်ငံခြားငွေ သိန်းလေးရာလောက်ထုတ်ပြီး တစ်ဘက်နိုင်ငံကို ဖြန့်ကြည့်လိုက်မယ်တဲ့... အဲဒီမှာ ဒေါ်လာဈေးအတော်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



နေတာ...”

“မင်း နယ်စပ်ကို ဆက်သွယ်ပြီးပြီပေါ့...”

“မှန်ပါတယ်...”

“ဒါဆိုလုပ်လေ... တို့ဒီဗိုင်းထုတ်ထားတဲ့ ဖလင်တွေ ရနေပြီပဲ...”

“တစ်ခုတော့ရှိတယ်...”

“ဘာလဲ...”

“ကျွန်တော့်လူတွေက တစ်ဘက်နိုင်ငံက ကောင်တွေနဲ့ ဆက်သွယ်လှုပ်ရှားနေတော့ သူတို့ကို ပထမဆုံး ရေလောင်းပေးဖို့လိုတယ်... အသီးအပွင့်ဆိုတာ ပထမဆုံး ရေလောင်းပေးမှ ရှင်သန်မှာ မဟုတ်လား ဆရာရဲ့... ဟဲ... ဟဲ...”

ဟဲသံအဆုံး လက်ကျန်အကာတ်အသပ်ကလေးကို မော့ပစ်၍ ပြွတ်ခနဲ လျှာကို စုပ်လိုက်သည်။ ဝိုက်လေဘယ်ကြောင့် ပျံ့ပျံ့ရနံ့၊ ချိုမြမြအရသာကို ခံစားလိုက်သည်။

တခဏအတွင်း ရိုတီတီဖြစ်လာသောအရသာကိုက°တစ်မျိုးပါပဲ။

“ငွေက တို့ငွေလား...”

“ဟုတ်တယ်...”

“ဘယ်လောက်...”

“နှစ်ကျပ်...”





“ပွဲစားစကားမပြောစမ်းပါနဲ့ကွာ... ရှင်းရှင်းပြော့။”

“သိန်းနှစ်ဆယ်...”

“ဒါနဲ့ပြီးမလား...”

“ဘော့(စ်)ရဲ့နိုင်ငံခြားငွေရောင်းရတဲ့အထဲက ငါးရာခိုင်နှုန်းဆီ ပေးရဦးမှာပဲ...”

“လုပ်ငန်းဦးစီးတာက...”

“ဘော့(စ်)ပဲပေါ့... ကျွန်တော်က လက်ထောက်... အလုပ်ဖြစ်ရင် ပထမနယ်စပ်က မီးဒီးယားတွေနဲ့ သုံးကြည့်မယ်... နိုင်ငံခြားက မီးဒီးယားတွေက ရေအမြဲတမ်း လောင်းခံချင်တဲ့ကောင်တွေလေ...”

“နယ်စပ်ဆိုတော့ လူပေါင်းစုံပဲကွ... စိတ်မချစရာမရှိပါဘူးကွာ... ကောင်းပြီ... မင်းနယ်စပ်ကို ဘယ်တော့သွားမှာလဲ...”

စားပွဲမျက်နှာပြင်ကို ဗလကျော်သူက ဖန်ခွက်ဆောင်းနှင့် တဒေါက်ဒေါက် ခေါက်နေသည်။ ခေါင်းထဲတွက်ဆနေသည်။ အလုပ်ဖြစ်ဖို့ သူ့အတွက် သိန်းနှစ်ဆယ်ထဲက သောလော်လတ်လတ် ရာခိုင်နှုန်းဘယ်လောက်ရမလဲ။

သူတို့စကားပြောနေတာက အိမ်တွင်းမှာ။

အပြင်က အခြေအနေကို အကဲမခတ်မိ။

သူတို့၏ခြံဝင်းအပြင်တွင် မိန်းကလေးတစ်ယောက်က လမ်းပေါ်တွင် ကြွေကျနေသော အမှိုက်တွေကို



www.burmeseclassic.com

www.burmeseclassic.com



လှဲနေသည်။

သူသည် ဌာနဆိုင်ရာသန့်ရှင်းရေး အလုပ်သမားတစ်ဦး၏ ယူနီဖောင်းကို ဝတ်ထားသည်။

မျက်လုံးတစ်ဘက်မှာ ကျဉ်းပြီး တခြားတစ်ဘက်မှာ တိမ်စွဲနေသည်။ ပါးစပ်သည် ရွဲ့စောင်းကာ ပါးတစ်ဘက်က ယောင်ကိုင်းနေသယောင်လို ဖောင်းကြွနေသည်။

လျှာထိုးအပြာရောင် အဝတ်ဦးထုပ်အမည်းကို ဆောင်းထားသည်။ နားလေးဟာန်တူကာ နားကြပ်တစ်စုံကို တပ်ထား၏။

ရုတ်တရက်ဆိုလျှင် သူမသည် သန့်ရှင်းရေး အလုပ်သမားတစ်ဦး။

သေသေချာချာစစ်ဆေးလျှင် သူမသည် ဦးနာဂသူရာ၏ အင်မတန်မခံချင်စိတ်နှင့် လိုက်ရှာခံနေရသည့် သွန်းရွှေစင်။

သွန်းရွှေစင်မှာ တံမြက်စည်းလှည်းနေစဉ်ကာမှု နားထဲတွင် ပြောသမျှစကားတွေကို ကြားနေသည်။

ဒါကိုတော့ သူမလုပ်ပုံ လွယ်လွယ်ကလေး။

တစ်ချိန်တွင် သူမအပေါ် ဦးနာဂသူရာက ယုံကြည်မှုအပြည့်ရှိနေချိန်တွင် ဦးနာဂသူရာ၏အိမ်သို့အရောက်တွင် ညှော်ခန်းရှိ စားပွဲမျက်နှာပြင်အောက်၌ ကြိုးမဲ့အသံဖမ်းစက်အသေးကလေးတစ်လုံးကို တပ်ခဲ့၏။





နိုင်ငံခြားစီအိုင်အေတွေ လျှို့ဝှက်အသုံးပြုသောစက်ပဲ ဖြစ်၏။ ထိုစက်မှ လေလှိုင်းနှင့် လွင့်လာသော မိုက်ကရိုဖုန်းအတွက် သူမနားကြပ်ထဲသို့ ဆက်သွယ်စက်နှင့် ရောက်လာသည့် မိုက်ကရိုဝေ့(ဗ်)တွေကို ယူထားခြင်းဖြင့် စကားပြောသံတွေ ကြားနေရသည်။

ယင်းနားကြပ်စက်၏ အတိုင်းအတာသည် နှစ်မိုင်လုံးအကွာအဝေးသာလျှင် ဖြစ်သည်။

ဦးနာဂသူရာနှင့် ဗလကျော်သူတို့ ပြောသံတိုင်းထင်ရှားရှား ကြားနေရသည်။

သွန်းရွှေစင်က ပြုံးလိုက်သည်။

သည်အတွင်း ဦးနာဂသူရာနှင့် ဗလကျော်သူတို့ အချီအချဆွေးနွေးနေကြသည်။

"ကျွန်တော် သန်ဘက်ခါကို နယ်စပ်ကို ခရီးထွက်မယ်… ဘော့(စ်)ပေးရင် ငွေသိန်းနှစ်ဆယ်ကို မနက်ဖြန်ပေး… "

"ဒီမှာ လာယူမှာလား… ဒီမှာကတော့ မလွယ်ဘူး… ငါ ဒီမှာ ရှုပ်ရှုပ်ယှက်ယှက် မလုပ်ချင်ဘူး… "

"ဘော့(စ်)မိတ်ဆွေ ဦးသာဓုဆောက်ထားတဲ့ သာဓုပလာဇာအပေါ်ဆုံးထပ် အနေစ်ဆယ့်ငါးမှာ လာယူမယ်… "

သာဓုပလာဇာဆိုတာ မြို့အဝင် ရွှေရောင်ပင်



www.burmeseclassic.com

www.burmeseclassic.com



သမ်းမှ ပလာဇာဖြစ်သည်။

ထိုပလာဇာမှာဆောက်လုပ်သူဦးသာခုပဲအရွေးမှားသလားမသိ။

ပလာဇာဆောက်လုပ်ပြီး သုံးလေးလကြာသည့်တိုင်အောင် လူနေအိမ်သော်လည်းကောင်း၊ ရောင်းဝယ်မှုဆိုင်များသော်လည်းကောင်း မျှော်လင့်သလို ဖြစ်မလာဘဲ ခြောက်သွေ့နေသော နေရာတစ်ခုသာဖြစ်သည်။

အဲသည် ပစ္စန္တရစ်နေရာမျိုး ရွေးတော့လည်း ဦးနာဂသူရာက သဘောခပ်ကျကျ။

မကောင်းမှု လုပ်တယ်ဆိုတာ လူမသိလေ၊ ကောင်းလေပဲ မဟုတ်လား။

"မဆိုးဘူး... အေနှစ်ဆယ့်ငါးမှာ ဘယ်သူတွေ ရှိမလဲ"

"ကျွန်တော်နဲ့ ကျွန်တော့်လူသုံးယောက်ရှိမယ်... ငွေလာပေးရင် ဘော့(စ်)မလာပါနဲ့... တစ်ယောက်ယောက်နဲ့သာ လွှတ်လိုက်ပါ..."

"မြင့်ထွန်းနဲ့ လွှတ်လိုက်မယ်..."

"ကုလားကြီးမြင့်ထွန်းလား..."

"အေး..."

"ကောင်းပါတယ်... ကုလားကြီးက ဘော့(စ်)အပေါ် သစ္စာရှိပါတယ်... ဒါထက် အခုမေးလိုက်ရင်ကော"

"ငွေမပြည့်ဘူးကွ... ဆယ့်နှစ်သိန်းပဲရှိတယ်... ကွန်





စရပ်ရှင်နဲ့ စတိုးဆိုင်တွေအတွက် မနေ့ကပဲ သိန်းနှစ်ရာလောက် ဖြန့်လိုက်သေးတာ... ဒီနေ့ အင်္ဂါနေ့ဆိုတော့ ဗုဒ္ဓဟူးနေ့က မနက်ဖြန်ပဲ... ဘဏ်မှာသွားထုတ်လိုက်မယ်..."

"အချိန်က..."

ဒါကိုတော့ သူစဉ်းစားသည်။ သူ့အလုပ်၊ ဘဏ်မှာ ငွေထုတ်ရမည့်အချိန်။

"နေ့လယ်နှစ်နာရီတိတိကွာ..."

အချိန်ကိုတော့ ဗလကျော်သူ စိတ်ချသည်။ သူ့ဆရာသည် အချိန်ကို အနောက်နိုင်ငံသားများလို လေးစားသူဖြစ်သည်။

နောက်ထပ်စကားမပြောလိုတော့ဟန်နှင့် ဦးနာဂသူရာက ခေါင်းကိုညိတ်ပြ၏။ ဗလကျော်သူက အလိုက်တသိပဲ ထွက်သွားသည်။

ဗလကျော်သူက သူနှင့်နေသည်မဟုတ်ပါ။

ဦးနာဂသူရာမှာ ကုလားထိုင်လက်ရမ်းကို သက်ချောင်းကလေးများနှင့် ခေါက်ကာ အတွေးနယ်ချဲ့နေမိပြန်သည်။

သည်နေ့လည်း သူချမ်းသာနေတာမှန်သည်။ သူ လည်ပတ်နေသောငွေ၊ ရင်းနှီးမြှုပ်နှံမှုငွေများနှင့် ဘဏ်တွင်ရှိသောငွေများသည် သိန်းပေါင်းထောင်ချီရှိနေသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း သည်ထက်မက သူလိုချင်သည်။

သိန်းပေါင်းရာထောင်မှ သိန်းပေါင်းထောင် ပေါင်းသောင်းပေါင်း သိန်းပေါင်းများစွာဖြစ်ချင်သည်။

တတ်နိုင်လျှင် မိမိနိုင်ငံတွင် မိမိအချမ်းသာဆုံး ဖြစ်ချင်သည်။

မိမိကို တုယှဉ်လို့မရ။

အထက်မှကြောလို့မရဘဲ မိမိကသာ ငွေနှင့်လူ ပေါင်းများစွာကို ချုပ်ကိုင်ချင်သည်။

"ဒါ မြန်မာနိုင်ငံမှာ တကယ့်ပြိုင်ဘက်မရှိ ချမ်းသာတဲ့ သူဌေးကြီးပါပဲ... "

ဟု ပြောခံချင်သည်။

ဒါကြောင့် သူကဖြတ်လမ်းက ထွက်ရပ်ပေါက် နည်းတွေကို ရှာလိုက်ခြင်းပါ။

"ဩော်... လောဘ... "

နောက်တစ်နေ့...

သူ့ထံသို့ ဗလကျော်သူ မလာခဲ့ပါ။

သူ့စတိုးဆိုင်ကြီးနှင့် မီနီမတ်ကက်သို့ သွားစဉ် ဆယ်လူလာတွင် လူခေါ်မြည်သံပေးသည်။

ကားမောင်းရင်း ဆယ်လူလာနှင့် စကားပြော သည်။ ဗလကျော်သူနှင့် ပြောဖြစ်သည်။

ဗလကျော်သူက သူ့ကို သတိပေးခြင်းသာ ဖြစ်





သည်။

"အေးပါ... ငါ မမေ့ပါဘူး... "

ဟူသောစကားနှင့်သာ အဆုံးသတ်လိုက်သည်။

တစ်နာရီတွင် ပုဂ္ဂလိကဘဏ်တစ်ခုတွင် ငွေသွား ထုတ်သည်။ ပုဂ္ဂလိကဘဏ်တွေက ငွေထုတ်ငွေသွင်း မြန် သည်။ အတိုးနှုန်းလည်း မဆိုးပါ။

ဈေးကွက်စီးပွားရေးတစ်ခု၏ ရလာဒ်တစ်ခုပဲ။

နှစ်နာရီမထိုးမီ သူက ငွေတွေပါသော အက် တက်ချီကေ့(စ်) သေတ္တာကို ကားနောက်ပိုင်း ထရန့် (TRUNK) ထဲမှ ကားရှေ့ခန်းသို့ ပြောင်းလွှဲသော့ခတ်လိုက် သည်။

သူ့ကားမှာ ယနေ့ မြန်မာနိုင်ငံတွင် ရှားပါး သော သိန်းပေါင်းရာချီပေးရသည့် (CHASER) ကားပင် ဖြစ်သည်။ ဆလွန်းဖြစ်သည်။ လှပခံ့ထည်သည်။ ကား၏ စီးနင်းလိုက်ပါမှု မောင်းမှုများတွင် အင်မတန်ညင်သာသိမ်မွေ့ သည်။

လေအေးပေးစက်ကို ပိတ်လိုက်သည်။

သူ့ကားမှာ ပလာဇာနှင့် နှစ်တာလုံးလောက်ရှိ "မွေး" ကဖေတေရီယာဆိုင်ရှေ့မှာ ရပ်လိုက်၏။ အဲသည်မှာ သူကြိုက်သော ပျားရည်ဆမ်းကြက်သားပေါင်မုန့်ကြော်နှင့် စထရော်ဘယ်ရီနာနတ်ကော့တေး ရနိုင်သည်။

အေးမြသော စထရော်ဘယ်ရီ၊ နာနာတ်ကော့



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သား အရော်မွှေးနှစ်ပက်လောက်နှင့် ပျားရည်ဆမ်းကြက်သား ပေါင်မုန့်ကြော်တစ်ဝက် အကုန်တွင် သူ့စားပွဲသို့ လူတစ်ယောက် ရောက်လာသည်။

အသားမည်းသည်။ ဝသည်။ ဘယ်လောက် ဝသလဲဆိုရင် ဗိုက်ကြီးက ဝက်ထားသော စတိုင်ဘောင်းဘီရှေ့တွင် ဘော်လုံးကြီးတစ်လုံး ထည့်ထားခဲ့ရသလို ပူထွက်နေသည်။

လက်တစ်ဘက်တွင်ရွှေကြိုးတပ်လက်ပတ်နာရီ။
ဂျော်ဒန်းနီးစပို့ရှပ်အပြာရောင်ကိုဝတ်ထားသည်။
ခေါင်းက ဆံပင်မှာ တိုနံ့နံ့။
မျက်နှာက လူလည်ရုပ် ခပ်ရှုပ်ရှုပ်မျက်နှာ။

သူက ဦးနာဂသူရာ ချိန်းထားသည့် ကုလားကြီးမြင့်ထွန်း။

"မင်း အချိန်တိကျသားပဲ... "

"ဆရာက တစ်နာရီလေးဆယ့်ငါးမိနစ်ဆို... "

"ဟုတ်ပါတယ်... မင်း သောက်ချင်တာမှာ... "

"ပေါက်ကာလိမ္မော်... "

နိုင်ငံခြားဖြစ် ပေါက်ကာလိမ္မော်တစ်ဘူးကို မှာပေးလိုက်သည်။

စားသောက်စဉ် စကားပြောကြသည်။ ငါးမိနစ်ပဲအချိန်ပေးလိုက်၏။ကျသင့်ငွေကိုဦးနာဂသူရာရှင်းပေးသည်။





ကာဖီတေရီယာမှာ အအေးခန်းဖြစ်၍ အထက်တန်းလွှာများ လာရောက်စားသောက်ကြသည်။

ကိုယ်တိုင်ယူ စနစ်လည်းဖြစ်သည်။ မိမိဘာသာမှာယူစားသောက်လျှင်လည်း ရသည်။

နိုင်ငံခြားမှ ပြကွက်တစ်ခုကို ရုပ်မြင်သံကြားဖွင့်ပေးထား၏။ စလောင်းနှင့် ကြည့်နိုင်သော နိုင်ငံခြားဘောလုံးပွဲစဉ်တစ်ခု ဖြစ်သည်။

ဦးနာဂသူရာက စိတ်မဝင်စားသော်လည်း ကုလားကြီးမြင့်ထွန်းကတော့ စိတ်ဝင်စားသည်။

ရုပ်မြင်သံကြားမှလှုရိပ်လှုပ်ရှားမှုတွေကိုကြည့်ပြီး

"ယူနိုက်တက်မန်ချက်စတာအသင်းက... "

ဟု စကားစရုံရှိသေး ဦးနာဂသူရာက လက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်။ သူပတ်ထားတာက သောင်းကျော်ပေးရသော ရာဒိုအမျိုးအစားဖြစ်သည်။

သူ့ကိုယ်ပေါ်တွင်တော့ တန်ဖိုးကြီးကြီးပေးရသော အဝတ်အစားတွေကို မြန်မာဆန်ဆန်မဲ ဝတ်ထားသည်။

မြင့်မားသောအရပ်၊ ကျစ်လျစ်သွယ်သောကိုယ်နှင့် အလှုမီနီယံနှင့် ပလက်တီနမ်ရောစပ်ထားသော ကိုင်းတပ်မျက်မှန်အောက်မှ မျက်နှာမှာ သွယ်သွယ်နှင့်ကြည့်ပျော်ရှုပျော်ရှိသောရုပ်ဖြစ်သည်။

အဝတ်တခြား လူတခြားမဟုတ်ဘဲ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ဆန့် အဝတ်နှင့်ပဲ ကြေးရေတာတ်ပြီးပြည့်စုံသော လူတန်းစားရှုပ်ထွက်နေသည်။

"ဒီတို့သွားကြမယ်... "

ယူနီကိတ်တက်မန်ချက်စတာဘောလုံးအသင်းအကြောင်းကို ကုလားကြီးဝါသနာအရ ပြောတောင်မပြောလိုက်ရဘဲ စကားစဖြတ်လိုက်ရ၏။

ကားရှိရာသို့ရောက်တော့ ကားကိုသော့ဖွင့်ပေးလိုက်၏။

"ဟောဒီမှာ ငွေသေတ္တာ... သိန်းနှစ်ဆယ်အတိရှိတယ် ငွေလုပ်ဖို့ ဖလင်နှစ်ချပ်ပါတယ်... နှစ်မျက်နှာပဲ... "

"စိတ်ချပါဆရာ... "

"စိတ်ချတယ်... သွားတော့... "

ကုလားကြီးက သူ့မော်တော်ဆိုင်ကယ်နှင့်ထွက်သွားသည်ကို သူ စောင့်ကြည့်နေပြီးမှ ကားထဲဝင်ကာ ဆယ်လူလာဖုန်းကို နှိပ်လိုက်သည်။ မီးစိမ်းကလေးပေါ်လာတော့ လိုချင်သော နံပါတ်ကို နှိပ်လိုက်သည်။ ဗလကျော်သူကို ခေါ်ခြင်းပဲ။

"ဗလ... ငါ ဒင်ကျီးငှက်စကားပြောနေတယ်... "

"ပြောပါ ဒင်ကြီး... "

"အခုပဲ... ကျီးက ငါးနှစ်ကောင်ကို ချီသွားတယ်... မင်းဆီ ရောက်လိမ့်မယ်... "





"စောင့်နေပါတယ်... "

"ဒါပဲ... "

ပြောပြီးတော့ ဆယ်လူလာကို ပိတ်လိုက်သည်။

သူစကားပြောစဉ်မှာ ကုလားကြီးက သာခုပလာဇာနားသို့ ရောက်လုနီးပါးရှိနေပြီ။

သာခုပလာဇာနားတွင် အရပ်ဝတ်နှင့် စောင့်နေကြသော ရဲနှစ်ဦးကို သူမမြင်။ သာခုပလာဇာရှေ့သို့ မော်တော်ဆိုင်ကယ်ကို ရပ်လိုက်၏။

နောက်ဘက် ကယ်ရီယာထိုင်ခုံတွင် ညှပ်ထားသောငွေသေတ္တာကို ဖြုတ်လိုက်သည်။

ဆယ်ထပ်အဆောက်အဦဖြစ်သော သာခုပလာဇာကို မော်ကြည့်သည်။ ပလာဇာထဲဝင်တော့ အထဲတွင် ကားများရပ်ထားရမည့် ပတ်ကင်လော့ (PARKING LOT) ကို တွေ့ရ၏။

ပတ်ကင်လော့ကိုဖြတ်ကာအတွင်းသို့ဝင်လာသည်။

ပတ်ကင်လော့မှာတော့ အထဲမှာပါ လူခြောက်သွေ့နေသည်။ ဆိုင်ခန်းတွေလည်း မရှိ။

လှေကားတော့ တွေ့၏။

ထိုလှေကားမှာ စက်လှေကားဖြစ်သည်။ လူသုံးသောကြောင့် စက်လှေကားမှာရပ်နေသည်။

အဲသည်နားတွင် မြင့်မိုရ်ကာလာလက်(ဗ်)



www.burmeseclassic.com

ဝထေထေပ်ဟူသော ဆိုင်းဘုတ်ကလေးတစ်ခုသာ တွေ့ရ၏။

သူ့အဖို့သည် သာခုပလာဇာသို့ လေးငါးကြိမ် ရောက်ဖူးနေသဖြင့် ဘယ်နေရာဘာရှိသည်ကိုသိပြီးဖြစ်သည်။

စက်လှေကားအတိုင်း မတက်ဘဲနဲ့ ဘေးအုတ်လှေကားအတိုင်းပဲ အိတ်ကို ဆွဲတက်လာ၏။

အိတ်က ငွေတွေကြောင့် လေးလံနေသည်။

ငါးထပ်မျှတက်ပြီး ခဏရပ်လိုက်သည်။ သူ၏ ဝဖြိုးသော ကိုယ်ကြီးနှင့် သည်အထပ်ထပ်တွေသို့ လာရသည်မှာ ကိုယ့်ကိုယ်ကို ညှင်းဆဲသလို ဖြစ်နေဘိသည်။

အထက်ဆုံးထပ် ပလာဇာကိုမှ ရွေးချယ်သော သူ့ဆရာနှင့် ဗလကျော်သူကို အပြစ်တင်မိသည်။

ခန္ဓာကိုယ်မှာ ချွေးစို့လာ၏။

သူ ဆက်တက်လာသည်။ လေးလေးမှန်မှန်ပဲ တက်လာသောကြောင့် အနည်းငယ်သက်သာသယောင်။

ပလာဇာ၏ အလွှာတွေမှာ လူတွေ ခြောက်ကပ်နေသည်။ သည်ပလာဇာကို ဆောက်မိသော ဦးသာခုကို သနားသည်။

ဦးသာခုသည် သိပ်ကြီးချမ်းသာသော လူစားမဟုတ်သော်လည်း စီးပွားရေးတော့ ပြေလည်သူဖြစ်သည်။

ဟိုကဆွဲ သည်ဟာလုပ်၊ သည်ကဆွဲ ဟိုဟာလုပ်ဆိုသည့် လူစားမျိုးမှ တက်လာသူဖြစ်ကာ သာခုပလာဇာ

အို သူ့အာသာ သူ့စိတ်ကူးနှင့် အပိုင်ကြံလိုက်ခဲ့သည်။

တကယ်တော့ အပိုင်ကြံသည့်သူအဖို့ အကြံပိုင်သော သူ့ပလာဇာကို ဘယ်သူက လာရောက်ဝယ်ရောင်းမလဲ။

ဘယ်သူက လာနေမလဲ။

ဦးနာဂသူ့ရာဆီမှပင် သိန်းနှစ်ရာကျော်ကို ဦးသာခုချေးယူခဲ့ရာယနေ့အထိပြန်မဆပ်နိုင်သေးဟုသိရသည်။

တဖြည်းဖြည်းနှင့် အပေါ်ရောက်လာသည်။

အနေစ်ဆယ့်ငါးသည် အတွင်းဘက်မှ အခန်းဖြစ်၍ ပလာဇာနောက်ဖေးလှေကားနှင့်လည်း ကပ်နေသည်။

တံခါးကို ဖြည်းညင်းစွာ ခေါက်လိုက်၏။

ချောင်းကြည့်ပေါက်ကလေးမှ မျက်လုံးတစ်စုံ ပေါ်လာသည်။

ကုလားကြီးမှန်းသိလျှင် တံခါးပွင့်သွား၏။

ဖွင့်ပေးသူက ဗလကျော်သူ။

သူ့လက်ထဲမှာ ဖဲချပ်အချို့ကိုင်ထားသည်။

အတွင်းတွင် လေးထောင့်စားပွဲနှင့် မုယတ်အစ်ရွေးချွေကလေးတွေ ပတ်ပတ်လည်ချထား၏။

ယောက်ျားသုံးယောက်ထိုင်နေသည်။

မနီးမဝေးတွင် အမျိုးသမီးအရွယ်လတ်လတ်တစ်ယောက်က ကုလားထိုင်တစ်လုံးတွင် ပေါင်ချင်းချိတ်ကာ စီးကရက်သောက်နေသည်။







www.burmeseclassic.com

www.burmeseclassic.com



ကုလားကြီးဝင်လာရာကို တစ်ချက်စောင်းငဲ့ကြည့်ရုံမှလွဲလို့ စီးကရက်အသောက်မပျက်ပေ။

"ကုလားကြီး... တစ်အိမ်ဝင်ကစားလိုက်ပါလား... ပိုပြီးမြိုင်သွားအောင်... "

ထိုင်နေသူသုံးယောက်အနက် တစ်ယောက်က ဖိတ်ခေါ်ရင်းက လက်တွင်းရှိ ဖဲချပ်များထဲမှ တစ်ချပ်ကို ပစ်ချလိုက်သည်။

"ငါ အလုပ်ရှိသေးတယ် ညိုမောင်ရေ... "

ငွေသေတ္တာကို ချ၊ ဘောင်းဘီအိတ်တွင်းမှ လက်ကိုင်ပဝါတစ်ထည်ထုတ်၍ ချွေးသုတ်ပြီး ဖြေသည်။

"ညိုမောင်က ဖဲဝါသနာပါတာ မဟုတ်ဘူးကွ... သူ့ဝါသနာက မင်းတို့သိတဲ့အတိုင်း... "

စကားဆုံးအောင်မပြောဘဲ ခပ်ရွှယ်ရွှယ်စီးကရက်ရှင်ဆီသို့ နောက်မှလိုက်လာသော ဗလကျော်သူက ခပ်ဖြည်းဖြည်းနှင့် မေးငေါ့ပြလိုက်၏။

"ကိုယ့်လူ... ဒါတွေ ငါ စိတ်မပင်စားနိုင်သေးဘူး... မင်းက နတ်ပြည်ခြောက်ထပ်အထိ ဘာလို့ချိန်းရတာလဲ... ငါ့ခန္ဓာကိုယ်လေးကိုမှ အားမနာ... "

"ငါလုပ်တာမဟုတ်ဘူးကွ... အာစရိလုပ်တာ... "

ပြောရင်း ဗလကျော်သူက မျက်မှောင်ကုတ်လိုက်သည်။

"ကုလားကြီး... မင်းတက်လာတော့ နောက်လေးဘာလေးလှည့်မကြည့်ဘူးလား... "

"ဟင့်အင်း... "

"မင်းမီးမသေဘူး... တစ်ယောက်ယောက် လိုက်လာရင် ဘယ်လိုလုပ်မလဲ... "

"ဒါတော့ ငါဘယ်သိမလဲ... "

"တယ်ခက်... "

အကင်းပါးတာက ဗလကျော်သူ။

သူက တံခါးကို လျင်မြန်စွာ ဖွင့်ထွက်လိုက်သည်။ ခဏပါပဲ။ မျက်နှာအပျက်ပျက်နှင့် ပြေးဝင်လာပြီး ချွင်

"ရဲတွေ... ရဲတွေ... "

သူ့စကားကြောင့် ကျန်လူတွေ အထိတ်ထိတ်အလန့်လန့်ဖြစ်သွားသည်။ စီးကရက်သောက်နေသော အမျိုးသမီးပင် စီးကရက်ကိုပဲ မြှားမြှားနှင့်မသောက်နိုင်တော့။

"ဘယ်မှာလဲ... "

တစ်ယောက်က ထရပ်သည်။

"လှေခါးမှာ တက်လာနေကြပြီ... ငါ တွေ့လိုက်တယ်"

"အို... "

အမျိုးသမီး၏အသံ... ။

မျက်လုံးတွေက ကျီးကန်းတောင်းမှောက်။







www.burmeseclassic.com

www.burmeseclassic.com



"ဓါးချပ်တွေ မြန်မြန်သိမ်း... "

ညိုမြမောင်က ကသောကမျောပြော၍ ဓါးချပ်တွေကို ကောက်သိမ်းသည်။

ကျန်လူတွေက သူတို့ လောင်းကြေးတွေကို သူတို့ မြန်သိမ်းကြသည်။ ဖဲထုပ်ကို ဗလကျော်သူက လှမ်းယူကာ ကိုယ်ထဲထည့်ကာ အေးအေးဆေးဆေးပင်။

"ဒီငွေတွေနဲ့အထဲက ဖလင်တွေကို ရဲတွေ့သွားလို့ မဖြစ်ဘူးကွ... ပြဿနာဖြစ်ကုန်မယ်... "

"ဘာလုပ်မလဲ... "

"ဘာလုပ်ရမလဲဆိုရင် ဒီငွေတွေ ငါယူပြီးနောက်ဖေး လှေကားက လစ်သွားမယ်... မင်းတို့ ရဲတွေကို ကြည့်လို့မ်လိုက်ကြ... အခု သူတို့လာတာ ဘာသတင်းရလို့လာသလဲ မသိဘူး... "

"တောက် သေပါတော့ကွာ... ဖဲရှိန်လေးတက်လာမှ"

တစ်ယောက်က ပြောပြီးတော့ အဝင်အထွက် တံခါးကို ပြေးပိတ်ချက်ထိုးလိုက်သည်။

ကျန်တစ်ယောက်က အမျိုးသမီးအား...

"သရဖီ... နင်နဲ့ငါနဲ့ လင်မယားနော်... ဒီမှာ သူငယ်ချင်းတွေနဲ့ တွေ့ဆုံပြီး ပျော်ပွဲစားထွက်မလို့ ဒိတ်လုပ်တယ်လို့ပြော... "

"ဖြစ်ပါတယ် ကိုထင်ကျော်... "





ဗလကျော်သူက မြန်သည်။

ငွေသေတ္တာကို ကောက်ဆွဲ၍ အတွင်းခန်းထဲ လျှောက်သွားကာ နောက်ဖေးမီးဖိုချောင်တံခါးကိုဖွင့်လိုက်၏။

တစ်ယောက်က အပြေးအလွှားလိုက်စိတ်စဉ် တံခါးကို တခုန်းခုန်းခေါက်သံတွေ လွင့်လာသည်။

ဘာတွေ ဆက်ဖြစ်မည်တော့မသိ။

ဆက်လည်း မတွေးတော့ဘဲ ဗလကျော်သူက လူသွားလမ်းကျဉ်းကျဉ်းမြောင်းမြောင်းလေးထဲ အပြေးအလွှား လျှောက်သွား၏။

ဤမှာအဆက်တွင် အလင်းရောင်အားဆိုလို့ တိုင်းလိုက်မှန်ချပ်တွေသာ ရှိသည်။

နောက်ဖေးအုတ်လှေကား ကျဉ်းကျဉ်းတလေးဆီတွေ့သည်။ လှေကားအတိုင်းဆင်းရာ စတိုင်းလိုက် အလင်းရောင်နှင့် ဝေးသွားတော့ အလင်းရောင်က မသဲမကွဲ သဲဖြစ်သွားတော့သည်။

အောက်ထပ်တစ်ထပ်သို့ ထပ်ဆင်းလိုက်သည်။

နည်းနည်းပိုမှောင်သွားသလို ထင်ရသည်။ ဒါကြောင့် သူက ပိုပြီးသဲကွဲအောင် သူ့ဓာတ်ငွေ့မီးခြစ်အပေါ်အားတစ်လုံးကို ထုတ်၍ခြစ်လိုက်၏။

အလင်းရောင်ပြန့်သွားသည်။

လှေကားတစ်ဆစ်ချိုးအရောက်တွင် လူရိပ်လို

[illegible]

www.burmeseclassic.com

www.burmeseclassic.com



သို့ တွေ့လိုက်ရသည်။ သူ့မျက်စိတွေက ရှင်သည်။

အရိပ်နှင့်လှုလုံး မသဲမကွဲမြင်လိုက်ရပေမဲ့ မိန်းကလေးတစ်ယောက်မှန်းတော့ သိ၏။

သူမသည် သူ့ကို ဘေးမဲ့ပေးသည်မဟုတ်။

လှုပ်ရှားချက်တစ်ရပ်ကို အခိုင်အမာမဟုတ်သော်လည်း ဖြစ်သလို ကာကွယ်ဖို့ အက်တက်ချီကေ့(စ်)ကို ခေါင်းပေါ်မြှောက်လိုက်၏။

ဒုတ်…

အရာဝတ္ထုတစ်ခုက သူ့သေတ္တာကို ပြင်းပြင်းထန်ထန် လာထိတွေ့သည်။ အက်တက်ချီကေ့(စ်)သေတ္တာနှင့် ဗလကျော်သူက လက်ပြန်ပြန်ရိုက်ပစ်လိုက်၏။

အဲသည်မှာ ဗလကျော်သူနှင့် သူ့ခန္ဓာကိုယ်အသုံးချမှု ကွာဟသွားသည်။

ငွေသေတ္တာကလေးရှိနေတာရယ်၊ ငြိမ်းသွားသော ဓာတ်ငွေ့မီးခြစ်ကို ကိုင်ထားတာရယ်ကြောင့် လက်တစ်ဖက်တည်း အသုံးပြုလိုက်ရာတွင် ထင်သလောက် ခရီးမပေါက်။

တစ်ဘက်က ရှောင်နိုင်၏။

ငနဲသားကိုယ်က ယိမ်းထိုးသွားသည်။

ဖောင်း…

နံစောင်းတစ်ဘက်ကို တစ်ဘက်လူ၏ အရာ





ဝတ္ထုနှင့် ထပ်အရိုက်ခံရသည်။ ဘယ်လိုမှ မရှောင်နိုင်။

နံစောင်းတစ်ခုလုံး နာသွားသည်။ ဓာတ်ငွေ့မီးခြစ်က လက်ထဲမှ လွတ်ကျသွားသည်။

ဒုတ်…

နောက်တစ်ချက်က ခေါင်း။

ဘယ်လိုမှ မတတ်နိုင်တော့ဘဲ ခေါင်းကိုပဲ ဦးစားပေးလိုက်ရသလို အဖျော့ခံလိုက်ရသည်။

နာကျင်မှုးမိုက်သွားသည်။

သေချင်းဆိုးမလေး၏ မေတ္တာကြောင့် သေတ္တာပါ လွတ်သွားရသည်။

သူ သတိပြန်ရချိန်သည် ခဏကလေးရယ်ပါ။

အဲဒီခဏကလေးမှာပဲ ရန်သူက လက်ဦးမှုရယူသွားသည်။ သူ့သေတ္တာကိုဆွဲပြီး ထွက်ပြေး ဆင်းပြေးသွားသော ခြေသံကိုပဲ ကြားရသည်။

အံကို ကြိတ်လိုက်သည်။

နံဘေးနာတာ၊ ခေါင်းက နာတာကိုတောင် ဂရုမစိုက်ဘဲ အပြေးအလွှားလိုက်သွားမိ၏။

ဒုန်း… ဝုန်း… ဝုန်း…

"အား…"

အုတ်လှေကားမှ သူ ခြေချော်ကျသွားသည်။

ကိုင်မိကိုင်ရာလှေကားထစ်ဘေးတွေရှိ သံပန်း



www.burmeseclassic.com

www.burmeseclassic.com



ဘုံစကားတွေကို ရုပ်ကိုင်မိလို့သာ သက်သာသွား၏။

လှနှာသွားတာတောင် ဂရုမထားဘဲ ဆက်လက်ပြေးလိုက်ပေမယ့် ဝေးကွာနေပြီဖြစ်သည်။

သူ အောက်ခုံးထပ်ရောက်တော့ ပုလာဇာ၏ နောက်ဘက် နောက်ဖေးလမ်းကြားတွင်းမှ ပြေးလွှားသွားသောခြေသံ။

နောက်ဖေးလမ်းကြားမှာ ရှင်းပြောင်နေသည်။ ကွန်တရစ်ခင်းထားသည့်။ နေရောင်က ရဲရဲရင့်ရင့်ထွန်းတောက်နေ၏။ လမ်းကြားထိပ်ကို ရောက်သည်။

ထွက်ခွာသွားသော ဟွန်ဒါမော်တော်ဆိုင်ကယ်တလေးကို မြင်လိုက်ရသလို ဆိုင်ကယ်ပေါ်မှ ဆိုင်တာယ်ရှင်၏နောက်ကျောကိုလည်း မြင်လိုက်ရသည်။

အကျီအနီလက်ရှည်ဝတ်ထားသည့် ရှောမှမလေးက သူတို့လိုက်ရှာနေသည့် သွန်းရွှေစင်။

သွန်းရွှေစင်နှင့်အတူ ငွေသိန်းနှစ်ဆယ်သေတ္တာ ပါ,ပါသွားခဲ့ချေပြီ။

"တောက်..."

ခံပြင်းမှုနှင့်မကျေမချမ်းတောက်ခေါက်လိုက်သံ။ ဗုလကျော်သူ၏နောက်ဆုံး ပါးစပ်လက်နှတ်။





## တတိယပိုင်း (၃)

"ကျွန်တော်တို့ သတင်းရထားတာတော့ အတိအကျပဲဗျ... သာစုပလာဇာအထက်ဆုံးထပ် အနေ့စ်ဆယ့်ငါး အချိန်က နှစ်နာရီတိတိ..."

အောက်ကျင်းရဲစခန်းမှ စခန်းမှူး ကိုဘိုဦးက ဗိုလ်ချုပ်ထွန်းကျော်သက်အား စီးကရက်တဖွာဖွာနှင့် ရဲရုံးခန်းအတွင်းမှာ ပြောနေမိသည်။

သူတို့ သာစုပလာဇာမှ ပြန်ရောက်တာမကြာသေး။

"အေးလေ... စခန်းမှူးပြောလို့ ကျွန်တော်ရယ်... နယ်ထိန်းကိုဌေးမောင်ရယ်... ရဲဘော်လေးယောက်ရယ် သွားရှာကြတာပဲ..."

"ကျွန်တော်လည်း ကားထဲက စောင့်ကြည့်နေတာပဲ

www.burmeseclassic.com



ဆရာရဲ့... ဟိုကုလားကြီးဆိုတဲ့ကောင်အက်တက်ချီ
ကေ့(စ်)ကိုင်ပြီး တက်သွားကတည်းက မသင်္ကာလို့
ရေဒီယိုနဲ့ ကားထဲကနေ ဆရာတို့ဆီ အကြောင်းကြား
လိုက်တာပဲ... "

"ကျွန်တော်တို့ တပ်ဖြန့်ချထားတယ်လေ... ဗိုင်ယာ
လက်(စ်)ကလည်း အချင်းချင်းဆက်သွယ်မှုရနေတာ
ပဲ... မွေးကာဖီတေရီယာအနီးမှာ ကားရပ်စောင့်တယ်...
ဆိုင်ထဲကို ဦးနာဂသူရာ ဝင်သွားတယ်... နောက်ထပ်
လူတစ်ယောက် ထွက်လာတယ်... အသားမည်းမည်း
ဝဝပဲကွ... "

"အဲဒါပေါ့ ဆရာကိုထွန်းကျော်ရဲ့ အဲဒါ ကုလားကြီးပဲ"

"မသိပေါင်ကွာ... ကုလားကြီးမှန်း... တရုတ်ကြီးမှန်း
မသိလိုက်ဘူး... "

"အသားမည်းလို့ ဒီကောင့်ကို ကုလားကြီးလို့ ခေါ်ကြ
တာ... ဒီကောင်က ဦးနာဂသူရာနဲ့ ခင်မင်တယ်... "

စခန်းမှူးက စီးကရက်ကို အေးအေးသက်သာ
ဖွာနေရာမှ...

"သတင်းပေးသူက ငွေတုလုပ်ငန်းမှာ ဦးနာဂသူရာက
ခေါင်းဆောင်တဲ့... သေတ္တာထဲမှာ ငွေသိန်းနှစ်ဆယ်
ပါတယ်တဲ့... ဒါပေမယ့် မမိတော့လွဲပြန်တယ်နော်"

"ကျွန်တော်တို့အုပ်မိအောင်တော့ ရှောက်သွားပါ





တယ်... စခန်းမှူး... အထဲမှာ ယောကျ်ားလေးယောက်
မိန်းမတစ်ယောက်ပဲ... ယောကျ်ားလေးယောက်က
ကုလားကြီး၊ ညိုမောင်၊ ထင်ကျော်၊ နောက်တစ်ဦးက
အင်း ဆရာငွေး... နောက်တစ်ယောက်... "

"ထူးဆန်းတဲ့... "

"ဟင်း... နာမည်က... ဒါထက် မိန်းမကကော... "

"ကျွန်တော်တို့တစ်ယောက်စီ ခွဲစစ်တယ်... တစ်ညီ
တစ်ညွှတ်တည်း စကားထွက်လာကြတာကတော့၊
ဒီနေရာကို သူတို့မိတ်ဆွေအချင်းချင်း ပျော်ပွဲစားထွက်
ဖို့ ချိန်းကြတာတဲ့ဗျ... မိန်းမကို ခွဲစစ်တယ်... ဆရာ
တို့သိတဲ့အတိုင်း မိန်းမဆို ကျွန်တော်တို့က ဘာ
အထောက်အထားမှ မရှိတော့ ပိုင်ပိုင်နိုင်နိုင်မလုပ်ရဲ
ဘူးလေ... သူ့ကိုမေးရုံပဲမေးတာ... သူက ထင်ကျော်
ရဲ့မယားတဲ့... နာမည်က သရဖီတဲ့... "

"မှတ်ပုံတင်ရော... "

"အမျိုးသားမှတ်ပုံတင်ထဲမှာတော့ တင်တင်လင်းတဲ့...
သရဖီဆိုတာ သူ့ယောကျ်ားက သူ့ကိုချစ်လို့ခေါ်တာတဲ့"

"သူ့ဆွေစဉ်မျိုးဆက်တွေကော... "

"စစ်တယ်... ထင်ကျော်ဆိုတဲ့လူကို သရဖီဆိုတဲ့ အမျိုး
သမီးရဲ့ဆွေစဉ်မျိုးဆက်တွေမေးတော့... ထင်ကျော်
ပြောပြတာမှန်နေတယ်... ဒါနဲ့ ထင်ကျော်ရဲ့ဆွေစဉ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်အကောင်တွေ့မှတ်ပြီးသရဖီကိုစစ်တော့အားလုံးမလွဲဘူး
"မှုံး... လွဲချော်းလွဲမလားလို့..."
"တကယ်ပဲ လင်မယားဟုတ်မဟုတ် နောက်တော
သိမှာပဲလေ... အဲဒါနဲ့ ကျွန်တော်တို့လိုက်ရှာတယ်
မသက်သေစရာ ဘာမှမတွေ့ဘူး... ကုလားကြီးဆွဲသွာ
တဲ့ အက်တာကိ်ချိကေ့(စ်)လည်း မတွေ့ဘူး"
"မမေးဘူးလား"
"မေးတာပေါ့... ကုလားကြီးက ပါမလာပါဘူးလို့ တွ
တွင်ငြင်းတယ်"
"နာရင်းပီတ်အုပ်ရင်တော့ ပေါ်လာမှာပေါ့"
"စံခန်းမှူးရယ်... ကျွန်တော်တို့မှာ ဒါတွေမှ လုပ်ခွ
မရှိတာ... သူ့ကိုကြည့်တော့လည်း ဘာမှမသိသလ
အေးအေးဆေးဆေးဘဲ"
"ခင်ဗျားတို့ နောက်ဖေးပေါက်ကိုကော မရှာကြ
မကြည့်ကြဘူးလား"
"အဲဒါတော့ မကြည့်မိဘူး"
"အဲဒီကတည်းက ခင်ဗျားတို့သွားပြီ ကိုထွန်းကျေ
သက်... နောက်ဖေးပေါက်က ဒီကောင်တွေထဲ
တစ်ကောင် လစ်ထွက်သွားမှာပေါ့... ပစ္စည်းပါ့ပါသွာ
ရောပေါ့..."
စခန်းမှူးက ပြုံးစနဲ့နဲ့နှင့် ပြောမှ ထွန်းကျေ





ထ်က သ်က်ပြင်းချပြီး...
"အေးဗျာ စခန်းမှူးရာ... ဒီနေရာမှာတော့ ကျွန်တော်
နည်းနည်း ညံ့သွားပြီ... သာဓုပလာဇာကို မလေ့လာ
မိဘူး..."
"အဲဒါ ကျွန်တော်တို့ရဲတွေရဲ့လိုအပ်ချက်ပဲ ကိုထွန်း
ကျော်သက်ရဲ့... လူတွေကို လေ့လာရုံမကဘူး... နေရာ
ဌာနဌာရတွေကိုပါ အကြမ်းဖျင်း လေ့လာထားဖို့တော့
လိုတယ်... ခင်ဗျားတို့ ဝင်ဖမ်းကတည်းက သူတို့ထဲ
က တစ်ယောက်ယောက်က နောက်ဖေးဘက်က လစ်
ထွက်သွားပြီပဲ... တကယ်လို့ ခင်ဗျားသိထားလိုက်ရင်
တော့..."
"ဟုတ်တယ်... ကျွန်တော် ကြိုတင်သိထားရင်တော့
ဒီပလာဇာနောက်ဖေးပေါက်ဘက်မှာ အစောင့်ကြိုတင်
ချထားလိုက်ရုံပဲ..."
"ခင်ဗျားအပြစ်တော့ မရှိပါဘူး... အာရုံက ဖမ်းဖို့ပဲ
အာရုံရှိနေတာကိုး... အေးလေ၊ ဒီတစ်ချီလွတ်သွားရင်
နောက်တစ်ချီ တန်းတိုးမှာပါ..."
"ကျွန်တော် ဘာဆက်လုပ်ရမလဲ စခန်းမှူး..."
"လူလေးယောက်ရဲ့အရိပ်အခြည်ကို ကြည့်သလို
ဦးနာဂသူရာရဲ့ အရိပ်အကဲကို ကြည့်ပေါ့... ဒီလူကြီး
ဟာ ရန်ကုန်က မူးယစ်ဆေးဝါးနဲ့ ဆက်နွှယ်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



လို ရန်ကုန်က အင်ဖော်မေးရှင်းမှာ ကျွန်တော်တို့ သတင်းသဲ့သဲ့လေး ရထားတယ်...''

''လူကတော့ လူကြီးလူကောင်းပုံစံပဲ...''

''မထင်နဲ့ ဆရာခွေး... လူဟာ Man is animal လို့ တိရစ္ဆာနဗေဒဆရာတချို့က ဆိုကြပေမယ့် ဒီ Anim ထဲမှာလူဟာဉာဏ်အရှိဆုံးနဲ့ကြောက်စရာအကောင်းဆုံး သတ္တဝါပဲ... တိရစ္ဆာန်တွေက လူတွေကို ပုံပြင် မဖွဲ့ဘူး လူတွေက Animal ချင်းတူတာတောင် ပုံပြင်ဖွဲ့တာ ဒီတော့ လူကြီးလူကောင်းယောင်ဆောင်တဲ့ သိုးယောင် ဆောင်ဝံပုလွေတွေ ရှိတတ်တာပဲ... ဒါလည်း လူတွေ ပြောတဲ့ သိုးယောင်ဆောင်သော ဝံပုလွေပုံပြင်အ ပြောရတာ...''

''ဟုတ်ပ... ဟုတ်ပ...''

သူတို့ပြောချိန်တွင် အအေးဓာတ်က စိမ့်ဝင်လာ သလို နေလုံးကလည်း ညိုသည်ထက် ညိုနေချေပြီ။

သူတို့နည်းတူ အုပ်စုဖွဲ့ပြောနေကြသူတစ်သိုက် ရှိသည်။ သူတို့က ရဲတွေနှင့် ခြားနားသည်။

ဥပဒေကို ကျောခိုင်းပြီး မကောင်းကြံစည်ဖို့အ သူတို့ ပြောနေကြသည်။

အဲသည်လူစုသည် ဦးနာဂသူရာ၏အိမ်မှာ ရှိ သည်။ ဦးနာဂသူရာမှာ မျက်နှာကြီး ပုပ်အဲ့နေသည်။





ဒေါသရောင်သန်းနေသော သူ့မျက်နှာမှာ ကြည့်လို့ မကောင်းပါ။

သူ့ရှေ့တွင် ကုပ်ကုပ်ကလေး ထိုင်နေကြသူ နှစ်ယောက်။

ဗလကျော်သူနှင့် မိုးဒီဆိုတဲ့ကောင်။

''မင်း အတော်ညံ့တာပဲ... မင်းကို အထင်ကြီးထားတာ အလကားပဲ ဗလ...''

''မမျှော်လင့်ဘဲ ခံလိုက်ရတာပါ ဘော့(စ်)... ဒီကောင်မ ဒီမြို့ထဲမှာ ရှိလိမ့်မယ်လို့ မမျှော်လင့်မိဘူး... ရှာလို့ လည်း တွေ့မှမတွေ့ဘဲကိုး... အခုဟာက သူခိုးလတ် က သူဝှက်လုတဲ့ကိန်းမျိုး...''

''တို့သူခိုး မဟုတ်ဘူးကွ...''

''ကျွန်တော် စကားပြောမှားသွားလို့ပါ... လူ့လက်ထဲ က ကြက်သည်း ခွေးဆွဲဆိုတာလို ဖြစ်သွားတာပါ...''

''မင်း ဘာလုပ်မလဲ...''

''ကျွန်တော့်မှာ တာဝန်ရှိပါတယ်...''

''သိန်းနှစ်ဆယ်ဆိုတော့ မနည်းဘူးကွ... ပြီးတော့ ဟိုကောင်တာဖိတ်ပုံစံနှစ်ခုလည်း ပါသွားပြီ... အဲဒီ ဒီဇိုင်းပုံစံတွေ ပါသွားတာ အဆိုးဆုံး...''

''ကျွန်တော် ရအောင် ပြန်ယူပေးပါ့မယ်... ဥစ္စာရှင်လို ဥစ္စာရှင်ခဲပဲဟာ...''



www.burmeseclassic.com

www.burmeseclassic.com



"မင်းစကားပုံတွေကို ဘေးချိတ်ထားစမ်း... မင်းက ဘယ်လိုယူမှာလဲ..."

ပြောပြီးတော့ အနီးဆုံး ဆိုဖာပေါ်သို့ ဦးနာဂ သူရာက သူ့ကိုယ်ကို မြှုပ်ချလိုက်သည်။

ချက်ချင်း ပြန်မဖြေသေးဘဲ ဗလကျော်သူက စီးကရက်ဘူးကို ထုတ်ကာ တစ်လိပ်ထုတ်ယူ၍ နှုတ်ခမ်းတွင် တပ်လိုက်သည်။

သူ့တပည့် ဖိုးဒီဆိုတဲ့ ငနဲလေးက သူ့စီးကရက်ကို ဓာတ်ငွေ့မီးခြစ်နှင့် အလိုက်တသိ မီးညှိပေးလိုက်သည်။

စီးကရက်ငွေ့တွေကို သူ့ရင်ခေါင်းထဲရှိုက်သွင်းလိုက်သည်။ ပြန်မှုတ်ထုတ်ပစ်လိုက်၏။

သူ့အပြုအမူကို စိတ်မရှည်သလို မျက်မှောင်ကုတ်ကြည့်နေသည့် ဦးနာဂသူရာက...

"မင်း ဘယ်လိုလုပ်မှာလဲ..."

"ဘော့(စ်)ဆီမှာသူ့ဟဲန်း(န်)ဖုန်းနံပါတ်ရှိတယ်မဟုတ်လား"

"အေး... ရှိတယ်..."

"သူ့ကို ခေါ်ကြည့်လိုက်လေ... သူ စကားပြောရင် ဘယ်နေရာမှာဆိုတာ အရိပ်အကဲသိရမှာပဲ..."

ဗလကျော်သူစကားကို ဟုတ်သည်မဟုတ်သည်မငြင်းဘဲဦးနာဂသူရာကမျက်မှောင်ကြုတ်စဉ်းစားနေ၏။

"သူ့ကို ခြေရာခံဖို့က သဲလွန်စရမှ ဖြစ်မယ်... ဒါမှ





မဟုတ်ရင် ယုန်တောင်ပြေး ခွေးမြောက်... အဲ..."

"မင်းစကားပြောရင် အနှောင့်အသွားကို မလွတ်ဘူး... မင်းပဲ ခွေး... ငါ ခွေး မဟုတ်ဘူး..."

စိတ်ဆိုးသံနှင့် ပြောသည်။ နေရာမှ ကိုယ်ကို ကွ၍ ဖုန်းကို လှမ်းဆွဲသည်။ ဖုန်းက မမီ့တမီ ယူလိုက်ရတာမို့ လက်နှင့် တွန်းသလိုဖြစ်ကာ အောက်သို့ကျသွားသည်။ စားပွဲအောက် ရောက်သွား၏။

"ဟာကွာ..."

စိတ်လိုက်မာန်ပါ တစ်ချက်ဆဲလိုက်သည်။ ကိုယ်ကိုထပြီး ဖုန်းကို စားပွဲအောက်ဘက် ကုန်းကောက်သည်။

မျက်လုံးတွေက စားပွဲမျက်နှာပြင်အောက်သို့ ရွေ့လျားသွားသည်။ သူ့စိတ်ထဲ အံ့ဩသလို ဖြစ်သွားသည်။

စားပွဲမျက်နှာပြင်အောက်တွင် ကပ်ထားသော ပစ္စည်းလေးကို ဆတ်ခနဲ ခွာယူလိုက်သည်။

မျက်နှာသည်တစ်မုဟုတ်ချင်းတင်းမာသွားသည်။

"ကြည့်စမ်း... ဒါ ဘာလဲ..."

သူက စိတ်ဆိုးမာန်ဆိုးသံနှင့် မလှမ်းမကမ်းရှိ ကုလားထိုင်တွင်ထိုင်နေသော ဗလကျော်သူကိုပြ၍မေးသည်။

ဗလကျော်သူက ထလာသည်။

သူ့ဘော့(စ်)၏လက်တွင်းမှ ပစ္စည်းလေးကို ဆတ်ခနဲဆွဲယူလိုက်သည်။ ခဏမျှ ပစ္စည်းလေးကို လှည့်ပတ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီးမှ...

"ပစ္စည်းလေးက အသံဖမ်းစက်လိုလို ရေဒါဖမ်းစက်ကလေးလိုလို..."

"အဲဒါ အသံဖမ်းစက်ကွ... အနောက်နိုင်ငံက သူလျှိုတချို့တတွေ သုံးတာ... ဒီစားပွဲအောက်မျက်နှာပြင်မှာ ကပ်ထားတယ်..."

"ဟာ... သိပြီ... ဒါဆို ဒီပစ္စည်းဟာ သွန်းရွှေစင်ရဲ့ပစ္စည်း..."

"ဟုတ်တယ်... ငါနဲ့ အကြောင်းအပေါင်းသင့်နေတုန်းအလစ်မှာ ထားသွားတာပဲ... တောက်၊ တော်တော်ညာဏ်များတဲ့ကောင်မ... ငါ မသိလိုက်ဘူးကွာ..."

"ဘယ်သိမလဲ... ခင်ဗျားက မှိန်နေတာကိုး..."

သည်စကားတွေသည် ဗလကျော်သူ၏ နှုတ်မှ မပြောရဲဘဲ ရင်ထဲမှာသာ ပြောရဲသော စကားဖြစ်သည်။

"ကောင်မက တို့ကို နှပ်လိုက်တာပဲကွ... မနေ့က တို့ပြောတဲ့စကားတွေကို သူ အပြင်က ဖုန်းရိုမိုဗာနဲ့ နား ထောင်ရင်း ကြားသွားလိမ့်မယ်... ဒီထရန်စမစ်တာ အသံဖမ်းစက်ကလေးက သူနဲ့တို့ကြားမှာ အဆက် အသွယ်ပဲ... ဒါကြောင့် သူ ရဲကို ကြိုတင်သတင်းပေး မင်းပလာဇာရဲ့နောက်ဘက်က ထွက်မယ်ဆိုတာ သိ လို့ ကြိုတင်တွက်ပြီး ငွေသေတ္တာကို လုပြေးတာပဲ..."





ဒီဟာမ တော်တယ်ကွာ... ကြိုတင်ချိန်ဆမှု တွက်ဆမှု ကောင်းတယ်..."

"မကောင်းတာက..."

"မကောင်းတာက မင်းပဲ..."

"အေးပေါ့လေ... မပြေးသော် ကန်ရာရှိ ဆိုသလို ကျွန်တော်ပဲ ခံရဦးမှာပဲ..."

"မင်းပါးစပ်ပိတ်ထား..."

ပြောပြီးတော့ သားရေဖုံးကလေးကို ဖွင့်ကာ သူ ဆယ်လူလာကို ခေါ်လိုက်သည်။

ဆယ်လူလာခလုတ်ကလေးတွေကို နှိပ်၍ ..တ်ကို ခေါ်လိုက်သည်။ အေရီယာတိုင်ကလေးကို ဆွဲထုတ် ..ဖြစ်၏။

သူ့ဖုန်းကို နားတွင် တေ့လိုက်သည်။

ခဏပါပဲ။

ကြည်လင်သော အသံကလေးက လှိုက်ဝင် ..ခတ်လာသည်။

"ဟဲလို..."

"ဟော့ ကောင်မ... မဟဲနဲ့... ငါ ဘယ်သူဆိုတာ နင် သိတယ် မဟုတ်လား..."

"အာ... ဦးပါလား... စိတ်ဆိုးနေသလားရှင့်... အဟက်"

"နင် မရယ်နဲ့... သွားတွေ ပြုတ်ကုန်လိမ့်မယ်..."



www.burmeseclassic.com

www.burmeseclassic.com



"သွားစိုက်ဆရာဝန်က သွားကို သွားအသစ် ပြန်စိုက်
သတိပေးထားတယ်... "

"ကောင်မ... နင် ငါ့ငွေတွေ ယူသွားတယ်... "

တစ်ဖက်မှ ရယ်သံကလေးက ချစ်စရာကောင်း
သည်။

"ဦးက စိတ်တိုနေတာကိုး... သွန်းကို မုန့်ဖိုးပေး
မဟုတ်ဘူးလား... ငွေတွေက များတယ်နော်... ဘယ
လောက်မှန်းတောင် မသိဘူး... ဦးက တယ်ရက်ရော
တာပဲ... "

"ကောင်မ... နင့်ကို သတ်မယ်... "

"ဦးကလည်း စကားပြောရင် လိုက်တာ... သွန်း
မခြိမ်းခြောက်ပါနဲ့... သွန်း မကြောက်တတ်ဘူးရှင့်

"နင့်ကို သတ်မယ်... "

"သြော် ပြောပြန်ပြီ... သွန်း ကြောက်ပြလိုက်ရမလား
ဒါဆို သွန်း ပုန်းဖို့ ပုရွက်ဆိတ်တွင်း ရှာမှပဲ... "

သွန်းအသံကလေးက မထိတထိ။

ထိုစဉ် ဖုန်းထဲမှာ အပြင်မှ အသံတွေ လွင့်
သည်။

"ကျောက်ဆည်ကို... ကျောက်ဆည်ကို ကားထွက်
မယ်... ဟိုအဒေါ်ကြီး လိုက်မလား... "

ကားပေါ်မှ အော်ခေါ်သံသဲ့သဲ့ ကြားရသည်





"ဒီမှာ နင့်ကို ငါပြောမယ်... ငါဆိုတဲ့ကောင်က ကောင်း
ရင် သူများထက် ကောင်းတယ်... ဆိုးရင်လည်း သူ
မတူအောင် ဆိုးတယ်... နင့်ကို ငါအရှင်မထားဘူး ငါ့
ငွေတွေ ပြန်ပေးပါ... "

"အာ... ဦးကလည်း... မုန့်ဖိုးပေးပြီးမှ ပြန်တောင်းရ
သလား... ပြန်တောင်းရင် မျက်စိစွန်မှာ မကြောက်
ဘူးလား... "

"အဲဒီအထဲ ငွေတင်မကဘူး... ငါ့အလုပ်ကိစ္စနဲ့ ပတ်
သက်တဲ့ပစ္စည်းပါ,ပါတယ်... ဒါတွေ ငါ ပြန်လိုချင်
တယ်... "

"ဘာလဲ ဦးရယ်... ပိုးဟတ်ချေးလား... မရှိပါဘူး...
ငွေတွေက အားလုံးထောင်တန်အရွက်အသစ်စက်စက်
ကြီးတွေပဲ... ဦး တခြားပစ္စည်းပါစရာ မရှိပါဘူးရှင်... "

"နင်... "

သူ ထပ်စကားမရှည်တော့ဘဲ ဆယ်လူလာကို
ပိတ်ပစ်လိုက်သည်။

သူ့အကဲကို ခတ်နေသော ဗလကျော်သူက...

"ဘာတဲ့လဲ ဘော့(စ်)... "

"ဗလ... မင်း ရန်အောင်မင်းကားဂိတ် သိလား... "

"သိတယ် ဘော့(စ်)... "

"ကောင်မ အဲဒီမှာ ရောက်နေတယ်... ကျောက်ဆည်ကို



www.burmeseclassic.com

www.burmeseclassic.com



လစ်မလား မသိဘူး... "

"ဘော့(စ်)ကို သူက ပြောလို့လား... "

"ဖုန်းထဲမှာ ကားစပယ်ယာခေါ်သံ ကြားတယ်... ကျော့ကွက်ဆည်ကို သွားတဲ့ဂိတ်က အဲဒီဂိတ်ပဲ ရှိတာ... "

"ဟာ... ဒါဆို သွားမှ... "

ထိုင်ရာမှ အလျင်အမြန် ထလိုက်သော ဗလကျော်သူကို ဦးနာဂသူရာက စေ့စေ့ကြည့်ရင်း...

"မင်း ဒီကောင်မကို ငါ့ဆီ ခေါ်မလာနဲ့တော့... ငွေတွေနဲ့ ဟိုပစ္စည်း ယူလာပြီး သူ့ကို အပြတ်သာရှင်းပစ်လိုက်တော့... ငါ့အပိုကားတစ်စီးကို ယူသွား... နစ်ဆန်း ဆန်နီပဲ... ဓာတ်ဆီအပြည့်ရှိတယ်... "

"အိုကေ ဘော့(စ်)... ဒီတစ်ခါတော့ ကျွားနဲ့ဆင် လယ်ပြင်မှာ တွေ့ပြီးသားပဲ... ဖိုးဒီ လိုက်ခဲ့... "

"အေး..., မင်းစကားပုံတွေကို နောက်မှ စာအုပ်အဖြစ် ထုတ်..., ပြောမနေနဲ့ နားကလောတယ်... "

အပြင်သို့ရောက်တော့ ဖိုးဒီက မခံချင်သံနှင့်

"အစ်ကို... အစ်ကိုကို သိပ်နှိမ်ပါလား... ဘယ်လိုလူကြီးလဲ... "

[illegible]

[illegible]

[illegible]





အပြင်တွင် ကားအပိုတစ်စီးထားသည်။ ထိုကား သည် ဗလကျော်သူအတွက် တစ်ခါတစ်ခါ ယူသုံးနေကြဖြစ်၏။

"ရှင်တို့က ရေးကြီးသုတ်ပြာ... "

မာလီလုပ်နေသော ပန်းပင်ကျင်းတူးနေသည့် ဓောင်ဒွေးကထွက်လာသောလူနှစ်ယောက်ကို လှမ်းမေးသည်။

သူမသည် မည်းမည်းဝဝ အားကောင်းမောင်းသန်ဖြစ်သည်။ သူမ၏ယောကျ်ားက အိမ်မှ ခြံစောင့်ဘိုးလှ။ သူမကို ဗလကျော်သူက အရေးတယူ ပြန်ပြောမနေပါ။

ကားဂိုဒေါင်ဆီသို့အသွား ဂိုဒေါင်ဝတွင်ခြံစောင့် ဘိုးလှနှင့် ဆုံမိ၏။

"ဘိုးလှ... ဂိုဒေါင်သော့ပေး... "

"ဘာလုပ်ဖို့လဲ ကိုဗလ... "

"ဘော့(စ်)က သူ့ကားကို ယူဖို့ ငါ့ကို ခိုင်းလိုက်တယ်"

"ဟာဗျာ... ဟုတ်ရဲ့လား... "

"သွားစမ်းပါကွာ... အရေးကြီးနေရတဲ့အထဲ... "

ဘိုးလှကို တွန်းထိုးပစ်လိုက်သည်။

ဘိုးလှမှာ ဗလကျော်သူကို ကြောက်ရသည်။ ကားဂိုဒေါင်သော့နှင့် ကားဂိုဒေါင်တံခါးကို ဖွင့်ပေးသည်။

ကားစက်သော့ကို ဦးနာဂက ပေးလိုက်ပြီးဖြစ်၍ ကားတံခါးကိုသော့ဖွင့်၍လက်ကိုင်ဘီးအောက်တွင်ဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားအစ်ဂနေးရှင်းထဲ သော့ထည့်လိုက်သည်။ ဖိုးဒီက ဘေးတွင် ဝင်ထိုင်သည်။

"အစ်ကို... ကျွန်တော့်မှာ ဒါပါတယ်... "

ခလုတ်နှိပ်မှုများကို ဖိုးဒီက ဖွင့်ပြသည်။

"အလကားကောင်မပါ... ဒါသုံးဖို့တောင် မလိုဘူး— လည်ပင်းညှစ်သတ်လိုက်ပြီးရော... "

"ဘယ်မှာရှာမလဲ... "

"ကားဂိတ်နားမှာကော လက်ဖက်ရည်ဆိုင်၊ စား သောက်ဆိုင်တွေမှာကော ရှာတာပေါ့... "

"ကောင်းတယ်... "

ထပ်မပြောတော့ဘဲ ကားကို ဂိုဒေါင်ထဲမှ နောက်ဆုတ်မောင်းလိုက်သည်။ ပြီးတော့မှ ရပ်ကာကွန်ကရစ် လမ်းအတိုင်း ခြံဝသို့ အရှိန်ထိုး မောင်းထွက်သွားသည်။

နေက ဝင်လုဆဲ။

ဦးနာဂနှင့် ဆက်သွယ်စကားပြောလိုက်ရချိန် တွင် သွန်းရွှေစင်သွယ်သည် စားသောက်ဆိုင်တစ်ခုထဲမှာပင် ရှိနေသည်။ ထိုဆိုင်မှာ ဂျပန်စားသောက်ဆိုင်တစ်ဆိုင် ဖြစ်၍ ဆိုင်ရှင်အမျိုးသမီးမှာ သူမနှင့် ခင်မင်သည်။

ဦးနာဂနှင့် စကားပြောချိန်တွင် သူမက ဂျပန် ထမင်းကြော်တစ်ပွဲကို မှာယူစားသောက်နေခိုက် ဖြစ်သည်။

အပြင်ဘက် ကားဂိတ်နားမှ စပယ်ယာ လူခေါ်





သံကိုလည်း သူမ ကြားရ၏။

ထိုအသံသည် တယ်လီဖုန်းထဲ စီးဝင်သွားလိမ့် မည်ဟု ခန့်မှန်းမိ၏။

ဆယ်လူလာဖုန်းကို ချပြီး ထမင်းကြော်ကို သုတ်သုတ်စားလိုက်သည်။

သူမ စားပွဲဘေးတွင် ငွေတွေ ပါသော သေတ္တာ နှင့် အဝတ်အစား အနည်းငယ်ပါသော အိတ်တစ်အိတ်ချ ထားသည်။

သူမ ဘယ်ကိုသွားရမည်ကို တွက်ဆနေသည်။

ကြာကြာနေလို့တော့ မဖြစ်။

စပယ်ယာကလေးအော်သံကို ဦးနာဂ မကြားအဲ နမည်မဟုတ်။ သူသည် ပါးနပ်၍ အတွေးကောင်းသူ။

သည်နေရာကိုသူသော်လည်းကောင်း၊ သူ့တပည့် သော်လည်းကောင်း လိုက်လာမှာ သေချာသည်။

စိတ်ထဲမှာတော့ အေးဆေးသည်။

အန္တရာယ်ကို ရင်ဆိုင်ဖို့ရန် ဝန်မလေး။

စားသောက်ပြီးချိန်လောက်တွင် အနားသို့ စား သောက်ဆိုင်ပိုင်ရှင် ခင်ချိုအေး ရောက်လာသည်။

"စားလို့ ကောင်းရဲ့လား သွန်း... "

"ဂျပန်ထမင်းကြော်က အမျိုးမျိုးလက်ရာနဲ့ ကြော်ကြ တာပဲ... တချို့ထမင်းကြော်ဆို ဆီမသုံးတော့ ပွစိစိ



www.burmeseclassic.com

www.burmeseclassic.com



ကြီး... ”

“ကိုယ်တို့လည်း ဆီသိပ်မသုံးပါဘူး သွန်းရဲ့... ဂျပန်အစားအသောက်တွေက ဆီသိပ်မထည့်ရဘူးလေ... ကိုယ်တို့ဆို အယောင်ပြလောက်ပဲ... ခုနေ ဆီဈေးကြီးတာနဲ့ ဂျပန်အစားအသောက်က သိပ်ကိုက်တာ... ရေလုံပြုတ်ပဲ... အဟင်း... ”

ခင်ချိုအေးက သွန်းထက် လေးငါးနှစ် ကြီးသည်။ သူမယောကျ်ားသည် ဂျပန်ပြန်ဖြစ်သည်။

ဂျပန်မှာတော့ ဘာအလုပ်တွေ လုပ်ခဲ့သည် မသိပါ။ အမြတ်ရလာတာကတော့ ဂျပန်ချက်ပြုတ်နည်းတွေပဲဖြစ်၏။

သူတို့သည် မြို့ကလေးမှာ ဆိုင်ဖွင့်တာ မကြာသေးပါ။ တစ်နှစ်လောက်ပဲ ရှိမည်။

ဂျပန်အစားအစာ ကြိုက်သော သွန်းနှင့် သည်ဆိုင်မှာ အံကိုက်ဖြစ်သည်။

သွန်း ယခင်က လာရောက်စားသောက်သလို ဦးနာဂနှင့်လည်း လာရောက်စားသောက်ဖူး၏။ သွန်း မကြာခဏ လာရောက်စားသောက်တော့ ခင်ချိုအေးနှင့် ခင်သွားကြသည်။

“စားဖိုမှူးကြီး အစ်ကိုလက်ရာက ကောင်းပါတယ်...

ကောင်းလို့လည်း သွန်း မကြာခဏ လာလာစားတာ





ပါ မမချိုရဲ့... ”

ဆိုင်ထဲမှာ စားသောက်သူအချို့ ရှိ၏။

နှစ်ထပ်လုံးချင်းတိုက်ခံ ပျဉ်ထောင်အိမ်ဖြစ်၍ အောက်ထပ်တွင် စားသောက်ဆိုင်ဖွင့်ပြီး အပေါ်ထပ်တွင် လူနေသည်။

ဆိုင်မှာ ဂျပန်ပုံစံ ဖြစ်သည်။

လှပသော ရှခင်းများပါသည့် ကားချပ်များချိတ်ထား၍ တာတာမိပုံစံနိုင်ငံခြားဖြစ် ကောက်ရိုးဖျာများခင်းကာအမြင့်တံတောင်ခန့်ရှိလေးထောင့်စားပွဲတွေချထားသည်။

ခင်ချိုအေးက သွန်း ထိုင်သလို ပုဆစ်တုပ် ကျုံ့ကျုံ့ကလေးပင် ဝင်ထိုင်သည်။

သေးအိသို့ မျက်လုံးဝေ့ကြည့်ပြီးသော သွန်းက

“စားတဲ့လူတွေကတော့ မပြတ်ပဲနော် မချို... ”

“အုတ်အုတ်သဲသဲကြီး မဖြစ်တောင် သူ့ဟာနဲ့သူကတော့ အဆင်ပြေပါတယ် သွန်းရယ်... ”

ဆိုင်ထဲတွင် သုံးသော စားပွဲထိုးကလေးများမှာ ငယ်ရွယ်သော အမျိုးသမီးကလေးများပင် ဖြစ်သည်။

သူမတို့ဆိုင်တွင် ယောကျ်ားမထားပါ။

ယောကျ်ားအလုပ်သမားတွေမှာ မိန်းကလေးတွေလို ဖင်မမြဲသည့်ပြင် အပြင်ကို ထွက်ချင်သော ဝါသနာရှိသည်ဟု ခင်ချိုအေးက ဆိုဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကားဂိပ်နဲ့နီးတော့ ပိုကောင်းတာပေါ့ မမချို... "

အပြင်တွင် လာရောက်စားသောက်သူများ၏ ဓိမ်ခံကားတချို့ ရပ်ထားသည်။

ကျသင့်ငွေကို သွန်းက ရှင်းပေးလိုက်သည်။

"သွန်း အခု ဘာလုပ်နေလဲ... "

"ကုမ္ပဏီက ထွက်လိုက်ပြီ... စိန်ပွဲစားလုပ်မလား စိတ်ကူးတယ် မမချို... "

"ဒီလိုလုပ်ပါလား... "

ခင်ချိုအေးက စကားကို ရပ်၍ လှပသော သွန်းကို အကဲခတ်လိုက်သည်။ သူမတို့စားသောက်ဆိုင်တွင် သွန်းလို လှပသော မိန်းကလေးတစ်ယောက် သို့မဟုတ် ထိုထက်ပိုပြီး လိုအပ်နေတာ အမှန်။

"သွန်း... ဒီမှာ လာလုပ်ပါလား... ကောင်တာထိုင်ရုံပဲ၊ တစ်လနှစ်သောင်းပေးမယ်လေ... "

"ကျွန်မ ဒါတွေ စိတ်မဝင်စားပါဘူး မမချိုရယ်... ပြောတာ ကျေးဇူးတင်ပါတယ်... ကျွန်မက အလုပ် လုပ်တယ်ဆိုတာ တစ်နေရာထဲမှာ ငြိမ်ထိုင်ပြီး လုပ်ရတာထက် လှုပ်လှုပ်ရှားရှား အလုပ်လုပ်ရတာကိုမှ ပိုသဘောကျတာ မမချို... "

"ကောင်းပြီလေ... မမချိုက ခင်လို့ပြောတာပါ... တကယ်လို့ သွန်း ဒီမှာလုပ်ချင်တယ်ဆိုရင်တော့





အချိန်မရွေးပြောနော်... "

ပြောရင်း စပ်စပ်စုစု လေသံနှင့်...

"ဒါထက် သွန်းနဲ့အမြဲတွဲလာနေတဲ့ ဟိုလူကြီး မလာတော့ပါလား... ဘော့(စ်)ကြီးလေ... "

"ဩော်... ဟော် ဦးနာဂလား... သူက သွန်းရဲ့အလုပ်ပါတနာ မဟုတ်တော့ဘူးလေ... သူနဲ့စီးပွားရေး ကွဲသွားပြီ... "

"လူကြီးက သဘောကောင်းပါတယ်... "

"ကောင်းပြီလား မမချိုရာ... သူက လူတကာနဲ့ သင့်အောင် ပေါင်းနိုင်ပါတယ်... ကဲ မမချို သွားမယ်..."

"အိုကေ... သွန်း သွားပေဦးတော့... "

သွန်းထလိုက်သည်။

အဝတ်အိတ်နှင့် ငွေသေတ္တာကို တစ်ဘက်စီချက် ဆွဲလိုက်သည်။

"သွန်း အက်တက်ချိကေ့(စ်)ကြီးကလည်း လေးလှချည်လား... "

"စာအုပ်တွေပါတယ် မမချို... "

ထပ်စပ်စုမည်စိုးသဖြင့် သူမသည် ခပ်သုတ်သုတ်ထွက်လာသည်။

သွန်းက ကယ်ရီယာတွင် အဝတ်အိတ်နှင့် ငွေသေတ္တာကို တင်၍ သံပတ်နှင့် ညှပ်လိုက်သည်။ လက်ကိုင်ရှ



www.burmeseclassic.com

www.burmeseclassic.com



ကွဲလောင်းချိတ်ထားသောဆိုင်ကယ်ဦးထုပ်ကိုဆောင်းလိုက်သည်

ပတ်ဝန်းကျင်မှ လူတချို့သည် ဟွန်ဒါအနီ
နှင့် အရပ်မြင့်မြင့် ကိုယ်ကာယအဆစ်အချိုး ကျနသော
တင်းသည့်မိန်းမလှလေးကို စိတ်ဝင်တစားကြည့်နေကြသည်

သွန်းက မျက်ဝန်းထောင့်စွန်းမှ အကဲ
သော်လည်း မသိဟန်ပြုကာဆိုင်ကယ်ပေါ်တက်ခွလိုက်သည်

သူမနှင့် ဗလကျော်သူသည် ပွက်ကာသီ
လွဲသွားသည်။ သွန်းထွက်သွားလို့ မိနစ်ဝက်လောက်အကြာ
မှာ ရောက်လာသည်။

ရန်အောင်မြင်ကားဂိတ်တွင် ခရီးသည်
ကားတွေရှိသည်။

မန္တလေး၊ ကျောက်ဆည်၊ ရန်ကုန်၊ မိတ္ထီ
စသည်စသည်သို့ ထွက်ကြသည့် ကားတွေ။

သူတို့ ရောက်လာချိန်မှာ ကားလည်း
လည်း နည်းသွားချေပြီ။

ဗလကျော်သူက စုံစမ်းရေးမှာတော့ လျင်သ

ကားဂိတ်အဆောက်အအုံနားရှိ ကွမ်းယာ
တစ်ဆိုင်သို့ ကွမ်းယာသွားဝယ်ရင်း စုံစမ်းသည်။

"ဒီနားမှာလေ အစ်ကို... ဟွန်ဒါအနီကလေးနဲ့
ကလေးတစ်ယောက်များ မတွေ့မိဘူးလား...

ကွမ်းယာသည်ယောကျ်ားက ကွမ်းယာ





ရင်းက...

"သတိမထားမိပါဘူး ညီလေးရာ... "

"မိန်းကလေးက ဒေါင်ကောင်းကောင်းနဲ့ချောချောပဲ
အစ်ကိုရဲ့... "

"မသိဘူးလေ... တို့လည်း ကိုယ့်အလုပ်ကို ဂရုစိုက်နေ
တော့ မိန်းကလေးချောချောကိုမကြည့်အားပါဘူးကွာ"

ဗလကျော်သူကတခြားလူကိုမေးဖို့စိတ်ကူးသည်။

ထိုစဉ် မိုးဒီက ကွမ်းယာဆိုင်နားရှိ ဖရဲသီး
ရောင်းသော ကောင်မလေးနားသို့ ကပ်၍...

"ဖရဲသီးစိပ်ကလေးတွေက နီနီရဲရဲ ချစ်စရာလေးတွေ
ပါလား... "

တကယ့်တကယ် ရည်စူးစကားဆိုတာက ဖရဲ
သီးစိပ်ကို မဟုတ်။

ဖရဲသီးရောင်းသော ရုပ်မဆိုးသည့် ဖရဲသီး
သည် အပျိုမလေးကို ရည်စူးဆိုမည်လိုက်ခြင်းသာ။

မိန်းကလေးက ကြည့်၏။

လမ်းဘေးလေဘေးထည်တွေထဲက အပေါစား
ဆို့ရုပ်၊ ခပ်နွမ်းနွမ်းဂျင်းဘောင်းဘီဝတ်၍ ဆံပင်ရှည်ရှည်၊
အသားညိုညစ်ညစ် မျက်နှာတွင် နေကာမျက်မှန်တပ်၍
ဒီခိုင်းပေးထားသော မိုးဒီကို မပစ်ရက်နိုင်သော အကြည့်
မျိုးနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဖရဲသီးစိပ်ကလေးတွေက လှမှလှ ချိုမှချို အစ်ကိုရဲ့...
ဝယ်စားပါဦးလား... တစ်စိတ်မှ နှစ်ဆယ်တည်းရယ်"

ဖိုးဒီ သွားမြဲလိုက်သည်။

နှစ်ဆယ်တန်တစ်ရွက် ထုတ်ပေးသည်။ တစ်
စိပ်ယူကာ ရှယ်သံကျဲကျဲ သွားဖြဲဖြဲနှင့် ...

"ဖရဲသီးချိုသလို ညီမလေးစကားကလည်း တယ်ချို
တာကိုးကွ..."

ဖိုးဒီအသက်က နှစ်ဆယ်။

ကောင်မလေးကလည်း သူနှင့် မတိမ်းမယိမ်း
"ဒီလိုချိုမှ ရောင်းရမှာပေါ့ အစ်ကိုရယ်... ဟင်း ဟင်း"

ကောင်မလေးရဲ့ မရယ်ချင့်ရယ်ချင်။

"ဗြော်... ဒါထက် ညီမလေး... ညီမလေးက ဒီမှာ
ထိုင်ရောင်းနေကျဆိုတော့ ဒီနားမှာ လူအသွားအလာ
တော့ အကဲခတ်မိမှာပေါ့နော်..."

"လူတွေထဲမှာ ထင်ထင်ရှားရှား ရှိလာရင်တော့ အပြော
က ကြည့်ပစ်လိုက်တာပဲ... အစ်ကိုလိုပေါ့..."

အင်း... ကောင်မလေးကလည်း စကားပြော
မဆိုး။

ဖိုးဒီရဲ့ဒီဖိုင်းကိုပဲ ဘဝင်ကျလို့လား။

နာမည်လေးတောင်ထုတ်ဖော်ပြောလိုက်လေရဲ့
အပြုံးတဲ့လေ... ။





"အဲဒီ သွားတဲ့လာတဲ့လူတွေထဲမှာ ဟွန်ဒါမော်တော်
ဆိုင်ကယ်နဲ့ အမျိုးသမီးတစ်ယောက်များ ဒီဘက်ကား
ဂိတ်ကို လာပြီး လက်မှတ်မဝယ်ဘူးလား..."

"အစ်ကိုက ဘာလုပ်ဖို့လဲ..."

"သူက အစ်ကို့အစ်မဝမ်းကွဲပါ... ဒီမှာ ချိန်းထားလို့"

"စောစောကပဲ ဆိုင်ကယ်နဲ့အမျိုးသမီးတစ်ယောက်
ထွက်သွားတယ်... စိုးမြတ်သူဇာတို့လို ဒေါင်ကောင်း
ကောင်း ချောချောပဲ..."

"ဟောကောင်... ဒီမှာ ဘာလာလုပ်နေတာလဲ... အံမယ်
အရေးထဲများ ကော်ကြီးလာကျနေတယ်..."

စကားသံကြောင့် ကြည့်လိုက်သည်။ သူ့ကို
ဘ်မှောင်ကြီးနှင့် ကြည့်နေသော ဗလကျော်သူ။

"အစ်ကိုရေ... ပွဲပြီးပြီထင်တယ်... ဒီက ညီမလေးက
ဟိုမိန်းမကို တွေ့လိုက်တယ်တဲ့..."



www.burmeseclassic.com

www.burmeseclassic.com



## ✢ အတ်လမ်းစဉ် (၄) ✢

ဗလကျော်သူမှာ လျှင်သည်။ လည်သည်။

ငွေတစ်ရာတန်တစ်ချပ်ကို ဖရဲသီးဗန်းထဲ ထည့်ပေးလိုက်၏။

"အဲဒီငွေတစ်ရာကို မင်းယူထားလိုက် ကလေးမ... မင်းတွေ့တယ်ဆိုတဲ့မိန်းကလေးကို ပြောစမ်း..."

ကားဂိတ်တွင် ဖရဲသီးရောင်းနေသော်လည်း ဘဝကို အပြုံးက နားလည်သည်။ ငွေတစ်ရာကို လိုလိုချင်ချင်နှင့်ပင် ယူလိုက်၍...

"ဒီမိန်းမက ချောချောတောင့်တောင့်လေ... မော်တော်ဆိုင်ကယ်အနီကလေးနဲ့..."

"အေး ဟုတ်တယ်... သူ ဘယ်မလဲ..."

"ထွက်သွားပြီ... အစ်ကိုတို့နဲ့ လက်မတင်ကလေးပဲ"





"သေပါတော့ကွာ..."

ဗလကျော်သူ နဖူးကို လက်ဝါးနှင့်ရိုက်လိုက်လုလုပပလေး။

အပြုံးက လက်ထဲရှိ ယင်ခြောက်နှင်တံနှင့် မောင်းရင်းက မျက်လုံးကလေးဝင့်ကာ...

"အစ်ကိုတို့က အရေးကြီးနေလို့လား..."

"ဒီမိန်းကလေးနဲ့ တွေ့ချင်တာ..."

"အဲဒီမမက တော်တော်လှတယ်နော်... ဝတ်ထားတာလည်း အပျံစား... ဒါကြောင့် ပြုံးက ကြည့်နေမိတာ"

"အေးပါဟာ... လှတာ ထားလိုက်စမ်းပါ... သူ ဘယ်ကို ထွက်သွားလဲ..."

"အစ်ကိုကလည်း... အစ်ကိုပေးထားတဲ့ ငွေတစ်ရာဟာ အပြုံးပြောတာနဲ့ ကုန်နေပြီလေ... ဟင်း စကားပြောလိုက်တာ မောလိုက်တာ..."

ပြော၍ သူတို့ကို ကျော်ကြည့်ကာ...

"ဖရဲသီးချိုချိုလေးတွေ ရမယ်... ဖရဲသီးချိုချိုလေးတွေ ရမယ်... တစ်စိပ်မှ နှစ်ဆယ်ထဲရယ်..."

"နင်ကလည်းဟာ...ရော့... ရော့ တစ်ရာထပ်ယူ... တို့သိချင်တာပြော..."

လင်ပန်းဖြူဖြူလေးထဲကို ဗလကျော်ထင်က ငွေတစ်ရာတန်စက္ကူ ထပ်ချပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက တွက်ကြည့်၏။

ဖရဲသီးက ဆယ်စိပ်လောက် ကျန်သေး၏

နောက်ထပ်နာရီဝက်တစ်နာရီလောက် ရောင်းရဦးမည်။

ဗုငွေနှစ်ရာသာသာလေးရတော့ ဖရဲသီး ရောင်း

ရငွေနှင့် ပေါင်းလျှင် သည်ကနေ့ ငါးရာလောက်စီပြီ။

ဒါဆို ဘယ်ဆိုးလို့လဲ။

"ကဲ... အစ်ကို ဘာသိချင်လဲ... "

"ဒီဟာမ ဘယ်ထွက်သွားလဲ... "

"ဟို မမလှလှလား... "

"အေး... "

"အပြုံးကိုမှ ပြောမသွားဘဲ ဘယ်သိမလဲ... "

"မဟုတ်ဘူးလေ... ဘယ်ဘက်ကို ထွက်သွားသလဲလို့

သိချင်တာ... "

"ဟိုဘက်... "

ကောင်မလေးက လက်ညှိုးညွှန်ပြသည်။ သူ

လက်ညှိုးညွှန်ရာသည် မြို့ထဲသွားသောမြို့ပတ်လမ်းပဲဖြစ်၏

"ဘယ်က ထွက်လာသလဲ... လက်မှက်ရုံဘက်လား

"မဟုတ်ဘူး... ဟိုအထဲက... "

ထပ်မံညွှန်ပြသော သူမ၏လက်ညှိုးသွား

အရပ်ကခပ်လှမ်းလှမ်းနှစ်ထပ်တိုက်ခံပျဉ်ထောင်အိမ်သာဖြစ်သည်

**အရသာရှိရှိ နှစ်ဆယ့်တစ်ရာစု**





**ပန်းချယ်ရီ ဂျပန်စားသောက်ဆိုင်**

မြန်မာနှင့်အင်္ဂလိပ် ရောပြွမ်းရေးထားသည့်

ဆိုင်းဘုတ်။ အင်္ဂလိပ်အက္ခရာမှာ ဂျပန်စာလိုပဲ အတွန့်

အတက် အချွန်တွေနှင့် ရေးထားသည်။

ငါ တော်တော်ညံ့တာပဲ။

သူ့ကိုယ်သူပဲ ဗလကျော်သူ အပြစ်တင်မိသည်။

ဤစားသောက်ဆိုင်သို့ သူနှင့် သွန်းရွှေစင်

ကြောခဏ သွားရောက်စားသောက်ဖူးကြောင်းကို မိမိအား

သော့(စ်)နာဂကာ ပြောခဲ့တာကို အမှတ်ရမိသည်။

ဒါကို စောစောကတွေ့ထားလိုက်လျှင် ငွေ

နှစ်ရာကြီးများတောင် ကုန်မှာမဟုတ်။

အေးလေ။ ခုခေတ်မှာ ငွေနှစ်ရာဆိုတာ လက်

ဖက်ရည်ဖိုးပဲ။

"လာ... "

ကောင်မလေးကို ဘာမှမပြောတော့ဘဲ ဖိုးဒီ

ဘက်ကို ပုတ်ကာ ဗလကျော်သူ ထွက်လာသည်။

"ဘယ်လိုလဲ... တပည့်ကြီး စုံစမ်းချက်မှန်တယ် မဟုတ်

လား အာစရိ... "

"သွေးထွက်အောင် မှန်ပါတယ်... အမှန်အကန် မောင်

ဘဟန် ခင်ဗျာ... "

"ဟီး ဟီး... ဟိုဗေဒင်ဟောတဲ့ ဂမ္ဘီရစာရေးဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



ဒီနှာမည်မျိုးနဲ့ မရေးဖူးသေးဘူး… အမှန်အကန် မှောင်ဘဟန်တဲ့… အမှန်အတည် မောင်ဖိုးဒီဆိုရင် ပို ကောင်းတာပေါ့ အာလူး… အဲ အာစရိရဲ့… ”

“လုပ်မနေပါနဲ့ကွာ… မေးပါများ စကားရတဲ့… မင်း မမေးလည်း ငါမေးမှာပါ… မင်္ဂလာယူမနေနဲ့… အသား ချည်းယူမနေနဲ့… ကြက်သားဝက်သားဈေးကြီးနေတယ်”

သူ့ထက် ဖိုးဒီ သာသွားမှာစိုးလို့ ပျဉ်ထောင် အိမ်ထဲ မဝင်မီ ခပ်ဟောက်ဟောက် ပြောပစ်လိုက်သည်။

ခုခေတ်မှာ တပည့်ဆိုတာ နိမ်ထားမှ တန်ကာ ကျမှာ။ သူတို့က ဆရာဆိုတာ နားမလည်။ ဆရာထက် လက်ဝါးစောင်းရော ပါးစပ်ပါ ပိုထက်ချင်ကြသည်။

ခင်ချိုအေးသည် ကောင်တာမှာ ရုပ်ပြတစ်အုပ် ဖတ်နေသည်။

ဆိုင်ထဲတွင် လူရှင်းသွားတာမို့ ခဏတော့ အား ချိန်ရသွားသည်။

စားပွဲထိုးကောင်မလေးတွေအနက်တစ်ယောက် က ဝင်လာသော လူနှစ်ယောက်ကို…

“ဘာစားမလဲ…”

ဟု လှမ်းမေးသည်။

လူနှစ်ယောက်က ဆိုင်ကို အကဲခတ်လိုက်၏။ ပတ်ဝန်းကျင်မှာ လူတွေကြောင့် အကြမ်းပတမ်းလုပ်လို့ မရ





ာကိုတော့ နားလည်သည်။

“မစားသေးဘူး… တို့သိချင်တာလေးတွေ ရှိနေလို့”

ဗလကျော်သူက ဆိုင်ဝ်န်ထမ်းမိန်းကလေးကို ပြောလိုက်၏။ ပြီးတော့ စတိုင်ဘောင်းဘီပေါ် ခါးလက် နှစ် က်ထောက်၍…

“မင်းတို့ဆိုင်ထဲမှာ စောစောကအမျိုးသမီးတစ်ယောက် လာသွားတယ် မဟုတ်လား… ဒေါင်ကောင်းကောင်း၊ ကိုယ်လုံးတောင့်တောင့် ရုပ်လှလှနဲ့… ”

ကောင်မလေးက စဉ်းစားသည်။

သွန်းကို မေးမှန်းတော့ သိသည်။

ဝင်လာသူငနှာနှစ်ကောင်လုံးမှာ အဝတ်အစား ာ ခေတ်မီ၍ နေကာမျက်မှန်ကိုယ်စီ တပ်ထားသည်။

ဒါပေမယ့် ဒီပုံစံတွေကို ကြည့်ပြီး ပြန်မဖြေချင်။

“မမကို သွားမေးပါ… ”

ငွေသိမ်းကောင်တာတွင် ရုပ်ပြမှာ အာရုံဝင်နေ သည့် ခင်ချိုအေးဘက်ကို မေးငေါ့ပြ၏။

ဘေးမှ ကပ်လိုက်လာသူ ဖိုးဒီကို ဗလကျော်သူ ာ မေးဆတ်ပြသည်။

အရိပ်အကဲနားလည်သော ဖိုးဒီသည် ထမင်း ားပွဲတစ်လုံးတွင် သွားရောက်ဝင်ထိုင်လိုက်သည်။

ရုပ်ပြတွင် အာရုံဝင်နေသော ခင်ချိုအေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ချောင်းဟန့်သံတစ်ချက်ကြောင့် အာရုံပျက်သွားသည်။

မော်ကြည့်လိုက်သည်။

နေကာမျက်မှန်တပ်၊ ဖောရိန်းရှပ်နှင့် လည်တိုင်တွင် ရွှေအတုလား၊ အစစ်လား ခွဲခြားလို့ မရသည့် ဆွဲကြိုးကို ဆွဲထားသော လူတစ်ယောက်ကို တွေ့ရ၏။ သူ့ခါးတွင် အထင်ကြီးစရာကောင်းအောင်ဆယ်လူလာချိတ်ထားသေး၏။

"အစ်မ... ကျွန်တော် စုံစမ်းစရာရှိလို့ပါ... "

တည်တည်အေးအေးပင် ဗလကျော်သူက ပြောသည်။ မျက်မှန်တွင်းမှ မျက်လုံးများသည် မိမိကို စိုက်ကြည့်နေမှန်း သိ၏။

"ဩော်... ဟုတ်ကဲ့... "

ခင်ချိုအေးက ကိုယ်ကို ပြင်ထိုင်လိုက်သည်။

သူမဆီမှ ခပ်စူးစူး သင်းပျံ့သော ရေမွှေးနံ့ကို ခံစားရင်း ဌာနဆိုင်ရာတစ်ခု၏အမည်ကို ပြောကာ...

"ကျွန်တော်က အဲဒီက စုံစမ်းရေးအရာရှိတစ်ဦးပါ... အစ်မဆီကို လာသွားတဲ့လူတစ်ယောက်နဲ့ ပတ်သက်ပြီး စုံစမ်းချင်လို့... "

"ဘယ်သူများပါလိမ့်... "

"သွန်း... ရွှေ... စင်သွယ်... "

လေးလေးနက်နက်ပင် တစ်လုံးချင်း ပြောလိုက်၏။ ဌာနဆိုင်ရာအမည်ကို ပြောကတည်းက ခင်ချိုအေးမှာ



လန့်ချင်သလို ဖြစ်သွားသည်။ သူမတို့တွင် အခွန်နှင့် ပတ်သက်သောပြစ်မှုတစ်ခု ကျူးလွန်ထားသည်။

သွန်းရွှေစင်သွယ်ဟူသော နာမည်ကို ကြားမှ ရင်ထဲမှ ရင်ပူသက်ပြင်းကလေးကို မသိမသာ ချလိုက်မိ၏။

"ဟုတ်ကဲ့... သွန်းရွှေစင်သွယ် ဘာဖြစ်လို့လဲ... "

"အစ်မနဲ့ ခင်သလား... "

"ဒီမှာ သိကြတာပါ... သူ ဘာဖြစ်လို့လဲ... "

"ဒီမိန်းကလေးဟာ သူလုပ်တဲ့ကုမ္ပဏီက ငွေနှစ်သိန်းကို လိမ်လည်သုံးစွဲပြီး ရှောင်တိမ်းနေတယ်... အဲဒါ ကျွန်တော်က တာဝန်ယူစုံစမ်းနေရပါတယ်... သူ ဒီကို လာတယ်ဆိုတော့ ဘာအကြောင်းနဲ့လာသလဲ... "

"သူနဲ့ဒီမှာ သိတာပါ... သူလာတာ ထမင်းလာစားတာပါပဲ... ခုနကမှ ပြန်သွားတယ်... "

"ဘယ်ကို ပြန်သွားလဲ... "

"အဲဒါတော့ ကျွန်မလည်း မသိဘူး... "

"အစ်မ... ဒီကိစ္စဟာ ငွေလိမ်လည်မှုနော်... သူ အစ်မတို့ကို ငွေတွေဘာတွေများ အပ်သွားသေးလား... "

"ကြုံကြုံဖန်ဖန်ရှင်... သူ ငွေအပ်ရအောင် ကျွန်မတို့က အဲဒီလောက် မခင်ကြပါဘူး... "

"သူ ဘယ်မှာနေသလဲ... "

"ဒါလည်း ကျွန်မ မသိဘူး... "

www.burmeseclassic.com

www.burmeseclassic.com



"အစ်မကြည့်ရတာ ရိုးရိုးသားသားပဲ... ဒါပေမဲ့ သွန်း
ရွှေစင်နဲ့ ပေါင်းမိခင်မိတာတော့ သိပ်မကောင်းဘူး
ကျွန်တော်တို့ စုံစမ်းမိသလောက်က သွန်းရွှေစင်ဟာ
ဒီဂျပန်ထမင်းဆိုင်မှာ အဝင်အထွက်ရှိပြီး ပိုင်ရှင် ခေါ်
အဲ... ပိုင်ရှင်နဲ့ ခင်တယ် ကြားတယ်..."

"ပိုင်ရှင်က ကျွန်မပဲ..."

"အစ်မသိသလောက် ပြောပြပါလား... ဒါက အစ်မတို့
အတွက် အမှုမပတ်ရအောင်ပါ..."

အခွန်ရှောင်တိမ်းမှုအတွက် သက်ဆိုင်ရာ
ခေါ်ထားခြင်းခံရသော ခင်ချိုအေးမှာ အမှုပတ်လိမ့်မည်
သော ဗလကျော်သူ၏ ဖိန့်လုံးစကားကြောင့် နည်းနည်းတော့
လန့်သွား၏။

ဒါကို ဗလကျော်သူက ပါးပါးနပ်နပ်အကဲခတ်
မိ၏။

"ကျွန်မက အမှုပတ်စရာ ဘာရှိလဲ... မဆိုင်လိုက်တာ"

"ဒီလိုလေ... သွန်းရွှေစင်က အစ်မတို့ဆီ ဝင်ထွက်နေ
တာကို ပတ်ဝန်းကျင်လည်း သိတယ်... ကျွန်တော်တို့
လည်း သိတယ်... သူ့ကို တစ်နေ့ ဖမ်းမိသွားတဲ့အခါ
သူ့ဆီမှာရှိတဲ့ ငွေတချို့ အစ်မဆီ အပ်ထားခဲ့ပါတယ်
ဆိုရင် ဘယ်လိုလုပ်မလဲ... ကျွန်မဝယ်ရာ အဆစ်မပါ
ပေဘူးလား..."





"အင်း... ဒါတော့လည်း ဟုတ်တယ်..."

"ဒါဆို အစ်မက ကျွန်တော့်ကို ကူညီလိုက်..."

"ရှင့်ကို ဘယ်လိုကူညီရမလဲ..."

"သူနေတဲ့နေရာ ပြောပြလိုက်... အဲဒါဆိုရင် အစ်မ
ကျွန်တော်တို့ကို ကူညီတာကြောင့် ဟိုမိန်းမလည်စယ်
ထွက်ဆိုခဲ့ရင် ကျွန်တော်က အစ်မကူညီကြောင်း သက်
သေပြနိုင်တယ်..."

"ပြဿနာပဲ... မြွေကိုက်တော့မယ်..."

သူမက ခေါင်းကို ကုတ်သည်။ စိတ်ညစ်ဟန်
နှင့် ညည်းမိသည်။

"ဘာမြွေကိုက်ရမှာလဲ..."

"သူနေတာကိုမှ ကျွန်မ မသိဘဲ..."

"ဒီလောက်ခင်နေတာ..."

တကယ်လည်း သူမ မသိပါ။

"စဉ်းစားပါဦး..."

"တကယ်ရှင့်... ကျွန်မဆီမှာ သူလာလာစားနေတော့
မျက်မှန်းတန်းနေမိပြီး ခင်မင်စကားပြောမိတာက လွဲ
လို့ သူ နေတာကို မမေးမိဘူး..."

"အစက အဆောင်မှာ နေတာပဲ..."

"အခုတော့ အဆောင်မှာပဲ နေမှာပေါ့ရှင်..."

"ပြောင်းသွားပြီ... အဲဒီပြောင်းသွားတဲ့နေရာကို လိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်နေတာ... သူ့ကို တွေ့ရင် ကိစ္စပြတ်ပါပြီ... "
"အိမ်နံမဟာ ချောချောလေးနဲ့ အတော်စာရိုဖွပျက်တာပဲ... နေဦး... ကျွန်မ စဥ်းစားဦးမယ်... "

သူမက အတော်ကလေး စဥ်းစားပြီးမှ...

"သူ့မှာ ခင်မင်တဲ့ သူငယ်ချင်းတစ်ယောက်တော့ တစ်ခါက ခေါ်လာဖူးတယ်... ကောသီဝင်းတဲ့... "
"သူ ဘယ်မှာနေသလဲ... "
"ကျွန်မနဲ့ သိဖူးတော့ ဖက်တန်းရပ်က သုမ္မောလမ်းမှာ နေတယ် ပြောဖူးတယ်... "
"အိမ်နံပါတ်ကော... "
"ဒါတော့ မသိဘူး... "
"အေးလေ... ကျွန်တော် လိုက်သွားမယ်... ကျေးဇူးပဲ အစ်မ... "

စားပွဲနိမ့်ကလေးနားတွင် တင်ပျဥ်ခွေထိုင်ပြီး ငန်းတော်ကြားလုပ်နေသော ဖိုးဒီ၏ပခုံးကို သွားပုတ်၍...

"ဖိုးဒီသွားမယ်... ကောင်မလေးတွေ ငမ်းချင်ရင် နောက်တစ်ခါ ဒီမှာ တစ်ခုခုလာစားလှည့်... "

ဖိုးဒီ ထရပ်၍ ကောင်တာဘက် စောင်းငန်းကြည့်ကာ လေသံနှင့်...

"အစ်ကို ပြီးပြီလား... "
"တိုက်ရိုက်တော့ မရပါဘူးကွာ... စုံစမ်းဦးမယ်..."





ဆိုင်ပြင်လည်းရောက်ရော ဆယ်လူလာထိုးတက်လိုက်၏။ သူ့အား သွန်းရွှေစင်၏ ဆယ်လူလာဖုန်းနံပါတ်ကို ဦးနာဂသူရာက ပေးထားပြီးဖြစ်သည်။

သူ ခေါ်သည်။

နှစ်ခါပဲ ခေါ်ရသည်။

"ဟယ်လို... "
"သွန်းရွှေစင်... ပျော်နေလား... "
"ရှင်ဘယ်သူလဲ... "
"ဗလကျော်သူ... "
"ဩော် ကိုကျော်သူ... ရှင် ကျွန်မနောက်လိုက်နေလား"
"မင်း သိပ်မြန်တယ်နော်... ရန်အောင်မြင်ကားဂိတ်ကို တန်းလိုက်လာတာဗျ... "
"ခစ်... ခစ်... ခစ်... "

တစ်ဖက်မှ ရယ်သည်။ လှောင်ပေ့ကွာ။

"ကျွန်မ အားနာလိုက်တာရှင်... ကျွန်မက မြွေမြွေချင်း ခြေမြင်တာပဲရှင့်... "
"အေးပါ... တွေ့တော့သာ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးလုပ်ပစ်မယ်... "
"စကားကို ကုန်အောင် မပြောနဲ့... အစားကို ကုန်အောင်စားတဲ့ ရှင့်... "
"အစားမတော် တစ်လုတ် အသွားမတော် တစ်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



နော်... မင်း ခြေလှမ်းတွေကို တို့လိုက်ကြည့်နေတာ

"ရှင်တို့ထက်တော့ ကျွန်မ ခြေလှမ်းက သာမှာပါ—

ရှင်တို့ကို စိန်ခေါ်တယ်... စိန်ပြေးတမ်း ကစားရအော

ကျွန်မက ပြေး၊ ရှင်တို့က လိုက်ပေါ့ ဟုတ်လား..."

"အေးပေါ့ကွာ... ကြည့်သေးတာပေါ့... "

လမ်းလျှောက်ရင်း စကားပြောနေသည်။ တ

ဖက်မှ ဆယ်လူလာ ပိတ်လိုက်ပြီမို့ ထပ်စကားပြောခွင့်မ

တော့။

"ကဲ ဖိုးဒီရေ... ကေသီဝင်းဆိုတဲ့ ကောင်မလေးဆီ

ကြရအောင်ဟေ့... "

"ရယ်ဒီပါပဲ ဆရာရယ်... "

ခုနစ်စင်ကြယ်ဟော်တယ်။

သိုးရာဇာလမ်းမှာပဲ ရှိသည်။ မြို့၏အရှေ

မြောက်ဘက် ဆယ့်တစ်ရပ်ကွက်ထဲတွင် ရှိသည်။

ဟိုတယ်မှာ ကြီးကြီးကျယ်ကျယ် မဟုတ်ပါ။

ရန်အောင်မြင်ကားဂိတ်တွင် ဦးတိုင်းကျော်နှ

လူချင်းခွဲလိုက်ကြပြီးကတည်းက ဂျက်စနေခေါ် စနေထွန်း





အတွက် တည်းခိုဖို့ နေရာလိုအပ်လာပြီကို သိသည်။

ပထမဆုံး အနီးအနားမှာ တည်းခိုခန်းတွေကို

မ်းသည်။ သည်မြို့တွင် ယခုလို ဆောင်းရာသီ၌ "ရွှေစေတီ

တောင်းပြည့်ဘုရားပွဲတော်" ရှိသည်။

သည်လသည်ရက်တွင်ပင် ဘုရားပွဲတော်

င်းပသည်။ နာမည်ကြီးဘုရားပွဲတော်မို့ အနယ်နယ်အရ

မှ လာရောက်ကြ၏။

ဂျက်စနေသည်လည်း သည်ဘုရားပွဲတော်အခု

ချင်နေသည်။

ရန်ကုန်တွင် သူ့အလုပ်နှင့်သူ လုံးထွေးလုံးထွေး

နေရာမှ "ထွန်းသစ်စ" မဂ္ဂဇင်းပိုင်ရှင် ဦးတိုင်းကျော်နှင့်

ဆုံတိုင်ပင်ကာ ရွှေစေတီဘုရားပွဲတော်သို့ သွားကြရ

အောင်ဟူသောရည်ရွယ်ချက်နှင့်နှစ်ယောက်အတူလာကြသည်။

ဦးတိုင်းကျော်မှာ သူ့ဆွေမျိုးအိမ် ရှိသည်။

ဂျက်စနေက လွတ်လွတ်လပ်လပ် တည်းခိုချင်

သည်။ ဦးတိုင်းကျော်က သူ့ဆွေမျိုးအိမ်မှာ လိုက်တည်းပါ

တော့လည်း လက်မခံ။

တည်းခိုခန်းမှာသာတည်းမည်ဟူသောအကြောင်း

ချက်နှင့် လူချင်းခွဲလိုက်ကြ၏။

ကားဂိတ်မှ မြို့ထဲလာသည်အထိ တည်းခိုခန်

င်းတွင် လူတွေပြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားပွဲဆိုတော့လည်း သူ့လိုပင် ပွဲတော်... လာကြသူတွေ ရှိသောကြောင့် သူတို့က သူ့အရင် တည်း... ခန်းများမှာ နေရာဦးပြီး ဖြစ်၏။

မိသားစုလိုက်၊ ဆွေမျိုးလိုက်၊ အပေါင်းအသ... အလိုက်။

တည်းခိုခန်းတွေမှာ ပြည့်ညပ်နေသည်တို့... ဖက်ဂ်ပျက်စရာကြီး။

တော့၊ နေ့ဘက် ရောက်ပေလို့သာပေါ့။

ညသာရောက်လာမိလျှင် လမ်းဘေးအိပ်ရ... သေချာသည်။

စိတ်ဓာတ်ကျသွားသည်။ မြို့တွေမှာ အလှ... ဆုံးကတော့ဆိုက်ကားဆရာ၊မြင်းလှည်းဆရာတွေပင်ဖြစ်သည်...

မြင်းလှည်းသမားတစ်ယောက်နားသို့ ချဉ်းက... ရသည်။ တည်းခိုနိုင်ဖို့ နေရာလေးကို မေးမြန်းရသည်။

"ဆရာရေ... ဒီနေ့ဒီရက်မှာတော့ ဘုရားပွဲလာကြ... တွေနဲ့ နီးပေကောင်စီပဲ... အိမ်တွေမှာလည်း ဧည့်သ... တိုင်ဖို့ အပြည့်၊ တည်းခိုခန်းတွေမှာလည်း ဒီတစ်ပို... မှာ လူအပြည့်ပဲ... ဘုရားပွဲက မြို့လယ်မှာ ရှိတာကို... ဆရာသွားချင်ရင်တော့ ခပ်ဝေးဝေး သွားမှရမယ်..."

"ဘယ်မှာရှိမလဲ..."

"ဆယ့်တစ်ရပ်ကွက်ဘက်မှာ ဟိုတယ်ရှိတယ်... တည်...





ခိုခန်းလည်း ရှိတယ်... အဲဒီက ဝေးတော့ လူသွား နည်းတယ်... ဒါပေမဲ့ နောက်ပြည့်လာမှာပါ..."

"သွားဗျာ... ဘယ်လောက်ပေးရမလဲ..."

"ခြောက်ရာ..."

"ဗျာ..."

"ဘုရားပွဲဆိုရင် ဒီဈေးကြီးပဲ... ဆရာ တက္ကစီစီးကြည့် တစ်ထောင်လောက် တောင်းလိမ့်မယ်..."

"ငါးရာထားဗျာ..."

"ငါးရာဆိုတာ သာမန်အချိန်ပါ ဆရာရယ်... အခု ဘုရားပွဲရှိလို့ တစ်ရာလေး တိုးတာပါ... တခြား မြင်းလှည်းတွေ သွားငှားကြည့်... ကျွန်တော့်ဈေးပဲ..."

မြင်းလှည်းသမားမှာ ဂျက်စနေနှင့် သက်တူ...တူ။

ဂျက်စနေမှာ ပြီးခဲ့သော လေးလလောက်က ဆယ့်လေးနှစ်ပြည့်မွေးနေ့ကို ရန်ကုန်မှာ သူ့အပေါင်းအသင်းတွေနှင့် လုပ်ခဲ့ပြီးပြီ။

မြင်းလှည်းဆရာပြောသော ဆယ့်တစ်ရပ်ကွက် ...ဘာ တော်တော်လေးဝေးသည်။ ရန်ကုန်ဆူးလေဘုရား ...မှ ရွှေပေါက်ကံလောက်ကို ဝေးသည်ဟု ခန့်မှန်းရသည်။

ကားတွေ လူတွေ အနေးယာဉ်တွေကြားထဲမှ ...လှည်းက ခွာသံလေးတဖျောက်ဖျောက်ပေးပြီး သွားနေ...



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ နားထောင်ချင်စဖွယ် ဖြစ်သည်။

ရန်ကုန်မှာ ကားသံတွေသာ ကြားပြီး သည်

မြင်းခွာသံ မကြားရပါ။

သွားရင်း ဘေးဘီကို ကြည့်သည်။

နာမည်ကြီးမြို့ထဲတွင် ပါဝင်သော မြို့တွ

တိုက်တာအဆောက်အဦတွေကလည်း ကောင်းသည်။ သွ

လာနေသော ကားတွေကလည်း ရန်ကုန်လိုပဲ ခန့်ထည်သ

ကားဟောင်းရော နုံချာသည့် ကားတွေရော ရှိသည်။

မီးပွိုင့်တွင် တန်းစီရပ်ကြသည်။

တိုက်တစ်တိုက်ပေါ်မှ တဂျိမ်းဂျိမ်းတဂျမ်းဂျ

တီးမှုတ်သံတွေ ကြားရသည်။

မင်္ဂလာဆောင်ပွဲတစ်ခုမှ တီးမှုတ်သံတွေ

ဟန် ရှိသည်။

တစ်နေရာတွင် ကားပွိုင့်မှာ ကားတွေ တန်

ရပ်၏။

မြင်းလှည်းလည်း ရပ်သွားသည်။

ကားတစ်စီးက မြင်းလှည်းကို ကျော်တ

ရပ်တန့်ဖို့ ကြိုးစားသည်။

မြင်းလှည်းသမားက သိသော်လည်း မသိ

ဆောင်ကာ ပေရပ်နေသည်။

ကားက ဟွန်းတီး၏။





"မြင်းလှည်းဆရာရေ... လမ်းဖယ်ပေးလိုက်ဦး... "

ဂျက်စနေက ပြောသော်လည်း မသိသလို။

မြင်းလှည်းသမားတချို့က သည်မြို့မှာ တစ်ခါ

တလေသည်လိုပဲကိုယ်ပိုင်ကားတွေ၊တက္ကစီပေါ် ညစ်တတ်သည်။

နောက်မှ ကား၏ကားဟွန်းသံ ရပ်သွား၏။

ကားမှာ နစ်ဆန်းဆန်နီအဖြူရောင် ဆလွန်း

ကား။

မီးပွိုင့်စိမ်းသွားသည်။

ဖြတ်ကျော်ကြသည်။

မြင်းလှည်းက မီးပွိုင့်အကျော် ကိုက်တစ်ရာ

နစ်ရာအရောက်မှာ ဆန်နီကားဖြူလေးက မြင်းလှည်းနား

ဖြတ်ကျော်သည်။

မြင်းနားရောက်သည်နှင့် တီခနဲ တီခနဲနှစ်ချက်

တီးလိုက်သည်။

မြင်းက လန့်ပတတ် ရပ်သည်။ ဟီသည်။

"ဟ... ဟ လုပ်ပါဦး... "

ဂျက်စနေ လန့်အော်သည်။ စီးလာသော မြင်း

လှည်းကိုယ်ထည်၏ လှည်းရုံတိုင်ကို ဆုပ်ကိုင်မိ၏။

မြင်းပတပ်ရပ်တော့ မြင်းလှည်းကိုယ်ထည်ပါ

ဆောင့်သွား၏။ ဂျက်စနေ လိမ့်မကျဖို့ သတိထားရသည်။

မြင်းလှည်းဆရာက သူ့မြင်းကို စုတ်သပ်ချော့



www.burmeseclassic.com

www.burmeseclassic.com



ရင်း မောင်းကျော်သွားသော ကားမောင်းသူကို လှမ်းအော်ဆဲသည်။

ရှေ့မှ ကားက ပေသုံးလေးဆယ်အကွာမှာ ရပ်သွားသည်။ မြင်းလှည်းဆရာလည်း သူ့မြင်းကို ထိန်းလို့ရသွားပြီ။

ဂျက်စနေလည်း ဟန်နိုင်သွားသည်။

ဒါပေမယ့် ပြဿနာဖြစ်လာသည်။

ဆလွန်းကားဖြူကလေးက နောက်ပြန်ဆုတ်လာသည်။ မြင်းလှည်းနားမှာ ရပ်သွား၏။ ကားရှေ့မောင်းခန်းထဲမှ လူတစ်ယောက် ဆင်းလာသည်။

သွယ်သွယ်မြင့်မြင့်နှင့် နေကာမျက်မှန်တပ်လို့။

"ဟေ့ကောင် ခင်းဘာဆဲတာလဲ...

ခါးတွင် လက်နှစ်ဖက်ထောက်ပြီး ဘုကြူကြူ ပင်မေးသည်။

"ခင်ဗျားလုပ်တာ ကောင်းသလား... ဒီမှာ မြင်းလန့်သွားပြီ..."

"မင်းမြင်းလန့်ရအောင် ငါဘာလုပ်သလဲ..."

"ဟွန်းတီးတယ်..."

"မင်းမြင်းလှည်းကို ရှေ့က ကာဆီးကာဆီးမောင်းနေလို့ ငါက ဟွန်းတီးတာ ဘာဖြစ်သလဲ..."

"ဒါကားမောင်းတဲ့လမ်းကွ... မြင်းလှည်းမောင်းတဲ့လမ်း





မဟုတ်ဘူး... မင်းတို့မြင်းလှည်းသမားတွေ ကားလမ်းပေါ် မြင်းလှည်းမောင်းပြီး အားကြီးလူပါးဝတယ်..."

သည်စကားကတော့ နောက်ပေါက်ထပ်မံပွား ဘာသော စကားသံ။

ကားရှေ့ခန်း၏တစ်ဘက်မှ ဆံပင်ရှည်ရှည် နေကာမျက်မှန်နှင့် လူငယ်တစ်ယောက် ထွက်လာပြီးပြော လိုက်သော စကား။

မြင်းလှည်းသမားမှာ လူငယ်ဖြစ်သည်။

တစ်ဖက်မှ ပြောလိုက်သော စကားက သူ့ကို ဒေါကန်နေသည်ထက် ပိုမိုဒေါကန်သွားစေသည်။

"မင်းတို့က မြင်းလှည်းသမားတွေ၊ မြင်းလှည်းသမားတွေဆိုပြီး သိမ်းကျုံးမပြောပါနဲ့..."

"ပြော- ဘာဖြစ်လဲ..."

ပြီးတော့ အဲသည်ငနဲက ရိုင်းပြစွာဆဲသည်။ ထမ ထွက်လာသူကလည်း ခပ်တည်တည်နှင့်။

"မင်း ဘာလုပ်ချင်သလဲ..."

ယောကျ်ားဆိုတာစိန်ခေါ်စကားပြောလို့မရပါ။

ယောကျ်ားချင်းချည်းမို့ စိန်ခေါ်လျှင် ကြိမ်နှင့် တော်မည့်လူစား။

မြင်းရိုက်ကြိမ်ကို ကိုင်လျက် မြင်းလှည်းသမား ခုန်ဆင်းပြီး အံကြိတ်၍ လုံချည်ကို ပြင်ဝတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာဗျာ… တစ်ဆိတ်ကလေး နားထောင်ကြစမ်းပါ"

ပြတ်သားကြည်လင်သောအသံက နောက်ဘက်မှ ပေါ်လာသည်။

ပြောလိုက်သူက လူချောလူလှကလေး။

ခေါင်းထက်တွင် နက်မှောင်သော ဆံပင်တွေကို မော်ဒယ်(လ်)ဘိုင်းတစ်ယောက်၏ ပုံစံမျိုးဖြီးထားသော်လည်း နဖူးပေါ် ဆံပင်တချို့ ဖွာကျနေသည်။

တန်ဖိုးအသင့်အတင့်ပေးရသော ပုလိ(စ်) (Po-lice) နေကာမျက်မှန်ကို တပ်ထားသည်။

အယ်(လ်)ဂျီတီရှပ်လက်တိုနှင့်ရိုက်ဒါဘောင်းဘီ ဝတ်ထားသည်။ ထူးခြားချက်မှာ အနောက်တိုင်းဆန်သောသူ၏ချောမောသည့် ရုပ်သွင်လက္ခဏာ ဖြစ်သည်။

"ခင်ဗျားတို့ ဒေါသတွေ လျှော့ထားပြီး ကိုယ့်လမ်းကိုယ်သွားကြစမ်းပါ… ရန်ဖြစ်တာ မကောင်းပါဘူး"

ဂျက်စနေကပြောတော့ ကားပေါ်မှ ပထမလူက

"မင်းက ဘာကောင်လဲ… "

"ကျွန်တော်က ခရီးသည်ပါ… ခင်ဗျားတို့ မခံချင်စိတ်နဲ့ ရန်ဖြစ်ရင် နှစ်ဖက်စလုံး အကျိုးယုတ်သွားမယ်… ကျွန်တော်လည်း ခရီးဖင့်… ခင်ဗျားတို့လည်း ခရီးဖင့်မယ်… ဟိုမှာ ယာဉ်ထိန်းရဲ ကြည့်နေတယ်… "

မီးပွိုင့်နားမှာ ယာဉ်ထိန်းရဲတစ်ဦးက သူတို့ထံ





လှမ်းကြည့်နေတာ အမှန်။ တခြားလမ်းသွားလမ်းလာတချို့ ဆလည်း အကဲခတ်နေ၏။

"မင်း သေမယ်… "

နစ်ဆန်းဆန်နီပေါ်မှ ပထမဆင်းလာသူက မြင်းလှည်းသမားကို လှမ်းကြိမ်းကာ တစ်ဆက်တည်း…

"ဟေ့ ဖိုးဒီ… သွားမယ်… "

ကားထဲဝင်ထိုင်သည်။ ဆက်မောင်းထွက်သွား၏။

"တောက်… ငါလက်နဲ့ မတွေ့ရတာ နာတယ်… "

ကားထွက်သွားမှ မြင်းလှည်းသမားက ကြိမ်း၍ မြင်းလှည်းပေါ် ပြန်တက်သည်။ ဂျက်စနေကိုလှည့်ကြည့်၍

"ဆရာက ဘာလို့ ဝင်ဖျန်ဖြေရတာလဲ… ကျွန်တော်က ဒီကောင်တွေကို မှတ်လောက်သားလောက် ပညာပေးမလို့… "

"ရန်ဖြစ်တာ မကောင်းဘူးဗျ… လူ့လောကမှာ အကျိုးမဲ့တဲ့အလုပ်ပဲ… ရန်ဖြစ်ရင် ရှုံးသူရော နိုင်သူရော မကောင်းဘူး၊ ဥပဒေနဲ့ကြည့်ရင်နှစ်ဖက်လုံးခံရတယ်"

"ဆရာက ရန်ဖြစ်ရမှာ ကြောက်သလား… "

"ရန်ဖြစ်ရမှာ ကြောက်တယ်… ရန်သူကို တော့ မကြောက်ဘူးဗျ… ရန်ဖြစ်တာ တိရစ္ဆာန်တွေရဲ့အလုပ် လူတွေရဲ့အလုပ် မဟုတ်ဘူး… "



www.burmeseclassic.com

www.burmeseclassic.com



"တယ်မှတ်ထိုက်တဲ့ စကားပဲ... "

အကောင်းလိုလို အဆိုးလိုလို ပြောလိုက်သော်လည်း မြင်းလှည်းသမား၏ စိတ်ထဲမှာတော့ ဂျက်စနေကို လူကြောက်တစ်ယောက်ဟု ထင်သွားသည်။

ခုနစ်စဉ်ကြယ်ဟော်တယ်မှာ သုံးထပ်တိုက်တစ်လုံးသာ ဖြစ်သည်။ တည်းခိုခန်းများကို အထက်ဆုံးအထပ်တွင် ဖွင့်ထားသည်။ ကံကောင်းပါရဲ့။

တစ်ယောက်ခန်း နှစ်ခန်းပဲ ကျန်တော့သည်။

"အစ်ကို့နာမည်... "

ကောင်တာစာရေးမလေးကသွက်သွက်လက်လက်။

မျက်မှန်လေးနှင့် ချစ်စရာ။

"ဂျက်စနေ မှတ်ပုံတင်ထဲမှာ စနေထွန်းလည်းပါတယ်"

သူမက မှတ်ပုံတင်ကို ကြည့်၍...

"အထဲမှာ ဂျက်စနေ(ခ)စနေထွန်းဆိုတော့ ဘယ်နာမည်ထည့်ရမှာလဲ... "

"စနေထွန်းက မူရင်းနာမည်... ဂျက်စနေက ခုခေတ်မှခေါ်လာကြတာ... "

"အစ်ကိုက အသက်လည်း မကြီးသေးဘဲနဲ့ ခုခေတ်မှခေါ်တယ် အရင်ခေတ်တွေက ရှိသေးလို့လား... "

"ရေးမှာသာ ရေးစမ်းပါဟာ... "

ယောကျ်ားလေးများ ရုပ်ရည်ချောရင် အရော





ဝင်ချင်တဲ့ ဝါသနာထုံတယ်ဟူသော သီချင်းဖွဲ့ဆိုမှုကို ပြောင်းရတော့မလို ကောင်မလေးက လုပ်သည်။

ဂျက်စနေက စိတ်မရှည်။

သည်စဉ်တွင် မွှေးကြိုင်သော အနံ့တစ်ခုကြောင့် ဘေးသို့ စောင်းငဲ့ကြည့်လိုက်သည်။

အား... မချောလေးတစ်ယောက်။

သွန်းရွှေစင်က ကောင်တာစာရေးမလေးအား

"တစ်ယောက်ခန်း လိုချင်တယ်... "

"တစ်ခန်းပဲ ကျန်တော့တယ်... ခုတင်က သိပ်မကောင်းဘူး... ပြတင်းပေါက်လည်း မရှိဘူးနော်... အခန်းနှစ်ဆယ့်ခြောက်၊ ဒီအစ်ကိုက နှစ်ဆယ့်လေး... ဘေးအစွန်ခန်း... "

ပြောရင်းအခန်းသော့ကိုဂျက်စနေကိုပေးလိုက်၏။

"တို့က အေးမှ နေတတ်တာ... နှစ်ဆယ့်လေးကို တို့ကို ပေးပါလားကွာ... "

"ဆောရီးပဲ အစ်မ... သူက အရင်လာတော့ သူ့ကိုပဲ ပေးရမှာပေါ့... သူက ကျွန်မကို စိတ်ဆိုးလိမ့်မယ်..."

ဂျက်စနေသည် တစ်ချက်ကလေးမှ သွန်းရွှေစင်ကို လှည့်မကြည့်သော်လည်း သွန်းရွှေစင်က...

"အစ်ကို... အစ်ကိုနေတဲ့အခန်းနဲ့ ကျွန်မအခန်း လဲလိုက်ရင် ရမလား... "



www.burmeseclassic.com

www.burmeseclassic.com



မလဲဟုလည်း မပြော၊ လဲမည်ဟုလည်း မပြော ဘဲ ဂျက်စနေက အနားမှထွက်သွားသည်။ အထက်သို့ တက်သော လှေခါးသည် ကောင်တာစားပွဲနှင့် လေးငါးကိုက်လောက်ပဲ ဝေးပါလိမ့်မည်။

သူတို့အခန်းလေး၏ တစ်ဖက်အခန်းအဝင်ဝ သည် ဟိုတယ်၏စားသောက်ခန်းမဖြစ်ကာ အတွင်းမှ ဆူညံ ဆူညံအသံများ၊ စားသောက်ဖွယ်များ၏ ခံတွင်းချဥ်စရာ ကောင်းသော ဟင်းနံ့တွေက သည်မှာဘက်သို့လိုမ့်ဝင်လာ၏။

ဂျက်စနေနားမှ ပွတ်ကပ်၍ ယောကျ်ားနှ ယောက်၊ မိန်းမတစ်ယောက် ဆင်းလာကြသည်။

သူတို့က ဂျက်စနေ၏ရုပ်ရည်ကို ခဏ ငေးငေးငဲ့ကြည့်သွားကြသည်။

ကောင်တာနားမှ စကားသံတွေကဝေ့ဝဲလာ၏

"ယူလိုက်ပါ အစ်မရယ်... နောက်နေ့ လူချောင်ရင် ကျွန်မပြောင်းပေးပါ့မယ်... "

"ဒါပဲနော်... မင်းစကားကို မမေ့နဲ့... "

ပြောသံနှင့် သွန်းတ အဝတ်အိတ်နှင့် သေတ္တာ ကို ကောက်ယူလိုက်သည်။

အမျိုးသားနှစ်ယောက်သည် လှပပြေပြစ်သော သွန်းနှင့် သွန်း၏တောင့်ဖြောင့်သော ကိုယ်လုံးကလေးကို မကြည့်ဘဲ မနေနိုင်သောကြောင့် ကြည့်မိကြသည်။





သူတို့နားမှ သွန်း ဖြတ်အထွက်တွင် သွန်းဆီမှ နိုင်ငံခြားဖြစ် အမွှေးနံ့သာတွေ ဝေ့ကာဝိုက်ကာ လှူးလွင့် ကျန်ခဲ့၏။

"တော်က်... လှတာယ်ကွာ... "

တောက်ခေါက်သံနှင့် တစ်ယောက်က တိုးတိုး ကလေး ပြောသည်။

တစ်ယောက်က သွန်းသွားရာအထိလှည့်ကြည့် သည်။ သူတို့နားတွင် ကပ်လိုက်လာသော မိန်းမက လှည့် ကြည့်သော ယောကျ်ား၏လက်မောင်းတစ်ဖက်ကို ဆိတ် လိုက်၏။

"ကိုလတ်... ရှင့်နားမှာ ကျွန်မ ရှိနေတာလည်း မေ့မနေ နဲ့ဦး... "

"ကြည့်ရတာ အတော်အဆင်ပြေလို့ပါ... သူဝတ်စား ထားတဲ့ လည်ပေါက်တီရှပ်နဲ့ သူ့ထဘီက သူ့ကိုယ် လုံးနဲ့ အဆင်ပြေကြည့်ကောင်းလို့ပါ... "

"ကျွန်မကကော ကြည့်မကောင်းလို့လား... "

"မင်းကို ယူမိတာ စောများသွားသလားလို့ပါကွာ..."

နောက်တောက်တောက် ပြောတော့ အမျိုးသမီး သူ့ယောကျ်ားခါးကို လူမမြင်အောင် ဆွဲလိမ်လိုက်ရင်းက

"ရှင်မလိုချင် ကွာလိုက်လေ... ကျွန်မနားမှာ လက် ဖျောက်တီးရင်ကပ်လာမယ့်သူတွေ မနည်းဘူး။ ..င်းခါး



www.burmeseclassic.com

www.burmeseclassic.com



ကြောပြတ်ပြီးဒုက္ခတဖြစ်အောင် သတ်ပစ်လိုက်မယ်
"ဟဲ... ဟဲ... ဟဲ..."
"ရှင်မလိုချင်ရင် ခုနကတွေ့တဲ့ ရွှေကိုယ်တော်
ချောတွေ့တယ် မဟုတ်လား... ရှင့်ထက် ရုပ်အပုံကြီး
သာတယ်..."
"ဟဲ ဟဲ... မလုပ်ရက်ပါဘူးကွာ..."
"သေမယ်..."
သူတို့ ခပ်ကြိတ်ကြိတ် ပြောသံကလေး
တက်သွားသော သွန်းက မကြားသော်လည်း ကောင်တာ
လေးလုံးမလေးကကြားမိလို့ မသိမသာ ပြုံးလိုက်၏။
ယောကျ်ားဆိုတာ ဒီလိုပါပဲ။
ကိုယ့်ပန်းကို ကိုယ်မွေးတယ်လို့ ယူပြီးမှ ဟိုပန်း
ကို မွေးချင်၊ သည်ပန်းကို မွေးချင် လုပ်ချင်ကြသည်။





## အဝတ်လဲခန်း (၅)

သွန်းသည် ဖျတ်လတ်သွက်လက်စွာ တက်လာ
သည်။
စိတ်ထဲတွင် သူမအား အရေးအရာ မလုပ်ဘဲ
သွားသော ငနဲကို တွေးပြီး မကျေနပ်ချင်။
လူမှုရေးခေါင်းပါးသူဟု ထင်သည်။
လှေခါးတစ်ဆစ်ချိုးပြီးလို့ ဒုတိယအထပ်ကို
သည်။ အဲသည်မှာလည်း စားသောက်ခန်းမနှင့်
ဆိုးနေ၏။
သည်မှာ လူသူရှိသည်။
ဗွီဒီယိုပြနေသည်။ တခြားအခန်းတစ်ခုမှ ကာ
တေးသီချင်းဆိုသံ ကြားရသည်။
ဆိုနေသည့်အသံမှာ မဆိုး။



www.burmeseclassic.com

www.burmeseclassic.com



သည့်ကနေ့ ခေတ်စားလာတဲ့အဆိုတော် ‌ေ
ပိုင်ရဲ့အသံနှင့် ဆင်တူတူ။

သီချင်းက ဒါဟာအချစ်လား။

"ဩော်... "

စောစောက လူမှုရေးခေါင်းပါးသည်ဟု ထ
မြင်ယူဆခံခဲ့ရသူက အဲသည်ဒုတိယထပ်မှာပဲ သူမကို ‌ေ
ကားနားမှ စောင့်ကာ ပြုံးကြည့်နေသည်။

သူမနှုတ်မှ "ဩော်" ဟု အလိုလို အသံထွ
သွား၏။

"ကျွန်တော် ခင်ဗျားကို စောင့်နေတာပါ... "

သူ့အသံနှင့် ရုပ်သွင်ဟန်မူက ယဉ်ကျေးဖွ
ရာ၏။ သူ့အမူအဲရာကို မြင်တော့ အပြုံးကို မြင်သောအ
မင်းသားလွင်မိုးကို သွားသတိရသည်။

အသံကပြတ်ပြီး ဆွဲဆောင်မှု ရှိသည်။

ပါးချိုင့်ကလေးတစ်ဖက်ကလည်း မပြုံးတ
လေးပြောတော့ ပေါ်လွင်လှသည်။

မိန်းကလေးတို့၏လုံးစံ ပါးချိုင့်ကလေးတွေ
တော့ ချစ်တတ်သည်။

"ဒီမှာ... "

သူက အခန်းသော့ကို လှမ်းပေးသည်။

"ဘာလဲ... အခန်းချင်း လဲမလို့လား... "





"ခင်ဗျားသော့ ကျွန်တော့်ကို ပေး... "

သည်အခါမှ သူမက သူမ၏သော့ကို ပေး
တ်စနေ၏သော့ကို လှမ်းယူကာ ...

"ကျေးဇူးပဲ... "

"ခင်ဗျား ဒီမှာတည်းဖူးသလား... "

"ဟင့်အင်း... ဒီတစ်ခါပါပဲ... "

"ဘယ်ကလဲ... မန္တလေးလား၊ ကျောက်ဆည်လား"

"ကျွန်မ ပြင်ဦးလွင်က... "

"ဆရာသော်တာဆွေ ရေးဖူးတာမှန်ပြီပေါ့... ပြင်ဦး
လွင်သူကလေးတွေဟာ သိပ်လှတယ်... သိပ်ချစ်စရာ
ကောင်းတယ်တဲ့ အခုခင်ဗျားကိုမြင်ရတာမှန်နေပြီပေါ့"

"ဟုတ်လား... ကျွန်မ တက္ကသိုလ်ဆိုလို့ လှေကားပဲ ရှိ
တယ်... "

"တကယ်ပါ... ပြီးတော့ ဆရာကြီးက ပြောလိုက်သေး
တယ်... ပြင်ဦးလွင်သူတွေဟာ ဖရက်ဂျစ်ဒယ်သူတွေ
လေးတဲ့... ပြင်ဦးလွင်က အေးတော့ ရေခဲသေတ္တာနဲ့
တူတယ်လေ... "

"အခု မအေးတော့ဘူး... "

သူမက ပြော၍ မထိတထိလေး ရယ် ဦးက်၏။
သွန်း၏ကိုယ်ပိုင်မာယာလက်နက်။

မထိတထိကလေး သူမ ရယ်သံပေးလိုက်ချင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘာက်ဆန့်ကျင်ဘက်လိင်တွေ သူမအပေါ် ပစ်ကျသွား တတ်သည်။ ဦးနာဂသူရာကိုတောင် သည်ရယ်သံလေးနှင့် ထောင်ချောက်ဆင်ခဲ့တာ။

"ဒါပေမယ့် ပြင်ဦးလွင်လို ပြောင်းလိုက်တာမှ ဂျင် နရေးရှင်း (Generation) ပြောင်းပြီး ပိုလှလာတယ်...

"ရှင် စကားပြော မဆိုးဘူး... မိတ်ဖွဲ့တာ စမု(Smooth) ဖြစ်တယ်... ကဲ တက်တော်မူ..."

သူမအသံမှာ ရင်းနှီးသံပါသည်။

ဂျက်စနေက ရှေ့သို့ လှေကားတစ်ထစ်တက် ပြီးမှ နောက်လှည့်၍...

"ခင်ဗျားကိုင်ထားရတာက ပစ္စည်းနှစ်ခုကြီးတောင် ကျွန်တော်က အဝတ်အိတ်တစ်ခုပဲ ကိုင်ရတယ်... ခင် ဗျားဆီက အက်တက်ချီကေ့(စ်) ပေးလိုက်..."

သူပြောတာ အမှန်။

သူ့ပခုံးထက်မှာ အဝတ်အစားအနည်းငယ်ပါ သော ပျို့ရှင်းအိတ်ပဲရှိသည်။ နိုင်ငံခြားဖြစ်မို့ တန်ဖိုးတော့ တော် တော်ပေးရပါလိမ့်မည်။

လက်ပြောင်းလက်လွှဲအဖြစ်အက်တက်ချီကေ့(စ်) က ဂျက်စနေလက်ထဲ ရောက်သွားသည်။

အတော်လေးသား။

သူက သွက်လက်ပေါ့ပါးစွာ အထက်ဆုံးထပ်





ရောက်သည်အထိ တက်သွားသည်။ နောက်မှ ကပ်ပြီး သွန်း တ ပါသွား၏။

အခန်းလေးတွေက လင်းလင်းချင်းချင်းအလင်း ဆောင်အောက်မှာ ရှိနေသည်။

အခန်းတွေ၏ ဖွဲ့စည်းထားပုံ များသော်လည်း လူသွားလမ်းမြောင်ကလေးတွေ ကျဉ်းသွားရုံမှအပ သေသေ သပ်သပ်ရှိသည်။

တချို့အခန်းတွေမှာ ယောက်ျားမိန်းမတစ်သိုက် ၏ရယ်မောသံတွေ စကားပြောသံတွေ ကြားရသည်။

အခန်းတစ်ခန်းမှလည်းကလေးသံကြားရသည်။

အခန်းနှစ်ဆယ့်လေးသည် အစွန်ဆုံး ဖြစ်ကာ ရှေ့ယ်ပြန့်သော ပေါ်တီကိုနှင့် နီးသည်။

ပေါ်တီကို ဆင်ဝင်ထက်တွင် ပန်းပင်ကလေး တွေ စိုက်ပျိုးထား၏။

ဆောင်းနေသည် ယင်းပေါ်တီကိုပေါ်ကို ကျဲ ကောက်အလင်းရောင်ဖျော့တော့သောအပူရှိန်နှင့်ကျနေသည်။

ဟိုအဝေးတွင် မောတို့၏ကမ္ဘောဇတောင်ကမ်း ခါးသံတံတိုင်းတွေကို လှမ်းမြောကြည့်ရှုနိုင်သည်။

နှင်းမြူဝတ်ရုံတို့ ခြုံလွှာသိုင်းတာမို့ မထင် ထင် မမြင့်တမြင် ရှိနေတတ်ပါသည်။

ကိုယ့်သော့နှင့်ကိုယ့်အခန်းကိုဖွင့်ဝင်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျက်စနေအခန်းမှာ လေးလုံးမလေး ပြောလို

သလို အတော် မသပ်မရပ်နိုင်သော အခန်းပါပေ။

ပြတင်းပေါက်မရှိဘဲ လေးဘက်လုံး နံရံ

ဖြစ်သည်။

လေဝင်လေထွက်အဖြစ် နံရံမျက်နှာကျက်တွ

သံစကာတပ် အပေါက်တွေ ဖောက်ထားသည်။

နံရံတွင်ဆေးတချို့ကွာကျကာအကွက်ထနေသည်

သို့သော်လည်း ဆောင်းတွင်းမို့ အေးစိမ့်

တော့ ရှိပါ၏။

ခုတင်မှာ ရိုးရိုးသစ်သားခုတင်ဖြစ်လျက် ခု

ပေါ်တွင် ဂွမ်းကပ်တစ်ခုသာ ခင်းပေးထားသည်။ ခေါင်းအုံ

တစ်လုံး၊ ဂွမ်းစောင်ကြီးတစ်ထည်က ခုတင်၏အဖော်အဖြ

သစ်သားခုံစားပွဲလေးတစ်ခုနှင့် ယင်းစားပွဲ

မှ စားပွဲတင်ပန်ကာတစ်လုံး။

"ဟင်း..."

ဂျက်စနေ နှာခေါင်းရှုံ့ပစ်လိုက်သည်။

တခြားအခန်းတွေ ဘယ်လိုနေမည် မသိ

လည်း သည်အခန်းကတော့ တည်းခိုသူ စိတ်ပိန်စရာ

အောင် နွမ်းပါးရှာသည်။

အေးလေ။ ဆူးကို မွေ့ရာ၊ မြေကို သင်ဖြူး

ရမှာထက်စာရင် သည်နေရာက ဂွဒ်ရှယ်ပဲ ခေါ်ရမှာ





အဝတ်အိတ်ပစ်ချလိုက်စဉ် တံခါးတွန်းသံ

ကြားရ၏။

လှည့်ကြည့်သည်။

ကောင်လေးတစ်ကောင်။

သူ့လက်ထဲတွင် အိပ်ရာခင်းတစ်ခု၊ ခေါင်းအုံး

အန့်သန့်တစ်လုံးနှင့် ဂွမ်းစောင်အသစ်တစ်ထည်။

"ဒီအခန်းက အမျိုးသမီးရော..."

ကောင်လေးက မေးသည်။ ဂျက်စနေက သက်

ပြင်းချ၍...

"ငါနဲ့ အခန်းချင်း လဲလိုက်တယ်... မင်းတို့အခန်းမှာ ခြင်မွေးမြူရေးနှင့် ကြမ်းပိုးမွေးမြူရေး ရှိသေးလား... ငါက သွေးအားသိပ်မကောင်းဘူးကွ..."

"ကျွန်တော်တို့ဟိုတယ်မှာ လူဂျပိုးပဲရှိမယ်... တိရစ္ဆာန် ကြမ်းပိုးနဲ့ခြင်မရှိပါဘူး... ရှိရင် ဟိုတယ် နာမည်ပျက်သွားမှာပေါ့..."

"တခြားအခန်းတွေက ဒီလိုပဲလား..."

"ဒီအခန်းတစ်ခန်းထဲပါ... ဒါနောက်ဆုံးဖွင့်လိုက်တဲ့ အခန်းပါ... တခြားနေ့တွေဆို ဟိုတယ်မှာ လူတောင် မပြည့်ဘူး... ရွှေစေတီရဲ့ကောင်းမှုကြောင့် ဒီအခန်းကို ဒီနေ့မှ တိုးချဲ့အခန်းထားလိုက်တာ အစ်ကိုရ..."

သည်မြို့က လူတွေသည် စကားပြောချင်



www.burmeseclassic.com

www.burmeseclassic.com



ဂါရဝတရားအပြည့်နှင့်တော့ ပြောကြပါရဲ့။ အစ်ကိုတဲ့ ဆရာတဲ့။

ကောင်လေးက အဟောင်းနှင့် အသစ်တွေ ... ပေးတာ ကျေးဇူးတင်သည်။ တစ်(ပ်)အဖြစ် ငွေတစ်ရာ ထု... ပေးလိုက်၏။

ကျေးဇူးတင်စွာနှင့်ကောင်လေးယူထွက်သွားသည်...

ခုံတင်ပေါ် ကိုယ်ကို ပစ်လှဲချလိုက်သည်။

ကားက ရန်ကုန်မှ တစ်ညလုံး ထွက်လာ... လောင်စာဆီခိုးပြီး အဲယားကွန်းမဖွင့်လို့ ခေါင်းမူးသည့်ဒဏ်... စက်ကို ဂရုမစိုက်ဘဲ မောင်းတာကြောင့် စက်ပျက်ပြီး ... နှောင့်နှေးသည့်ဒဏ်ကြောင့် သူ့မှာ သည်အခန်းထဲရောက်... ပင် ပင်ပန်းမှန်းသိ၏။

သူများအိမ်တည်းရမှာ အားနာမိလို့ ... ကြောက်မိလို့ ဦးတိုင်းကျော် ခေါ်တာကို မလိုက်မိတာကို... နှောင်တရမိသလိုလို။

မျက်လုံးတွေကို မှိတ်လိုက်၏။

အိပ်ပျော်သွားသည်။

သူ ပြန်နိုးတော့ ညနေစောင်းလောက်ပြီ...

အိပ်တော့ အားရှိသွားသည်။ ခေါင်းထဲ ကြည်... လင်သလိုလို ရှိသွားသည်။

မျက်နှာသစ် သွားတိုက် ရေချိုးလိုက်ဦးမှ။





ညနေစောင်း ပိုအေးလာသော်လည်း ရေချိုးမှ ကိုယ်ငွေ့ထွက်ပြီး လန်းဆန်းသွားမှာကို သိသည်။

သူက အဝတ်အိတ်ထဲမှ သွားတိုက်ဆေး၊ သွား ...တ်တံ၊ ဆပ်ပြာခွက် ထုတ်လိုက်၏။

"သေလိုက်ပါတော့ဟာ... "

ယခုမှ သတိရသည်။ ဆပ်ပြာခွက်က မနက်က မြို့တစ်မြို့က စားသောက်ဆိုင်တွင် မျက်နှာဝင်သစ်ရင်း ဆင်းဆိုင်မှာပဲ မေ့ကျန်ရစ်ခဲ့ပါပကော။

မိမိကတော့ ပါလာသည် ထင်၏။

အင်း... ကိုယ့်အပြစ်ပါပဲ။

လောလောလတ်လတ် ဆပ်ပြာသုံးဖို့က သွား ...ယ်ရမှာက ဘယ်မှာဝယ်ရမှန်းမသိ။

သုံးထပ်ကြီးကို ပြန်ဆင်းရမှာကလည်း ဝန် ...လေးနေ၏။

သူက တစ်ဖက်ခန်းက မိန်းကလေးကို သတိရ သည်။ ဆပ်ပြာကလေး ခဏတော့ ငှားကောင်းရဲ့။

ဘာဘာညာညာ ဆက်မတွေးတော့ဘဲ အခန်း ...ဆယ့်လေး ဘေးစွန်ခန်းသို့ ရောက်သွားသည်။

တံခါးကိုညင်ညင်သာသာလေးခေါက်လိုက်သည်။

"ဘယ်သူလဲ... "

အထဲက မေးသံ။



www.burmeseclassic.com

"ကျွန်တော်ပါ အခန်းနှစ်ဆယ့်ခြောက်က... "

တံခါးသော့လည်း သံကြားရသည်။ ဂျက်က လက်ကိုင်ဘုကို တွန်းဖွင့်စရာ မလို။

အတွင်းမှ ဖွင့်သွားပြီး ဖြစ်သည်။

အတွင်းမှ မိန်းကလေးသည် လိုင်းဆံပင်တွေ ကို ခေါင်းထက်မှာ ခေါက်၍ ကလစ်ထိုးထား၏။ မျက်နှာ သုတ်ပဝါကြီးတစ်ထည် ခြုံထားသည်။

သန့်ရှင်းဖြူစင်ဝင်းပသော မျက်နှာကလေးမှာ လတ်ဆတ်လို့။

ဪ... သူကလေးလည်း ရေချိုးပြီးပြီပဲ။

"ဆို..., ဘာကိစ်...

"ဆပ်ပြာလေးများ ရှိရင်... တစ်တွန်းနှစ်တွန်း တွန်း အောင် ခဏလောက် ချေးပါ... "

"ဪ... ဟော်... ရပါတယ်ရှင်... ရပါတယ်... ရှင် မှာ ဆပ်ပြာမပါဘူးလား... "

"ရန်ကုန်ကအလာ ဆိုင်တစ်ဆိုင်မှာ မေ့ကျန်ရစ်ခဲ့ တယ်ဗျာ... "

"ခဏနေဦးနော်... "

သူမတံခါးကို ဖွင့်ထားခဲ့ပြီး ဆပ်ပြာခွက်ထဲ ယူလာပေးသည်။ ထိုဆပ်ပြာနှင့်ပင် ဂျက်စနေ ကိုယ်သန့်ရှင်း ရေး ဓာတ်လမ်းပြီးရ၏။





လူဆိုတာ တစ်ဦးနှင့်တစ်ဦး ကူညီမှုကလေး တွေရှိတော့လည်း ခင်မင်သွားကြသည်။

ဒါပေမဲ့တစ်ယောက်နာမည်ကိုတော့တစ်ယောက် မေးမိကြပါ။

ဒုတိယထပ်တွင် ညနေစာကို ဂျက် သွားစား ချိန်မှာ မှောင်စပျိုးနေချေပြီ။

လမ်းပေါ်မှ ကားသံနှင့် ရွှေစေတီကို ရွှေစေတီ ဘုရားဟုသော အသံတွေက ဒုတိယထပ်သို့တက်တက်လာသည်။

ကားစပယ်ယာ၏ ရွှေစေတီဘုရားပွဲသို့ ခေါ် ခြင်းပင် ဖြစ်သည်။

ရွှေစေတီဘုရားပွဲက သည်ကနေ့မှစပြီးသုံးရက် တိုင်တိုင်ကျင်းပသည်။

ပျော်ပွဲရွှင်ပွဲများ၊ စတုဒိသာအကျွေးအမွေးများ နှင့် ဒုလ္လာဘာမဲများ အခြားမဟာကံထူးရှင်မဲများလည်း ရှိသည်။

ဂျက်က သွားရောက်ဖို့တော့ ရည်စူးထားသည်။

ညနေစာကို ထမင်းတစ်ပွဲ၊ အစိမ်းကြော်တစ်ပွဲ၊ အကင်တစ်ပွဲနှင့် စားနေစဉ် သူမ ဝင်လာသည်။

သူမသည် စကက်ထဘီနှင့် အကျီလည်ဟိုက် ထက်မောင်းပွကို ဝတ်ဆင်ထားသည်။

အပေါ်မှအနီရောင်ပွင့်ရိုက်နှင့်အောက်မှ ဖဲသား ချောစကပ်ထဘီကြောင့် ခန္ဓာကိုယ် တင်းတင်းရင်းရင်းရှိ၏။

www.burmeseclassic.com



ထုံးစံအတိုင်း အက်တက်ချီကေ့(စ်)ကို ကိုင်ချ
၍ ပိုက်ဆံအိတ်ကလေးကို စလွယ်သိုင်းလွယ်ထား၏။

သူမကို စတွေ့တွေ့ချင်း ဂျက်က ခွန်းကို
လက်ကို ထောင်ပြီး နှုတ်ဆက်သည်။

သူမကလည်း တခြားစားပွဲသို့ မသွား။

သူ့စားပွဲသို့ပဲ လာသည်။

"ဗိုက်ဆာနေပြီလား..."

"ဗိုက်ဆာနေပြီလေ... သိပ်ညဥ့်နက်မှ စားရင် ဆောင်းတွင်
အစာမကြေဘူး..."

"ထိုင်မယ်နော်..."

"ထိုင်လေ... ဘာစားမလဲ... ကျွန်တော် ထဲရိမင့် (T
ment) လုပ်ပါ့မယ်..."

သူမဝင်ထိုင်သည်။ သူမသည်ခေတ်မိန်း
ကလေးပီပီ ရှက်ခြင်း၊ ကြောက်ခြင်း မရှိ။ ရဲတင်းသည်
ဒါပေမဲ့ကျေနပ်ဆောင်သည်။ပွင့်လင်းသည်။တည်ကြည်သည်

စားပွဲထိုးဝိတ်တာတစ်ယောက် ကပ်လာသည်
သူမက ဘာဒရမလဲဟု မေးသည်။ ဝိတ်တာက မီနူးကတ်
ကလေးကို လက်ညှိုးထိုးပြသည်။

သူမက ချစ်စဖွယ် ပြုံးလိုက်သည်။

မီနူးကတ်ထဲမှ စာရင်းအရ သီဟိုစေ့ငံစပ်နှင့်
ကြက်သားအနူးအညံ့အပွကြော်တစ်ခွက် မှာလိုက်သည်။





"ကျွန်မကတော့ စားမှာပဲနော်..."

"မိန်းကလေးတစ်ယောက်ရဲ့ဗိုက်က သမုဒ္ဒရာဝမ်း
တစ်ထွာမဖြစ်နိုင်ပါဘူး..."

သူ အတွက်မှားသွားသည်။

ရောက်ရှိလာတာတွေကို သူမက ကျေနပ်ရရှင့်
ဆုန်စားပစ်လိုက်နိုင်သည်။ ဂျက်စနေကို သူမက ကျေး
သုံးသည်။

ဂျက်စနေက ခေါင်းယမ်းပြသည်။ ပြောင်ဆင်း
သွားသော သီဟိုစေ့ငံစပ်နှင့် ကြက်သားအနူးအညံ့အပွကြော်
ကျန်းကန်တွေကို ကြည့်ကာ...

"ခင်ဗျား အတော်စားနိုင်တာပဲ... ကောင်းတယ်... ဒါမှ
လူကျန်းမာတာ... ခင်ဗျားခန္ဓာကိုယ်ထွားတာကလည်း
ဒီလိုစားနိုင်လို့ပဲ..."

"ကျွန်မက အရင်က စပို့ဂဲ(လ်)လေ... အရှေ့တောင်
အာရှမှာ မပါရုံပဲရှိလေ..."

သူမ၏လေသံက ခပ်ကြွားကြွား။

"ရှင် အခုစားသောက်ပြီး ဘယ်သွားမှာလဲ..."

"ဒီလာတာ ရွှေစေတီဘုရားပွဲတော်နွှဲဖို့ လာတာပဲ...
ခင်ဗျားကကော..."

"ကျွန်မလည်း အဲဒီဘုရားပွဲသွားမလားလို့ အဖော်ရှာ
နေတာ..."



www.burmeseclassic.com

"ဘုရားပွဲသွားတာ ဒီသံတမန်ကိုင်သေတ္တာကြီး ယူလာရသေးလား..."

"အထဲမှာ ကျွန်မကြိုက်တဲ့စာအုပ်တွေ ထည့်ထားတယ်လေ... ဟိုနေရာ သည်နေရာ ရောက်လည်း ထုတ်ဖတ်ရတာပေါ့..."

သူမပြောသောစကားမှာ မဆီလျော်ဟုတော့ ဂျက်စနေက ထင်သည်။

"ဒါထက် ကျွန်မတို့နှစ်ယောက် အသိသာဖြစ်နေကြတာ တစ်ယောက်နာမည် တစ်ယောက် မသိကြသေးဘူး... ကျွန်မနာမည်က သွန်းရွှေစင်သွယ်... ရှင့်နာမည်ကကော..."

"ဂျက်စနေ..."

"အလို့... တယ်ဟုတ်တဲ့နာမည်ပဲ... ထူးခြားတယ်..."

"သွန်းရွှေစင်သွယ်ဆိုတာကလည်း ဆူပါထူးခြားတယ်ပဲ"

"ဟုတ်တဲ့လားရှင်..."

"အဟုတ်ပါ... လူရော နာမည်ရော တကယ့်တော့(ပ်) (Top) ပဲလေ..."

"အားဟား... ကိုဂျက်စနေကို ဘုရားပွဲရောက်မှ ဓေ ဝယ်တိုက်ရဦးမယ်... အာဝဇ္ဇန်းကောင်းအောင် အာ အောင်ပေါ့... ရှင်နဲ့ကျွန်မ တစ်ယောက်နဲ့တစ်ယောက် နာမည်သိကြပြီဆိုတော့..."





သူမ၏လက်ဝင်းဝင်း ဖြိုးဖြိုးကလေးတစ်ဖက်က စားပွဲမျက်နှာပြင်ထက်မှာ ဆန့်ပေးပြီး လက်ဝါးလေး ဖြန့်ပေးလိုက်သည်။

အမိပ္ပာယ် နားလည်သော ကိုဂျက်က သူ့လက်ဝါးနှင့် သူမ၏လက်ဝါးကို ဖတ်ခနဲ ရိုက်၍...

"Nice to see you..."

"Me too..."

တစ်ယောက်ကိုတစ်ယောက် အင်္ဂလိပ်လို ပြောဆိုက်ကြသည်။ တချို့စားပွဲတွင် စားနေသူတွေက လှမ်းကြည့်လိုက်ကြသည်။

သူတို့နှစ်ယောက်က အရေးမထားဘဲ ကိုယ့်စကားသာ ကိုယ်ပြောသည်။

"ရှင် ရွှေစေတီသွားရင် ကျွန်မ လိုက်လို့ရမလား... ကျွန်မမှာ (Companion) လိုနေလို့..."

"ရျူးဝါး..."

သူမက လက်ကလေးကို ထပ်မံ၍ မြှောက်ပြီး လေထဲတွင် ဂျက်စနေ၏လက်တစ်ဖက်နှင့် လက်ဝါးချင်း ညီးဝါးရိုက်လိုက်ကြသည်။

"အိုခွေ..."

"အိုကေ..."

ကောင်မလေးက မျက်ခုံးတစ်ဖက် မြှင့်လိုက်

www.burmeseclassic.com



သည်။ ဂျက်စနေက ပခုံးတွန့်ပြလိုက်သည်။ ဘော(လ်)ကို ဂျက်စနေက နှစ်ယောက်လုံးအတွက် ရှင်းပေးလိုက်သည်။

သူသည် သွန်းရွှေစင်ကိုတော့ လေးလေးစားစားရှိပုံရ၏။ သွန်းရွှေစင်က သူနှင့် ဟိုတယ်အပြင်ကို ထွက်လာတော့ ညမီးလင်းတန်းတွေက ကြိုဆိုနေသည်။

"ရှင် တက်(စ်)ကားစီးမှာလား..."

"တစ်ယောက်တည်းဆို ဘတ်(စ်)ကားပဲ သွန်းရွှေစင် ဒါပေမယ့် ခင်ဗျားပါလာတယ်ဆိုတော့ တက္ကစီ သုံးရမှာပဲ..."

"တက္ကစီခ ဘယ်သူပေးမှာလဲ..."

"ခင်ဗျားပဲ ပေးပေါ့... ကျွန်တော် ခင်ဗျားကို ကျွေးပြီးပြီ"

သူမက ကြည်ကြည်သာသာလေး ရယ်လိုက်သည်။ ဂျက်၏လက်ကို ဆွဲ၍ ပလက်ဖောင်းတစ်နေရာသို့ ခေါ်သွားသည်။

အဲဒီမှာစီဝမ်းနိုင်တီးဟွန်ဒါနီနီလေးကအဆင်သင့်။

"အဲဒါ သွန်းရဲ့မော်တော်ဆိုင်ကယ်ခြေစကြာပဲ... ရှင် ဒီခြေစကြာကို မောင်းတတ်ပါ့မလား..."

"ခေတ်လူငယ်ပဲ... ဒါကို မမောင်းတတ်ရင် ပုဂံခေတ်ကို ပြန်သွားလိုက်မယ်..."

"အိုကေ... ဒါဆို ရှင်မောင်း... သွန်း လိုက်စီးမယ်"

ဂျက်က ပေါ့ပါးစွာ မော်တော်ဆိုင်ကယ်ကို





ခါက်ဖြုတ်သည်။ ရှေ့သို့ တွန်းလိုက်၏။ ဆိုင်ကယ်သော့အို သူမက လှမ်းပေးလိုက်သည်။

သူမက နောက်မှ ခွထိုင်ကာ အက်တက်ချီဆော့(စ်)ကို သူမနှင့်ဂျက်စနေကြားထဲထည့်ပြီးညှပ်လိုက်သည်။

"ခါးဖက်ရမလား... ပခုံးကိုင်ရမလား..."

"ခင်ဗျားနဲ့ကျွန်တော်က ရည်းစားမှ မဟုတ်တာ... ပခုံးပဲကိုင်ပါဗျာ ကျွန်တော်က ခါးဖက်ရင်ယားတတ်တယ်"

သူမက ကြည်ကြည်သာသာလေး ရယ်မောလိုက်သည်။ နှစ်ယောက်လုံး ပွင့်ပွင့်လင်းလင်း ရှိခြင်းသည် ဆက်ဆံရေးမှာ ပိုမိုပြေပြစ်စေသည်။

ဟွန်ဒါနှင့် ဘုရားပွဲတော်သွားသည်။

ဂျက်စနေအတွက် တွေးစရာက တစ်ကြိမ်တစ်ခါသာ ရောက်လာဖူးသော သူ့ကို သွန်းရွှေစင်က ဆရာလုပ်၍ ဟိုသွားသည်ကွေ့၊ ဟိုမောင်းသည်ချိုးနှင့် မြို့လယ်ရှိဘုရားပွဲသို့ ဦးဆောင်၍ အရောက်ခေါ်လာနိုင်ခြင်း ဖြစ်၏။

ဘုရားပွဲတော်မှာ ကုန်းမြင့်ကလေးတစ်ခုအောက်မှာ ကျင်းပသည်။ ပြောင်ရှင်းသော ကွင်းပြင်ကျယ်ကြီးတွင် ဓာတ်ပွဲများ၊ အငြိမ့်စင်နှင့် ဗွီဒီယိုပြခန်းတွေရှိလျက် ရောင်စုံမီးရောင်တထိန်ထိန် တဝင်းဝင်း လင်းလက်နေသည်။

ဆိုင်တန်းတွေကလည်း ပေါများပါပေ့။

ဓာတ်စင်မှ ဖွင့်သော အသံချဲ့စက်နှင့် သီချင်း



www.burmeseclassic.com

www.burmeseclassic.com



သံတွေ၊ ဈေးဆိုင်တွေမှ ကက်ဆက်သံတွေ၊ မျက်လှည့်ပြ
တစ်ခုမှ တဂျမ်းဂျမ်း၊ တဒုန်းဒုန်း တီးခတ်သံတွေက ဘုရား
တွင် အသံက်ဝင်နေသည်။

လူပေါင်းစုံ၊ အရွယ်ပေါင်းစုံ၊ အဝတ်အ
ပေါင်းစုံတွေက မီးရောင်များ စားသောက်ဆိုင်များ၊ ဈေးဆို
များရှေ့တွင် မီးထိန်ထိန်အောက်၌ ညှပ်မတတ်၊ ကြပ်မတ
သွားလာနေကြသည်။

ဈေးရောင်းချသော ဆိုင်များတွင် စားသော
ဆိုင်များတွင်လည်း လူတွေ ပြည့်နေသည်။

ကုန်းမြင့်ကလေးတွင် ရွှေစေတီဘုရားရှိသည်

ဘုရားမှာ ထွန်းညှိသွယ်တန်းထားသော ရော
စုံမီးလုံးတွေက ဘုရားစေတီထက်တွင် သပ္ပာယ်စရာကော
အောင် ပွင့်လန်းဝင်းလက်နေကြသည်။

ဆိုင်ကယ်ကို ကားထားရာစတင်းတွင် အ
နှင့် အပ်ခဲ့ကြသည်။ လူတွေကြားထဲ တိုးဝှေ့လျှောက်
ကြသည်။

အေးမြသော လေသည် လူငွေ့ကြောင့် 
ဝန်းကျင်မှာ နွေးတေးတေး ရှိနေသည်။

"ဘုရားဖူးကြရအောင် ကိုဂျက်စနေ... "

"သွားလေ... သွန်းရွှေစင်... "

နှစ်ဦးသား ကုန်းမြင့်ကလေး၏ လှေခါး





တွေအတိုင်း အတက်အဆင်းလူတွေကို တိုးဝှေ့တက်လာခဲ့
ကြသည်။

ဘုရားဘက်မှ ဘုရားရှိခိုးသံတွေ၊ ကြေးစည်
ထုသံ၊ ခေါင်းလောင်းသံတလွင်လွင်တို့က ဆောင်းလေနှင့်
ပါလာသည်။

ကုန်းမြင့်မှာ ပေနှစ်ရာနီးပါးလောက်တော့ မြင့်
မြီး ခင်းထားသော ကျောက်လှေကားထစ်တွေက ပြေပြီး မီး
ရောင်တွေ ထိန်နေတာကြောင့် တက်ရတာ အဆင်ပြေ၏။

ကုန်းမြင့်အထက်တွင် ကျယ်ပြန့်သော ရင်ပြင်
တော်ကြီး ရှိပြီး ရောင်စုံကျောက်ပြားများနှင့် ခင်းထားသည်။

ဇရပ်တွေ ရှိသည်။ အဆောင်တွေ ရှိသည်။

"ဒါကိုမြင်တော့ မြည်က ရွှေဆံတော်ဘုရားကို သတိ
ရတယ်... ရွှေဆံတော်ဘုရားရင်ပြင်နဲ့ ခပ်ဆင်ဆင်ပဲ
နော်... "

"ပြည်ကို သွန်းရွှေစင် ရောက်ဖူးသလား... "

"နှစ်ခေါက်သုံးခေါက်တော့ ရောက်ဖူးတယ်... "

"သွန်းရွှေစင်မှာ မိဘတွေ ရှိလား... "

"ကျွန်မ မိဘက ဆုံးကုန်ပြီ... ကျွန်မက တစ်ကောင်
တည်းပါ... "

"ဘာလဲ... တစ်ကောင်တည်း ဒါပေမဲ့ ခြသေ့ဆိုတာ
မျိုးလား... "



www.burmeseclassic.com

www.burmeseclassic.com



"ခြသေ့်တော့ မလုပ်ရဲပါဘူး... ခြသေ့်အဆင့်တော့ မ
ဘူး... ကျားလောက်တော့ ရှိတယ်..."

သွန်း၏အမိပ္ပာယ်နှင့် ပြောလိုက်သော စကာ
ကို ဂျက်စနေက ရီးရီးထင်ကာ ရယ်လိုက်သည်။

"သွန်းရွှေစင်... အခု ဘယ်မှာလုပ်နေသလဲ..."

"ကျွန်မ အလုပ်ရှာတုန်းပါ... ရှင်ကကော..."

"ကျွန်တော်က စာပေသမား... အခုမှ ကလောင်သွေး
တုန်းရှိပါသေးတယ်..."

"သြော်... စာရေးဆရာပေါက်စကိုး... ဘာတွေ ရေး
ဟိုလူသည်လူအကြောင်း မြှောက်ထိုးပင့်ကော်ရေး
သလား၊ ပုတ်ခတ်ရေးသလား... ဒါမှမဟုတ် ဝတ္ထုရေး
လား၊ ဒါမှမဟုတ် အတွေးအခေါ်ပိုင်းတွေ ရေးလာ
ပညာပေးတွေ ရေးလား..."

"ကျွန်တော်က အပျော်ဖတ်ဝတ္ထုရေးတဲ့လူပါ... ပညာ
ပေးတွေ အတွေးအခေါ်တွေ မရေးရဲသေးပါဘူး..."

"လုံးချင်းဝတ္ထုတွေလား..."

"ဝတ္ထုတိုတွေပါ..."

"ကလောင်နာမည်က ဘာလဲ..."

"ဂျက်တိမ်ယံ..."

"သြော်... တွေ့မိလိုက်သလိုလိုပဲ..."

ဝတ္ထုတိုကလေးတွေ ရေးသော စာရေးဆ





ပေါက်စမို့ ဂျက်စနေကို အထင်ကြီးဟန်တော့ မရှိပါ။ ဂျက်အာ
သူမကို အားမလိုအားမရ ဖြစ်သွားမိ၏။

တကယ်ဆို ရှင့်ဝတ္ထုတွေ ကျွန်မဖတ်ဖူးတယ်၊
ရေးအသား၊ ဇာတ်လမ်း ဘာညာစသည်ဖြင့် သူ့ကို အထင်
ကြီးအမြင်ကြီး ဝေဖန်စေလိုသည်။

သူမ၏ ပေါ့ရွှတ်ရွှတ်စကားကြောင့် ဂျက်စနေ
သည်းနည်းတော့ ဖြုံသွားသည်။

"ကျွန်မက... အဲ သွန်းက စာဖတ်ဝါသနာပါတယ်...
ပညာပေးတွေပဲ ဖတ်တယ်... ဝတ္ထုဆိုရင် နာမည်ရ
စာရေးဆရာတွေရဲ့ လုံးချင်းဝတ္ထုတွေ ဖတ်တယ်...
ရှင်လည်း အဲဒီလိုဖြစ်အောင် လုပ်ပေါ့နော်..."

"ဟာ... လုပ်မှာပေါ့... သွန်းသာ ကျွန်တော့်စာကို
ဖတ်မယ်ဆိုရင် ကျွန်တော် ကြိုးစားလိုက်ဦးမယ်..."

ပြောရင်းပင် ဘုရားစေတီဘက်ရောက်လာ၏။

တန်ဆောင်းအတွင်း၌ ပန်း၊ ဆီမီး၊ ရေချမ်း
ပလှူသူတွေ။ ဘုရားဝတ်ပြုသူတွေ၊ တရားထိုင်သူ၊ စိပ်
ပုတီးစိပ်နေသူတွေ ရှိနေသည်။

တစ်နေရာတွင် သူတို့ ထိုင်လိုက်ကြသည်။

အတာက်ချိကော့(စ်)ကို ဘေးတွင် ချ၍ ကျုံ့ကျုံ့
လေး ပုဆစ်တုပ်ထိုင်၍ သိမ်သိမ်မွေ့မွေ့နှင့် သွန်းသ
ဘုရားကို ကန်တော့သည်။ ကန်တော့ရာမှာ အာရုံပြုပြီး ကန်



www.burmeseclassic.com

www.burmeseclassic.com



တော့နေသည်။

ဂျက်စနေကတော့ ယောကျ်ားပီပီ ဦးသုံးကြိမ် ချလိုက်သည်။ ဆုတောင်းခြင်းဘုရားစာရွတ်ခြင်းလည်းမရှိပါ။

ဘေးမှထိုင်ပြီးတော့ သွန်း ဘုရားရှိခိုးအာရုံပြု နေသည်ကို ငြိမ်ငြိမ်သက်သက်ပင် စောင့်ကြည့်နေသည်။

တအောင့်မျှကြာအောင် သွန်း ဘုရားအာရုံပြု ကန်တော့ပြီးကာမှ ဖြည်းညှင်းစွာ ထလိုက်သည်။

"ဘုရားရှိခိုးရတာ စိတ်ကို ကြည်သွားတာပဲ ကိုဂျက်စနေ..."

"ယုံကြည်ရာပေါ့ဗျာ... "

"ရှင် ဘာတွေ ဆုတောင်းသလဲ... "

ပြောပြီး ထွက်လာသည်။ စောင်းတန်းတစ်နေရာတွင် ချထားသော ဖိနပ်တွေကို ကောက်တော့ သွန်းက ဂျက်စနေ၏ ကွင်းထိုးကြိုးသိုင်း နိုင်ငံခြားလုပ်ဖိနပ်ကိုပါ ကောက်ကိုင်လိုက်၏။

ထိုဖိနပ်မျိုးက အောက်ထစ်လေးထောင်နီးပါး ရှိခြင်းကို သွန်း စဉ်းစားတွက်ဆမိသည်။

"ရှင်က ဒီဖိနပ်မျိုးကို ဝတ္ထုတိုရေးရင်း ဝယ်နိုင်တယ် နော်... သူဌေးပဲ..."

"အထင်မကြီးလိုက်ပါနဲ့ဗျာ... ကျွန်တော့်မဂ္ဂဇင်းထုတ်ဝေသူက လက်ဆောင်ပေးတာပါ... "





ရင်ပြင်တော်၏တစ်နေရာသို့လျှောက်လာကြသည်။

"ရှင် ဘာတွေ ဆုတောင်းသလဲ..."

"ဆုမတောင်းပါဘူး... "

"ဘာဖြစ်လို့လဲ... "

"ဆုတောင်းတိုင်း ပြည့်စုံတယ်ဆိုတာ မယုံကြည်လို့ပဲ"

"ရှင်... "

"ကျွန်တော်က ဆုမတောင်းဘူး... ဆုတောင်းခြင်းထက် ဘုရားကြိုက်မယ့်အလုပ်မျိုးပဲ လုပ်တယ်... ဘုရားက သူများအသက် မသတ်နဲ့ဆို မသတ်ဘူး... "

"ဪ... ငါးပါးသီလထိန်းတယ်ဆိုပါတော့... "

"ဟုတ်တယ်... ပြီးတော့ ဘုရားအတွက် ဝေယျာဝစ္စတွေ တတ်နိုင်သလောက် လုပ်ပေးတယ်... အလှူအတန်းပေးတယ်... တတ်နိုင်ရင် ပုတီးစိပ်ပြီး ကိုယ်စိတ်နှစ်ပါးကို ထိန်းတယ်... ဒါဟာ ဆုတောင်းတာထက် ပိုပြည့်စုံတယ်... ပါးစပ်က ဘာဖြစ်ရပါလို၏ ညာဖြစ်ရပါလို၏ဟု ဆုတောင်းနေတာထက် လက်တွေ့လုပ်တာက ပိုကောင်းတာပေါ့... ဇာဒိသပါကံဖနေတိ... တူသောအကျိုးပေးတယ်ဆိုတာ သိလား..."

"ဆိုပါဦး... "

"ကျောင်းသားတစ်ယောက်ဟာ စာမေးပွဲအောင်ချင်ရင် စာကြိုးစားရမယ်... အဲဒါရဲ့တူသော အကျိုးဟာ

www.burmeseclassic.com



စာမေးပွဲအောင်ခြင်းပဲ… မြန်မာနိုင်ငံကြီး ချမ်းသာကြီးပွားစေချင်ရင် ရွှေနိုင်ငံကြီး ဖြစ်ပါစေ၊ အားလုံးကျန်းမာချမ်းသာပါစေလို့ ဆုတောင်းလို့ ဖြစ်မလာနိုင်ဘူး… ကိုယ်တိုင်ကိုယ်ကျ အလုပ်လုပ်ကြရမယ်… စည်းစနစ် ထိန်းကြရမယ်… ငြိမ်းချမ်းအောင် နေထိုင်ကျင့်ကြံရမယ်… အဲဒီရဲ့ တူသောအကျိုးဟာ နိုင်ငံရဲ့ကြီးပွားချမ်းသာခြင်းပဲ… ခင်ဗျားကကော… ”

“ကျွန်မကတော့ ဆုတောင်းတယ်… ဆုတောင်းတာဟာ ကျွန်မတို့ရဲ့ ဘာသာရေး၊ တခြားဘာသာရေးတွေမှာပါနေတာပဲ… ပစ်ပယ်လို့ မရဘူးလေ… ”

“အေးလေ… ကိုယ့်ယုံကြည်ချက်နဲ့ ကိုယ်ပေါ့… ”

“ကျွန်မက ဘုရားမကြိုက်တာလည်း မလုပ်ဘူး… နတ်မကြိုက်တာလည်း မလုပ်ဘူး… ကျွန်မကြိုက်တာပဲ ကျွန်မ လုပ်တယ်… ”

သူမ၏နောက်ဆုံးစကားကြောင့် ဂျက်စနေက အသံမထွက်တထွက် ရယ်မိသည်။

ပြောလည်းပြောတတ်ပါပေရဲ့ သွန်းရွှေစင်ရယ်။

“သွန်းရွှေစင်ရဲ့ ယူဆချက်တွေဟာ လူတိုင်းလက်ခံနိုင်လောက်တဲ့ အခြေအနေအဆင့်မှာ ရှိပါတယ်… ”

“အံမယ်… ရှင်က ဝေဖန်နေလိုက်တာကို ဂျက်စနေရယ် တကယ်ပဲ… ”





“သွန်းရွှေစင်… ”

“ဟင်… ”

“ခင်ဗျား ကျွန်တော့်ကို ကိုဂျက်စနေ… ကိုဂျက်စနေ မခေါ်စမ်းပါနဲ့ဗျာ… ခင်မင်ရင်းနှီးမှုတွေ ရှိလာမှတော့ ကျွန်တော့်ကို ရင်းနှီးသူတွေက ခေါ်သလို ကိုဂျက်လို့ ခေါ်စမ်းပါ… ”

“ဒါဆို သွန်းကိုလည်း သွန်းရွှေစင်လို့ မခေါ်နဲ့… သိလား… သွန်းလို့ပဲ ခေါ်… ”

“ကောင်းပြ… ”

“ကိုဂျက်… ”

“သွန်း… ”

“သဘောတူညီချက်… ”

သွန်းက လက်ဝါးကလေးတစ်ဖက်ကို ထုတ်[illegible]ပေးလိုက်သည်။ ထိုလက်ဝါးကို ဂျက်က ဖတ်ခနဲ ရိုက်[illegible]သည်။

“ဒါ နှစ်ဦးသဘောတူ ထရီတီ (Treaty) တစ်ခုပဲ… ”

ကိုဂျက်က ဆိုကာ သွန်းကို ဆွဲခေါ်သွားသည်။ [illegible]ကို တစ်ပတ်ပြည့် လိုက်လံကြည့်ရှုကြသည်။

တစ်နေ့ရာတွင် ဘုရားစောင်းတန်းအတွက် [illegible]ရွှေသင်္ကန်းကပ်လှူရန်အတွက် ဘုရားဝေယျာဝစ္စ[illegible] မဏ္ဍာပ်ထိုးကာ အသံချဲ့စက်နှင့် အလှူခံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးအတွက် ဂျက်စနေက တစ်ရာစီ လိုက်

လှူတော့ သွန်းကပါ လိုက်လှူသည်။

"လှူတယ်ဆိုတာ စေတနာသဒ္ဓါတွင် မဟုတ်ဘူး
ယုံကြည်ဖို့လည်း လိုတယ်... "

သွန်းက ဆိုသည်။

"ဘာလဲ... ဒါတွေ လှူလို့ နောင်ဘဝမှာ ဘာဖြစ်ပါစေ
ညာဖြစ်ပါစေဆိုတဲ့ ဆုတောင်းမှု ယုံကြည်ချက်လား
ဒါအပေးအယူဆန်ပါတယ်... တို့ကတော့ လှူတယ်ဆို
တာ တစ်ဖက်မှာပြည့်စုံရင် ပြီးရော ဆုတောင်းမနေပါ
ဘူး... ကိုယ်လှူလိုက်လို့ တစ်ဘက်မှာ အကျိုးပွားရင်
မုဒိတာဖြစ်တယ်... လှူလိုက်တဲ့အတွက် အကြောင်း
ကြောင့် အကျိုးဆက်ကတော့ တူသောစေတနာ
အလျောက် သူ့အလိုအလျောက်ဖြစ်လာမှာပါ... ဒါတွေ
ဆုတောင်းမှုကို ယုံကြည်တဲ့လူဟာ ဆုတောင်းနိုင်ပါ
တယ်... "

ကိုယ့်အယူအဆနှင့် ကိုယ်ဆိုတော့လည်းမငြင်း

ကြတော့ပါ။

အယူအဆဆိုတာ လွတ်လွတ်လပ်လပ် တင်

နိုင်ခွင့်၊ ဆိုနိုင်ခွင့်တော့ ရှိကြရပါမည်။ မင်းလုပ်တာ မှား

တယ်၊ ငါလုပ်တာ မှန်တယ်ဟူသော အတ္တဝါဒီကို အယူအဆ

ဆွေးနွေးရာမှာ ရှောင်ကြဉ်ရပေလိမ့်မည်။





ဒါကို သွန်းရော ဂျက်စနေပါ နားလည်သည်။

"ပွဲကြည့်မလား... "

"ပွဲမကြိုက်ဘူး... "

"ဘာဖြစ်လို့လဲ သွန်း... "

"ကျန်းမာရေးထိခိုက်တယ်... အိပ်ရေးပျက်တယ်...
စိတ်သုခကို ကာယဒုက္ခနဲ့ လဲလိုက်တာပါ... "

"သွန်းပြောတာ မှန်တယ်... ကျွန်တော်လည်း ပွဲ
မကြိုက်ဘူး... ညလုံးပေါက် အချိန်ဖြုန်းလိုက်တာပဲ
အိပ်ချိန်တစ်ခုလျော့ပါးဖြစ်လိုက်တာပဲ... အေးလေ
ကိုယ့်ယုံကြည်ချက်နဲ့ကိုယ်ပေါ့... "

ကိုဂျက်သည် ထိုနောက်ဆုံးစကားနှင့်ပဲ အဆုံး

သ်လေ့ရှိ၏။

ပွဲဈေးတန်းဘက် လျှောက်ကြသည်။

ဟိုတယ်မှာ စားသောက်လာကြတာမို့ ဗိုက်

နေကြသည်။

ဂျက်စနေကိုတစ်ခုခုတော့ကျွေးပါရစေဟုဆိုသည်။

"ဘာလဲကွာ... သွန်းကို ကျွန်တော်က ကျွေးထားလို့
အားနာပြီး ပြန်ကျွေးချင်တာလား... "

"ဒီလိုလည်း မဟုတ်ဘူးလေ... ကိုဂျက်များ ဆာနေ
သလားလို့ပါ... အပေးအယူသဘော မဟုတ်ပါဘူး... "

ခရော်လျှောက်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စက်ပစ်ကွင်းတွင် လေသေနတ်နှင့် စက်ပ
ကွင်း ပစ်ကစားရသော ကစားရုံတစ်ခုသို့ ရောက်လာသည်။

မီးရောင်အောက်တွင် လူတွေက မလှမ်းမက
မှ စက်ဝိုင်းအလယ်ကို ပစ်နေကြသည်။

စက်ဝိုင်းအလယ်ကို ခဲသီးက ဒေါင်ခနဲ မှန်လျှ
ခေါင်းလောင်းသံ တဂျင်ဂျင်မြည်သွားရုံမက စက်ဝိုင်းအထ
ရှိ မီးသီးနီနီကလေးတွေက ဖွင့်ချည်မှိတ်ချည်ပြသည်။

တစ်ခါဝင်ပစ်လျှင် တစ်ရာပေးရသည်။
တစ်ခါတွင် သူတို့ပေးထားသော ခဲသီးဆယ်လုံးနှင့်ဆယ်ကြိ
ပစ်ရသည်။

ဆယ်ကြိမ်တွင် သုံးကြိမ်ထိမှန်ခဲ့သော်
သုံးရာပြန်ရသည်။ သုံးရာလျော်သည့် သဘော။

"ဝင်လက်စမ်းကြည့်ရအောင်..."

ဂျက်က ပစ်နေသူတွေကို ကြည့်ပြီး စိတ်ပါ
ပုံရသည်။ သွန်းက သဘောတူသည်။

သူနှင့်သူမသည် ငွေတစ်ရာစီပေးကာ နာ
စာရင်းပေးလိုက်ကြ၏။ ဆယ်မိနစ်ပဲ စောင့်လိုက်ကြသည
ဂျက်စနေ၏ နာမည်ခေါ်သံ ပေါ်လာ၏။

ဂျက်က ခဲသီးစေ့ ပေးသူနားသို့ သွားပြီး ခဲ
ကို ယူလိုက်သည်။ သူက ပစ်နေသူတွေကြားထဲ ဝင်ပြီး
တန်းစီဝင်ရပ်ကာ ရှေ့မှလေသေနတ်ကို ဆွဲလိုက်သည်။





တရုတ်နိုင်ငံလုပ် ဒိုင်ယာနာအမျိုးအစားနံပါတ်
ဝမ်းပင် ဖြစ်သည်။

သူများတွေ တဖျောက်ဖျောက် ပစ်နေသော်
သည်း ပေသုံးဆယ်ကျော်အတွင်းရှိ စက်ဝိုင်းထဲမှ စက်ဝိုင်း
နီနီကလေးကို မှန်သည်ဟူ၍ မရှိ။

ဂျက်က သူ့လေသေနတ်၏ မှန်ချိန်နှင့် ပြောင်း
ကို သုံးသပ်လိုက်သည်။

မှန်ချိန်ရှေ့ရှိ ပြောင်းနက်နက်ကလေးမှာ
အောက်သို့ မသိမသာ ကောက်နေသည်ဟု ထင်သည်။

လေသေနတ်ပစ်ကစားပွဲများတွင် ထိုကဲ့သို့ညစ်
ပါးတာလေးတွေ ရှိတတ်၏။

ဘယ်လိုပစ်ပစ် ပြောင်းရစ်မကောင်းလျှင် ခဲသီး
သာ တည့်မတ်စွာ မွေ့သွားမည် မဟုတ်။

ဂျက်နောက်တွင် သွန်းရပ်နေသည်။

ဂျက်က ပစ်သည်။ ပထမ ပစ်ပစ်ချင်း လွဲသွား
သည်။

ပြောင်း၏သဘောနှင့် ပစ်ကွင်းသဘောကို
သူလာလိုက်သည်။ ဒုတိယတစ်ကြိမ် ပစ်လိုက်သည်။

လွဲထွက်သွားပြန်၏။

နောက်တစ်ကြိမ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း လွဲ၏။ ဂျက် စိတ်မပျက်ပါ။ သူ့ကို[illegible] သူ အိုလံပစ်တွင်လည်းကောင်း၊ အရှေ့တောင်အာရှအ[illegible] ကစားပြိုင်ပွဲတွင် ပါဝင်သူလို သဘောထား၍ သေနတ်ပြောင်[illegible] နှင့် ပစ်ကွင်းသဘောကို လေ့လာသည်။

ပစ်ကွင်းအနီကလေးအထက် နည်းနည်း[illegible] မှန်ချိန်ထဲ ကြည့်ကာ ပြောင်းကို ရွှေ့လိုက်သည်။ အသ[illegible] အောင့်သည်။ ညှစ်ချလိုက်သည်။

"ဒေါင်... "

ပီသသော အသံ။

"တီ... တီ... တီ... တီ... "

စူးရှသော ခေါင်းလောင်းသံလေး ပေး၍ [illegible] ကလေးတွေ ဖွင့်ချည်မှိတ်ချည် လုပ်ပြ၏။ စက်ဝိုင်းအထ[illegible] မှ ခြောက်ဂဏန်းက ခေါင်းထောင်ထလာ၏။

"နံပါတ်ခြောက် မှန်တယ်... နံပါတ်ခြောက်... "

အကဲဖြတ်ဒိုင်က စကားပြောခွက်နှင့် သတ်မှ[illegible] လိုက်သည်။

ဂျက်က သဘောကို နားလည်ပြီးသည်[illegible] နောက်တစ်ကြိမ် ခဲစေ့ကို ပစ်လွှတ်လိုက်သည်။

"ဖောက်... "

"ဒေါင်... "





"တီ... တီ... တီ... တီ... "

လေသေနတ်မြည်သံ။

ထိမှန်သံ... ။

ဘဲလ်မြည်သံ။

"နံပါတ်ခြောက်ပဲဟေ့... နံပါတ်ခြောက်... "

ဒိုင်၏ကြေညာသံက ထွက်လာ၏။

မည်သူမှ တော်ရုံမှန်အောင် မပစ်နိုင်ဘဲ ဂျက်[illegible]မှ ပစ်နိုင်သောကြောင့် လူတွေ၏အာရုံက ဂျက်အပေါ်[illegible]ိုက်လာကြ၏။

"ဖောက်... "

"ဒေါင်... "

"တီ... တီ... တီ... တီ... "

"ဟာ... နံပါတ်ခြောက်က ဆက်တိုက်ပါပဲလား... အံ့ဩစရာကို လက်ဖြောင့်တာပဲ... "

ဒိုင်၏ တအံ့တဩ ချီးမွမ်းသံ။

တကယ်လည်း အံ့ဩသည်။ ဘုရားပွဲ စတင်[illegible]ည့် ယနေ့ညတွင် လေသေနတ်ကို ဂျက်လို မှန်ကန်အောင် [illegible]တ်တိုက် သုံးကြိမ်ထိမှန်သည်အထိ ပစ်နိုင်သူ မရှိသေး။

"ဖောက်... "

"ဒေါင်... "



www.burmeseclassic.com

www.burmeseclassic.com



"တီ.... တီ... တီ... "

လေသေနတ်၏ ကျည်သွားလမ်းကြောင်း
စက်ဝိုင်းသဘောကို ဂျက်မိပြီမို့ ဂျက် ဆက်တိုက် ပစ်လွှ
နေ၏။

လူတွေ လက်ခုပ်တီးကြသည်။

တခြားပစ်နေသူများပင် ရပ်ပြီး ဂျက်ကို ဝိုင်း
ကြည့်ကြသည်။

ဂျက်လက်ထဲတွင် ခဲသီးစေ့ သုံးစေ့ပဲ
သည်။ ဒိုင်က ဘေးကလူတစ်ယောက်ကို လက်ကုတ်လို
သည်။ လက်ကုတ်ခံရသူက မသိမသာပင် သွန်းနောက်
ရပ်ကာ ဝင်ကြည့်သလိုလိုနှင့် သွန်းကို တွန်းလိုက်၏။

မသိမသာ တွန်းလိုက်ရှိန်ကြောင့် သွန်းက
တိုးရာ ဖိသလို ဖြစ်သွားသည်။

ဂျက်မှာ မခံစားဖူးသော ခံစားချက်ကြေ
စိတ်ထဲတစ်မျိုးဖြစ်ကာ သွန်းကို လှည့်ကြည့်သည်။

သွန်းကတော့ မသိဘဲ...

"ပစ်လေ... ကိုဂျက်... ပစ်... "

ဂျက်စနေ၏ စိတ်ထဲတွင် ရှိန်းတိန်း
ကာ စိတ်လှုပ်ရှားသွားသည်။ သေနတ်ပစ်ရာတွင်
သေနတ်မဆို ကိုင်မိပြီဆိုကတည်းက စိတ်တည်ငြိမ်ဖို့လို





သည်တစ်ကြိမ် သူက ချိန်လိုက်သည်။

မောင်းကို ညှစ်ချလိုက်သည်။ စိတ်က ပစ်ကွင်း
မရှိတော့ဘဲ သွန်းဆီ ရောက်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



✦ ဇာတ်လမ်းစဉ် (၆) ✦

"ဟာ... လွဲသွားပြီ..."

ကြည့်နေသူတစ်ယောက်၏ အသံ။

သွန်းက နောက်မှ တိုးလာသူကို ဘုကြည့် လှည့်ကြည့်ပစ်လိုက်သည်။ တိုးသူက မသိမသာ ခွာသွားသည်။

ထိုအခါမှ သွန်းသည် မိမိ ဂျက်စနေ၏ ကျော ကို ဖိထားမိကြောင်းသိသဖြင့် အားနာသွားသည်။ ရှက်သလိုလိုလည်း ဖြစ်သွား၏။

မသိမသာ ခွာလိုက်သည်။

ဂျက်စနေ ဆက်ပစ်သည်။ လှုပ်ရှားသွားသော စိတ်ကြောင့် ပစ်မှတ်နှင့် မှန်ချိန်မိအောင် ချိန်သော်လည်း ကျည်သွားလမ်းကြောင်း၏ သဘောကို ပြန်မကိုက်မိသဖြင့်





ပြီးဆုံးသွားချိန်အထိ တစ်ချက်မှ မထိတော့။

သွန်းအလှည့် ရောက်လာသည်။

သူမကိုင်သော သေနတ်မှာ ဒိုင်ယာနာ မဟုတ်ဘဲ ဟီးရိုးဖြစ်သည်။

တစ်ချက်ပဲ ထိအောင် ပစ်နိုင်၏။

ဘာပဲဖြစ်ဖြစ် ဂျက်ကတော့ အောင်ပွဲခံနိုင်၏။

သုံးချက်အတွက် သုံးရာ။

နောက်တစ်ချက်ကတော့ သုံးချက်မပြည့်တာမို့ ရတော့။

လူတွေက ယောကျ်ားချောနှင့် မိန်းမချောလေး ဘက်သို့ အကြည့်တွေ လိုက်သွားကြသည်။

"ပုံစံတွေကတော့ ရုပ်ရှင်ထဲက မင်းသားမင်းသမီးပုံစံတွေပဲကွ... ဒါပေမဲ့ ရုပ်ရှင်ထဲမှာတော့ မမြင်ဖူးဘူး"

"ဒီပုံတွေလားကွာ... ရုပ်ရှင်ထဲက ဒါမျိုးပုံစံတွေ ရန်ကုန်မှာ ပြည့်လို့... သူတို့ ရန်ကုန်က ဖြစ်မှာပေါ့..."

"အမျိုးသမီးက ရုပ်လှသလို ကိုယ်လုံးကလည်း ထောင်ထောင်မောင်းမောင်းပဲ... ဖတ်(စ်)မန်းနီး (Fast Money)ထဲက ရန်စီဘတ်တလာ (Yansi Butler) လားအောက်မေ့ရတယ်..."

အနောက်နိုင်ငံကားကြည့်ဖူးသူတစ်ယောက်က တိုးပြောစဉ် ဂျက်တို့က ဖယ်ခွာလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆက်တိုက်မှန်ပြီးမှ ဘယ်လိုဖြစ်သွားတာလဲ... "

"သေနတ်ကို ညှစ်ထားတယ်... ပြောင်းကို မသိမသာ ကောက်ထားတယ်... အလှည့်တိုင်းတော့ ဘယ်မှန်နိုင်ပါတော့မလဲ သွန်းရယ်... "

"သွန်းက တစ်ချက်ပဲ မှန်တယ်... "

"သွန်းလို သေနတ်နဲ့စိမ်းနေတဲ့လူက တစ်ချက်တည်းမှန်တာ တော်သေးတာပေါ့... မိန်းမတွေက ဒီလို သေနတ်ပစ်တာတွေကို စိတ်ဝင်စားတာ မဟုတ်ဘူး... "

လူကြားထဲ ပြောရင်း လျှောက်လာကြသည်။ ငွေတစ်ရာကို ဂျက်က လှမ်းပေး၏။

"ဒါ ဘာလုပ်တာလဲ... "

"သုံးရာထဲက တစ်ရာပြန်ယူလေ... သွန်း အရင်းပြန်ရတာပေါ့... အမြတ်တစ်ရာကတော့ ကြံရည်ဝယ်သောက်မယ်... "

"သိုင်း(ခ်)ယူ... "

ဘိုသံပါပါနှင့် သွန်းက ပြောသည်။

"သွန်းသေတ္တာကြီးက ကန့်လန့်ကန့်လန့်ကွာ... ပေးကျွန်တော် ဆွဲခဲ့မယ်... "

သူနှင့်သွန်းကတော့ ရင်းနှီးနေကြပြီ။

တစ်ယောက်ကို တစ်ယောက်အားနာစရာမလို၊ အတက်ချိကေ့(စ်)ကို ကိုင်ပေးရင်း ပစ္စည်း





ရောင်းသော ဆိုင်များထဲသို့ ဝင်ကြည့်ကြသည်။

ဘုရားပွဲမို့ ရောင်းချသော ပစ္စည်းများမှာအပေါ်စားပစ္စည်းတွေဖြစ်ပြီး မက်လောက်စရာ မရှိပါ။

ဟိုလျှောက်သည်လျှောက်နှင့် ကြံရည်ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်လာသည်။

ကြံရည်ဝင်သောက်ကြရအောင်ဆို၍ ဆိုင်ထဲဝင်သည်။ အေးသော ရာသီတွင် ကြံရည်သောက်သူ နည်းပါးသည်။

"ချာတိတ်... လာဦး... "

ဂျက်က ခေါ်သဖြင့် ဆိုင်အလုပ်သမားကလေးတစ်ယောက် ရောက်လာ၏။

"မင်းတို့ ကြံရည်က ဘယ်လိုရောင်းလဲ... "

"တစ်ခွက်လေးဆယ်... "

"ရေခဲမပါ ကြံရည်ချည်းဆိုရင်ကောကွာ... "

"ငါးဆယ်... "

ဂျက်က သွန်းဘက် လှည့်ပြီးလျှင်...

"သွန်း... ကြံရည်ချည်း သောက်ပါလား... "

"ကောင်းသားပဲ... "

သူတို့က ရေခဲမဲ့ကြံရည်ကို မှာလိုက်သည်။ လူတစ်ယောက် ဝင်လာသည်။ ဂျင်းဘောင်းဘီနှင့် ရှပ်အင်္ကျီလက်ရှည်ကို လက်မောင်းအထိ ခေါက်ထားသော လူငယ်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက ဒီရောက်နေတာကို... "

သည်လူငယ်က နေ့တုန်းက မြင်းလှည်းမောင်းသမားလေး။ သူ့ကို ခုနစ်စဉ်ကြယ်အထိ လိုက်ပို့ပေးခဲ့တဲ့လူ

"အံမာ... မင်းက အသွေးအရောင်တွေ တောက်ပနေပါလား...ရုတ်တရက်ဆိုတော့ရုပ်ရှင်မင်းသားတစ်ယောက် ငါ့နား လာပြီ ထင်နေတာ... "

"ဟဲ ဟဲ... ဆရာကလည်းဗျာ... မြှောက်တော့မယ်... ဘုရားပွဲဆိုတော့လည်း ဒီလိုဝတ်ရတယ်လေ... ဒါ ရှိုင်းမှာ မဟုတ်လား... "

"အေးပါကွာ... မင်းမြင်းလှည်းကို တစ်ယောက်မောင်း မဟုတ်ဘဲ နှစ်ယောက်မောင်းဖြစ်အောင် ဒီဘုရားပွဲ အစွံထုတ်ပေါ့ကွာ... "

"အဟီး... ဒီညကမှ ဆရာစွံသွားတာ... သေနတ် တာ တကယ့်အမှန်အကန်ပါပဲ... တယ်ဖြောင့်တာ ဆရာရဲ့... "

ယောကျ်ားလေးပီပီ လုပ်သောသွန်းဆီသို့ မျက် ကစားလိုက်သေးသည်။ ကြံရည်နှစ်ခွက်ကို ဆိုင်အလုပ်သမား က လာချပေးသည်။

"သောက်ပါဦးလား... "

"ကျေးဇူးပဲဆရာ... မသောက်တော့ပါဘူး... ဆရာ့ လာနှုတ်ဆက်တာပါ... နေ့လယ်ကကိစ္စ ဆရာ့ကျေး





ပါပဲ... ဒေါ်သအလျောက်သာ လုပ်လိုက်ရင် အခုလို ဘုရားပွဲမရောက်ဘဲ အချုပ်ခန်းထဲ ရောက်မှာ သေချာတယ် ဆရာ... "

"ဒေါသကို ချုပ်ပေါ့ကွာ... ရန်သူဆိုတာ တိုက်သင့်မှ တိုက်၊ ဖြစ်သင့်မှ ဖြစ်... "

ပြောရင်း စကားကို ရပ်လိုက်သည်။

သွန်းဘက်သို့ ဖွေကြည့်လိုက်၏။

သွန်းသည် တစ်နေရာသို့ စူးစိုက်ကြည့်လျက် ကာနှာကလေး ပျက်သယောင်။

ဆိုင်ပေါက်ဝနားတွင် ဗလကျော်သူနှင့် ဖိုးဒီ နေသည်။

မမျှော်လင့်ဘဲ သွန်းကို လာတွေ့သောကြောင့် စေ့တစောင်း ဗလကျော်သူက အကဲခတ်နေသည်။

ဖိုးဒီက ကမူးရှူးထိုး ဝင်မည်လုပ်သောအခါ ကျော်သူက လှမ်းဆွဲထားသည်။

"နေဦးကွ... အရမ်းဝင်လို့ မရဘူး... သူ့ဘေးနားမှာ အကောင်တစ်ကောင် ရောက်နေတယ်... ပြဿနာ ဖြစ်လာရင် အဲဒီကောင်ကြောင့် ပိုဆိုးသွားမယ်... "

"ကောင်မဘေးနားမှာ ငွေသေတ္တာတွေ့လား အစ်ကို"

"တွေ့ပါတယ်ကွာ... "

သည်စဉ် မြင်းလှည်းသမားလေးက ဂျင်စနေ



www.burmeseclassic.com

www.burmeseclassic.com



ကို နှုတ်ဆက်ပြီး ဆိုင်ပြင်ထွက်လာသည်။

ဆိုင်ဝမှ လူနှစ်ယောက်က ဆိုင်ထဲ ဟိုလို

သည်လိုလို ကြည့်ပြီး မသိမသာ နောက်ဆုတ်လိုက်ကြသည်

"ဖိုးဒီ… မင်း အဲဒီကောင်နောက်လိုက်စမ်း… မင်းနဲ့

ရွယ်တူချင်းပဲ… အကျိုးအကြောင်း သိရအောင် ခေ

တို့စုရပ်နေရာ သိတယ် မဟုတ်လား… မရမ်းခြံ

အဲဒီကို ခေါ်ခဲ့… "

"အစ်ကိုကကော… "

"ငါ သူတို့နောက် လိုက်မယ်… ကောင်မ ဘယ်

နေတယ်ဆိုတာ လိုက်ကြည့်မယ်… "

"သူ ကျွန်တော်တို့ကို မြင်သွားပြီပဲ… "

"ကိစ္စမရှိဘူး… လူရှင်းတဲ့နေရာရောက်ရင် နှစ်ဦး

ကို တွယ်လိုက်မယ်… ငါ့မှာ အသံတိတ်ပါတယ်

အသံတိတ်ဆိုသည်မှာ ဓားပင်ဖြစ်ကြောင်း

နားလည်သည်။

ဖိုးဒီ ထွက်သွားသည်။

သွန်းက ခေါင်းကို စဉ်းစားရှုင်းလင်းမှု အသ

အအုံထဲ ထည့်လိုက်သည်။

မိမိကို မြင်သွားပြီမို့ ဘယ်နည်းနှင့်မှ

ကျော်သူက အလွတ်ပေးမည် မဟုတ်ပေ။

"ဒီကောင်လေးက နေ့လယ်က ကျွန်တော် မြင်းလှ





စီးလာပြီး ဟိုတယ်အထိ လိုက်ပို့တဲ့ကောင်လေးလေ…"

သွန်းက ဗလကျော်သူကို ကြည့်ရင်းဆဲကပင် ဂျက်စနေ၏စကားကို ခေါင်းညိတ်လိုက်သည်။

ဗလကျော်သူမှာ သွန်းကို ကြည့်နေရာ ဂျက်စနေ၏စကားကို နားထောင်ရင်းမှ မိမိကို ကြည့်ပြီး ခေါင်းညိတ်လိုက်သော သွန်းကြောင့် မိမိအား သွန်းက ခေါင်းညိတ်ခေါ်လိုက်သည်ဟု ထင်၏။

သူက သွက်သွက်ကလေး ဝင်သွားသည်။

"ဟယ်လို သွန်း… "

သူက တရင်းတနှီးလေသံနှင့် နှုတ်ဆက်လိုက်သည်။ ဂျက်ကက ခေါင်းထောင်လိုက်သည်။

သွန်းကတော့ သွားဖြဲဝင်လာသော ဗလကျော်သူကို စိမ်းစိမ်းကြည့်၍…

"ရှင် ဘယ်သူလဲ… ရှင့်ကို ကျွန်မ မသိပါလား… "

ခပ်မာမာပင် ပြောချလိုက်သည်။

ဗလကျော်သူမှာ သွားကြီးဖြဲရာမှ တည်သွားသလို သွန်းက သူ့ကို အရူးလုပ်သည် ထင်ပြီး ဒေါသလည်း ဖြစ်သွားသည်။

"ကောင်မ နင် ဘာစကားပြောတာလဲ… "

သူသည် ဒေါသအလျောက် အနားကပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ကိုဂျက် လုပ်ပါဦး..."

သွန်း အလန့်တကြား ထရပ်လိုက်သည်။

"ခင်ဗျား ဘယ်သူလဲ... ဘာလုပ်တာလဲ..."

ဂျက်ကလည်း ဆတ်ခနဲ ရပ်ကာ ဗလကျော်သူ ကို မေးလိုက်သည်။ ဗလကျော်သူမှာ ဂျက်ကို ဂရုမစိုက်သ ဒေါသနှင့်...

"ကောင်မ... နင် လျှောက်ပြေးနေတာ လွတ်မယ် ထင် သလား... ဟင်း အခုသိမယ်..."

"အို ကိုဂျက်... လုပ်ပါဦး..."

"ဟာ ဒီလူ... ဘာတွေ လာပြောနေတာလဲ..."

ကိုဂျက်က ဗလကျော်သူ၏ လက်ကို ဆွဲကိုင် လိုက်စဉ် သွန်းက အသံစူးစူးကလေးနှင့် အော်တော့သည်။

"အရှုး... အရူး... ဒီမှာ လုပ်ကြပါဦး... လာနှောင့်ယှက် နေတယ်..."

သွန်း၏အသံကြောင့်... ဆိုင်ထဲမှ ကြဲကြဲ သောက်နေသူတွေ ရုတ်ရုတ်သဲသဲ ဖြစ်သလို ထသူထ၊ ထိုင် သူထိုင်ဖြစ်ကုန်၏။

"မင်းက..."

ဂျက်စနေ၏ ရင်ဘတ်ကို ဗလကျော်သူ၏ စောင့်တွန်းလိုက်သည်။ ရုတ်တရက်ဆိုတော့ ဂျက်စနေနောက် သို့ ယိုင်သွား၏။





ဗလကျော်သူ လုပ်ပုံတွေက ဆက်တိုက်ဝင် လုပ်သွားသည်။ သံမံတလင်းပေါ်တွင် ချထားသော အတက် ချိကော့(စ်)ကိုလည်း ကောက်ယူလိုက်ပြီး ဖြစ်သည်။

"ဟောဒီမှာ ပစ္စည်းလာလုနေတယ်... လုပ်ကြပါဦး"

ချက်ချင်းပင် သွန်းကလည်း အော်လိုက်သည်။

မြန်မာနိုင်ငံ ပြည်သူများသည် အနောက်တိုင်း ပြည်သူများနှင့် မတူပါ။ အကြောင်းရှိက ချက်ချင်းအကူအညီ ပေးတတ်ကြသည်။ မတရားမှုကို ကြည့်မနေတတ်။

သွန်းအော်လိုက်ပြီဆိုလျှင် စားသောက်နေကြ သူများထဲမှ ယောကျ်ားတချို့ ပြေးလာသည်။

"ဟေ့ ဒါဘာမတရားလုပ်တာလဲ..."

"မင်း သူများပစ္စည်းလာခိုးတာလား..."

"မင်း ဘာကောင်လဲ..."

အမျိုးမျိုးသော စကားတွေနှင့်အတူ လက်သီး တစ်လုံးက ဗလကျော်သူကို နှုတ်ဆက်လိုက်သည်။

ဆိုင်ထဲ ရုတ်ရုတ်သဲသဲ ဖြစ်သွားစဉ်တွင် သွန်း အတက်ချိကော့(စ်)ကို ဆတ်ခနဲ ပြန်ဆွဲယူပြီး ဖြစ်၏။

"ခင်ဗျားတို့ မတရား..."

"ဘာမတရားလဲ... ချကွာ..."

"အာ... အမယ်လေး... မှားမယ်... အာယို..."

ဗလကျော်သူခမျာ သနားစရာ... ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူ သည်လူ ထိုးကြိတ်တာကို လက်က တကာကာနှင့် ခံရချိန်တွင် သွန်းက ဂျက်စနေ၏လက် ဆွဲပြီး အပြင်ကို ဆွဲခေါ်ထွက်ပြေးတော့၏။

ဆိုင်ရှင် ရောက်လာသည်။

"မလုပ်ကြပါနဲ့ဗျာ... ရဲကို အပ်လိုက်ကြပါ... ဘု ပျက်သွားပါဦးမယ်... လုံခြုံရေးတွေ ရှိတယ်..."

ဆိုင်ရှင်စကားကြောင့် ထိုးကြိတ်သူတွေ ရပ်သွားသလို ဗလကျော်သူ ရင်ထဲမှာလည်း ထိတ်ခနဲ လိုက်ရ၏။

ရဲလက်ထဲရောက်လို့ကတော့ ဂျေးထဲရော သေချာသည်။ သူ ဂျေးထဲ မသွားချင်ပါ။

"ဟီး... ဟီး... ဟီး နာပါဘူးဗျာ... နာပါဘူး နာပါဘူး... ဟူးဗျာ..."

ချက်ချင်း အရူးလို ငှက်ပျောတော်မင်းသား ကာ ခြေတွေလက်တွေ ကွေးကာပြလိုက်သည်။ မျောက် သွားဖြဲသလို သွားအားလုံးကို ဖြဲဖော်ပြသည်။

ရယ်သံကြီး ပေးလိုက်၏။

"ဟဲ့ ငယ်ကျွန်ကြီး... မင်းရဲ့ရွှေလုပ်တော်က ငါ တော်မြတ်ကို တယ်ကြည်စားသကိုးကွယ့်... အ

အနားမှာ ရှိသော လူတစ်ယောက်မေးကို ၍ ဟီးတိုက်သည်။ လူတွေ ကြောင်သွားသည်။





"ဟော့... မပေးပေးပေး ပေးပေးပေး... ငါ့မုန်လာဥတွေ ပေး... မပေးပေး ပေးပေးပေး ငါ့ခရမ်းသီးတွေပေး... မပေးပေး ပေးပေးပေး ငါ့ရွှေတွေ ငါ့ရွှေတွေပေး... အမွေ... အဲနော့်ရွှေတွေ လူခိုးခံရပြီဗျ... ဟီး... ဟီး"

သူ့ငိုသံကြီးက တကယ်ပဲ ရယ်စရာကောင်း ည်။ လူတွေ သဘောပေါက်သွားသည်။

"ဟာ... ဒီကောင် အရူးပဲ..."

"အရူးက ပြဿနာလုပ်တာကို..."

"အကြောင်းမသိတော့ တီးမိတာပေါ့..."

တစ်ယောက်တစ်ပေါက်ပြောကာ ဗလကျော် ကို ကြည့်၍ ရယ်ကြသည်။ တစ်ယောက်ကမူ...

"ငါကွာ... အရူးလက်သီးနဲ့ထိုးမိတာ လက်တောင် သနသွားပြီ..."

ဗလကျော်သူမှာ ငိုရာမှရပ်၍ ဆိုင်ရှင်နား ၏။ ပုဆိုးစကို ကိုင်ဆွဲ၏။

"ဆရာကြီး... ဗလာကြီး... မသာကြီး... ငါ့ရွှေတွေ ပြန်ပေးပါ..."

ဆိုင်ရှင်က စိတ်ပျက်ပျက်နှင့် သူ့ဆိုင်အလုပ် နှစ်ယောက်အား ဗလကျော်သူကို ဆွဲထုတ်သွားရန် လိုက်၏။

ကံမကောင်းအကြောင်းမလှရှာသော ဗလ



www.burmeseclassic.com

www.burmeseclassic.com



ကျော်သူမှာ ဆိုင်ပြင်သို့ ဆွဲထုတ်ခံလိုက်ရ၏။

အပြင်လည်းရောက်ရော ဗလကျော်သူ အ
အရာပြောင်းသွားသည်။ မအေတွေ နှမတွေနှင့် သူ့အား ထိ
သူများကို ရေရေလည်လည်ကြီး ဆဲပြီး လစ်တော့သည်။

အား... ဒဏ်ရာတွေက နာလိုက်တာ။

ဆိုင်ရှင်ခမျာ ဂျက်စနေတို့ စုံတွဲကို မတွေ့လိုက်
ရုံမက ကြဲရည်ဖိုးပါ နစ်နာသွားရှာသည်။

မကြာပါ။ ကလေးတစ်ယောက် ဝင်လာပြီး လူ
တစ်ယောက်က ပေးခိုင်းသည်ဆိုကာ ငွေတစ်ရာ ပေးလာ

"သြော်... ဒါတော့လည်း သိညာ်လင်မယား သိတ
သားပါလား... ကျန်းမာပါစေ... ချမ်းသာပါစေဗျာ"

"ဘာတွေဖြစ်ကုန်တာလဲ... အဲဒီလူဟာ ဘယ်သူလဲ"

သွန်းကို ဂျက်စနေက မေးခွန်းထုတ်သည်။

သွန်းမှာ လူတွေကို တိုးဝှေ့ပြီးတော့ ဆိုင်ကယ်
ထားရာကို ပြန်သည်။ ဂျက်စနေ၏အမေးကို ချက်ချင်း ဖြေ
မဖြေနိုင်သေးပါ။

ဗလကျော်သူတို့နှင့် တွေ့လိုက်ရခြင်းသည်
သူမ၏စိတ်ကို များစွာအနှောင့်အယှက်ဖြစ်သွားသည်။

သည်ဘုရားပွဲမှာ လာတွေ့လိမ့်မည်ဟု မျှော်
လင့်။

ဆိုင်ကယ်ထားရာ နေရာရောက်တော့မှ စိတ်





ည်သော ဂျက်စနေက သူမ၏ပခုံးကလေးကို ကိုင်လှုပ်၍

"ဟေး... ကျွန်တော်မေးတာ ဖြေဦးလေဗျာ..."

"အာ... ကိုဂျက်ရာ... သွန်းဘယ်သိမလဲ..."

"သွန်းကို သူပြောတာဆိုတာ ရင်းနှီးနေသလိုပဲ... သူ့
မျက်နှာက ဒေါသတွေ ထွက်နေတယ်... သွန်း သူ့ကို
တစ်ခုခုလုပ်ခဲ့သလိုပဲ..."

"သွန်းက မိန်းကလေးပဲ... သူ့ဘာလုပ်လို့လဲ..."

"ခုခေတ် မိန်းကလေးတွေက လည်တယ်နော်...
ယောကျ်ားတွေနဲ့ တန်းတူရင်ဘောင်တန်းလာပြီဆို
တော့ စွာလည်းစွာတယ်၊ ပတ်လည်း ပတ်တတ်တယ်"

"ဟင် ကိုဂျက်... သွန်းကို ဘယ်လိုပြောလိုက်တာလဲ
ကိုဂျက်ပြောတဲ့မိန်းမတွေထဲမှာ သွန်းမပါဘူး..."

သွန်း စိတ်ဆိုးသွားသည်။

ခါးကလေးတစ်ဖက်ထောက်ကာ ခပ်မာမာပြော
လိုက်၏။

"ဟာ ဆောရီးသွန်းရာ... ကျွန်တော် အစိုးရိမ်ကြီးပြီး
စကားပြောလောသွားလို့ပါ... သွန်းအတွက် စိုးရိမ်ပြီး
ပြောမိတာပါ... ဆောရီးနော်... ဆောရီး..."

"သွန်းနဲ့ပေါင်းရင် စကားကို ကြည့်ပြောပါ... ကိုဂျက်"

သွန်းမျက်နှာလေး မာရာမှ ပျော့သွားသည်။
စိတ်ထဲမှာတော့ ရယ်နေသည်။

www.burmeseclassic.com



ယောကျ်ားတွေဟာ မိန်းမတွေ စိတ်ဆိုးမှာတော့ ကြောက်သားပါကလား။

"သွားမယ်... "

"အဲဒီ့လူ... "

"ဩော် မသိပါဘူးဆိုနေ... အတော်လျှာရှည်တဲ့ မိန်းမ ရထားသံလမ်းကြီးပါလား... သိချင်ရင် အဲဒီကောင်ကို သွားမေး... "

ဂျက်စနေစိတ်ထဲ ပြန်ဘုတောချင်သည်။

သည်ဟာမက ဘာမို့လဲ။

ဒါပေမဲ့ သူသည် ငယ်စဉ်ကတည်းက မိန်းကလေးများနှင့် ရန်ဖက်ဖြစ်တတ်သည် မဟုတ်ပါ။

မိန်းမဆိုတာ ကြောင်ကလေးတွေ၊ ခွေးကလေးလိုပဲ မလိုရင် ကုတ်တတ်၊ ကိုက်တတ်သည်ဆိုပြီး ခွင့်လွှတ်တတ်၏။

ယခုလည်း သွန်းကို သည်သဘောပဲထားလိုက်၏။

အစောင့်ကို တစ်(ပ်)ပိုက်ဆံ သွန်းက ထုတ်ပေးပြီး ဆိုင်ကယ်သော့ကို ဂျက်စနေအား လှမ်းပေးသည်။

လာတုန်းကလိုပဲ ပြန်လာကြသည်။

ဂျက်အာရုံထဲမှာတော့ ဗလကျော်သူ၏မျက်နှာပဲ ထင်ဟပ်နေသည်။





သည်အတိုင်းပဲ။

သွန်းစိတ်ထဲမှာလည်း ဗလကျော်သူနှင့် ဦးနာဂ ...ကို စဉ်းစားထင်ဟပ်နေသည်။

သည်မြို့မှာ သူမနေဖို့ မလုံခြုံပြီကို သိသည်။

ဂျက်စနေအား ဘယ်လိုအသုံးချရမည်ကို စဉ်း ...နေသည်။

ဂျက်သည် သဘောကောင်း ပွင့်လင်းသော ...ကျားလေးဖြစ်သည်ကို သူမ အကဲခတ်မိပြီးဖြစ်သည်။

မိမိအပေါ်တွင်လည်း ရိုးရိုးသားသား ဆက်ဆံ ...သည်။

မိမိ၏အဖြစ်ကို ပြောင်ပြောင်တင်းတင်းဖွင့် ...တာ သူ၏အစောင့်အရှောက်ကို ယူလိုက်လျှင် ဦးနာဂ ...၏စက်ကွင်းမှ လွတ်အောင် ပြေးနိုင်ပေလိမ့်မည်။

ထွက်ပေါက်ကို ရှာဖို့ အရေးကြီးသည်။

ဆောင်းလေသည် ဆိုင်ကယ်ပေါ်ရှိ လူနှစ် ...ကို တိုးဝှေ့နေသည်။

"သိပ်ချမ်းတာပဲ... အနွေးထည် ယူမလာမိဘူး... "

ဆိုင်ကယ်သံကြားမှ ဂျက်စနေ ကျယ်ကျယ် ...သံ။

"သွန်းကော မေ့လာတယ်... "



www.burmeseclassic.com

www.burmeseclassic.com



"ဟိုရောက်ရင် အချမ်းပြေလေးတစ်ခုခုတော့ တိုက်
ကောင်းတယ်... "

"ရှင့်ကို ကော်ဖီကောင်းကောင်းတိုက်ပါ့မယ်... ဟိုတ
မပိတ်သေးရင်ပေါ့ "

ခုနစ်စင်ကြယ်ကို သူတို့ပြန်ရောက်တော့ ဆ
နာရီခွဲနေပြီ။

တေးဂီတစင်မြင့်ဖျော်ဖြေပွဲက ရှိနေသ
ဒုတိယထပ်ခန်းမမှာပဲ အဆိုတော် ချောစုခင်၏သီချင်း
ပုဒ်ကို ဆိုနေသော မိန်းကလေးတစ်ယောက်၏အသံကို ကြ
ရသည်။

"ဝင်နားထောင်ရအောင်... "

"ပြီးတော့မှ ဆင်းလာပါလား... ကျွန်မအခန်း
ရှင့်ကို ကော်ဖီပူပူလေးနဲ့ ဧည့်ခံနိုင်ပါတယ်... "

ဂျက်စနေကို အသုံးချရတော့မည်မို့ သွ
ပိုမိုရင်းနှီးစေရန် ရည်ရွယ်ချက်နှင့် ပြောလိုက်သည်။

"ဖြစ်ပါ့မလားဗျာ... မိန်းကလေးတစ်ယောက်အခန်
ယောက်ျားလေးတစ်ယောက်ရောက်နေတာ ကျန်
ခန်းတွေက တစ်မျိုးထင်နေပါဦးမယ်... "

"အံမယ်လေးဟယ်... တညင်းသီးက စေးရမဲ့ဥ
ကြက်ဟင်းခါးသီးက စေးနေလိုက်တာ... ကဲ မယ





ချင်နေ... "

"ဟာ... လာမယ်... လိုက်မယ်... "

လှေကားတက်စဉ် စကားပြောလာကြသည်။

သူမက အခန်းနံပါတ်နှစ်ဆယ့်လေးရှေ့ရောက်
တော့ တံခါးကို သေသေချာချာ ကြည့်သည်။

ပိတ်ထားခဲ့စဉ်ကလိုပဲ ခြေရာလက်ရာ မပျက်
ပါ။

တံခါးကို သော့တံနှင့် ဖွင့်သည်။ လက်ကိုင်
ဘုကို လှည့်ပြီး အတွင်းသို့ ဝင်လိုက်သည်။

နောက်မှကပ်ပြီး ဂျက်စနေက ဝင်လာသည်။

"ကိုဂျက်... တံခါးကို ပြန်ပိတ်လိုက်... "

လေးထောင့်သစ်သားစားပွဲလေးပေါ်သို့ သူမက
အတက်ချိကေ့(စ်)ကို တင်လိုက်သည်။

စလွယ်သိုင်းလာသော ပိုက်ဆံအိတ်နက်ကလေး
ကိုဖွင့်ပြီး တစ်စုံတစ်ခုကို ထုတ်ယူလိုက်သည်။ ဆယ်လူလာ
ဖုန်းပင်ဖြစ်၏။

ဆယ်လူလာဖုန်းတောင် ကိုင်နိုင်သော ထိုမိန်း
ကလေးကို ကြည့်၍ ဂျက်စနေ မျက်ခုံးများ မြင့်လိုက်မိ၏။

သူမက ဖုန်း၏သားရေအိတ်ကလေးနှင့် ဆယ်
လူလာကို ဖွင့်ထားလိုက်သည်။

သူမက ဆံပင်တွေကို လက်နှင့် ခါပစ်သ ည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်ကယ်ခမောက်ဆောင်းရတာ သိပ်ဆံပင်ပုံပျက်တာပဲ… ကိုဂျက် ဆိုင်ကယ်မောင်းတော်တယ်နော်"

"ကျွန်တော်က ဆိုင်ကယ်ဆို ဟွန်ဒါစီးရတာ သိပ်အားမရဘူး… ယမဟာတို့ စီတီတို့စီးရမှ ကိုယ်ကကြွနေတာ…"

"ကဲ ကျွန်မမျက်နှာသစ်ကိုယ်လက်သန့်စင်လိုက်ဦးမယ်… ကိုဂျက် စောင့်နေလိုက်… တံခါးကိုလည်း ပိတ်ထားနော်… အခု ကော်ဖီနှစ်ခွက်ပါ ပို့ပေးဖို့ ဆင်းမှာလိုက်မယ်…"

သွက်သွက်လက်လက်ကလေး ထွက်သွားသည်။ သူမပြောသည့်အတိုင်း တံခါးကို ပိတ်ထားလိုက်သည်။

သွန်းသည် ဘယ်သို့သော မိန်းကလေးမျိုးလဲ။ ကြည့်ရတာတော့ ထူးခြားသည့်မိန်းကလေးပဲ။

အတက်ချီကော့(စ်)ကလည်း သွားလေရာတကိုင်ကိုင်နှင့်။

သည်မျှ အပင်ပန်းခံပြီး ကိုင်နေတာဆိုတော့ စာအုပ်တွေမှ ဟုတ်ပါ့မလား။

ဖွင့်ကြည့်ဖို့ရန်ဖာလည်း သူမ သော့ခတ်သွားသဖြင့် ဖွင့်ကြည့်နိုင်သည့် အခြေမရှိ။

ချက်ချင်းပင် စိတ်ကူးပျက်သွားသည်။





ဆယ်လူလာခေါ်သံကြောင့် ဖြစ်၏။

အခန်းထဲတွင် သူတစ်ယောက်တည်းပဲရှိသည်။ ချက်ချင်းပဲ ကောက်ယူလိုက်သည်။

"ဟယ်လို…"

"ဟေ့ကောင်မ… နင့်အသံ ဖျက်မနေနဲ့… နင့်အသံမှန်းငါသိတယ်… နင်နဲ့နင့်အကောင် ကြံရည်ဆိုင်မှာ လွတ်သွားပေမဲ့ နောက်တစ်ချိန်ဆို နင်လွတ်မှာ မဟုတ်ဘူး အဲဒါ ငါအသိပေးတာဟေ့ သွန်းရွှေစင် တိရစ္ဆာန်မ…"

စကားသံတွေက မာပြီး ကြမ်းလှ၏။

ပြောပြီး တစ်ဖက်က ပြတ်သွားသည်။ နောက်ထပ် ပေါ်မလာ။

ဆယ်လူလာတွင် တစ်ဖက်မှ ဆက်သော ဖုန်းနံပါတ်ကို ကြည့်လိုက်သည်။ အထင်းသား ပေါ်နေသည်။

သူက အဲဒီဖုန်းနံပါတ်ကို အရကျက်လိုက်သည်။ ဆယ်လူလာဖုန်းကို ပြန်ချထားလိုက်၏။ နောက် ဆယ်မိနစ်လောက်အကြာမှာ တံခါးခေါက်သံ ကြားလိုက်ရသောကြောင့် ထဖွင့်ပေးလိုက်၏။

ချက်နှာသုတ်ပဝါလေး ခြုံ၍ သွန်းရွှေစင် ဝင်လာ၏။

"အားဟား… အေးလိုက်တာ… မိတ်ကပ်တွေက မျက်နှာမှာ ပူလို့သာသွားသစ်လိုက်ရတာ… ကော်ဖီမှာခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြီ ကိုဂျက်... လာပို့လိမ့်မယ် ခဏလေး..."

အပြင်မှ ပြန်လာကြသော လူတချို့၏အသံနှင့် စကားသံကြားလိုက်ရသည်။

"ပွဲကတော့ တကယ့်ပွဲပါကွာ... မင်း ဘယ်လောက်ရှုံးလဲ..."

"နှစ်ထောင်လောက်ပါ... အပျော်သဘောပဲ..."

ဘုရားပွဲတွင် သက်ဆိုင်ရာမှ ခွင့်ပြုချက်ဖြင့် ကစားဝိုင်းတချို့ ဖွင့်ထားသည်။ ကြေးကြီး ထိုးနိုင်ခွင့် မရှိပါ။ အပျော်သဘောထားရှိပေးထားခြင်း ဖြစ်၏။

"အကျီလဲလေ... ကျွန်တော် အပြင်ထွက်ပေးမယ်..."

အလိုက်သိပါသည်။

သူ့အခန်းသို့ ပြန်သည်။ အိတ်တွင်းမှ နိုင်လွန်ဂျာကင်ကို ဆွဲထုတ်ဝတ်လိုက်သည်။

သွန်းက သူ့အား ရင်အုံနှင့် ဖိကပ်လိုက်ခြင်းကို ပြန်သတိရသည်။ မတော်တဆဖြစ်ငြားလည်း သူ့စိတ်ကလှုပ်ရှားခဲ့၏။

ယခုတော့ ပြန်ငြိမ်သွားပြီ။

ခုတင်ပေါ်တွင် ခဏမျှ လှဲနေမိ၏။ သူသည် ဆေးလိပ် အရက်ကင်းသူဖြစ်သည်။ တကယ်သာ စီးကရက်သောက်တတ်လျှင် ခုချိန်လေးမှာ စီးကရက်တဖွာဖွာနှင့်ပေါ့။

တံခါးခေါက်သံက ညင်သာသည်။



"ကိုဂျက် ကော်ဖီရပြီ..."

သူပြန်ထွက်လာတော့ သူမ၏အခန်းထဲသို့ သွန်း ပြန်ဝင်သွားခဲ့ချေပြီ။

သွန်းသည် အကျီလက်ရှည်ကျပ်ကျပ်ကလေးနှင့် အနွေးထည်ချိုင်းပြတ်ဆွယ်တာအနီလေး ဝတ်ထားသည်။

ရင်အုံပေါ်တွင် တွဲလောင်းကျနေသောပတ္တမြားဆွဲကက်သီးကလေးနှင့် ရွှေဆွဲကြိုးက မို့မောက်သော ရင်အုံပေါ်တွင် လှုပ်လီလှုပ်လဲ့။

သူမလို ထွားထွားကြိုင်းကြိုင်း သန်သန်မာမာ အချင်သည်။

ယခုခေတ်မှာ မော်ဒယ်ဆိုတဲ့ကောင်မလေးတွေ အပြင်အဆင်နှင့် အဝတ်အစားသာ လှသည်။ လူတွေ ကြည့်လိုက်တော့ ပိန်တာရိုး။

သားကောင်းမိခင်ဖြစ်ပါ့မလား။

ဂျက်စနေလို မဟုတ်သော ကောင်လေးတွေကို ကြည့်လိုက်လျှင်လည်း ခေါက်ဆွဲစားသူညှပ်တူလို ပိန်ပိန်ရှည်ရှည်တွေ များသည်။ တချို့ သူတို့ကိုယ်ပိန်မှ ကောင်မလေးတွေကကြိုက်လိမ့်မည်ဟု ဆိုကြသေးသည်။

သားကောင်းဖခင် ဖြစ်ပါ့မလား။

သားသမီးမွေးပြီး သားနှင့် သမီးနှင့် ပြိုင် မမှာ ရှုပြင့်။



www.burmeseclassic.com

"ကော်ဖီကောင်းတယ်နော်..."

"မဆိုးပါဘူး..."

ကော်ဖီမစ်(စ်)ဖြစ်ငြားလည်း နို့နှင့်သကြား အနည်းငယ် ထပ်ထည့်ထားသဖြင့် အဆင်ပြေသည်။ ထို အတွက် သွန်းက မေးရာ ဂျက်ကဖြေ၏။ ကော်ဖီပူပူလေး သောက်လိုက်တော့လည်း နွေးသွား၏။

"စောစောက ဖုန်းလာတယ်..."

မပြောမပြီးမီ ဂျက်က စကားစသည်။

"သွန်း ဖုန်းလား..."

ဆယ်လူလာကို မျက်စောင်းထိုးကြည့်သည်။

အင်း..., ဒါကြီးကို ယူသွားခဲ့ရင် အကောင်း သား။

စိတ်ထဲမှာတော့ မိမိချွတ်ယွင်းချက်လို့ပဲ ထင် လိုက်သည်။

"ဖုန်းထဲမှာလူတစ်ယောက်က သွန်းကို ကြိမ်းဝါး ဟိန်း ဟောက်နေပါလား... အဲဒီလူဟာ ဘယ်သူထင်လဲ... ကြံရည်ဆိုင်မှာ တွေ့ခဲ့တဲ့လူပဲပေါ့... သွန်းကို မရမ တွေ့အောင် ရှာမယ်တဲ့..."

"ဟွန်း..."

သွန်းက နှာခေါင်းကလေး မသိမသာ ရှုံ့ ကုလားထိုင်တွင် ထိုင်ချလိုက်သည်။ ဆက်လက်ပြီး...





"ဒါကို ရှင်က ဘယ်လိုထင်တာလဲ..."

"စိတ်တော့မဆိုးနဲ့ သွန်း... ကျွန်တော် သွန်းကိုမသိဘူး... ဒီလူဟာ သွန်းနဲ့ ဆက်စပ်နေရမယ်... သွန်း ဒီလူနဲ့ ဘာလုပ်ခဲ့သလဲ... သူဟာ ဆယ်လူလာတောင် ကိုင်နိုင်တယ်ဆိုရင်တော့ ပိုက်ဆံရှိပုံပဲ..."

"ပွင့်ပွင့်လင်းလင်းပဲ ပြောကြရအောင်... ရှင်က စာရေးဆရာဆိုတော့ ကုန်ကြမ်းလိုနေမှာပဲနော်... ဘဝမှာ တွေ့ကြုံရတာလေးတွေကို ရှင်တို့ စာရေးဆရာတွေက အရင်းအနှီး လုပ်တတ်ကြတယ်... ကျွန်မနဲ့ရှင် တွေ့ပြီး သွန်းဆိုတဲ့ မိန်းကလေးဟာ ဘယ်လိုမိန်းကလေးစားလဲလို့ ရှင်တွေးနေပြီ မဟုတ်လား... သွန်းဟာ စီးပွားရေးကို ဖြတ်လမ်းကလိုချင်တဲ့ မိန်းမစား တစ်ယောက်ပါ... သွန်း ခေတ်ပညာတတ်ဖြစ်သလို စီးပွားရေးမှာလည်း မြန်မြန်နဲ့ ခေတ်မီလိုက်ချင်တယ် ဒါကြောင့် သွန်းက စီးပွားရေးဘောဂဗေဒခေတ်မြန်နည်းနဲ့ မျက်လုံးဒေါက်ထောက်ကြည့်တော့... ဒီမြို့မှာ သူဌေးကြီး ဦးနာဂသူရာကို သွားတွေ့တယ်..."

"ဂျက်ကလင်းကနေဒီနဲ့ အိုနာဆစ် သွားတွေ့ကြသလို ပေါ့လေ..."

"ဟိုက ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုး တွေ့ကြတာပါ... အိုနာဆစ်က သဘော်တွေပိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သန်းကျော်ဂရိသူဌေးမှဆိုးဖို့... ဂျက်ကလင်းကနေဒီက မှုဆိုးမ... သွန်းက အိမ်ထောင်မရှိ အမျိုးသမီး... အပျိုစင်၊ ဦးနာဂသူရာဆိုတာက အိမ်ထောင်မရှိတဲ့ လူပျိုကြီး... သွန်း သူ့နား သွားချဉ်းကပ်လိုက်တယ်... သူ့အလုပ်တွေကို ကလော်ထုတ်တယ်... အဲဒီတော့မှ ဒေါင်းယောင်ဆောင်သောကျီးဆိုတာ ပေါ်လာတယ်"

"ဒါက မြန်မာရုပ်ရှင်နာမည်တစ်ခုပါ... "

"မနှောက်နဲ့... "

"ကဲ ကဲ ဆက်ပြော... မျက်နှာကြီးမတည်လိုက်စမ်းပါနဲ့ ခင်ဗျာ... ကြောက်လွန်းလို့... "

"ဦးနာဂသူရာဟာ မှုးယစ်ဆေးတွေလည်း လုပ်တယ် ငွေတုလုပ်ငန်းကိုလည်းလုပ်ဖို့ ကြိုးစားနေတဲ့လူ… ဒါကြောင့် သွန်းက သူ့ငွေတုလုပ်မဲ့ လုပ်ငန်းထဲက သိန်းနှစ်ဆယ် ကစ်လာခဲ့ယ်လေ... "

စားပွဲပေါ်မှ အတာက်ချီကေ့(စ်)ကို ယူပြသည်၊ လက်နှင့်ပုတ်ပြသည်။

"အဲဒီအထဲမှာ ငွေသိန်းနှစ်ဆယ် ရှိတယ်... မဟုတ်တာလုပ်တဲ့လူဆီက မဟုတ်တာလုပ်လိုက်တာကို သွန်းလွန်သလား... "

"မလွန်ပါဘူး... "

"ဟုတ်ပြီ... ထောက်ခံမဲကစ်မဲတော့ ရသွားပြီ... ဒါ





ဈေးကွက်စီးပွားရေးကို ကျူးလွန်တာလည်း မဟုတ်ဘူး... လူမှုအခွင့်အရေးကို ရိုက်ချိုးတာလည်း မဟုတ်ဘူး... ဝိဿမလောဘတက်နေတဲ့ ဒုစရိုက်သမားတစ်ယောက်ကို ပညာပေးလိုက်တာပါ... အဲဒီပညာပေးတာကို... သူက မကျေနပ်တဲ့အတွက် သူ့တပည့် ဗလကျော်သူဆိုတဲ့လူကို သွန်းနောက်လိုက်ခိုင်းပြီး ငွေလည်း ပြန်ယူ၊ လူကိုလည်း ရှင်းဖို့ပဲပေါ့... "

"ဗလကျော်သူဟာ ကြံရည်ဆိုင်မှာ တွေ့ခဲ့တဲ့လူလား"

"ဟုတ်တယ်... "

"ဒါဆို သွန်းမှာ အန္တရာယ်ရှိနေပြီပေါ့... လိုက်တဲ့သူက လိုက်... ပြေးတဲ့သူက ပြေးနေရတယ်... သွန်း ပြေးပေါက်မြင်ပြီလား... "

"ပြေးပေါက်ရှာနေတုန်းပဲ... ကဲ အခု သွန်းအကြောင်းတို ရှင်းသိသွားပြီ ကိုဂျက်... သွန်းကို ဘယ်လိုမြင်သလဲ... "

"သွန်းလုပ်တာဟာ မိန်းကလေးတစ်ယောက်အနေနဲ့တော့ မှားတယ်... မလုပ်သင့်ဘူး... ဒါပေမဲ့ လုပ်ပြီးမှတော့ ဘယ်တတ်နိုင်မလဲ... ဖြတ်လမ်းစီးပွားရေးလိုချင်တာကိုး... သွန်းစိတ်က မာတယ်... မိန်းကလေးပေမဲ့ အန္တရာယ်ကို ရင်ဆိုင်ရဲတယ်... ဒါကိုတော့ ဓာတ်ခါတ်ရေးရာအရ ချီးမွမ်းရမှာပဲ... တစ်ခုတော့ ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



အများရဲ့အမြင်မှာတော့ သွန်း ဘယ်လိုစိတ်နဲ့ပဲလုပ်
လုပ် ကလိန်ပဲ… ကလိန်ကျတာပဲ… ဒါဟာ စရို
အနေနဲ့ မကောင်းဘူး…”

“သွန်း ဒီတစ်ခါပဲ လုပ်တာပါ… သိန်းနှစ်ဆယ်ဆိုတ
မနည်းဘူးလေ…”

“ဒါဆိုရင် ဗလကျော်သူနဲ့ ရင်ဆိုင်မယ်ပေါ့…”

“ဒါပဲရှိတာပေါ့ရှင်…”

“နိုင်ပါ့မလား…”

“ကျွန်မ စဉ်းစားနေတယ်…”

“ဘာလဲ…”

“ကျွန်မအတွက် လုံခြုံရာပေးနိုင်မဲ့ ယောကျ်ားတ
ယောက်ကို ရှာရကောင်းမလားလို့…”

“ရှုပါမင်းလား… ရမ်ဘိုလား…”

“သူတို့က ခေတ်အောက်သွားပါပြီ… နှစ်ဆယ့်တ
ရာစုမှာ မပါနိုင်တော့ပါဘူး…”

“ကျန်စစ်သားလား… ငထွေးရူးလား… မင်းရဲကျော်
လား…”

“သူတို့က စာအုပ်ထဲမှာပဲ ရှိတာပါ…”

“ဒါဖြင့် ဘယ်သူလဲ…”

“သူက ဟောဟို မှန်ထဲမှာ ရှိတယ်…”

နံရံတွင် ကပ်ထားသော မှန်ထဲကို ဂျက်





ချောင်းကြည့်လိုက်သည်။ သူ့ကိုယ်သူပဲ မြင်လိုက်သည်။

“အို… လူချောပါလား…”

“ဟုတ်တယ် ဂျက်စနေဆိုတဲ့လူပဲ… သူဟာ ယောကျ်ား
ပီသတဲ့စိတ်တော့ရှိတယ်… သွန်းကို ကာကွယ်ပေးနိုင်
တယ် ထင်ပါတယ်…”

“မဖုရားလေး… ဒိုးဆလံတင်းဆလံ ဆယ်ခါပြန်ဆလံ
ပါခင်ဗျာ… ခါးခုတ်ရာ လက်မလျှိုပါရစေနဲ့… ဘုန်း
ကြီးအမှူ ရွာမပတ်ပါရစေနဲ့… ခေတ်ဟောင်းစကား
အရ ပြောသလို ဆားနဲ့ပဲ စားပါရစေ…”

“ကိုဂျက်ကို သွန်းအားကိုးပြောတာပါ… ကိုဂျက်ကို
သွန်း အားကိုးပါရစေရှင့်…”

“ကျွန်တော့်ကို အသုံးမချပါနဲ့ဗျာ…”

“အို… အသုံးချတာ မဟုတ်ပါဘူး… ကိုဂျက် ပြောတာ
မှန်ပါတယ်… သွန်းအနေနဲ့ အန္တရာယ်ကို ရေရှည်မခံ
နိုင်ပါဘူး ကိုဂျက်ရယ်… ကိုယ့်အနားမှာ ယောကျ်ား
သားတစ်ယောက်ရှိတော့…”

“သူခိုးသေဖော်ညှိလို့ ရတာပေါ့လေ…”

“အိုရှင်… ဒီလို မဟုတ်ပါဘူး… သွန်းအတွက် တွယ်
ဖက်စရာ တိုင်တစ်တိုင် လိုနေတယ်…”

“မယ်မင်းကြီးမ တော်ပါတော့… ကျုပ်ကိုယ်ကျုပ်
တောင် မသာစော်နံလာပြီ… ကျွန်တော်က စာရေး



www.burmeseclassic.com

www.burmeseclassic.com



ဆရာပါ ခင်ဗျာ… လူစွမ်းကောင်း မဟုတ်ပါဘူး…

ပြောလည်းပြော ထလည်းထသည်။

သည်တွင် သွန်းက သူ့လက်ကိုဖမ်းဆွဲလိုက် ၏။

ဂျက်စနေက ငုံ့ကြည့်တော့ ကောင်မလေး မျက်နှာငယ်ကလေးနှင့် ကိုယ်ကလေး ကုန်းကုန်းလုပ်ရင်း သူ့ကို မော်ကြည့်သည်။

မျက်လုံးများထဲတွင် တောင်းပန်ခြင်း၊အသနား ခံခြင်းတွေ ရောယှက်နေသည်။ သူမ၏ မျက်လုံးများသည် ညို့မာတ်ဆွဲငင်သံပါသော မျက်လုံးတွေဖြစ်သည်။

ဂျက်စနေ ရင်တွင်းမှာ တစ်မျိုးခံစားမိသည်၊

ဘုရားပွဲမှာတုန်းက ခံစားချက်တစ်မျိုး။ ယ ခံစားချက်။

အို ထပ်တူထပ်မျှပါပဲ။

"ကိုဂျက်ရယ်… ရှင်နဲ့ကျွန်မဟာ သိကြတာ နှစ်ဆယ့်လေးနာရီ မကြာသေးပါဘူး… ဒီနေရာမှာ သိ၊ ဒီနေရာမှာပဲ ခင်မင်၊ ဒီနေရာမှာပဲ ပွင့်လင်း ရင်းနှီးလာကြတာပါ… ကျွန်မအကြောင်း ရှင်သိ တယ်ဆိုလို့ အားကိုးတကြီးစိတ်နဲ့ ဖွင့်ပြောလိုက် တာပါ… အခု ရှင်က ကျွန်မအကြောင်းသိပြီးမှ သွားတော့ သွန်း ဘယ်သူ့ကို သွားအားကိုးရမှာ





ရှင်…"

"ခက်တယ်ဗျာ…"

သည်ညည်းသံသည် တစ်ထစ်လျှော့ ညည်း လိုက်သံ ဖြစ်၏။

"မခက်ပါဘူး… ရှင် ကျွန်မနဲ့ ပါတနာလုပ်လိုက်ရင် တစ်ဦးအကြံဉာဏ်နဲ့ တစ်ဦးတိုင်ပင်ပြီး ပြေးပေါက် ရပါတယ်…"

"ကျွန်တော်က စာရေးဆရာဗျာ… စာရေးဆရာဆိုတာ တော့ဗျ… ခံစားမှုရှိတာက လွဲပြီး ဘာမှ လုပ်တတ်တာ မဟုတ်ဘူး…"

"မထင်ပါနဲ့… ဒီနေ့ စာရေးဆရာတွေ စာရေးရုံမက ဘူး… ထွန်းထွန်းပေါက်ပေါက် ရှိနေတာတွေ ရှိပါ တယ်… ရှင့်ရုပ်မြင်တာနဲ့ ရှင်ဟာ ထွန်းပေါက်နိုင်မဲ့ လူဆိုတာ သိပါတယ် ကိုဂျက်ရာ… ရှင် သွန်းကို ကူညီ လို့ အလကားမဖြစ်ပါဘူး…"

"အလောင်းဖြစ်သွားမှာ…"

"သွားစမ်းပါ… မြန်မာပြည်မှာ သူတို့ ဒါလောက်အတင့် မရဲနိုင်ပါဘူး…"

"ခင်ဗျားက ကျွန်တော့်ကို ပါတနာဆိုတော့ အရင်း အနှီးတစ်ခုတော့ ပေးမှာပေါ့…"

"ပေးမယ်လေ…"



www.burmeseclassic.com

www.burmeseclassic.com



"အာလဲ ခင်ဗျားရဲ့မြူယောင်ဖြူယောင်တွေနဲ့ ဦးနာဂ သူရာကိုပေးတဲ့ အရင်းအနှီးမျိုးလား... ဒါမျိုးတော့ တော့တာပဲ... ကျွန်တော်က ပါတနာပဲ လုပ်ချင်တယ် ပါတဏှာ မလုပ်ချင်ဘူး..."

"ရှင် ကျွန်မကို အထင်မသေးနဲ့..."

ကောင်မလေး စိတ်ဆိုးသွားသည်။ လက်ကို ဆောင့်ဖြုတ်လိုက်သည်။

"ကျွန်မက ကလိန်ကျပေမဲ့ ကိုယ့်ကိုကိုယ် ထိန်းနိုင်တဲ့ မိန်းကလေး... ဒီစကားမျိုး ရှင် ကျွန်မအပေါ် အထင်သေးပြောမယ်ဆိုရင်တော့ သွားတော့... ကျွန်မတစ်ယောက်တည်း အန္တရာယ်ကို ရင်ဆိုင်မယ်..."

"မသွားဘူး... ကူညီမယ်... ဒါပေမဲ့..."

သူက စကားမပြောတော့ဘဲ အတက်ချီကေ့(စ်) သေတ္တာကို သွားပုတ်ကာ...

"သေတ္တာကိုဖွင့်ပြ... ဖွင့်ပြပြီးမှ ကျွန်တော် စကားပြောမယ် ဟုတ်လား..."

ကောင်မလေးမျက်စောင်းကသူ့အပေါ်ဒိုင်းခနဲ။

အင်း... ချစ်မျက်စောင်းလေး။

အတက်ချီကေ့(စ်)ကို သော့ဖွင့်၍ သူမက အဖုံးကို ဖွင့်ပြလိုက်သည်။ အတွင်းတွင် အစီအရီနှင့် အထုပ်လိုက်ထည့်ထားသောတစ်ထောင်တန်ငွေစက္ကူအသစ်ချပ်ချွတ်တွေ။





"ဟုတ်တယ်... သွန်းနဲ့ကျွန်တော် ပါတနာဆိုရင် အဲဒီထဲက ငွေတစ်ဝက်၊ ကျွန်တော်ပိုင်တယ် ဘယ်လိုလဲ"

"တစ်ဝက်ကြီးများတောင်... လျှော့ပါဦး..."

"ဆောရီးပဲ... အလုပ်ဆိုတာ နှစ်ပိုင်းတစ်ပိုင်းလောက်တော့ ခံစားခွင့်ရှိပါတယ်..."

ကောင်မလေး သက်ပြင်းချလိုက်၏။

"ကောင်းပြီလေ... ရှင့်ကို ဆယ်သိန်းပေးပါ့မယ်..."

"အဲဒီလို တိတိကျကျပြောစမ်းပါ... ကဲ သဘော တူညီချက်..."

ဂျက်စနေက လက်ဆန့်၍ လက်ဝါးဖြန့်ပေးလိုက်သည်။

သူ့လက်ဝါးကို သွန်းက သူမ၏ လက်ဝါးကလေးနှင့် ဖတ်ခနဲ လက်ဝါးချင်း ရိုက်ခတ်လိုက်သည်။

အိုကေတယ်နော်... အိုကေဆိုတဲ့ သဘောပါ။



www.burmeseclassic.com

www.burmeseclassic.com



## ✢ တတ်လမ်းစဉ် (၇) ✢

ဗလကျော်သူက သူ့မျက်နှာကို တင်းမာသည် ထက် တင်းမာပစ်လိုက်သည်။

မရမ်းခြံထဲသို့ သူလာတာ ညကတည်းက ဖြစ် ၏။

သူချိန်းထားသော ဖိုးဒီက တစ်ညလုံးပြန်မလာ

မရမ်းခြံက ခြံဟောင်းကြီးတစ်ခြံဖြစ်သည်။ မရမ်းပင်များ ယခင်က ရှိခဲ့သော်လည်း ထိုမရမ်းပင်တွေကို ပိုင်ရှင်က ခုတ်ပစ်ပြီး ဆီအုန်းများ စိုက်ပျိုးဖို့ ကြိုးစားသည်

အလုပ်မဖြစ်ပါ။

သည်လိုနှင့် သည်ခြံကြီးကို ပစ်ထားရာ ဖုန်းဆိုး မြေလို ဖြစ်သွားသည်။

ခြံပိုင်ရှင်မှာ ခြံစောင့်ထားသည်။





ခြံစောင့်မှာ ဗလကျော်သူနှင့် ဆွေမျိုးနီးစပ် တော်၏။ သူ့အိမ်ထောင်ကလေးကို ခြံတစ်နေရာမှာ ရှိသော အိမ်တစ်အိမ်တွင် ထိန်းထား၏။

ညနှင့်နေ့တွင် ဘုရားပွဲမှာ သူတို့ စားသောက် ဆိုင်ကလေးတစ်ခု သွားရောက်ရောင်းချသဖြင့် တစ်အိမ်သား လုံး ခြံထဲကို ပြန်မလာအားပါ။

ဒါကို ဗလကျော်သူက အခွင့်အရေးယူ ချိန်း၏။

ဟိုငနာကောင်လေးမလာသဖြင့် သူ့ဆွေမျိုးနီး စပ်တို့အိမ်ထဲမှာပဲ အိပ်ပျော်သွား၏။

သူ့ကို အနှိုးခံလိုက်ရသဖြင့် ထလိုက်သည်။

တစ်ညလုံး ပျောက်နေသော မောင်မင်းကြီး သား ဖိုးဒီ၏မျက်နှာကို ယခုမှ မြင်ရသည်။

ဒါကြောင့် မျက်နှာကို တင်းမာသည်ထက် တင်းမာလိုက်ခဲ့သည်။

"မသာကောင်လေး... မင်း တစ်ညလုံး ဘယ်ပျောက် နေသလဲ... ငါ့မှာတော့ ခြင်အကိုက်ခံပြီး ဒီမှာ စောင့် နေလိုက်ရတာ..."

"သူ့ကို ခေါ်ဖို့ စောင့်နေရတယ်လေ..."

ဖိုးဒီက တစ်ယောက်တည်းတွင် မဟုတ်ပါ။ သူ့ နောက်တွင် ရပ်နေသော ကောင်လေးတစ်ကောင်ပါပြန်၏။

ဆံပင်စုတ်ဖွား မျက်လုံးနီကြောင်ကြောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက ညက ဂျက်စနေတို့ကို ဝင်စကားပြော
မြင်းလှည်းသမားလေးဖြစ်သည်။

ဖိုးဒီကိုယ်က အရက်စော်နံနေသလိုကောင်
ဆီမှလည်း အရက်နံ့ထွက်နေသည်။

"မင်းပြောလိုက်ရင် ဆင်ခြေချည်းပဲ... အေးပေ
သူပါလာလို့ပေါ့... မပါရင် လက်သီးစာ ကျွေး
အချိန်နဲ့ဒီရေဟာ လူကို မစောင့်ဘူးဆိုတဲ့ စ
ကြားဖူးတယ် မဟုတ်လား..."

"ဟင့်အင်း မကြားဖူးဘူး... အခုမှ ကြားဖူးတယ်

"သေနာရဲ့ မကြားဖူးရင် မှတ်ထား... ငါ့လက်သီ
ကျွေးပစ်လိုက်ပြန်ရှော့မယ်..."

ဖိုးဒီတစ်ယောက် ဗလကျော်သူ၏တပည့်
လာရာ သည်ကနေ့အထိ ပါးစပ်လက်သီးပဲ တွေ့ခဲ့သ
တကယ့်လက်သီးတော့ မလာသေးပါ။

"အစ်ကိုနဲ့ခွဲပြီး ကျွန်တော် သူ့နောက်လိုက်သွား
သူ အရက်ဆိုင်တစ်ဆိုင် ဝင်တယ်... ကျွန်တော်
ဝင်တယ်... အဲဒီမှာ တစ်ယောက်နဲ့တစ်ယောက်
ကန်ရင်း... အသိမိတ်ဆွေဘော်ဒါဖြစ်သွားရာ
ခွက်တစ်ဖလားချလိုက်ကြတာ... နှစ်ယောက်
မှောက်သွားတယ်... သတိရလာတော့ အခု မိုးလ
ပြီ... ကျွန်တော်ရော သူရော ဘုရားပွဲလမ်း





ကောက်ရိုးပုံတစ်ခုထဲ ရောက်နေကြတယ်... ကြည့်ရ
တာ ဆိုင်ကလူတွေ လာပစ်ထားပုံပဲ..."

"အေး... သတိကြပ်ကြပ်ထား... ခွေးဆွဲသွားလိမ့်မယ်
မဟုတ်တဲ့နေရာ ခွေးဆွဲသွားရင် နင် တစ်သက် မိန်းမ
တောင် ရမှာမဟုတ်ဘူး..."

ဖိုးဒီက စိတ်မဆိုး။

ဝါထိန်ထိန် သွားတွေကို ဖြဲ၍ အနားမှ မြင်း
ည်းသမားလေးအား တိုးတိုးကလေး...

"ဟော့ကောင် အပေါင်းအသင်း... မင်းကို ပိုက်ဆံပေး
မယ်ဆိုတဲ့ အစ်ကိုဟာ ဒီအစ်ကိုပဲကွ..."

"မင်းနာမည် ဘယ်လိုခေါ်လဲကွ..."

သူ့အား မေးလိုက်သူ ဗလကျော်သူကို ဆံပင်
ွား မြင်းလှည်းသမားက ကြည့်လိုက်သည်။

ညက ရှိုးတွေမိုးတွေမှာ ငှန်တွေ ဖုတ်တွေ ကပ်
ည်။ ဗလကျော်သူမှာ အိပ်ရာထဖြစ်သော်လည်း ခပ်ဘင်း
းမျက်နှာကြောင့် သူ့စိတ်ထဲ ကြောက်ရမလို ထွက်ပြေးရ
သို၊ မနှစ်သက်သလိုလို။

"ပြောစမ်းဝါဦးကွ မင်းနာမည်..."

"ခင်ဗျားက ဘာလုပ်မှာလဲ..."

"တို့နဲ့ ပူးပေါင်းဆောင်ရွက်တဲ့ ဘော်ဒါနာမည်ကို သိ
ချင်တာပေါ့ကွာ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာပူးပေါင်းဖို့လဲ..."

"ကိုမြင့်ကျော်... ခင်ဗျားကို ကျွန်တော် ပြောခဲ့သာ

ဗျာ... ကျွန်တော့်ဆရာမေးတာလေးကို ဖြေလိုက်ပါ

ဖိုးဒီက ဝင်ဖွက်သည်။ ဗလကျော်သူက

သံပေး၍ တင်းနေသော မျက်နှာကို လျှော့ပစ်လိုက်သည်

မြင်းလှည်းသမား၏ပခုံးကို ပုတ်၍...

"မင်းနာမည် မြင့်ကျော်တဲ့လား..."

"ဟုတ်တယ်..."

"ဘာလုပ်သလဲ..."

"မြင်းလှည်းမောင်းတယ်... ခင်ဗျားတို့ဟာ ဟိုဟာ

ဒီဟာမေးနဲ့ ဘာမှန်းလဲ မသိဘူး..."

"အကြောင်းရှိလို့ပါကွာ... ရော့ မင်းသုံးဖို့ယူထား

ဦး..."

ငွေငါးရာတန်တစ်ချပ်ကို မြင့်ကျော်၏

ကပ်ထဲထည့်ပေးလိုက်သည်။

"ငါမေးချင်တာလေး ဖြေရုံပါပဲ... ညက ကြံရည်

ထဲမှာ မင်းဝင်နှုတ်ဆက်တဲ့လူကို သိတယ်မ

လား..."

"သိပါတယ်... သိတယ်ဆိုတာ တဒင်္ဂသိလိုက်တာ

သူက ကျွန်တော့်မြင်းလှည်းကို မနေ့က စီးတယ်

နာမည်တော့ မသိဘူး..."





"သူ့ကို ဘယ်ပို့လိုက်သလဲ..."

"ဆယ့်တစ်ရပ်ကွက်ထဲက ခုနစ်ဆဉ်ကြယ်ဟော်တယ်

ကို ပို့ပေးတယ်..."

"အဲဒီဟိုတယ်က..."

"ကျွန်တော်သိတယ် အစ်ကို..."

ဟိုတယ်ဘယ်မှာရှိမှန်းကို စဉ်းစားဖို့တောင်မလို

ဖိုးဒီက ဝင်အသိပြုလိုက်၏။ ခေါင်းကိုလည်း ထပ်မံ ညိတ်ပြ

လိုက်သည်။

"မင်း မြင်းလှည်းနဲ့ ပို့တော့... သူတစ်ယောက်တည်း

လား... ညက သူနဲ့တွဲတဲ့ မိန်းကလေးပါသေးလား"

"သူတစ်ယောက်တည်းပဲဗျ..."

ဂျက်စနေကို ဗလကျော်သူ အာရုံထဲမှ လွတ်

မသွားပါ။ ဂျက်စနေ၏အင်္ကျီရပ်မှာ သူလိုငါလို ရှပ်မျိုး

မဟုတ်ဘဲ ရပ်ဖြောင့်ပြီး ချောတာမို့ အလွယ်တကူ မှတ်မိနိုင်

သည်။

"မင်းသွားတော့... ကျေးဇူးတင်တယ်..."

မြင်းလှည်းသမားမြင့်ကျော်က ဖိုးဒီကို လှမ်း

ကြည့်တော့ ဖိုးဒီက ခေါင်းယမ်းပြ၍...

"ကျွန်တော် မလိုက်ဘူး... ခင်ဗျားပဲ ယွန်းတော့..."

မြင့်ကျော်ထွက်သွားသောအခါမှ ဖိုးဒီက...

"ကဲ အစ်ကို... ကျွန်တော့်လုပ်ကွက်ကလေး မဖိုးဘူး



www.burmeseclassic.com

www.burmeseclassic.com



လား… တစ်ခါတည်းကို အဖြေတန်းရတာ… ”

“ဩော် အေးအေး… မင်း သိပ်တော်တယ်နော်… ငါ့ငွေ ငါးရာကုန်သွားတာလည်း ထည့်ပြောပါဦး… ”

“ကျွန်တော်တို့ ဘာလုပ်မလဲ… ”

“မေးနေရသေးလားကွာ… ခုနစ်စဉ်ကြယ်ကို အရောက်သွားရုံပေါ့… ဟိုရုပ်ချောချောငတိကို ငါ မှတ်မိတယ် သူနဲ့ သွန်းရွှေစင် အဆက်အသွယ်ရှိနေမှတော့ သည်ကောင့်ကို မေးရုံပေါ့… ”

“သူက ကိုမြင့်ကျော်လို ဟုတ်မယ် မထင်ဘူးနော်… ပိုက်ဆံပေးလို့ ရမှာမဟုတ်ဘူး ထင်တယ်… ”

“ပိုက်ဆံမပေးလည်း လက်သီးပေးရတာပေါ့ကွာ… မင်းပွဲတိုးချင်တယ်ဆို… မင်းလက်သီးက ကျွန်တော့လက်ဇေ ချန်ပီယံဟိုလီဖီးလောက် လာမလှာ စမ်းကြည့်ပါလား… ”

“စမ်းကို စမ်းချင်တယ်… အစ်ကို ညက စမ်းလိုက်သေးလား… ”

အမှန်တရားကို ဗလကျော်သူ မပြောလိုပါ။

တပည့်ကျော် ကြားက သူ့ကို သိပ်အထင်ကြီးပြီး အရိုအသေတန်သွားနိုင်သည်။ လေးစားတော့မည်လည်း မဟုတ်။

“နောက်တော့ ပြောပြမယ်ကွာ… ”





သူတို့စကားပွဲလေးကို ရပ်သိမ်းလိုက်သည်။

ဗလကျော်သူ၏ပတ်ထားသော လက်ပတ်နာရီက မနက်ခြောက်နာရီထိုးပြီးစ ရှိနေသည်။

နှင်းတွေက ထူပြောသည်။

အအေးက ခိုက်ခိုက်တုန်အောင် ရှိနေ၏။ ဗလကျော်သူမှာ လောင်းကုတ်ကြီး ဝတ်ထားတာကြောင့် အေးကို ခံနိုင်သော်လည်း ဟိုကောင်လေး ဖိုးဒီမှာတော့ ဝတ်ထားသော ဂျင်းဂျာကင်လောက်နှင့် မလုံလောက်တာကြောင့် လက်ပိုက်လိုက်၊ နှာရွက်ပွတ်လိုက်နှင့် အားရှိုးအသံတွေ ထွက်နေသည်။

မှန်တွေ ချထားသော ဆန်နီကားပေါ်ရောက်မှ လေလုံပြီး သက်သာရာရသွားသည်။

ကိုယ်လိုချင်သော အချက်ကို ရပြီမို့ တုံ့ဆိုင်းနေတတ်သော ဗလကျော်သူသည် ဖိုးဒီ ညွှန်ပြချက်အောက် မှတည်ပြီး ကားကိုမောင်းလာခဲ့သည်။

ဆယ့်တစ်ရပ်ကွက်ဆိုတာတော့ မရောက်ခဲ့ဖူး မြို့နှင့် ဆယ်မိုင်လောက် ဝေးသည်။

ဒါတောင် ရပ်ကွက်ကို မြို့နယ်နိမိတ်ထဲ ထည့်ထားသည်။

ဟိုတယ်သို့ ရောက်ချိန်မှာ ခြောက်နာရီခွဲနေ မိုးလင်းပြီဆိုသော်လည်း အမှောင်က ဆုတ်စပ်ရှိသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဟိုတယ်ကြီးတစ်ခုလုံး ငြိမ်သက်နေသည်
ဟိုတယ်ထဲသို့ ဝင်ရောက်ဖို့ရန် နောက်နာရီဝက်တစ်နာ
လောက် စောင့်ရမလို ဖြစ်နေသည်။

စိတ်ထဲလောဆော်မှု ရှိနေသော ဗလကျော်သ
သည် စောင့်ရမည့်အချိန်ကို မစောင့်လို။

ဟိုတယ်တံခါး၏ မှန်ချပ်တွေကို ခေါက်လို
၏။ အတွင်းသို့ မမြင်ရပါ။

လူခေါ်ဘဲ(လ်)ကလေးကို တွေ့သဖြင့် ခေါ
လောင်းဘဲ(လ်)ကလေးကို နှိပ်လိုက်၏။

မကြာပါ။

အတွင်းက လူမမြင်ရဘဲ မှန်တံခါးကြီး
သွားသည်။ လူတစ်ယောက်က အိပ်မှုံစုံမွှားနှင့်...

"အခန်းလိုချင်လို့လား... ဝင်ဗျာ... ရပ်နေရတာ
လုပြီ..."

ဟိုတယ်အောက်ထပ်တွင်းမှာက နေ့နေသည
သူသည် မနက်ပိုင်း တာဝန်ကျသော အလုပ်သမားလာ
ဘက်မှာ တာဝန်ယူရသော ကောင်တာစာရေးလား။

"ခင်ဗျားက ကောင်တာစာရေးလား..."

"ဟုတ်တယ်... အခန်းလိုချင်ရင် မနက်ရှစ်နာ
လောက်မှ ပြန်လာခဲ့ပါလား..."





ဗလကျော်သူက ဟော်တယ်ကို အကဲခတ်လိုက်
သည်။ အထဲတွင်ဖွင့်ထားသော နှစ်ပေမီးချောင်းမှအပ အား
လုံးတိတ်ဆိတ်ငြိမ်သက်နေသည်။

"ဟိုတယ်အခန်း မလိုချင်ဘူး... ဒီအခန်းတွေနဲ့ ပတ်
သက်တဲ့အခန်းကို စုံစမ်းချင်လို့ပါ... ဒီမှာ ကြည့်စမ်း..."

ငွေငါးရာတန်တစ်ချပ်ကို ထောင်ပြလိုက်၏။

ဟိုတယ်ကောင်တာစာရေးက အိပ်ချင်စိတ်
မျက်လုံးများနှင့် တစ်ချက်သန်းဝေလိုက်ပြန်သည်။

စိတ်မဝင်စားသလို။

"ဒီမှာ ကြည့်ဦး..."

နောက်ထပ်ငါးရာတန်တစ်ရွက်ထပ်ထုတ်လိုက်
သည်။ နှစ်ချပ်ပူးပြီး လှုပ်ပြလိုက်၏။ သည်တော့မှ သူ့မျက်စိ
ရှေ့အောက်တွင် မြင်ရသော ငါးရာတန်နှစ်ရွက်ကြောင့် မျက်
လုံးတွေ ကျယ်လာသည်။

"ဘယ်လိုလဲ... အိပ်ချင်စိတ် ပျောက်သွားပလား..."

"စက္ကူနံ့ရလို့ပါ... ဆိုပါ ဘယ်အခန်းက လူလဲ..."

"နာမည်တော့ မသိဘူး... ရုပ်က ခပ်ချောချောပဲ...
လူငယ်ပဲဗျ... သူ ဘယ်အခန်းလဲ..."

"ဒီဟိုတယ်မှာ ချောတဲ့လူတွေ တော်တော်လာကြတ
ပဲ... အားလုံး ငါးရှဉ့်နဲ့ ဆွေမျိုးချည်းပဲ... နာမည်
မသိတော့ ဘယ်အခန်းကလူမှန်း ဘယ်လိုလုပ်သိမလဲ



www.burmeseclassic.com

နောင်ကြီးရယ်... ”

“ရော့... ဒီငွေကို ယူထား... ကျုပ်မေးသမျှ ခင်ဗျား ဖြေ... ”

“ခင်ဗျားတို့ဟာ ဘယ်သူတွေလဲ... ”

“ဘာလဲ... ဒီလောက်ငွေကို မလိုချင်ဘူးလား... ”

“ခက်တယ်... ခင်ဗျားတို့ဟာတွေက ဘာတွေမှန်းလဲ မသိဘူး... ရုပ်ချောချောတဲ့... ဒီမှာလာတဲ့ငတိတွေက ချောတဲ့လူတွေချည်းပဲ... အိုနာကျိုးကန်းမပါဘူး... ”

“အစ်ကို... ဟိုမိန်းမနာမည်ကို မေး... ဒါမှ အဆင်ချောမှာ... ”

သောမှ ရုပ်နေသူ ဖိုးဒီက ဗလကျော်သူနားရွက်နားသို့ ပါးစပ်တေ့၍ လေသံတိုးတိုးလေး ပြောဏ်။

“ဟော့ ဟော့ ဖိုးဒီ... နာခေါင်းနား သိပ်မကပ်နဲ့ မင်းပါးစပ်က မဆေးရသေးဘူး... အရက်စော်နံထယ်... ငါ သိပါတယ်ကွ... ”

သူ့ထက် လျှင်သော ဖိုးဒီကို သူက မလိုတမာဖြင့် လှည့်ဟုန့်လိုက်သည်။ သူတို့ကို ကြောင်တောင်တောင်ကြည့်နေသော စာရေးအား ခပ်ချိုချိုလေသံနှင့်...

“အပေါင်းအသင်းရာ... တို့က မိတ်ဆွေတွေပါ... ဟိုမိန်းမတစ်ယောက်နာမည်သိရင် လွယ်ပါလိမ့်မယ်... သူ့နာမည်က သွန်းရွှေစင်သွယ်တဲ့ကွ... အဲဒီဟိုတယ်မှာများ တည်းသလားလို့ပါ... ”

“ခက်တာပဲ... အစောကြီး ပြဿနာ... ”

စာရေးက ညည်းတော့ ဗလကျော်သူက...

“ငွေတစ်ထောင်ဆိုတာ... မနက်ခင်းစောစော လာဘ်ဝင်တာနော်... မလိုချင်ရှင်... ”

“အဟိုး... ရှာပေးရတာပေါ့... ”

လယ်ဂျာစာရင်းစာအုပ်ကြီးကို အံဆွဲထဲမှ ထုတ်လိုက်သည်။

“ဘယ်နေ့က ရောက်တာလဲ... ”

“မနေ့က... ”

ဝမ်းသာစရာတော့ ကြားလိုက်ရသည်။

“ဟောဒီမှာ တွေ့ပြီ... သွန်းရွှေစင်သွယ်တဲ့ဗျ... ”

စာရင်းစာအုပ်ထဲမှ နာမည်တွေကို ကြည့်ပြောဏ်။ ဗလကျော်သူမှာ ဝမ်းသာသွားရှာသည်။

“ဟုတ်ပြီ... ဟုတ်ပြီ ဝမ်းသာစရာပဲ... တစ်ထောင်တန် လိုက်လေကွာ... ”

“ဗျာ... ”

“ဩော်... ဝမ်းသာမိတာထောင်ချီဝမ်းသာရသလိုပါပဲလို့... အခန်းဘယ်လောက်လဲ... ”

“နှစ်ဆယ့်လေး... ဟာ နေဦး... ”

စာရေးက သူ့ခေါင်းက ဆံပင်တွေကို ဖက်နှင့်







www.burmeseclassic.com

www.burmeseclassic.com



ကုတ်ဖွလိုက်သည်။ ထိုသည်နောက် သေ့ာတွေ ချိတ်ထားသောနေရာတွေကို ကြည့်၍...

"ဟုတ်ပြီ... သူတို့ပဲ... "

"ဘာလဲ... "

ရင်ထဲထိတ်ခနဲ ခံစားမှုနှင့် ဗလကျော်သူက မေးတော့...

"မနက်ငါးနာရီကတည်းက သူတို့ပြန်သွားကြပြီဗျာ"

"ဟောဗျာ... "

"လုပ်လိုက်ကွ... "

ပထမအသံရှင်က ဗလကျော်သူ။

ဒုတိယအသံက ဖိုးဒီရဲ့အသံ။

"နေပါဦး... သူတို့ဆိုတော့ ဘယ်သူတွေလဲ... "

"အဲဒီအခန်းနံပါတ်နှစ်ဆယ့်လေးက အမျိုးသမီးရယ် အခန်းနှစ်ဆယ့်ခြောက်က အမျိုးသားရယ်... "

"ဟာ... သေလိုက်ပါတော့... "

သူ့ဆုံးစံအတိုင်း ဗလကျော်သူက နဖူးကိုလက်ဝါးနှင့် ရိုက်ကာ ငိုင်သွားရှာသည်။ စာရေးက...

"မနက်ငါးနာရီလောက်ကတည်းက... ကျွန်တော့်ဆီ သော့အပ်သွားကြတာဗျ... ကျွန်တော်ပဲ တံခါးဖွင့်ပေးလိုက်ရတယ်... "

"တောက်... လက်မလေးတင် လွဲသွားတာပဲ... "





ဗလကျော်သူ တောက်ခေါက်ပြီး မချင့်မရဲအသံနှင့်...

"ဖိုးဒီရေ... မှန်းချက်နဲ့ နှမ်းထွက်ကတော့ မကိုက်ဘူးကွ... "

"ဘယ်ကိုက်မလဲ... နှမ်းထွက်မကိုက်လို့ ဆီတွေ ဈေးကြီးနေတာ အစ်ကိုရာ... "

"မင်းကြီးဒေါ်... "

တစ်ချက် လှည့်မာန်လိုက်၍ စိတ်ကူးပေါ်လာသည်နှင့်...

"ညီလေး... အဲ အစ်ကို... သူတို့ ဘယ်သွားမယ်လို့ ပြောသေးလဲ... "

"ဒါတော့ ဘယ်သိမလဲဗျာ... သူတို့က ခရီးသည်တွေပဲ... သူတို့ရောက်ရာပေါက်ရာ သွားမှာပေါ့... ခြေထောက် ရှိနေတာပဲ... "

"စဉ်းစားပါဦး အပေါင်းအသင်းရယ်... ကျွန်တော်တို့ကို ဒါလေးတော့ ကူညီပါဦး... "

"ခင်ဗျားတို့ ဘာများ အရေးကြီးနေတာလဲ... "

"ကျွန်တော့်ငွေတစ်သောင်း သူတို့ဆီ ပါသွားလို့ပါ"

"ခင်ဗျားကြည့်ရတာ ရေပေါ်ပုံရတယ်... "

"ဟုတ်ကဲ့... ကျွန်တော် နေ့တိုင်း ရေထမ်းရောင်းနေတာပါ... "



www.burmeseclassic.com

ရွဲ့ပြီး ဖြေလိုက်သည်။ ဒါကို ကိုရွှေစာရေး
ဟာသတစ်ခုလို ထင်ပြီး ပြုံးလိုက်၍...

"မနက်စောစောကြီး အိပ်ချင်တာဗျာ... ခင်ဗျားနဲ့ ေ
မှ အိပ်ချင်ပြေတော့တယ်..."

"မအိပ်နဲ့တော့ ခုနစ်နာရီထိုးတော့မယ်... အိမ်ဖြေ
ဒိုင်ဗင်ထိုးနေပြီ..."

"ဘာလဲ ဒိုင်ဗင်ထိုးတာ..."

"အောက်စိုက်နေတာကို ပြောတာ..."

"ဒါကြောင့် ခင်ဗျားနဲ့ စကားပြောရတာ အိပ်ချ
ပါတယ်လို့... အဟင်း..."

တစ်ချက်ရယ်ပြီးမှ မျက်မှောင်ကုတ်ကာ—

"နေဦး... နေဦး... အခုမှ သတိရတယ်... ကျွန်
မအိပ်ခင်မှာ အဲဒီချောချောလူ... ဟုတ်တယ် ခ
ပြောတဲ့ ချောချောလူ အခန်းနှစ်ဆယ့်ခြောက်
က ဖုန်းဆက်သေးတယ်ဗျ..."

"နှစ်ဆယ့်ခြောက်ကလူက နာမည်ဘယ်သူလဲ—

"ဂျက်... အင်း... ဂျက်ဘာဆိုလား..."

"ဂျက်စီရှိန်းလား..."

"မင်းကြီးဒေါ်..."

ဖိုးဒီက ထင်ရာမြင်ရာ ဝင်အုပ်သဖြင့်
ကျော်သူ လှည့်မာန်မှ သူ့ခမျာ အမြီးမပါဘဲ အမြီးကု





သွားရှာ၏။

စာရေးက လယ်ဂျာကို ပြန်လှည့်ကြည့်၍...

"အခန်းနှစ်ဆယ့်ခြောက်က လူရဲ့နာမည်က ဂျက်စနေ့
တဲ့..."

"ဟုတ်ပြီ ဂျက်စနေ့... မင်းမှတ်ထားနော် ဖိုးဒီ..."

"ဟုတ်ကဲ့ခင်ဗျ... အခေါ်ရမခက်ပါဘူး... အင်္ဂလိပ်
တစ်ဝက် ဗမာတစ်ဝက် ဖားတစ်ပိုင်း ငါးတစ်ပိုင်း
နာမည် မှတ်ထားပါ့မယ်..."

"သူ ဘာဆက်သလဲ..."

"ဟိုကောင်တာပေါ်က ဖုန်းဆက်တယ်... ထုံးစံအတိုင်း
ကျွန်တော်ပဲ ခေါ်ပေးရတာပဲလေ... နံပါတ် မှတ်ထား
တာလေးတော့ ရှိမလား မသိဘူး..."

"လုပ်စမ်းပါဦးဗျာ..."

"ကျွန်တော့်ဦးနှောက်က သိပ်မကောင်းဘူး... ခင်ဗျား
ပေးတဲ့ တစ်ထောင်ကလည်း တစ်ကတ္တာပြီးသွားပြီ
လေ..."

စိတ်ပျက်စွာ ဗလကျော်သူက ဟိုတယ်စာရေး
ကြည့်လိုက်၏။ တခြားနေရာဆို သူပိတ်တီးမိပေလိမ့်

"ခင်းက ဘယ်လောက်လိုချင်သေးသလဲ..."

"ဘာလေးလုပ်လုပ် ရေလေးလောင်းမှ သဒ္ဒါမြောက်

www.burmeseclassic.com



ပါတယ်ဗျာ... ”

“မင်းကို ပေးပြီးပြီ... ”

“အဲဒါက တစ်ကဏ္ဍပြီးသွားပြီလေ... ”

ခက်ခက်သေးတော့။

အေးလေ... မိမိတို့ လုပ်တာက မှုမှ မမှန်

ဘော့(စ်)ဆီ ကုန်ကျဘတ်ဂျက်ကို တင်လို

ပဲ ရှိ၏။

ငါးရာတန်တစ်ချပ်တော့ မျောပါသွားပြ

သည်အခါမှ စာရွက်စုတ်ကလေးတစ်

ရေးမှတ်ထားသော ဖုန်းနံပါတ်တစ်ခုနှင့် ဦးတိုင်းကျော

သော နာမည်ကို ပေးသည်။

“ဘာတွေပြောသလဲ... ”

“အဲဒီဂျက်စနေဆိုတဲ့လူက သူ ခရီးဆက်စရာရှိ

တဲ့... ခင်ဗျား ရန်ကုန်ကို ပြန်ချင်ပြန်တော့တဲ့...

မှဂ္ဂဇင်းအမီ ဝတ္ထုတိုရေးနိုင် မရေးနိုင်တော့ မေး

တဲ့... ”

“ဘယ်ကိုသွားမယ် ပြောသေးလဲ... ”

“အဲဒါတော့ ကျွန်တော်လည်း ဆက်နားမထော

တော့ဘူး... ကိုယ့်အလုပ် ကိုယ်လုပ်နေတာ... ”

“ခင်ဗျားဆီမှာ ဖုန်းဒစ်တိုရီ (Phone Dictory)

မဟုတ်လား... ”





“ရှပ်လိုက်တာ... ”

“ဒါလေးတော့ စေတနာထားကူညီပါ ဘော်ဒါရယ်

ကုသိုလ်ရပါတယ်... ”

စာရေးထုတ်ပေးသော ဖုန်းဒစ်တိုရီကို လှန်

ကြည့်တော့ ဖုန်းရှင်မှာ ဦးကျော်ဝင်းဦးဟု တွေ့ရပြီး မြို့တွင်း

ထလမ်းနှင့် အိမ်နံပါတ်ပါ တွေ့ရ၏။

သူတို့ဟိုတယ်ပေါက်ဝမှ ထွက်လာသောအခါ

မိုးစင်စင်လင်းနေပြီ။

လူတချို့တလေတောင် အနွေးထည်များနှင့်

လမ်းပေါ်မှာ သွားလာစ ပြုနေကြ၏။

“ကံကောင်းလို့ အစ်ကိုရေ... စာရေးကသာ မသိဘူး

ဆိုရင်... ငွေပေးတာ အလကားဖြစ်ပြီ... မြွေပါလည်း

ဆုံး သားလည်းဆုံး ဖြစ်တော့မလို့... ”

“ဟော့ ဟော့... ဒီစကားပုံက ငါပြောရမှာကွ... ”

“အရေးထဲ အစ်ကိုက စကားပုံတောင် လုနေသေးတယ်

ကျွန်တော်က ငွေတွေတော့သွားပြီလို့ အောက်မေ့နေ

တာ... ”

“ဟင်း... မရရင် ရတဲ့နည်းနဲ့ ပြန်တောင်းမှာပေါ့ကွ

ဗလကျော်သူတဲ့... ”

ဗလကျော်သူက သူ့မျက်နှာကို ကြောက်စရာ

ကောင်းအောင် တင်းပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိဆရာသည် ဤမျက်နှာနှင့် ဘယ်နှစ်ခါများ ပွဲတိုးခဲ့လေပြီလဲဟု တွေးနေသည်။

"ကျွန်တော်တို့ တစ်ခုခုတော့ ဝင်ဝါးဦးမှ ဗိုက်ဆာတယ်..."

"မဝါးခင် မင်းသွားတွေကို အရင်ဆုံး သန့်ရှင်းရေး လုပ်ပေးလိုက်ပါဦးကွာ... နံနေတာပဲ..."

"အဲမာ... အစ်ကိုလည်း အတူတူပဲ..."

"ခွေးလေး... မ---ဖိုးဒီ..."

နံနက်ခင်း၏ မင်္ဂလာဆဲဆိုသံလေးပါ။

သာယာပါတယ်နော့။





## ဇာတ်လမ်းစဉ် (၈)

မြို့တွင်းမှ သဟာဇာတလမ်းထဲရောက်ချိန်မှာ ခုနစ်နာရီခွဲချေပြီ။

ဦးကျော်ဝင်းဦး၏ တစ်ထပ်တိုက်အိမ်ကလေးကို ခြံနှင့်ဝင်းနှင့် ခြံနံပါတ်အရ လွယ်ကူစွာ ရှာတွေ့လိုက်၏။

ကြေးရုပ်ပြီးပြည့်စုံစွာ နေသော ရပ်ကွက်မို့ ခုလိုချိန်ကြီးတောင် ကျန်းမာရေးအတွက် လမ်းလျှောက်သူ၊ ကာယလေ့ကျင့်သူက လွဲပြီး ဘယ်သူမှ မထသေးပေ။

ဆန်နီကားကို ခြံရှေ့တွင် ထိုးရပ်လိုက်၏။

စားဖို့မျိုဖို့ကို သူတို့ မလုပ်အားသေး။

သွန်းနှင့် ဂျက်စနေနောက်ကို လိုက်ဖို့ အခွေးကြီးနေသည်။ ဦးတိုင်းကျော်ဆိုသူမှာ ဦးကျော်ဝင်းဦးအိမ်တွင်ရှိပြီး ဂျက်စနေနှင့် ဝတ်သက်သူ ဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျက်စနေ၏ဖုန်းထဲ ပြောစကားအရဆိုပါလျှင်လည်း သူသည် မဂ္ဂဇင်းတစ်စောင်၏ထုတ်ဝေသူဖြစ်ကာ ဂျက်စနေက စာရေးဆရာဖြစ်မည်။

သူသွားမည့်နေရာကိုတော့ပြောမှာသေချာသည်။ ဦးတိုင်းကျော် တွေ့လျှင် ပွဲပြီးကောင်း ပြီးသွားမည်။

ကားပေါ်မှအဆင်းတွင် သူတို့ကိုယ်သူတို့ သင် သပ်ရပ်ရပ် လုပ်သည်။ ဖိုးဒီဆောင်သောဘီးလေးနှင့် သူတို့ နှစ်ယောက်၏ဆံပင်တွေကို ဖြီးကာ မျက်နှာမှာ အဆီပြန်မှုကို လက်နှင့် ပွတ်ပစ်သည်။

လောင်းကုတ်ကြီးနှင့်ဆိုတော့ ဗလကျော်သူမှာ လူရည်မွန်တစ်ယောက်အသွင် ထင်ဟပ်နေပါသည်။

ဆင်ဝင်အောက်သို့ မရောက်မီ တိုက်၏ရှေ့ မျက်နှာစာကို ကြည့်လိုက်လျှင် ပိတ်ထားသော ပြတင်းတံခါး များသာ သဘောကျဖွယ်ရာ ဖြစ်နေသည်။

တံခါးမှာ သံဘာဂျာတံခါးဖြစ်၍ အတွင်း နိုင်ခန့်ထူထဲပုံရသော ကျွန်းတံခါးရွက်ဝါဝါကြီးက ပိတ် ၏။

တံခါးရွက်တွင် ပန်းရေးပန်းကောက်များ ထုထားလိုက်သေးသည်။

ရဲတင်းစွာပင် လူခေါ်ခေါင်းလောင်းကလေး နှိပ်လိုက်သည်။ ရတ်ခြည်းတော့ တံခါးလာမဖွင့်ပါ။





သုံးလေးကြိမ်လောက်တော့ နှိပ်ရသည်။

ဗလကျော်သူနောက်တွင် ဖိုးဒီက ရပ်နေ၏။ ါးရွက်ကြီးနှစ်ချပ်အနက် တစ်ချပ်က ပွင့်သွား၏။

လူဝဝ၊ ခပ်နွမ်းနွမ်း ဆွယ်တာလက်ရှည်။ င်းထက်မှာ စွပ်ထားသော ချည်ခေါင်းစွပ်၊ လုံချည် ဝတ်နွမ်း ဝတ်ထားသည်။

"ဘာကိစ္စများရှိလို့လဲ... "

မနက်အစောကြီးလာသော ဧည့်သည်ကို ဧည့်ခံ ယာန်မရှိ။ မေးပုံကပင် ခပ်ဆတ်ဆတ်။

"ဒါဦးကျော်ဝင်းဦးအိမ် မဟုတ်လား ခင်ဗျာ... "

အယဉ်ကျေးဆုံးလေသံနှင့် အချိုဆုံးမျက်နှာကို ကျော်သူ ထားထားသည်။

"ဟုတ်တယ်... "

"ဦးကျော်ဝင်းဦး ရှိပါသလား ခင်ဗျာ... "

"မရှိဘူး... သူတို့မိသားစု ခရီးထွက်သွားပြီ... "

အမလေး... ဝမ်းသာစရာကြီးဟဲ့။

ဗလကျော်သူ ရင်ထဲမှာ ဖိုးကြိုင်းတုတ်မှ ဖိုး င်းတုတ်။

ကြားရတာ ဗဲရီးဂွဒ်။

"ဒါဆို ဒီမှာ ဦးတိုင်းကျော်ဆိုတာကော ရှိလား... "

"ဦးတိုင်းကျော်ဆိုတာ ငါပဲဟ္ဟ... "



www.burmeseclassic.com

www.burmeseclassic.com



လူက ဝပြီး အသက်က လေးဆယ်လော
မည်။

စာရေးဆရာတွေ လာလျှင် သူ စာမူခ
ချင်သော စာရေးဆရာဆိုလျှင် မျက်နှာထန်လေ့ စကာ
လေ့ရှိသော ဦးတိုင်းကျော်မှာ မျက်နှာက အမြဲလိုလို ထ
သေရာပါ ဖြစ်နေသည်။ လေသံကလည်း သည်နည်းနှ

မြင်တာနှင့်ပဲ ကြားတာနှင့်ပဲ ဗလကျော်သူ
ဖိုးဒီပါ မျက်စိထဲ အတော်ကန့်လန့် ဖြစ်သွားမိကြသည်

"ဩော်... လူကြီးမင်းကိုး... စုံစမ်းစရာလေး ရှိ
ခင်ဗျာ... "

ဟု မျက်လုံးထဲ အသဲ့မကျသော်လည်း
ကျော်သူ၏လေသံက မပြောင်းလွဲ။

"ဘာလဲကွ... "

"ဂျက်စနေနဲ့ ပတ်သက်လို့ပါ... သူ့ဝတ္ထုအတွ

"ဟေ... သူ့ဝတ္ထု... "

ဦးတိုင်းကျော် မျက်လုံးတွေ ကျယ်သွားသ
လေသံက ပျော့သွားသလိုလို။

"အိမ်ထဲ ဝင်ပါရစေ...ကျွန်တော်တို့ ဆွေးနွေးရ

ဗလကျော်သူ၏ မွန်ရည်သော ရုပ်နှင့်
ပျော့ပျောင်းမှုကို ကြည့်၍ လမ်းဖယ်ပေးလိုက်သည်။ အ
ကို ရောက်လာသည်။





"ဂျက်စနေ ဘာဖြစ်လဲ... ဒီလူ့ဝတ္ထုက ဘာဖြစ်လို့—"

"သူ့ဝတ္ထုတွေကို ကျွန်တော်တို့က ကြိုက်လို့ပါ ဦးတိုင်းကျော်... သူ ဒီမြို့က ခုနစ်စဉ်ကြယ်ဟိုတယ်မှာ တည်းတယ်ကြားပါတယ်... သူ့ဝတ္ထုကို လုံးချင်းထုတ်ချင်လို့"

စာရေးဆရာတချို့၊ ဝတ္ထုထုတ်ဝေသူတချို့တွင် မစ္ဆရိယဣဿာစိတ်ရှိကြသည်။ ထိုဣဿမစ္ဆရိယစိတ်က ကိုယ့်ထက်သာတာကို မရှုစိမ့် မနာလိုစိတ်ဘဲ ဖြစ်သည်။

ဦးတိုင်းကျော်မှာလည်း ဂျက်စနေကို လုံးချင်းထုတ်ပေးဖို့ရန် စိတ်မကူးသော်လည်း သူများက ထုတ်ပေးပါမည်ဆိုမှ စိတ်ထဲတွင် မလိုလားစိတ်တွေ ပေါ်လာသည်။

ဂျက်စနေ နာမည်ကြီး စာရေးဆရာသာဖြစ်လို့ တခြားထုတ်ဝေသူ စားသွားပြီး သူကော ကျန်ရစ်ခဲ့မှာလည်း စိုးသည်။

စားခြင်းစားလျှင် သူပဲ စားချင်သည်။

"မဖြစ်ဘူး ထင်တယ်... "

သူ့ပါးစပ်မှ လွှတ်ခနဲ ထွက်သွားသံ။

"ဘာဖြစ်လို့လဲ... "

သူက လိုးလွှဲသော လေသံနှင့်...

"သူ့ဝတ္ထုတွေက နာမည်မှ မကြီးသေးတာ... "

"ကျွန်တော်တို့ကြိုက်လို့ ကျွန်တော်တို့ ထုတ်တာပဲဗျာ"

"ကြည့်လုပ်နော်... ခုခေတ်စာအုပ်တစ်အုပ်ထုတ်ဖို့ ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ အစိမ်းသက်သက်မလွယ်လှဘူး... စာအုပ်တစ်အုပ်မဖြစ်လာခင် အခက်အခဲတွေ ကျော်ဖြတ်ရဦးမယ် အဲဒီအခက်အခဲတွေက ဦးနှောက်ခြောက် စရာကောင်းတယ်... စာအုပ်ဖြစ်လာပြန်ရင်လည်း ကွန်ပျူတာရိုက်ခ... ဖလင်ခတွေအပြင် စက္ကူဖိုးကလည်း မနည်းဘူး... ဒီနေ့ စာအုပ်တစ်အုပ်ဖြစ်လာတာ ခေတ်မီခန့်ညားပေမဲ့ ခေတ်ဟောင်းတုန်းက စာအုပ်တစ်အုပ်ဖြစ်ဖို့လောက် မလွယ်ဘူး... ”

စိတ်ဓာတ်စစ်ဆင်ရေးကို ဦးတိုင်းကျော် စချေပြီ။

“ဒါတွေ ကျွန်တော်တို့ မမှုပါဘူး... ဂျက်စနေကိုသာ တွေ့ပါရစေ... ဆရာဂျက်စနေရဲ့ဝတ္ထုတွေဟာ အရေးအသား သိမ်မွေ့သလို ခေတ်အတွေးအခေါ်ပိုင်းမှာ နက်နဲစူးဝင်တယ်... ပရိသတ် ကြိုက်မှာပဲ... ”

“သူနဲ့ကျုပ်နဲ့မှ အဆက်အသွယ် မရှိတာ... ”

“ဟုတ်ရဲ့လား... ခင်ဗျားမဂ္ဂဇင်းမှာ သူပဲရေးပြီးတော့... ”

ဗလကျော်သူက စကားကို ဆင်ကန်းတောတိုး မပြောဘဲ သမင်ရေသောက်ဆင်းသလို စမ်းစမ်းပြီးမှ ပြောသည်။

“ကျုပ်နဲ့သူ အလုပ်ကိစ္စသာ... ”

“ဒီမှာဗျာ... သူရှိတဲ့နေရာကိုသာ ပြောစမ်းပါ... ရှော





ဟာဒီမှာ ငွေတစ်ထောင်ယူထားလိုက်... သူရှိတဲ့ နေရာကိုသာ သိရင် တော်ပြီ... ”

ဗလကျော်သူ ရေတိုလမ်းပဲ လိုက်ဘော့သည်။ ငွေတစ်ထောင်တန်တစ်ရွက်ကို ဦးတိုင်းကျော် မျက်နှာနား ထပ်ပြသည်။

ဘာမို့လဲ။ သူလည်း လူပဲ။ ငွေနံ့ရတော့ ကြွေအံ့ဆဲဆဲပေါ့။

ဦးတိုင်းကျော်၏ မျက်နှာကြီးက နီဆင်းသွားသည်။ သူပတ်ဘလစ်ရှာလုပ်ပေမဲ့ လာဘ်ထိုးခံရတဲ့အထိ သိက္ခာမကျသေးပါ။

“မင်းတို့ ဘာလုပ်တာလဲ... ”

“ဂျက်စနေ နေရာသိချင်လို့ အပေးအယူလေးလုပ်တာလေ... ”

“တယ်ရိုင်းစိုင်းတဲ့ကောင်တွေပဲ... ငါ့ကို ငွေနဲ့မျှားလို့ ရမယ်ထင်လား... ငါကသာ သူများကို ငွေပေးလာတာကွ... ”

“သိပါတယ် ပတ်ဘလစ်ရှာကြီးရယ်... ဒါပေမဲ့ တစ်ထောင်နည်းတယ်ဆိုရင် နှစ်ထောင်ယူဗျာ... ဒါ မနည်းပါဘူး... ”

“ဟာ... စော်ကားလှချည်လား... ”

“ဂျက်စနေ ဘယ်မှာလဲဆိုတာသာ ပြောပါ... ”



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ဘာလို့ ဂျက်စနေကို တွေ့ချင်ရတာလဲ... မင်းတို့ ကြည့်ရတာ စာအုပ်ထုတ်မဲ့ကောင်တွေ မဟုတ်ဘူး... မင်းတို့ ဘယ်သူတွေလဲ..."

"အစ်ကိုရေ... မန်းနီးမိတ်ရဲဗရီးသင်းဆိုတာ မဟုတ်တော့ဘူး... တွယ်မှပဲဗျို့..."

မန်းနီးမိတ်အဲဗရီးသင်း (Money, makes everything)ကို ဖိုးဒီက ကုလားသံနှင့် မန်းနီးမိတ်ရဲဗရီးသင်းဟု နောက်ပြောပြောသည်။ သည်လူကြီးကို နှိပ်ချင်စိတ်ပေါက်နေ၏။

ဗလကျော်သူကလည်း သိ၏။ လျင်၏။ ဦးတိုင်းကျော်ကို ဘယ်လိုဆက်ဆံရမည်ကို သိ၏။

"ဖုန်း..."

"အား..."

"ခွပ်..."

သူ့လက်သီးနှင့် ဦးတိုင်းကျော်၏ စာအုပ်ပုံကြီးလို မောက်ဖြိုးစူထွက်နေသော ဝမ်းဗိုက်အလယ်ကို ညာလက်သီးသုံး၍ ဘယ်ဝိုက်လက်သီးကို ထိုးချလိုက်၏။

အီးခနဲ ဝက်ညည်းသံပြုကာတတိကြီးဒူးထောက်ကျသွားသည်။

"ဖိုးဒီ ချုပ်စမ်း... ဒီနဖူးပြောင်ကြီးကို ချုပ်စမ်း..."

ဦးတိုင်းကျော်နဖူးမှာ ဝက်ဖင်လို ပြောင်တင်းဖြစ်နေတာကြောင့် ဂုဏ်ပြုအမည်နာမ ဖော်ကျူး၍ ဖိုးဒီကို ချုပ်ခိုင်းသည်။ ဖိုးဒီက လက်နေးသည် မဟုတ်။

ဦးတိုင်းကျော်တစ်ကိုယ်လုံးကို နောက်မှဝင်ဖက်ချုပ်လိုက်၏။

ဗလကျော်သူက စပ်ဖြဲဖြဲနှင့်...

"ကျုပ်တို့ စာအုပ်ထုတ်မဲ့လူတွေ မဟုတ်ဘူး... လူဆိုးတွေဗျ... ခင်ဗျားစာရေးဆရာပေါက်စ ဂျက်စနေ ခွေးစနေနောက်လိုက်နေတဲ့လူ... အခု ဒီကောင် ဘယ်မှာလဲ... ခုနစ်စဉ်ကြယ်ဟိုတယ်ကနေ ခင်ဗျားကို ဖုန်းနဲ့ ပြောသွားတာ ကျုပ်သိတယ်..."

"မ်ိဳင်း... မင်းတို့... အဟွတ်... အီး..."

စေတနာမရှိတော့ ဝေဒနာခံစားရသည်။

ဦးတိုင်းကျော်ခမျာ မအီမသာဖြစ်နေသည်။

"ပြောလေ... ဂျက်စနေ ဘယ်ကိုသွားလဲ..."

"မသိဘူးကွာ..."

"အစ်ကိုရေ... မသိရင် မသိဆေးလေး ဖော်ပေးလိုက်ပါဦး..."

ဖိုးဒီ၏ ပင့်ချက်။

လာပါပြီ... လာပါပြီ။

"ခွပ်..."

"ဒုဝ်..."





www.burmeseclassic.com

www.burmeseclassic.com



"ဖိုး... "

"အား... အမယ်လေးဗျ... သွားတွေ ကျိုးကုန်ပါပြီဗျ

ဗလကျော်သူလက်ရာက ရုပ်မြင်သံကြားမှ ကြမယ်ဟော့ကောင်းကောင်းလက်ရာထက် ပိုမြိုင်ပိုသာသည်

"တိတ်... အသံမထွက်နဲ့... ဘာအောက်မေ့လဲ... လျှာ ဖြတ်ပစ်လိုက်မယ်... မပြောချင်တဲ့စကား မပြော အောင် လုပ်ပစ်လိုက်မယ်... "

"အမယ်လေး... အမယ်လေး... "

ခေါင်းထဲ မူးနောက်နေသလို ပါးစပ်တစ်ခုလုံး နာကျင်စူးရှနေသည့်ဝေဒနာမှာ မဖော်ပြတတ်။

စာရေးဆရာတချို့ စာမူခလာတောင်းလျှ တမင်မျက်နှာကြီး ပုပ်ပွစူပွထားတတ်၍ စာမူခနှိမ်ပေး သောသူ့အဖြစ်ကို ပြန်စဉ်းစားရင်း ငါတော့ ဝဋ်လည်တာပဲ တွေးနေသည်။

တစ်ဖက်လူ၏ ကြောက်တတ်သောအထာ ရိပ်မိသော ဗလကျော်သူက သူ့ဘိုဝီဓားကို လောင်းကုတ်အင် ထဲမှထုတ်ကာ ထောင်ပြလိုက်သည်။

"ခင်ဗျားလျှာကို ဖြတ်ပစ်မယ်... မပြော ရင် ဖြတ် ပစ်မယ်... ဖုန်းထဲမှာ ခင်ဗျားကို ဂျက် စနေ ဘယ်ကိုသွားမယ်ပြောသလဲ... ဟ ပါးစပ်"

ဓားသွားနှင့် ပါးစပ်ကို ကန့်လန့်ဖြတ် ဖွင့်





လုပ်ရာတွင် ဦးတိုင်းကျော်က ငိုသံပါကြီးနှင့်...

"ပြောပါ့မယ်၊ပြောပါ့မယ်... ပြောပါ့မယ်... လျှာတော့ မဖြတ်ပါနဲ့... ကျုပ်မှာ ဒီလျှာလေးနဲ့ ထမင်း စားရမယ် မဟုတ်လားဗျာ... "

ဦးတိုင်းကျော် တိုက်ထဲက ထွက်လာတော့ သူ တို့နှစ်ယောက်လုံး ပြုံးလို့ရွှင်လို့။

ဖိုးဒီက သူ့ဆရာအား...

"ဟိုငနဲကြီးလျှာကို ဆရာက တကယ်ဖြတ်မလို့လား"

"ဘယ်ဖြတ်ပါ့မလဲကွာ... သူ မပြောပြောချင်အောင် ခြောက်ရတာပေါ့... "

"လောကကြီးမှာ ငွေပေးတိုင်းလည်း မရဘူးဆိုတာ... အမှန်ပဲနော် အစ်ကို... "

"ရပါတယ်ကွာ...မင်းအကောင်ကြီး နှစ်ထောင်လောက် ကတော့ သူ ဘယ်ပြောမလဲ... "

"အခုလုပ်လိုက်တာတော့ အကောင်းဆုံးပဲ... ကျွန်တော် က ဒီလူကြီးမျက်နှာနဲ့လေသံကို မြင်ပြင်းကပ်နေတာ ဟဲ ဟဲ... "

"ငါလည်း အတူတူပါပဲကွာ... မင်းက တွယ်ဆိုတော့ လည်း ငါက တွယ်ပစ်လိုက်တာပဲဟော့... ဆောင်းတွင်း မနက်ခင်းသွေးပူလေ့ကျင့်ခန်းလေး ဆင်းလိုက်ရတာ ပေါ့ကွာ ဟီး ဟီး... "



www.burmeseclassic.com

www.burmeseclassic.com



"မသာကြီး ရဲတိုင်ရင် ဘယ်လိုလုပ်မလဲ... "

"မင်းလူကြီးမတိုင်ရဲပါဘူး... ရန်ကုန်ကိုတောင် ပြေးမလား မသိဘူး ဖိုးဒီ... "

ကားရှိရာသို့ရောက်တော့ ကားထဲဝင်ထိုင်သည်။ ကားကို မထွက်မီ ဗလကျော်သူက ဆယ်လူလာကို ဖွင့်၍ စကားပြောပါတော့သည်။

"ဟယ်လို... ဘော့(စ်)လား... "

"............ "

"ဘော့(စ်) ဟိုင်တီမလွတ်သွားပြန်ပြီ၊ သူတစ်ယောက်တည်း မဟုတ်တော့ဘူး... ဂျက်စနေ့ဆိုတဲ့ကောင်ပါ ပါနေတယ်... "

"............ "

"သူ့အကြောင်း ကျွန်တော် မသိသေးဘူး... အခု သူတို့ ရန်ကုန်ကို ဆင်းသွားကြပြီလို့ ပြောတယ်... "

"............ "

"ကျွန်တော် အခုလိုချင်တာက လက်နက်ပုန်းနှစ်ခုလောက် လိုချင်တယ်... ကျွန်တော်နဲ့ဖိုးဒီအတွက်လေဗျာ... ဟုတ်တယ်... လိုရမယ်ရပါ... ခင်ဗျာ... ကျွန်တော်တို့ ပြန်လာခဲ့ရမယ်... "

"............ "

"ဗျာ... ဘော့(စ်)ပါ လိုက်မယ်... အိုကေ သိပ်ကောင်းတာပေါ့... "

ဆယ်လူလာကို ပိတ်၍ ဖိုးဒီအား...

"ဖိုးဒီ... တို့လိုချင်တဲ့သေနတ်နှစ်လက်လည်း ရမယ် ဘော့(စ်)လည်း တို့နဲ့အတူ လိုက်မယ်တဲ့... "

"ကဲ အစ်ကိုရေ... ဆလွန်းကို အပွန်းခံပြီး ခုံးပျံလိုသာ မောင်းပေတော့ဗျာ... "

တပည့်ကျော်ကြီးဖိုးဒီစကားအဆုံးတွင် ဗလကျော်သူ မောင်းလိုက်သော နှစ်ဆန်းဆလွန်းကားက တစ်ဟုန်ထိုး ထွက်သွားတော့၏။

"ရန်ကုန်ကိုဟေ့... ရန်ကုန်ကို... "







www.burmeseclassic.com

www.burmeseclassic.com



## အတ်လမ်းစဉ် (၉)

သွန်း ပျော်နေသည်။

မော်တော်ဆိုင်ကယ်ကို မောင်းနေသော ဂျ
၏ခါးလယ်ကို ဖက်ထား၏။ သူမ၏ အောက်တွင် ခုထိုင်
တာက အတက်ချိကော့(စ်)။

သူမနှင့်ဂျက်စနေကြားမှာ ခုခံထားတာက
၏အဝတ်အစားထည့်အိတ်ပျော့လေး။

သူမနောက်တွင် သံညှပ်နှင့် ညှပ်ထားတာ
ဂျက်၏ ခရီးဆောင်အိတ်။

ထိုင်ရတာက ကာသီကအောက် ဖြစ်သော်လ
ခရီးသွားရတာ ကြာလာတော့ နေသာထိုင်သာ ရှိလာ၏

မော်တော်ဆိုင်ကယ်က မနက်ငါးနာရီထို
ထွက်သော်လည်း မြို့ထဲတွင်သာ ရှိနေသေး၏။





နှင်းကျတာကို စောင့်နေလိုက်၏။

ပွဲဈေးမှ ပြန်လာပြီးနောက် သွန်းနှင့်ဂျက်စနေ
အပေးအယူတည့်ကြပြီး ဦးနာဂသူရာ၏စက်ကွင်းမှ လွတ်
ရန် ပြေးပေါက်ကို ကြည့်ကြသည်။ ဆွေးနွေးကြသည်။

ဂျက်က နယ်ခြားဘက် ပြေးချင်၏။

သွန်းက ရန်ကုန်သို့ သွားချင်သည်။ ရန်ကုန်
ဆိုသော မြို့တော်ကြီးသည် မြန်မာနိုင်ငံတွင် အကြီးဆုံးဖြစ်
သလို လေးအန်းမကသော လူဦးရေနှင့် တိုးချဲ့မြို့တွေ အများ
ဆုံးရှိ၏။

မိမိတို့ တစ်နေရာရာတွင် ကိုယ့်နာမည်ကိုယ်
သင်္ဂြိုဟ်ပြီး နာမည်အသစ်နှင့် ပြောင်းလွှဲနေထိုင်လို့ရသည်။

ငွေဆယ်သိန်းသည် လူတစ်ဦးစီအတွက် နည်း
ပါးသော်လည်း ရှာအလုပ်ကလေးကို ထိုငွေဆယ်သိန်းနှင့်
ဖြစ်သလို လုပ်နိုင်၏။

"ဆယ်သိန်းလောက်ဟာ အလကားပါ... ရင်းနှီးစားလို့
မရဘူးလို့... တချို့ပြီးကပစ် ဉာဏ်မရှိ ပြောပေမဲ့
ဆယ်သိန်းလည်း ဆယ်သိန်းအလျောက် တန်ဖိုးရှိတာ
ပဲ... ဆယ်သိန်းတန်တဲ့အလုပ်တစ်ခုလုပ်စားလို့ရပါ
တယ်... ကိုဂျက်လည်း လုံးချင်းဝတ္ထုထုတ်ချင်ရင် ကိုယ့်
ငွေနဲ့ကိုယ် ထုတ်ရတာပဲ..."

အကြောင်းပြချက်မဆိုးသော သွန်း၏ စကားကို

www.burmeseclassic.com

www.burmeseclassic.com



ဂျက်စနေက လက်ခံခဲ့ပါသည်။

ခုနစ်ရဥ်ကြယ်ဟိုတယ်တွင်လည်း ဆက်လ
မနေရပါ။ ဗလကျော်သူက မိမိကို တွေ့ပြီးနောက်တွင် ဦးန
သူရာက မိမိကို ရှာဖွေတွေ့ရှိဖို့ရာ လွယ်ကူသွားပြီဖြစ်ကြောင်း
သွန်းက ပြောပြခဲ့၏။

ကိုဂျက်က လက်ခံသည်။ ဖြစ်နိုင်သည်
လည်း ဆို၏။

ဒါဆို ရန်ကုန်ဆင်းကြမယ်။

ကိုဂျက်က သူ ဤမြို့သို့လာရာတွင် တစ်ကိုယ်
တည်းမဟုတ်။ ဦးတိုင်းကျော်ဆိုသော လူတစ်ယောက်လည်း
ပါသည်။

သူ့ကိုတော့ အကြောင်းကြားထားခဲ့မှဖြစ်မည်
ဟု ဆိုပြီး ဦးတိုင်းကျော်ထံ ဖုန်းဆက်၍ မိမိကိစ္စတစ်ခု အ
တကြီးနှင့် ရန်ကုန်သို့ ဆင်းမည့်အကြောင်း ပြောကြားခဲ့သည်

ထိုသည်နောက် ရန်ကုန်သို့ လစ်လာကြသည်

ကူမဲတွင် ဝင်ရောက်ပြီး မနက်စောစောစာ
လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ဝင်စားကြသည်။

သွန်းတော့ မပြောတတ်။

ဂျက်စနေဆိုသည့်နေ့ကတော့ မိန်းမချော
နှင့် မျက်နှာချင်းဆိုင် ထိုင်စားသောက်နေရသည်ကိုပဲ နှစ်သ
နေမိသလို။





ဒါက သူ့ရင်တွင်းခံစားချက်။

သူတို့နှစ်ယောက်၏ရုပ်ရည်မှာတစ်ဦးနှင့်တစ်ဦး
လိုက်လျောညီထွေမှုရှိသဖြင့် လက်ဖက်ရည်ဆိုင်တွင်း၌ တချို့
ကြည့်သွားတတ်ကြသည်။

စားသောက်ပြီးလို့ ငွေရှင်းချိန်တွင် ဂျင်းရိုက်
ဝတ်ထားသော သွန်း၏ခါးတွင် ချိတ်ထားသည့် ဆယ်လူ
လာမှ အသံမြည်လာသည်။

သွန်းက ဖြုတ်ယူနားထောင်လိုက်သည်။

"သွန်းလားဟေ့..."

"ဟော်... ဦး..."

"မင်း ဒါလက်ကပြေးမလွတ်ဘူးကွနော်... အခု ငါ
လိုက်လာနေပြီကွ..."

"ပြေးတဲ့လူနဲ့လိုက်တဲ့လူပဲ... မိအောင်ဖမ်းနိုင်ရင် ဖမ်း
ပေါ့ရှင်... ကိုကျော်သူကော ပါလား..."

"ကျော်သူက မင်းကို အရေခွာမယ် ပြောနေတယ်..."

"ဂျပန်ဖက်ဆစ်နဲ့သားအဖတော်နေလို့ ဒီစကားပြော
တာလားလို့ ကိုကျော်သူကို ပြန်ပြောလိုက်ပါ... အရေ
ခွာရင်တော့ အရာခွေသွားမယ်လို့လည်း ပြောလိုက်
ပါ ဒါပဲ..."

ဆယ်လူလာကို ပိတ်လိုက်၏။ ချိတ်လိုက်၏။

တည်တည်မျက်နှာလေးနှင့်...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ သွားကြစို့ ကိုဂျက်… သူတို့ လိုက်လာကုန်ပြီ… ဘယ်လိုအနံ့ရသွားသလဲတော့ မပြောတတ်ဘူး… အဘိုးကြီးလည်း ပါတယ်… "

"ကျွန်တော်တို့ ဘယ်နေရာဆိုတာ သူတို့ မသိနိုင်ပါဘူးဗျာ… တစ်နေရာရာမှာ ကျွန်တော်တို့ ပင်ခိုလိုက်ရင် ဖြစ်ပါတယ်… "

"သွန်းရဲ့ဆယ်လူလာက မိုင်ငါးဆယ်ပဲ ရတယ်လေ… သူစကားပြောတာ မိုင်ငါးဆယ်ပတ်ဝန်းကျင်ဆိုတော့ အခု သူ ဟိုမြို့က အထွက်ဖြစ်မယ်… "

"ကူမဲနဲ့က မိုင်လေးဆယ်ဝေးတယ်… ချက်ချင်းတော့ မလိုက်လာနိုင်ပါဘူး… ကဲ သွားမယ်… "

လူတချို့တလေက ဟွန်ဒါနှင့် ထွက်သွားသော ကောင်ချေးနှင့် ကောင်မချောလေးကို ကြည့်ကျန်ရစ်ခဲ့ကြသည်။

နောက်နှစ်နာရီလောက် မောင်းလိုက်လျှင်ပင် မြို့တစ်မြို့သို့ ရောက်လာသည်။

ကြီးမားသော ကန်ကြီးတစ်ကန်က သူတို့အား ထိုမြို့မှပင် နှုတ်ဆက်လိုက်သည်။

ကန်ကြီးနားတွင် ပုထိုးစေတီလည်း ရှိ၏။

မြို့၏ဧရိယာက ကျယ်ဝန်းသလို ရွာများနှင့်လည်း ဆက်နေသည်။





မြို့လယ်တွင်တော့ ကားတွေ၊ မြင်းလှည်း၊ ...င်ကား၊ စက်ဘီးများ စုံလင်စွာ သွားလာနေသည်။

သူတို့မော်တော်ဆိုင်ကယ်လိုပင် တခြားမော် ...်ဆိုင်ကယ်တွေလည်း လူကြားတွေထဲမှာ ဖြတ်မောင်း ...၊

ရန်ကုန်မှာ ဆိုင်ကယ်နည်းသွားသော်လည်း ...မှာတော့ ဆိုင်ကယ်ပေါသည်။

မြို့လယ်တွင် တိုက်မြင့်ကြီးတွေက ကြီးမား ...းပွားရေးဆိုင်းဘုတ်များနှင့် မြို့၏အလှ မြို့၏ခန့်ညား ...ဝင့်ကြွားနေသယောင်။

"တည်းခိုခန်းတွေ ရှာရမယ်… "

"နတ်နေတဲ့ တည်းခိုခန်းတွေတော့ မတည်းချင်ဘူး ...ကိုဂျက်… "

သူတို့ လျှောက်ကြည့်သည်။ ဈေးဘက်ကို ...သည်။ ဈေးနားတွင် တည်းခိုခန်းတချို့ ရှိနေသည်။ ...ည်းခိုခန်းတွေမှာ ဈေးနှင့် နီးသဖြင့် သန့်သန့်ပြန့်ပြန့် ...မရှိပါ။

ဈေးကို ကျော်လွန်လာသည်။

"ခာတ်ဆီထည့်ဦးမှ… ခာတ်ဆီနည်းနေပြီ သွန်း… "

"လုပ်လေ… "

ခာတ်ဆီဆိုင် ရှာရသည်။ ဟိုမေးသည်မေး၊မေး



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ပြင်ပဓာတ်ဆီဆိုင်တစ်ခုကို လူတစ်ယောက်က ညွှ
ပြလိုက်သည်။

ပြင်ပဓာတ်ဆီမှာ ဈေးကြီးသော်လည်း ဆို
ကယ်မို့ ဂါလံများများထည့် ၍သည် မဟုတ်ပါ။

ထိုဓာတ်ဆီဆိုင်တွင် တည်းခိုခန်းကော
ကောင်းကို စုံစမ်းသည်။

ကန်ပတ်လမ်းမှာ ရမည်ဟု ဆိုသည်။ ကန်ပ
လမ်းမှာ ကန်ကြီးဘေးရှိ လမ်းတွင်ဖြစ်သည်။

ကုက္ကိုပင်များ အုပ်စီးနေသော ကန်ပတ်လ
တွင် သန့်ပြန့်သေသပ်သော တည်းခိုခန်းနှစ်ခုသုံးခုကို တွေ
ရ၏။ ကန်ပတ်လမ်းမှာ ချောင်ကျသည်။

တည်းခိုခန်းများမှာလည်း ခြောက်သွေ့
သည်။

တည်းခိုခန်းတစ်ခုရှေ့တွင် ရပ်လိုက်၏။
မည်လေး သဘောကျသောကြောင့် အဲသည်တည်းခိုခန်း
မှုတည်သည်။

တူးအိုဆဲဗင်းဧည့်ရိပ်သာ။

TWO...O...SEVEN GUEST HOUSE.

အင်္ဂလိပ်မြန်မာနှစ်ဘာသာ ရေးထားသေ
ကပြားဆိုင်းဘုတ်ကို မော်ကြည့်၍ သွန်းက...

"နှစ်နဲ့ ခုနစ်နဲ့ပေါင်းတော့ ကိုးရတယ်... သွန်း





ခြောက်ဂဏန်းသမားဆိုတော့ ကိုးနဲ့ တည့်တယ်... "

"အိုဆိုတာ ဇီးရိုးပဲ... ဇီးရိုးဆိုတာ ဘာမှမရှိ... ဖွတ်"

"ကိုဂျက်ကလည်း ဘာမှမရှိဆိုတော့ အန္တရာယ်မရှိဘူးပေါ့... အိုကို မြန်မာအက္ခရာနဲ့ယူဆရင် "0" ပဲ... ဝဆိုတာ ပြည့်ပြည့်ဝဝ... ဝွဒ်... ကောင်းတယ်... အထဲဝင်ကြရအောင်... "

"ကောင်းပါတယ် ခင်ဗျာ... "

လူသွားစင်္ကြံဘက်မှာ မော်တော်ဆိုင်ကယ်ကို ဒေါက်ချ၍ သော့ပိတ်ကာ ဂျက်စနေက သော့ကွင်းကလေးကို လက်ညှိုးတွ င် စွပ်၍ လှည့်ကစားရင်းက သူ့အဝတ်ထည့်အိတ်ကိုဆွဲလိုက်သည်။

သွန်းကလည်း သူမ၏ငွေပါသေတ္တာနှင့်အဝတ်ထည့်အိတ်ကို ဆွဲလာသည်။

စိတ်ပျက်စရာပဲ။

တည်းခိုခန်းက ကွန်းဖွင့်မှန်တံခါးများ၊ တောက်ပြောင်သော ကောင်တာနှင့် ဧည့်ခန်းမှာ ကေရီကေးချားပုံများ စသည်တို့ဖြင့် သားနားသော်လည်း အဲသည်က လူတစ်ယောက်က တည်းခိုခန်း ပိတ်ထားကြောင်းပြောသည်။

အခြားတည်းခိုခန်းနှစ်ခုမှာလည်း ပိတ်ထားကြောင်းပြော၏။ ဘာကြောင့် ပိတ်ထားရသလဲဟုလည်း မပြောပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မြို့ထဲ ပြန်သွားရဦးမှာပေါ့ စိတ်ညစ်စရာပဲ... မြို့ထဲက တည်းခိုခန်းတချို့တလေက ညစ်ပတ်လို့ မတည်းချင်ဘူး..."

ဂျက်စနေကပြောပြတော့ အဲသည်လူက စဉ်းစားပြီး...

"ခင်ဗျားတို့က ဘယ်နှစ်ရက် တည်းမှာလဲ..."

"တစ်ရက်တည်းပါ..."

သူတို့နှစ်ယောက်က ဦးနာဂသူရာတို့ကို ပြေးလမ်းမှာ မျက်ခြည်ပြတ်လိုသဖြင့် ဝင်တည်းခြင်း ဖြစ်သည်။

"တစ်ရက်တည်းဆို ကျွန်တော်ပိုင်တဲ့ အိမ်ကလေး တစ်လုံးတော့ ရှိတယ်... လိုက်ကြည့်... ကြိုက်ရင် တည်း... မကြိုက်ရင် မတည်းနဲ့ပေါ့..."

အဲသည်လူမှာ မျက်မှန်နှင့်လူရွယ်တစ်ယောက် အသွင်ရှိကာစကားကို လေးလေးဆေးဆေး ပြောတတ်သည်။ ခေတ်ပညာတတ်တစ်ယောက်မှန်းတော့ သူ့ရုပ်ကို မြင်တာနှင့် သိနိုင်၏။

"ဒီတည်းခိုခန်းတွေက နိုင်ငံခြားသားတွေ အလည်အပတ်လာရင် တည်းနိုင်ဖို့လုပ်ထားတာပဲ... အခု ပိုင်ရှင်က စင်ကာပူထွက်သွားတော့ တည်းခိုခန်းတွေကို ပိတ်ထားလိုက်တယ်... နိုင်ငံခြားသားတွေ လာရင် ဒေါ်လာနဲ့ပေါ့ဗျာ... အခုတော့ ဘယ်ဖော်ရင်နာ (For-





eigner) မှ မလာဘူး... မြန်မာငွေနဲ့ ငှားပြန်တော့ လည်း လာတည်းတဲ့လူက နည်းတယ်... ပိုင်ရှင်လည်း စိတ်ဓာတ်ကျပြီး ပြီးခဲ့တဲ့လကတည်းက ပိတ်ထားခဲ့တာပဲ..."

ထိုသူလိုက်ပြသော အိမ်ကလေးမှာ မဆိုးလှပါ။ ကော့တိတ်(ချ်) ပုံစံ ရှိသည်။ ခြံကလေးထဲမှာ တည်နေသည်။

"ကောင်းတယ်... ဒီမှာပဲ တည်းမယ်..."

သူတို့နှစ်ယောက်ကို တည်းခိုခန်းမှလူက လင်မယားလို့ပဲ ထင်နေဟန်ရှိ၏။ သွန်း၏ သည်မှာ တည်းမယ် ဆိုသော မှတ်ချက်ကိုယူပြီး ကိုဂျက်က မေးတော့ တစ်ရက်ကို ထောင့်လေးရာဟု ပြော၏။

"ဒါဆို တစ်ဝက်စီခံလိုက်တာပေါ့..."

မိန်းမပီပီ ငွေကိုတစ်ဖက်သတ် အပွန်းအပဲ့ မခံနိုင်သော သွန်းကပြောတော့ နဂိုက မိမိပင် အားလုံးပေး လိုက်တော့မည်ဟု စိတ်ကူးရှိသည့် ဂျက်စနေမှာ သဘောကျသွားသည်။

ငွေထောင့်လေးရာကို နှစ်ဦးသဘောတူ ထုတ်ပေးသည်။ အိမ်ကလေးမှာ တည်းခိုခန်းတစ်ခုနှင့် မျက်နှာချင်းဆိုင်ရှိ လူသွားစင်္ကြံတစ်ဘက်မှာ ရှိသည်။

ငွေကိုလည်းကောင်း၊ မှတ်ပုံတင်များကိုလည်းကောင်း သိမ်းဆည်းသွားသည့်လူက အိမ်သော့ကို ပေးထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

သော့ကို ဖွင့်လိုက်သည်။

အတွင်းမှာ သပ်ရပ်သော ညှော်ခန်းလေးနှင့် အိပ်ခန်းတစ်ခုပဲရှိသည်။

ယင်းအိပ်ခန်းတွင်အိပ်ရန် သွန်းနှင့် ဂျက်စနေတို့ သူအိပ်မည် ငါအိပ်မည် လုနေကြသည်။

ဂျက်က ယောကျ်ားပီပီ နောက်ဆုံး အလျှော့ပေးလိုက်သည်။ သွန်းက ဂျက်ကို ညွှန်ကြားလိုက်သည်။

ညှော်ခန်းမှာ အိပ်စေ။

သူတို့သည် အိမ်ကလေးကို ရောက်လာတော့ ဆယ်နာရီခွဲနေချေပြီ။ မနက်အစောကြီးကတည်းက ထလာတာမို့ သွန်းမှာ အိပ်ချင်နေဟန်ဘူသည်။

"ဟာကွာ… အိပ်ခန်းက ခုတင်လည်း မရှိဘူး… ဖျာပဲ ရှိတယ်… ဖွတ်ပဲ… "

သွန်း၏ညည်းသံ။

"ဟော့… ကိုယ့်ကုသိုလ်နဲ့ကိုယ်ဖြစ်တာ ညည်းမနေနဲ့ ဒီမှာလည်း ဖျာနဲ့ပဲ အိပ်မယ်… "

"ခေါင်းအုံးလည်း မရှိဘူး… ဘာကြီးလဲဟ… "

သူတို့ပြောနေစဉ် မျက်မှန်နှင့်လူက လူငယ်လေးတစ်ယောက်နှင့်ပြန်လာသည်။ လူငယ်လေးလက်ထဲတွင် စောင်တွေ ခေါင်းအုံးတွေ ပါလာသည်။





"ရှင်တို့ အိမ်ကလေးက ကောင်းပါတယ်… ဒါပေမဲ့ ခုတင်မရှိတာတော့ ညံ့တယ်… "

"ဒီအိမ်ကလေးက ကျွန်တော့်အစ်ကို စာရေးစာဖတ် လာလုပ်တဲ့အိမ်ကလေးပဲ… သူ့မိန်းမနဲ့ တစ်ခါတလေ အပန်းဖြေတဲ့နေရာဆိုတော့ ပြီးလွယ်စီးလွယ် လုပ်ထားတာ ခင်ဗျ… "

စောင်တွေ ခေါင်းအုံးတွေကို သွန်းလက်ထဲ ပေးလိုက်သည်။

"အေးလေ… တစ်ရက်တည်းပါပဲ… ဖြစ်သလို အိပ်လို့ရပါတယ်… "

ဂျက်က ပြောတော့ မျက်မှန်နှင့်လူက…

"မြန်မာစကားရှိတယ်လေဗျ… စောင်ခြုံတော့ မလုံ၊ မေတ္တာခြုံမှ လုံတယ်ဆိုတာ… ဟဲ ဟဲ… ကျွန်တော်တို့ မြို့က ညဘက်ဆို အတော်အေးတယ်နော်… "

"စောင်ခြုံလို့ မလုံ၊ မေတ္တာခြုံမှ လုံတယ်တဲ့… အေးဗျာ ဒီစကားဟာ တော်တော်တန်ဖိုးရှိတယ်… စောင်ဈေးတွေတော့ ကျဦးမှာပဲ… မေတ္တာပေးတဲ့လူတွေ အတော်တော်များမှ ဖြစ်မယ်… "

ပြောရင်းပင် သွန်းဘက်ကို စောင်းကြည့်သည်။

သွန်းမျက်စောင်းကလေးက အငြိမ်မနေပါ။ ဂျက်စနေ၏ နှလုံးသားကို တိုက်ရိုက် ဒိုင်းခနဲ ထိမှန်ပြီးသား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။

"ရော့... ခင်ဗျားတို့ မှတ်ပုံတင်တွေ... ဓာအုပ်ထဲမှာ ကူးပြီးပြီ... ညဘက်ဆည့်စာရင်းလာစစ်ရင် ကျွန်တော် ဘက်လွှတ်ပေးလိုက်... ကျွန်တော့်နာမည်က မျိုးမြ ဦး... "

သူ့အမည်ကို မိတ်ဆက်ပေးရင်း သွန်းကိုတော မသိမသာလေး ကြည့်ပြီးမှ ထွက်သွားသည်။

"သွန်းတော့ အိပ်တော့မယ်... အိပ်ချင်နေတယ်... "

အတက်ချိကေ့(စ်)ကို ဘေးတွင့်ချပြီးတော သွန်းက ခေါင်းအုံးပေါ်တွင် ခေါင်းတင်လိုက်သည်။

အိပ်ချင်စိတ်ပြင်းနေသော သူမသည် တခဏ လေးအတွင်းမှာပင် အိပ်ပျော်သွားသည်။

ဂျက်စနေကို သူမ ယုံသည်။

သူမအား ကိုယ့်ကားယား လုပ်လိမ့်မည်မဟုတ် ဟူသော ယုံကြည်ချက်က သွန်းနှလုံးသားတွင် စွဲမြဲပြီးသား

ဆယ်နာရီခွဲကျော်ကျော်က အိပ်ပျော်သွားခဲ့ပြီ သော သူမသည် ဆယ့်နှစ်နာရီကျော်မှပဲ နိုးလာသည်။

နေရောင်သည် အိမ်ကလေး၏ ပြတင်းမှန်ချ ရွတွေကို ဖောက်ပြီး အိပ်ခန်းထဲသို့ ပြင်းပြင်းလင်းလင်း ဝင်နေ၏။

နေရောင်ဟပ်သောအပူရှိန်ကြောင့် သူမ နိုးလာ





ခြင်းပါ။

ထထချင်း သူမအိပ်ခန်းဝသို့ လှမ်းကြည့်မိ၏။ ရင်ထဲတွင် ဟာသွားသည်။

ဂျက်စနေကို မတွေ့ရတော့ပါ။

"ကိုဂျက်စနေ... "

သူမကခေါ်လိုက်၏။ ဂျက်စနေ၏ အဝတ် ထည့်အိတ်လည်း မတွေ့။

သည်လူ ဘယ်ရောက်သွားပါလိမ့်။

"ကိုဂျက်စနေ... "

အသံမြှင့်ခေါ်လိုက်သလို ဧည့်ခန်းကို ဖြတ်ပြီး တော့ အိမ်ပြင်သို့ ပြေးကြည့်၏။

တံခါးဖွင့်ကာ ကြည့်သော်လည်း မတွေ့တော့။ သူမရင်ထဲမှာ သက်ာရန့်မကောင်းစိတ်တွေ တိုးဝှေ့လာ၏။

တံခါးရွက်တွေကို စေ့ထားလိုက်သည်။ထို သည်နောက် သူမအိပ်ခန်းထဲ ပြန်ဝင်ပြေးသည်။

အို... ။

ရင်တစ်ခုလုံး ဗိုသွားသလို မျက်လုံးကလေးတွေ ပြူးခနဲ ဖြစ်သွား၏။

သူမ မအိပ်မီက သူမအိပ်ရာနားတွင် ချထားခဲ့ သည့် ငွေသေတ္တာက မရှိတော့။

သူမစိတ်ထဲတွင် ဆောက်တည်ရာမရသော

www.burmeseclassic.com



ဒေါ်သဲတွေ ဖြစ်လာသည်။

ဂျက်စနေ သူမကို သစ္စာဖောက်သွားချေပြီ။

သူမ ယုံကြည်ထားမိသမျှ ဂျက်စနေက ထိုယုံကြည်ချက်ကို ထိုးဖောက်ချိုးဖျက်သွားခဲ့ချေပြီ။

ဂျက်စနေ လစ်သွားပြီ။ ငွေသေတ္တာပါ ပါသွားခဲ့ချေပြီ။

"ဟင်း... ဒီလူ... ခွေး..."

ဒေါ်သသံလေး ထွက်သွားသည်။ စိတ်ရှိလက်ရှိ သူမအိပ်သော ခေါင်းအုံးကို ကန်ထည့်ပစ်လိုက်၏။

မိမိကို တစ်ပတ်ရိုက်သွားတာပဲ။ မိမိကလည်း ယုံမိသကိုး။ သူ့ရုပ်သူ့ရည်နှင့် မိမိအပေါ် ကောင်းတာလေးတွေကြောင့် ယုံမိခြင်းဖြစ်၏။

ဒါဆို...

သူမက မော်တော်ဆိုင်ကယ်ကို သွားတွေး၏။ တည်းခိုခန်းပလက်ဖောင်းပေါ်မှာပဲ ရပ်ထားခဲ့သည်။

သူမ၏ဂျင်းဘောင်းဘီအိတ်ထဲ နှိုက်လိုက်သည်။ ဆိုင်ကယ်သော့ကို တွေ့မှ သက်ပြင်းချမိ၏။

သွားပြီ... ငွေသိန်းနှစ်ဆယ်ရော၊ နိုင်ငံခြားငွေ လုပ်ဖလင်ဒီဗိုင်းနှစ်ခုပါ ပါသွားပြီဖြစ်၏။

စိတ်ပျက်အားလျော့စွာ အိပ်ခန်းထဲကို မှီလိုက်သည်။





လုပ်ရက်လေ ဂျက်စနေရယ်။

ရင်ထဲမှာ နာသွားသည်။ သာမန်အချိန်ကလေးမှာ လုပ်လိုက်လျှင် ဒါလောက်ခံစားရမည် မဟုတ်။

ယခု တပူးတွဲတွဲ သွားလာမိတော့ သံယောဇဉ်ရစ်ပတ်လာသည်။ နှလုံးသားထဲမှာ ဂျက်စနေကို ချစ်မိသော အချစ်မြားကလေးစူးဝင်နေရာ ယခုထိုအချစ်မြားကလေးကြောင့်မမှန် ပန်းမမှန်ဖြစ်ရချေပြီ။

မျက်လုံးကလေးတွေ မှိတ်လိုက်၏။

မျက်ဝန်းစပ်တွင် မျက်ရည်စကလေးများစို့စွတ်လာတော့သည်။

ဂျက်စနေ ဘယ်ကို သွားမလဲ။

သူ့စာရေးဆရာဆိုတော့ ရန်ကုန်ကလွဲပြီး ဘယ်ကိုမှ သွားမည်မဟုတ်ပါ။

ဒါဆို ရန်ကုန်ကို လိုက်ပြီး သူ့ကို ရှာရတော့မှာပဲ။

အတွေးတွေကို အသံတစ်သံက ဖြိုဖျက်ပစ်လိုက်၏။

စေ့ထားသော တံခါးရွက်နှစ်ချပ်သည် ဝုန်းခနဲ ပွင့်ထွက်သွားသည်။

ထိတ်လန့်မှုနှင့် အိပ်ခန်းပြင်သို့ သူမ ငုံကြည့်လိုက်သည်။ မော်တော်ကားအင်ဂျင်တစ်ခု စက်သပ်သံ



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆိုင်းသွားသလား အောက်မေ့ရသည်။

ဒိန်းခနဲ တုန်သွားမှုက နှလုံးသားထဲတွင် ခံစား
ရမိသည်။ မျက်လုံးတွေ အကြောင်သားနှင့် ကြည့်နေမိ၏

လူသုံးယောက်က အခန်းထဲကို ပိုင်စိုးပိုင်နင်
ဝင်လာကြသည်။ လူတစ်ယောက်၏ လက်ထဲမှာ ပစ္စတို(လ်
တစ်လက် ကိုင်ထားသည်။

ဗလကျော်သူပဲ။

နောက်နှစ်ယောက်က ဦးနာဂသူရာနှင့် ဖိုးဒိ

တဲ့ငနဲ။

"အချိုရှာ တကာတွေ... အပျိုရှာ ကညာတွေ တဲ့
တိုက်ရိုက်ကို တွေ့တော့တာပဲနော်... မင်း မလှုပ်ပါ
သွန်းရွှေစင်... "

သေနတ်က သွန်းရွှေစင်ကို တန်းတန်းမ
မတ် ချိန်ထားပြီးခဲ့ချေပြီ။

သွန်းရွှေစင်မှာ စိတ်ဓာတ်ကျသွားခဲ့ပြီးမို့ မလှု
မယှက်ဘဲ ရပ်နေမိ၏။ ခုခံဖို့ကိုလည်း စိတ်မကူးမိပါ။

ဦးနာဂသူရာသည် သွန်းကို တွေ့သောအ
တွင် ဒေါသဖြစ်မှု၊ နာကြည်းမှုတွေလည်း မဖော်ပြပါ။
ဆေးတည်ငြိမ်မှုနှင့်သာ ကြည့်နေမိ၏။

ဖိုးဒိကတော့ သွန်းကို ကြည့်လျက်က
တော်ချော့တဲ့မိန်းမပဲ၊ အလုံးအထည်ကလည်း လုပတော





တင်းပါဘိသနဲ့၊ ဆရာကြီးနာဂကျမည်ဆိုလည်း ကျလောက်
စရာပေပဲဟု တွေးနေမိ၏။

"မင်းပြေးဖို့ မကြိုးစားနဲ့ သွန်း... ပြေးပေါက် မရှိတော့
ဘူး နားလည်လား... "

"ကျွန်မ မပြေးပါဘူး... ပြေးဖို့လည်း မလိုတော့ပါဘူး"

မျက်နှာမှာ စိတ်ပျက်အားလျော့ပုံပေါက်နေ
သလို လေသံမှာလည်း လျော့ရိလျော့ရဲနိုင်လှသည်။ သူမကို
စကားပြောမိသော ဗလကျော်သူက တစ်ခန်းလုံးကို သိမ်းကျုံး
အကဲခတ်၍ သွန်းနှမူးကို သေနတ်ပြောင်းနှင့် တော့ကာ အသံ
မာမာနှင့်...

"ကုလားထိုင်ပေါ်မှာ ထိုင်လိုက်စမ်း သွန်း... "

သွန်းသည် ဖြည်းလေးစွာပင် ကုလားထိုင်ပေါ်
သွားထိုင်သည်။ သေနတ်က သူမနှင့် ကပ်လိုက်လာသည်။

သွန်း အေးဆေးလိုက်လျောမှုကို ဗလကျော်သူ
တော ဦးနာဂသူရာကပါ မယုံ။

သည်ဟာမက ဉာဏ်များပြီးသား။

"ကဲ ဘော့(စ်)... ကျွန်တော့်တာဝန်က သွန်းကို အရ
ဖမ်းပြီးတော့ ဘော့(စ်)လက်ထဲ အပ်လိုက်ရုံပဲ... အခု
အပ်လိုက်ပြီ... ဘော့(စ်) ကြိုက်သလို စီမံပေတော့"

ဦးနာဂသူရာသည် တည်ငြိမ်စွာပင် သွန်းရှေ့
သို့ တိုးကပ်ရပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ငွေတွေနဲ့ ကောင်တာဖိတ်ဒီဇိုင်းဖလင်တွေ ပြန်လို ချင်တယ်... အဲဒါ ဘယ်မှာလဲ အခုပေး..."

"သွန်းပေးချင်ပါတယ် ဦး... ဒါပေမယ့် လက်ရှိမှာတော့ ပေးလို့မရတော့ဘူး..."

"ဖောင်း..."

ရိုက်ချက်က ပြင်းပါသည်။ သွန်း၏မျက်နှာ ကလေးသည် တစ်ဘက်သို့ပင် လည်ထွက်သွားသည်။

ယောကျ်ားတစ်ယောက် လက်ဝါးရာကို သွန်း တစ်သက်၌ပါးပြင်ပေါ်တင်ခံလိုက်ရခြင်းသည် ဒီတစ်ကြိမ်မှာ ပထမအကြိမ်ဟု ဆိုရပါမည်။

"နင့်မျက်နှာချောချောလေး ငါ ရုပ်ပျက်ဆင်းပျက် ဖြစ် အောင် မလုပ်ချင်ဘူး သွန်း... ငါ့ငွေတွေ ဘယ်မှာလဲ အခုပေး..."

သွန်းသည် ပူထူကျိန်းစပ်ရုံမက နာကျင်သွား သော ပါးကလေးကို လက်ဝါးကလေးတစ်ဖက်နှင့် ပွတ်လိုက် ၏။ အသည်းထဲမှာ ဦးနာဂသူရာလုပ်ပုံက မနာ၊ ဂျက်စု လုပ်သွားပုံကသာ နာနေသည်။

နှုတ်ခမ်းပြည့်ပြည့်လှလှကလေးကို တင်းတင်း စေ့လိုက်သည်။ ရှုးဝင်၍ ဒေါသရောင်ပြေးနေသော မျက်လုံး ကလေးများနှင့် လက်ဝါးတံဆိပ်ခပ်နိုပ်ပေးသူကို မော်ကြည့် ကာ...





"ကျွန်မ အမှန်ပြောမယ် ဦးနာဂသူရာ... ကျွန်မမှာ ပါတနာတစ်ယောက်ရှိခဲ့တယ်... ဂျက်စုနေတဲ့... အခု သူက ဒီငွေတွေကို ခိုးသွားတယ်... ကျွန်မ အိပ်နေတုန်း ခိုးသွားတာ..."

"ဘော့(စ်)မယုံနဲ့..."

ကြားမှ ဗလကျော်သူက ဝင်ပြောပြီး ချဉ်တုံး တုံး အကြည့်နှင့် ကြည့်ပြီး...

"မိန်းမသစ္စာ... မှုသားသာတည့်... စာဆိုရှိခဲ့တယ် ဘော့(စ်)... သူကတော့ လျှာကို ကစားနေမှာပဲ..."

"သေချင်းဆိုး..."

"အို... သီချင်းဆိုသံလေးပါလား... သိပ်တော်..."

"ဖောင်း..."

ဗလကျော်သူလက်ရာကလည်း မသေးပါ။ ဆားမှုကြည့်နေသော ဖိုးဒီတွင်ပင် သွန်းကို သနားစိတ်ပေါက် သာ၏။ ခေါင်းကလေး ယိမ်းသွားပြီး နာကျင်မှုကြောင့် မျက်ရည်ပေါက်ပေါက်ကျဆင်းလာသော သွန်းအဖြစ်ကို မမြင်ရက်သလို မျက်နှာလွှဲလိုက်၏။

"ငွေတွေ ဘယ်မှာလဲ..."

"မသိဘူး..."

"ခွပ်..."

ဦးနာဂသူရာလက်သီးက ဆတ်ဆတ်ကလေးပ



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသည်။

"အမေ့... "

ညည်းသံကလေးသည် သွန်းနှုတ်မှ ထွက်လာသည်။

သူမသည် တကယ်သတ္တိရှိသော မိန်းကလေးပါ။ အနားတွင် သေနတ်ကိုင်ထားသော ဗလကျော်သူ၏ ပေါင်ကြားကို သူမ၏စီးထားသော ထူထဲသည့် ကြိုးသိုင်းဖိနပ်အနက်ကလေးနှင့် ဆောင့်ကန်ပစ်လိုက်တော့သည်။

"အားလား... "

ဗလကျော်သူလက်က ထိမှန်ရာကို လက်က အုပ်ကာ မုန့်အုပ်ကလေးဖြစ်သွားသည်။ ဒူးတွေ ကွေးသွားသည်။ သေနတ်လွတ်ကျသွား၏။

"ဟာ... အစ်ကိုရယ်... "

သူ့ဆရာအတွက် စိုးရိမ်သောကဗျာပါဒနှင့် ဖိုးဒိ ကပြေးလို့ မွေ့လိုက်သည်။

"အိ- အိး... "

ဗလကျော်သူ ခံစားချက်က မသေးပါ။

ဝက်သံပေးသည်။ ပါးစပ်မှ အမြှုပ်ထွက်ကာ ညည်း၍မျက်နှာကြီး ရှုံ့မဲ့နေသည်။

သွန်းက သေနတ်ကို ပြေးကောက်လိုက်သည်။

ဦးနာဂက သွန်းမြန်တာထက် ပိုရာခိုင်နှုန်းပြည့်





ခြိုလှသည်။ ခြေတံရှည်ကြီးက သေနတ်ကို ကန်ထည့်လိုက်သေးသား။

သေနတ်က တံခါးပေါက်ဘက် လွင့်ထွက်သွား၏။ သွန်းမှာ သေနတ်နှင့် လက်နှင့်ပေါင် မထိလိုက်မိရှာ။

ဆံပင်တွေကို ဆောင့်ဆွဲခြင်း ခံလိုက်ရရှာ၏။

"ကောင်မ... နင့်ကိုယ်နင်ဘာထင်နေသလဲ... ထိုင် စမ်း... "

ကုလားထိုင်ပေါ်သို့ သွန်းကို ဆံပင်များ ဆုပ်ကိုင်ဆွဲရင်းက ဦးနာဂသူရာဟ ကြမ်းတမ်းရိုင်းပျစွာ ဆောင့်ထိုင်ခိုင်းလိုက်သည်။ ထို့နောက် ဝမ်းဗိုက်ထဲကို လက်သီးတစ်လုံးပစ်သွင်းပေးလိုက်တော့၏။

သွန်းမှာ အောင့်သွားသော ဝေဒနာကြောင့် ကော်ဖြူတောင် လန်သွားရှာသည်။

"ဖိုးဒိ... ဟိုကောင့်ဝမ်းဗိုက်အောက်သီးစပ်ထက်ကို နှိပ် ပေးလိုက်... "

ဖိုးဒိက သူ့ဆရာကို ဦးနာဂသူရာ၏ ညွှန်ကြားချက်အရပြုနေပေးနေစဉ် ဦးနာဂက သည်တစ်ခါတော့ ဒေါသနှင့်...

"နင့်ကိုယ်နင် လူစွမ်းကောင်းကြီး လုပ်မယ် မကြံနဲ့ မိသွန်းရွှေစင်... ဒီမှာ တွေ့လား... "

ခါးကြားထဲတွင် ထိုးထားသော သေနတ်ကိုဆွဲ



www.burmeseclassic.com

www.burmeseclassic.com



နှိုက်၍ ဦးနာဂက ကြိမ်းမောင်းပြီး သေနတ်ပြောင်းကို သူမ၏ လည်မျိုတွင် ထောက်လိုက်သည်။

သွန်းက မျက်လုံးကလေးများ မှိတ်ထားသည်။ ကယ်မည့်သူလည်း ဝေးသည်။

ဘယ်သို့လွတ်ပေါက်ရှာ၍ ပြေးပေါက်ရှာရမည်ကို ဝေဒနာကြားမှ စဉ်းစားနေသည်။

ခုခံကာကွယ်တာထက် မိန်းမညဏ်သုံးတာက လွတ်ဦးမည်။

"ငါ့ငွေတွေ ပြန်ပေးစမ်း... ဘယ်မှာလဲ..."

"ရှိပါတယ်..."

အားပျော့သံလေးနှင့် သူမက ဆိုသည်။

"ဒီကောင်မကို သတ်ပစ်လိုက်..."

ဖိုးဒီ၏ပြုစုမှုအောက်မှာ ပြန်သတိရလာသော ဗလကျော်သူက ဒေါသနှင့်ပြောရင်း လူးလဲထလိုက်သည်။

"ဘယ်မလဲ... ဘယ်မှာထားလဲ..."

"ပေးပါ့မယ်... ရှင့်သေနတ်ကြီး ခွာလိုက်ပါ..."

အသံသဲ့သဲ့လေးနှင့် ပြောမှ သေနတ်ကို ဦးနာဂက ခွာလိုက်သည်။

သူတို့အားလုံး ကျောခိုင်းနေပြီး တံခါးပေါက်ကို သွန်းတစ်ယောက်ကသာ မျက်နှာမူနေ၏။

သွန်း၏မျက်လုံးများထဲတွင် အံ့အားသင့်မှု





ပေါက်သွားသည်။ တံခါးရွက်များ ပွင့်နေလျက် ထိုတံခါးရွက်ကြားမှ လက်တစ်ဘက်ထိုးဝင်၍ ကျနေသော သေနတ်ကို ကောက်ယူနေခြင်းပင်။

သွန်းသည် အံ့အားသင့်မှုကို ချက်ချင်းဖယ်ရှားလိုက်သည်။ မျက်လုံးကလေးတွေကို မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်နေပြီး အသာထလိုက်၏။

တကယ်တော့ ခန္ဓာကိုယ်ကို ဖျော့ကာ အားသွင်းလိုက်ခြင်း ဖြစ်သည်။ ချက်ချင်းပင် လည်ချောင်းသံကလေးနှင့် ကြုံးဝါးအော်ဟစ်ကာ ဦးနာဂသူရာ၏ ရင်ဘတ်ကြီးကို သူမ၏လက်ကလေးနှစ်ဘက်နှင့် ဆောင့်တွန်းပစ်လိုက်တော့၏။

ထိုစဉ်မှာပင် တံခါးရွက်ကြားတွေထဲ လူတစ်ယောက်က ဝုန်းခနဲ ခုန်ဝင်လာသည်။

"အားလုံး ငြိမ်ငြိမ်နေလိုက်ကြစမ်း... ကိုယ့်အသက်ကိုယ်နှမြောရင် ငြိမ်ငြိမ်နေ..."

ဝင်လာသူမှာ သွန်းကပြန်မတွေ့တော့ဟု မျှော်လင့်အောက်မေ့ထားသည့် ဂျက်စနေပဲ ဖြစ်နေသည်။

"ကိုဂျက်..."

ဂျက်စနေကို သူမက ဝမ်းသာအားရအသံပြုလိုက်သော်လည်း ဂျက်စနေက သူမကို ဂရုမစိုက်ပါ။

ဂျက်စနေ၏လက်တွင်းမှာက ခုလေးတွင်



www.burmeseclassic.com

www.burmeseclassic.com



တောက်ယူရရှိလိုက်သည့် ဗလကျော်သူ၏သေနတ်။

နောက်ပြန်လဲသွားသော ဦးနာဂသူရာမှာ မထင်မှတ်ဘဲ ဝင်လာသော ဂျက်စနေကြောင့် ကြောင်ကြည့် ကြည့်နေသည်။

"ဟိုလူ သေချင်လား... နောက်ဆုတ်... "

ဗလကျော်သူကိုပါ သေနတ်နှင့် ချိန်ကာ ဆတ်ပြ၍ ပြောလိုက်သည်။ မျက်နှာက အေးစက်စက်နှင့် တင်းမာသည်။

"ဂျက်စနေက မင်းကိုး... "

"ဟုတ်တယ်... ဂျက်စနေဟာ ကျုပ်ပဲ... ဟိုလူကြီး ခင်ဗျားလက်ထဲက သေနတ်ကို လွှတ်ချလိုက်စမ်း... ကျုပ်သေနတ်နဲ့ စကားမပြောချင်ဘူး... "

ဂျက်စနေ ပြောလို့သာပြောသည်။

ဦးနာဂသူရာလက်တွင်းမှ သေနတ်ကို သွှန်းက ပါးနပ်ဖျတ်လတ်စွာ လုယူလိုက်ပြီးသလို...

"ခွပ်... "

"ခွပ်... "

ရိုက်သံက နှစ်ချက်။

သေနတ်ပြောင်းဒဏ်ကြောင့် ကြမ်းပြင်ပေါ်သို့ ခေါင်းနှင့်ကိုယ်ပါ တပ်တပ်အပ်အပ်ထိကာ ဦးနာဂသူရာ ငြိမ်သက်သွားတော့သည်။





သွှန်း လက်မြန်ပါပေသည်။ ရိုက်ပြီးသည်နှင့် သေနတ်ကို လက်ကလေးနှစ်ဘက်နှင့် ကိုင်ကာ ဗလကျော်သူဘက်သို့ ထိုးချိန်လိုက်သည်။

"သွှန်း... "

သတိပေးသလို ဂျက်စနေက အသံပြုလိုက်၏။ ဒါကို ဗလကျော်သူက မဲ့ပြုံးလေး ပြုံးပြ၍...

"မင်းတို့... ငါ့ကို မပစ်ရဲပါဘူးကွ... "

"ဘာလို့ မပစ်ရဲရမှာလဲ... ခင်ဗျားကို မသေစေဘဲ အရှင်လတ်လတ် အရေခွာချင်လို့ သွှန်းကို ကျုပ်က ဟန့်လိုက်တာ... "

"မင်းလို မိန်းမရှာလို ဂျိဘုန်းလိုလို အခြောက်လိုလို အကောင်က... "

"အူ့ကြောင်ကျားစကားတွေ ပြောမနေနဲ့... အကြောင်း သိရအောင် စမ်းကြည့်ပေါ့... "

"ဟား... ဟား... မင်းက ယှဉ်ချင်လို့လား... "

ဗလကျော်သူက မရယ်ချင်ရယ်ချင်သံပေးသည်။ သူ့အတွက် ထွက်ပေါက်က ဂျက်စနေကို ယှဉ်ပြီးထွက်ပေါက်ရှာရုံပဲ ရှိသည်။

သူ့ကိုယ်သူလည်း နိုင်လိမ့်မည်ဟု ယုံသည်။

"မင်းယောကျ်ားပီသရင် သေနတ်ကို ဖယ်လိုက်... "

"ခင်ဗျားလို... ခွေးလို အနံ့လိုက်ခံနေတဲ့လူကြေးကာ



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားပီသလို့လား… ဟာ ဟိုကောင် ငြိမ်ငြိမ်နေ
သေနတ်ရှိရင် လက်မလှုပ်နဲ့လေ… လက်ကျည်စား
သွားလိမ့်မယ်… ”

ဖိုးဒီလက်က ခါးနောက်ကြားဆီဘက်သို့ တရွေ့ရွေ့သွားနေသောကြောင့် ဂျက်စနေက သတိပေးလိုက်သည်။

သွန်းက ဖိုးဒီကို တွန်းထိုး၍ ခါးကြားနောက်မှ ဝက်ဘလေအမျိုးအစား ခြောက်လုံးပြူးကို ဆွဲယူလိုက်၏။

ဖိုးဒီမှာ သွန်းဆီမှ မွှေးပျံ့သော ရနံ့တွေကို ရှူရှိုက်ကာ သွန်းကို ကြိုက်ချင်စိတ်ပင် ဖြစ်လာသည်။

နောက်ဝင်လာသည့်ငနဲက ခပ်ချောချော။

တော်တော်ကို ချောတဲ့ကောင်။

သူနှင့်သူမ ဘယ်လိုသက်ဆိုင်နေကြသလဲ။

အတွေးက ဆက်မတွေးနိုင်ရှာပါ။ ခေါင်းတစ်လုံး အရာဝတ္ထုတစ်ခုလုံးနှင့် ဆောင့်မိသလို နာကျင်ထုပူသွားသည်။

မျက်လုံးထဲ မီးတွေ ပွင့်ထွက်သွားသည်။

အမှောင်ကိုပဲ အားပြုလိုက်ရသည်။

ခေါင်းကို သေနတ်ပြောင်းနှင့် ရိုက်နိုင်လောက်အောင် လက်ယဉ်နေသော သွန်းကို ဂျက်စနေ ချီးမွမ်းရမလား။ အံ့သြရမလား။

“လူနှစ်ယောက်တော့ အောက်သွားပြီ ကိုဂျက်ရေ—





ပွဲတစ်ပွဲလောက်တော့ နွှဲချင်နွှဲလိုက်ပေါ့… ”

သွန်းစကားအဆုံးတွင် ဂျက်က သူ့သေနတ်ကို သွန်းလက်ထဲသို့ ကမ်းပေးလိုက်သည်။

လဲနေသူနှစ်ယောက်ကို ကြည့်၍ ဗလကျော်သုံ့ ဒေါသတွေ ဆူဝေလာသလို နီးကပ်မှု ရှိသွားသော ဂျက်စနေအား လွှားခနဲ ခုန်အုပ်လိုက်၏။

ဝုန်းခနဲ နှစ်ယောက်လုံး ထွေးလုံးကျသွားသည်။ ကုလားထိုင်တွေကြားထဲကျသွားတာကြောင့် ဝုန်းဝုန်း ဒိုင်းဒိုင်းအသံတွေ ပေါ်လာသည်။

ဂျက်စနေက အောက်မှာရောက်နေပြီး အပေါ်မှ ဗလကျော်သူက ခွစီးကာ ဂျက်စနေလည်ပင်းကို လက်ကြီးနှစ်ဘက်နှင့် ညှစ်သည်။

ဂျက်စနေက ကုန်းရုန်းထ၏။

ထလို့မရအောင် ငနဲသားက ဝမ်းဗိုက်ပေါ် ခွစီးထားသည့်ပြင် ညှစ်နေသော လက်နှစ်ဘက်ကလည်း သန်မာလှ၏။

သွန်းသည် ယောကျ်ားနှစ်ယောက် သတ်သည်ကို စိတ်ဝင်စားစွာ ကြည့်နေသည်။

ကိုဂျက် ညာလက်သီးရော ဘယ်လက်သီးပါ ခင့်လက်သီးများအဖြစ် ဝင်သွားသည်။

ဗလကျော်သူက လက်သီးတွေကို ဂရုမစိုက်ဘဲ

www.burmeseclassic.com



အားစိုက်ထုတ်ပြီးထား လည်ပင်းကို ညှစ်ရာ ဂျက်စနေ အသက်ရှူကျပ်လျက် မျက်လုံးများ ပြာမိုက်စပြုလာ၏။

သူ့လက်နှစ်ဘက်က ချက်ချင်းဆိုသလို ဗလ ကျော်သူ၏ညှစ်နေသော လက်ချောင်းများထဲမှ လက်သန်း နှစ်ချောင်းကို ရှာဖွေ၍ ထိုလက်သန်းတွေကို မိမိရရ ထိုးကော် ဆုပ်ကိုင်လိုက်၏။

ဆတ်ခနဲ ချိုးလိုက်သည်။

လွှတ်ခနဲ အော်သံနှင့်အတူ ဗလကျော်သူ၏ လက်ချောင်းတွေက ဂျက်စနေ၏လည်ပင်းမှ ကွာထွက်သွား သည်။

"ဗွပ်... "

ဂျက်စနေလက်သီးချက်တစ်ချက်က ပိုင်ပိုင်နိုင် နိုင်ကြီးပဲ ဗလကျော်သူ၏မေးအောက်ကို ဝင်သွားသည်။

ငနဲသားနောက်ဘက်ကို ယိုင်အသွား ဂျက်စနေ လူးလဲထလိုက်သည်။ လူချင်းကွာသွားသည်။

ဂျက်စနေက ပါးစပ်ဟပြီး အသက်ကို ရှူ ဗလကျော်သူ၏ ဘယ်လက်သီးညာလက်သီးတွေက ဆင့်ဆင့် ဝင်လာသည်။

ဂျက်စနေက ခေါင်းကို တိမ်း၍သဖွယ် ရှော ၍ တစ်မျိုးလှုပ်ရှားပေးသည်။

"ကိုဂျက်ကွ ချလိုက်စမ်း... တီးလိုက်စမ်း... "





လက်ဗှေ့ပွဲတစ်ခုကြည့်နေရသလိုပဲ သွန်းက အားပေးနေသည်။ နောက်တစ်ချီ ဝင်လာသော လက်သီးတစ် လုံးကို ခေါင်းငုံ့ရှောင်လိုက်နိုင်သော်လည်း ဂျက်စနေ၏ နှုတ် ခမ်းထောင့်ကို ပွတ်ထိသွားသည်။

ဗလကျော်သူက ပြုံးပြလိုက်၏။

ဂျက်စနေက နှုတ်ခမ်းထောင့်မှ စွန်းထင်းလာ သောသွေးစများကို လက်မနှင့် တို့ကြည့်ကာ မျက်ခုံးတွေ မြင့် ပခုံးကို တွန့်ပြလိုက်သည်။ လက်မမှ သွေးစများကို ခေါင်း မှ ဆံပင်တွေမှာ သုတ်လိုက်၏။

လက်ဗှေ့သမားတစ်ယောက်လို လက်တွေကို ဖြင်ကာ မထီတရီအမူအရာနှင့် ဗလကျော်သူအား ဘယ် ထောက်လက်သီးကို ပစ်သွင်းပေးလိုက်သည်။

ဗလကျော်သူက ထိုလက်သီးကို ရှောင်စဉ် ဂျက် စနေက ဆတ်ခနဲ သူ့လက်သီးကို ပြန်ရုပ်ပြီး ညာဖြတ်လက် သီးနှင့် ဗလကျော်သူ၏ တစ်ဘက်နံဘေးကို ထိုးလိုက်သည်။

လက်သီးက နံစောင်းတစ်နေရာကို ထိသွား သည်။ ဗလကျော်သူက အရေးမစိုက်သည့်အသွင်နှင့် ခေါင်းခါ ပြစဉ် ဂျက်၏ တစ်ကိုယ်လုံးမှာ ဆတ်ခနဲ ပွတ်တိုင် သည့်သလို လည်သွား၍ ညာခြေနှင့် ခြေပြန်ပစ်ခတ်ပစ် လိုက်သည်။

"ဖြောင်း... "



www.burmeseclassic.com

www.burmeseclassic.com



ထိုခြေကို ဗလကျော်သူက မျှော်မှန်းမထားပါ။

မမျှော်မှန်းဘဲ ဝင်လာသော ညာခြေပြန်ပတ် ကန်ချက်ကို မတွန်းလှန်နိုင်ဘဲ မိမိရရကြီး ခေါင်းနံဘေးမှာ ခံလိုက်ရ၏။

ခေါင်းတစ်ခုလုံးပြုတ်သွားတော့မလားထင်ရ၏။

သူ့ကိုယ်ဟန်ကပျက်၍ ခေါင်းထဲ မိုက်ခနဲ ခံ လိုက်ရစဉ်မှာ ငါတော့သွားပြီဟူသော အသိက ခေါင်းထဲ လား ကိုယ်ထဲလား မသိ၊ ခွဲခြားမရ ပြေးဝင်လာခိုက် ဂျက်စနေ ညာကောက်လက်သီးက အရှိုက်ထဲကို တိုးဝင်သွားသည်။

ကိုယ်ဟန်အနေအထားက ဦးညွှတ်အရှိအဖေ ပေးဟန် ပေါက်လာသည်။ လေးစားလာသော သူ့ကို ဖ မိုးရှင်းတိုးမြှင့်ပေးရန် ရာထူးကတော့ ဂျက်စနေ၏ ကွန်ဘိုင် နေရှင်းတွဲလက်သီးများပင် ဖြစ်သည်။

မျက်နှာနှင့်ကိုယ်တွင် လက်သီးတွေကို ငါးပိ သိပ် ငါးချဉ်သိပ် ခံလိုက်ရပြီးသည်နောက် မှောက်ထွက်သွား တော့၏။

လေတွေကို ရှူလိုက်ထုတ်လိုက်လုပ်ပြီးမှ...

"အား... မောလိုက်တာ မလွယ်ပါလား..."

ပြောရင်းက သူ့ကိုများ လာရောက်ပြုစုမေး မလားဟူသော အတွေးလေးနှင့် သွန်းကို စောင်းကြည့်လိုက် သည်။





သွန်း အနားကပ်လာပါသည်။

သို့သော် ပြုစုဖို့ မဟုတ်ပါ။

သေနတ်ပြောင်းနှင့် သူ့နှာခေါင်းဝကို ထိုး တောက်လိုက်သည်။

"ကိုယ့်လူ... ရှင် လူလည်မကျနဲ့..."

"ဘာ လူလည်ကျလို့လဲ..."

"ကျွန်မငွေတွေ ရှင်ဖျောက်သွားပြီမဟုတ်လား... အိပ်ရာက ကျွန်မနိုးနိုးချင်း ရှင့်ကို မတွေ့ဘူး... ငွေ သေတ္တာပါ ယူသွားတယ်..."

ဂျက်က အရေးမထားသလို...

"လုပ်မနေနဲ့... ခင်ဗျား သေနတ်ကြီး ဖယ်လိုက်..."



www.burmeseclassic.com

www.burmeseclassic.com



## ✣ ဇာတ်လမ်းစဉ် (၉) ✣

"ရှင့်ခေါင်းထဲ ကျည်သွင်းပြီးရင် ဖယ်လိုက်မယ်..."

"ဘာတွေ လာပြောနေတာလဲ... ခင်ဗျားငွေကို ကျု
က ဘာလုပ်ရမှာလဲ..."

"ငွေသေတ္တာ မရှိတော့ဘူး..."

"အဲဒီငွေသေတ္တာကို ကျုပ်နောက်ဖေးဘက်မှာ ဝှက်ထ
ခဲ့တာပဲ... ရေတိုင်ကီအောက်မှာ ရှိတယ်... ကျုပ်တို့
ထပင်းမစားရသေးဘူး မဟုတ်လား... ခင်ဗျား အိပ်ရ
အိပ်ပါစေတော့ဆိုပြီး စေကနာ့ခနဲ့ မနိုးဘဲ ဒံပေါ
သွားဖယ်တာပဲဟာ..."

"ဟင်... ဒါဆို ရှင်လစ်သွားတာ မဟုတ်ဘူးပေါ့..."

"ဘာလို့ ကျုပ်ကလစ်ရမှာလဲ... မယုံရင် အပြင်
ကပြင်ဖိနပ်ချွတ်မှာ သွားကြည့်... ဒံပေါက်ထုပ်





ထုပ်တွေ့လိမ့်မယ်... စကားပြောသံတွေ ကြားလို့
ချောင်းကြည့်လိုက်တော့ ဟိုလူကြီးက ခင်ဗျားကို
သေနတ်နဲ့ ချိန်နေတာ တွေ့ရတာပဲ... ကျုပ်လည်း
အကြံရကျပ်သွားတယ်... နောက်မှ သေနတ်ကို မြင်
လို့ အသာကလေး ကောက်ယူလိုက်တာ..."

ရှင်းသွားပါပြီ။

ဆောရီးဆိုသော တောင်းပန်ချက်ကလေးနှင့်ပဲ သွန်းက သူမ၏သေနတ်ကို ရုပ်လိုက်သည်။

ဂျက်ပြောသလိုပင်နောက်ဖေးတိုင်ကီအဟောင်းတစ်လုံးအောက်မှ ဝှက်ထားသော ငွေသေတ္တာနှင့် ဒံပေါက်ထုပ် နှစ်ထုပ်ကို အိမ်ပြင်ကပြင်တွင် တွေ့ရသည်။

ငွေတွေကို သေတ္တာဖွင့်ကြည့်သောအခါ ခြေရာလက်ရာမပျက်ပင် ရှိနေသည်။

ဂျက်စနေအပေါ်တွင် သွန်း အားတုံ့အားနာဖြစ်သွားပါတော့၏။

"ဆောရီး ကိုဂျက်ရယ်... သွန်း တောင်းပါတယ်...
ကိုဂျက်အပေါ်ကို သွန်း အထင်လွဲမိတယ်... တကယ်
တော့ ကိုဂျက်ဟာ သစ္စာရှိတည်ကြည်တဲ့လူပါ..."

"အမှတ်ပေးဒိုင်ကလည်း အမှတ်လျှော့လိုက် တိုးလိုက်
နဲ့တော်သေးတာပေါ့... အနီကတ်မပြလို့ပဲ..."

ဂျက်စနေအသံက အောင့်သက်သက်အသံ။



www.burmeseclassic.com

www.burmeseclassic.com



သွန်းက ရယ်မောလိုက်ပါသည်။

"ကဲ... ဒီလူသုံးယောက်ကို ဘာလုပ်မလဲ..."

မေ့မြော့နေသူသုံးယောက်ကို ဂျက်က မေးငေ့ ပြ၏။ လူသုံးယောက်မှာ မှောက်လျက်တဖုံ၊ ပက်လက်တစ်မျိုး ခွေခေါကလေးတွေ လဲနေကြသည်။

"ဘာလုပ်ရမလဲ ကိုဂျက်ရယ်... သတ်ပစ်လို့ ရတာ မဟုတ်တာရှင်ရယ်... သော့ခတ်ပစ်ခဲ့ရုံပေါ့..."

"ဟိုလူလေးလုံးသိသွားရင်..."

"အဲဒီတော့လည်း တစ်မျိုးပေါ့လေ... သူ့ကိုတော့ အ မပေးနဲ့... အရစ်တက်လာဦးမယ်... သော့ပိတ်ပြီး သေ တံကို မသော့ခလောက်ထဲ ထိုးထည့်ထားခဲ့မယ်..."

သွန်းအကြံပေးချက် ကောင်းပါသည်။

"ဒါဆို မော်တော်ဆိုင်ကယ်ကို ကိုယ်လိမ့်ယူလာ ဒီရောက်တော့မှ စီးထွက်မယ်... တည်းခိုခန်းရှေ့ လေးလုံးနဲ့တွေ့လို့ ဘာညာမေးနေဦးမယ် သွန်း"

"ကိုဂျက် မြို့ထဲကို ဘာနဲ့သွားလဲ..."

"မြင်းလှည်းရလို့ မြင်းလှည်းနဲ့ သွားတယ်... ပြန် ဆိုက်ကားနဲ့..."

"ကဲ သွားကြရအောင်..."

သူတို့ပစ္စည်းတွေ အမြန်ယူကြသည်။ ဂျက် တစ်ဖက်မျက်နှာချင်းဆိုင်လူသွားစင်္ကြံပေါ်မှာ ရပ်ထား





ော်တော်ဆိုင်ကယ်ကို သွားရောက်ဆွဲယူလာခဲ့၏။

ခြံဝရှေ့တွင် သူတို့နှစ်ဦးမော်တော်ဆိုင်ကယ် ပေါ်သို့တက်ပြီး မောင်းထွက်သွားကြတာကို ကြည့်နေသော သူတစ်ယောက်ရှိ၏။

သူက မျိုးမြင့်ဦးပင် ဖြစ်၏။

မျိုးမြင့်ဦးသည် တစ်ညတည်းခိုရန် ငှားထား ဦးမှ မော်တော်ဆိုင်ကယ်ကို တွန်းကာ တိတ်ဆိတ်ထွက်သွား သော လင်မယားနှစ်ယောက်ကို နားမလည်နိုင်ပါ။ (သူ့စိတ် ထဲ ဂျက်တို့ကို လင်မယားလို့ပဲ ထင်မှတ်နေဆဲ)

မှတင်ကပဲ လူသုံးယောက်လာသည်။ အသက် ဦးကြီးလူမှာ အထက်တန်းကျနကြောင်း၊ ဝတ်ထားသော ဆိုးတန်အဝတ်အစားများနှင့် သူ့လက်သူကြွယ်တွင် တန်ဖိုး ကြီးလှသော ပတ္တမြားလက်စွပ်ကို ဝတ်ထားသည်။

သူတို့က မော်တော်ဆိုင်ကယ်တစ်စီးရပ်ထား ာမြင်ကြောင်း၊ မော်တော်ဆိုင်ကယ်ပိုင်ရှင်မှာ အမျိုးသမီး ၍ ဤတည်းခိုခန်းတွင် တည်းသလားဟု မေးလာသည်။

မိမိက ဆိုင်ကယ်မှာ လင်မယားနှစ်ယောက် ာ၍ ဟိုအိမ်မှာ တည်းပါသည်ဟု ညွှန်ပြခဲ့၏။ ထို့နောက် အသာ သတင်းစာဖတ်နေ၏။

အိမ်ဘက်ဆီမှ ဝုန်းဒိုင်းအသံတွေကို သဲ့သဲ့ ကြားလိုက်ရပေမဲ့ ဘယ်လိုမှ မထင်မှတ်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုမော်တော်ဆိုင်ကယ်နှင့် တိတ်တဆိတ် ထွက်သွားမှ မသင်္ကာစိတ်တွေ ပေါ်လာသည်။

စောစောက ဝင်သွားသော လူသုံးယောက်မှာ ပြန်ထွက်မလာဘဲ သူတို့စီးလာသော ဆလွန်းကားဖြူကြီးသာ တည်းခိုခန်းရှေ့ ပလက်ဖောင်းနားမှာ ကျန်ရစ်ခဲ့၏။

လက်ထဲတွင် ကိုင်ထားသော သတင်းစာကို ချလိုက်သည်။ အပြင်မှ တစ်ဘက်ခြံထဲသို့ လှမ်းကူးလာသည်။

တံခါးပိတ်ထားသော အိမ်ကလေးရှေ့တွင် ရပ်လိုက်၏။ တရုတ်လုပ် သော့ခလောက်ကတော့ သော့တံတန်းလန်းနှင့် တံခါးမျောက်လက်တွင် ချိတ်ထားတာကို မြင်ရတော့ ရန့်မကောင်းစိတ်က ပိုများလာသည်။

သော့ပိတ်ထားတာရော တံခါးရော ဖွင့်လိုက်၏။

"ဟာ... "

သူ့ပါးစပ်မှ ထိတ်လန့်သွားသံက အထင်းသား နှင့် အခန်းထဲက ဖြစ်ပျက်ပုံကို မသာမယာ မြင်ရသည်။

လူသုံးယောက် လဲကျနေတာကို ခဏငိုင်တွေကြည့်ပြီးမှ အသက်မှရှိသေးရဲ့လားဟူသော အတွေးနှင့် အနားသို့ ကပ်သွား၏။

ခန္ဓာကိုယ်ရှိ ခုန်နေသော သွေးများလည်ပတ်ရာ အစိတ်အပိုင်းတွေကို အရေးတကြီး စမ်းသပ်စစ်ဆေး





ကြည့်မှ လူသုံးယောက်လုံး မေ့နေတာကို သိရသည်။

သူ့ပြုစုလုပ်ကိုင်ပေးမှုကြောင့် လူသုံးဦးလုံး သတိရလာပြီးတော့ ပထမဦးစွာ ဦးနာဂသူရာက သွန်းနှင့် ချက်စနေကို ပက်ပက်စက်စက် ဆဲရေးကျိန်ဆဲပါတော့သည်။

အဝေးရောက်ပို့သခြင်း ဒေါသစွမ်းဆောင်မှုက ဒါပဲမဟုတ်လား။

ထိုနည်းအတူ ဗလကျော်သူမှာလည်း ခံပြင်းခြင်းနှင့် ဒေါသဖြစ်ခြင်း ရောစပ်နေသည်။

ဖိုးဒီတစ်ယောက်သာ ခေါင်းကပေါက်သွားသော သူ့ဒဏ်ရာကို စမ်းလိုက်၊ သူ့ဆရာတွေကို ကြည့်လိုက်နှင့် မသက်မသာ အမူအရာပြနေ၏။

"ခင်ဗျားတို့က ဘယ်လိုဖြစ်ကြတာတွေလဲ... ဘာတွေလဲ... "

မသင်္ကာသော မျက်နှာနှင့် မျက်မှန်ရှင်က ခပ်ဆာဆာ မေးသည်။

"စိတ်တိုနေရတဲ့အထဲ ခင်ဗျားက ဘာလာရှုပ်နေတာလဲ... "

"ခင်ဗျားတို့က ဘာလဲဗျ... သတိရအောင် ကျုပ်ကပဲ လုပ်ပေးရသေး... စကားပြောတော့လည်း မာရေကျောရေနဲ့... ကျုပ် ရဲတိုင်လိုက်မှာနော်... ခင်ဗျားတို့ကို မသင်္ကာဘူး... "



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်သော မျိုးမြင့်ဦးကို ဦးနာဂကပေါက်လျှင် မျိုးမြင့်ဦးလေသံကလည်း တုံ့ပြန်တင်းဆတ်လာသည်။

ရဲဆိုတာကြောင့် ဦးနာဂရော၊ ဗလကျော်သူပါ ၁နဲ့သွားကြသည်။ သူတို့မှာ အပြစ်ရှိကြသည် မဟုတ်လား။

ရဲကို ရင်ဆိုင်ဖို့ ဝန်လေးကြသည်။ ထိပ်တိုက်ရင်ဆိုင်ရလျှင် ရဲက ဟိုမေးသည်မေး မေးတော့မည်။

"ကျွန်တော်တို့ကို အုပ်ထည့်သွားလို့ စိတ်တိုလို့ပါဗျာ ကျုပ်တို့က လူကောင်းတွေပါ... ဂုဏ်သိက္ခာနဲ့ လူတွေပါ..."

"ဘာလို့ မေ့နေကြတာလဲ... ဟိုလင်မယားက ချသွားတာလား..."

သည်တော့ ဦးနာဂက တစ်ချက်တွေ၍စဉ်းစားပြီးနောက် သက်ပြင်းချကာ မျက်နှာမသာမယာနှင့်...

"မိန်းမက ကျုပ်မယားမောင်ရင်ရဲ... သူ့နာမည်က သွန်းရွှေစင်တဲ့... ဟိုကောင်က သူ့နောက်လင်လေ... ဒီကောင်နာမည်က ဂျက်စနေတဲ့... ကျုပ်မယားကို သွေးဆောင်ခိုးယူသွားတဲ့အပြင် ကျုပ်ပိုင်ငွေ ငါးသိန်းပါ,ပါသွားတယ်... အခု အဲဒါ ကျုပ်လိုက်တွေ့ပြီး ကျုပ်မိန်းမကို ချော့မော့ခေါ်တာ ဟိုငနဲကောင်ရှုပ်တာနဲ့ ဝုန်းဒိုင်းကြဲပြီး ကျုပ်တို့ကို အုပ်ပြီး ထွက်ပြေးကြတာ"

စိတ်ထဲထွက်မိထွက်ရာစကားထွက်သွားသည်။





"ဖြစ်ရလေဗျာ... ကျွန်တော်က သူတို့နှစ်ယောက်ကို လင်မယားလို့ ထင်နေတာ..."

"လင်မယား မဟုတ်ဘူး... လင်ငယ်၊ လင်ငယ်... ကျုပ်ရင်ထဲမှာ မချိဘူးဗျာ... ဒီမိန်းမကို ကျုပ် သိပ်ချစ်တာ လုပ်ရက်ပါပေ့ သွန်းရာ..."

သရုပ်ဆောင်ကောင်းသော ဦးနာဂသူရာ၏ မျက်နှာကြီးမှာ ငိုမဲ့မဲ့အသွင်နှင့် ငိုသံကြီးပါသွားသည်။

"ဂျက်စနေဆိုတဲ့ကောင်ဟာ သစ္စာမရှိတဲ့ကောင်ပါ အစ်ကိုရာ... ဦးနာဂက သူ့ကုမ္ပဏီမှာ ဒီကောင် ခိုကိုးရာမဲ့နေလို့ စာရင်းကိုင်ရာထူးပေးထားတယ်... အဝင်အထွက်များပြီး သွန်းရွှေစင်နဲ့ ငြိသွားကြတယ်... ကိုယ်က သတိပေးတာကို သူက မယုံဘူးဗျ... ကျွန်တော်တို့အလစ်မှာ ဒီကောင်က သွန်းကို သုတ်ပြေးလို့ လိုက်လာကြတာ..."

ဘေးမှ ဗလကျော်သူက ဝင်ထောက်ခံပြော၍ သွေးစများနှင့် ဖူးရောင်နေသော သူ့မျက်နှာကို စမ်းကာ...

"တောက်..."

တောက်ခေါက်လိုက်၍ ဒေါသသံနှင့်...

"ဒီဂျက်စနေဆိုတဲ့ကောင်ကို လူစိတ်သူစိတ်နဲ့ ဆက်ဆံကာမှ ကျွန်တော်တို့ကို အုပ်ထည့်သွားတာပါ..."

"ဖြစ်ရလေဗျာ... အေးလေ... မိန်းမနဲ့ယောကျ်ားဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လက်ပွန်းတတီးနေတော့လည်း ဖြစ်ကြတော့တာပဲ... စိတ်မကောင်းစရာပဲဗျာ... ငတိက တော်တော်ချော တာပဲဗျ... မြာကျမ့်ရုပ်ကိုး... ”

ပြောပြီးမှ ကိုမျက်မှန်အားနာသွားမိသည်။

ဗလကျော်သူက ဒေါသသံနှင့်ပင်...

“ဂျက်စနေဆိုတဲ့ကောင်ဟာ သစ္စာမရှိဘူး...မိန်းကလေး တွေကို သူ့ရုပ်နဲ့ပြပြီးလိုက်ဖျက်ဆီးနေတာပဲဗျ... သွန်း ကလည်း မလိမ္မာတော့ ခံရဦးမယ်... အခု ဟိုကောင့် စကားကို နားယောင်နေတာပဲ... ဘော့(စ်) ဘာလုပ် မလဲ... ”

“ဘာလုပ်ရမလဲ... ငါ့မယား ငါပြန်ရအောင် ငါ တရား စွဲရမှာပေါ့... သွန်းရာ မင်းသစ္စာမရှိဘူး... ”

ငိုသံပါကြီးနှင့် အလွမ်းမင်းသားကြီးတစ်လုညွှ် အသွင်ပြောင်းသွားသည့် ဦးနာဂကို ကိုမျက်မှန်မျိုးမြင့်ဦးက ကရုဏာသက်စွာနှင့်...

“ကြည့်လည်း လုပ်ကြပေါ့ဗျာ... သူများမယား ကြာ ခိုတဲ့အကောင်ချည်းလည်း အပြစ်မဟုတ်ဘူး... မိန်းမ မှာလည်း အပြစ်ရှိတာပဲ... ဒါကြောင့် သူတို့ တိတ် တိတ်လေး လစ်ပြေးကြတာကိုး... ”

“တွေ့ရင် သတ်မယ်... ”

ဒေါသတကြီးပြော၍ ဦးနာဂသူ့ရာကထသည်။





ခေါင်းက ဒဏ်ရာကို စမ်းသည်။ သူ့ကို တီးသွားတာကြောင့် ခေါ်ထခြင်း ဖြစ်ရသည်။ ဒါကို မျိုးမြင့်ဦးက သူ့ မယားခိုးလို့ သင်ငယ်ကို လုံနဲ့ထိုးရအောင် ဒေါသဖြစ်ခြင်းဟု ထင်မှတ် သည်။

“လက်လွတ်စပယ်တော့ မလုပ်ကြနဲ့ပေါ့ဗျ... မိန်းမ သစ္စာ မုသားသာတည့်... မိန်းမဟူသည် မရှိမကောင်း ရှိမကောင်းတဲ့... မိန်းမဟာ မီးလိုပဲ ကြည့်တော့ လှ တယ်... ကိုင်ကြည့်တော့ ပူတယ်... ”

“မိန်းမဆိုတာ ချော့ကလက်ဝမ်းနုတ်ဆေးလိုပဲ... စား ရင် ချိုတယ်... ပြီးတော့ ဝမ်းသွားတော့တာပဲ... ”

ဖိုးဒီက ဝင်ပြောလိုက်တော့ ဗလကျော်သူက သူ့တပည့်ပခုံးကို ပုတ်၍...

“မှန်လိုက်လေ ငါ့တပည့်ကြီးရယ်... ”

“ကျေးဇူးတင်ပါတယ် ညီလေးရာ... ညီလေးလာပေလို့ ကျုပ်တို့ သတိရလာတယ်... သူတို့နောက် လိုက်,လိုက် ဦးမယ်... ”

“လိုက်ပေတော့ဗျာ... သစ္စာမရှိတဲ့ မိန်းမနဲ့ သစ္စာမရှိ ကျေးဇူးကန်းတဲ့ ယောကျ်ားယုတ်ကို တွေ့ရင် ကောင်း ကောင်း ဆုံးမလိုက်ကြပေါ့ဗျာ... အေးဗျာ ကျွန်တော် ကတော့ သူတို့ကို လူကောင်းသူကောင်းတွေ မှတ်ခဲ့ တာ... မိန်းမသာမကဘူး ငွေပါ ခိုးသွားတာကိုး... ”

www.burmeseclassic.com



တွေးရင်း... ဒီဂျက်စနေဆိုတဲ့ကောင်တော့ အသားရော အရိုးပါ ယူတတ်ပါကလားဟု တွေးပြီး ချီးမွမ်းမိသည်။

လူ့လောကမှာ ကွယ်ရာတွင်မဟုတ်တန်းတရား အတင်းပြောခံရတာလောက် ခံပြင်းဖွယ်မရှိပါ။

ဂျက်စနေရော သွန်းသာကြားလျှင် လီစယ် ပြောခံရတာကြောင့် ဘယ်လောက်အခံရခက်လေမလဲ။

ကားပေါ်ရောက်တော့ ဦးနာဂသူရာက သူ ပြောခဲ့ခြင်းကို ကိုမျက်မှန်က ယုံခဲ့ခြင်းအတွက် ဟက်ဟက်ပက်ပက် ရယ်မောပါတော့သည်။

"ဘော့(စ်)က ဘာရယ်တာလဲ... "

"ဘာရယ်ရမလဲကွ... တို့ပြောတာကို ဟိုမျက်မှန်နဲ့လူက ယုံသွားတာကို တွေးပြီး ရယ်တာ... ဂျက်စနေဆိုတဲ့ကောင်နဲ့ သွန်းသာ ကြားရင် ဘယ်လောက် ဒေါသဖြစ်မလဲ... "

"ဘော့(စ်)က ဉာဏ်ကောင်းတယ်... အဲဒါ သခ်ာဳတုမွတ္တိ ဉာဏ်ပဲဗျ... ဖိုးဒီမှတ်ထား... အရေးကြုံရင် ဘော့(စ်)လို ဉာဏ်ထွက်ရမယ်... "

"ခေါင်းမှာ အာလူးတွေ ပိန်းဉတွေ ပေါက်လာမှတော့ မှတ်ရတော့မှာပေါ့ အစ်ကိုရယ်... "

"ဘော့(စ်) ဉာဏ်မကောင်းရင် တို့ ရဲနဲ့တွေ့ဆုံဖြေရှင်း





နေရပြီကွ... ရဲနဲ့တွေ့ရင် ဟိုမေးသည်မေးနဲ့ ဇြဲသာနာကြုံဦးမှာပဲ ဖိုးဒီရေ... မဟုတ်ဘူးလား ဘော့(စ်)ရာ—"

"ဟုတ်တာပေါ့... အဲဒီအတွက် ငါက ကြိုးစားလိုက်ရတာပါ... "

ပြောဆိုစဉ်မှာသူ့တပည့်ကျော်ကြီးဗလကျော်သူ၏မြှောက်လုံးပင့်လုံးတွေကို သာယာမနေနိုင်။

ကားကို စက်နှိုးကာ မောင်းထွက်လာစဉ်ဒေါသသံနှင့် မေးချလိုက်၏။

"မင်းနာမည် ဗလကျော်သူဆိုတာ အလကားဖွတ်ချေးနာမည်ဖြစ်သွားပြီ... မင်း ဘာကြောင့် ဒီဂျက်စနေဆိုတဲ့ကောင့်ကိုနိုင်အောင် မထိုးနိုင်တာလဲ... "

ဗလကျော်သူ ခဏတော့ ငိုင်သွားသည်။

ရှက်လည်း ရှက်သွားမိ၏။ အနည်းငယ်ကြာမှ

"သူ့ကို အလကားကောင်ဆိုပြီး အထင်သေးမိလို့ပေါ့ သော်မော်ကြီးတို့ ဘာတို့ဆိုတာဘော့(စ်)သိတဲ့အတိုင်း သူဘို့အပေါ် ကျွန်တော်ထိပ်ပဲ... "

"အိမ်ကြက်ချင်းခွပ်လို့ ကျယ်နေတာတော့ အလကားဂပါကွ... "

ကားကိုတည်းခိုခန်းနှင့် ဝေးဝေးရောက်မှန်း သိတော့ ရပ်လိုက်၏။

"ကဲ မင်းမောင်း... ဒါ မင်းအလုပ်... "



www.burmeseclassic.com

www.burmeseclassic.com



ဦးနာဂသူရာက အခန့်သား နောက်ခန်းမှာဝင်ထိုင်သည်။ ဖိုးဒီက ရှေ့ခန်းမှာ ဗလကျော်သူနှင့် ထိုင်သည်။

"နောက်တစ်ခါဆိုရင် ဒီကောင် ရေခဲတိုက် ရောက်ရ စေမယ့်... အိုဗျာ အနည်းဆုံး ဆေးရုံကို ရောက်ရစေမယ်..."

"စကားကိုလှလှပပပြောသလို အလုပ်ကိုလည်း စကား နဲ့ညီဖို့ လိုတယ်... ငါ့မှာ တပည့်တွေ မွေးတယ်ဆိုတာ အားကိုးလိုလို့ မွေးတာမဟုတ်ဘူး... ငါ့ကို အကာ အကွယ်ပေးနိုင်ဖို့ မွေးတာ..."

"စိတ်ချပါ ဘော့(စ်)ရာ... ကဲ အခု ဘာဆက်လုပ်မလဲ သူတို့နောက်ကို လိုက်မလား..."

"လိုက်မှာပေါ့... အခုလည်း တို့ကံထောက်လို့ တွေ့ခဲ့ ရတာ... ဖိုးဒီကိုပဲ ကျေးဇူးတင်ရဦးမယ်... ဖိုးဒီက မြို့ထဲ တစ်ပတ်လောက် ပတ်ရှာကြည့်ပါဆိုတာနဲ့ ပတ်ရှာ လိုက်တာ... တည်းခိုခန်းမှာ ဟိုကောင်မရဲ့မော်တော် ဆိုင်ကယ်သွားတွေ့တာပဲ... ဆိုင်ကယ်နံပါတ်ကို ငါ ကော မင်းကော သိထားဖို့ပဲ..."

"မြင်တော့... ကျွန်တော် အရင်မြင်တာပါ ဘော့(စ်) ရယ်..."

"ခံရတော့လည်း ကျွန်တော် အရင်ခံရတာပဲပေါ့ဆေ

ဦးနာဂသူရာ၏စကားကြောင့် ဖိုးဒီက ရယ်သေ





မိ၏။ ကားမောင်းလျက်ကပင် ဗလကျော်သူ မချိသွားခြင်ဖြ ရသည်။

"ငါ စိတ်ကူးတော့ ရှိတယ်..."

"ဟုတ်ကဲ့ ပြောပါ ဘော့(စ်)..."

"တို့ ရှေ့တပ်ကုန်းဖြစ်ဖြစ် ပျဉ်းမနားဖြစ်ဖြစ် ဝင်ရင် ငါ့လူတွေက လှည်းကူးဘက်မှာ ရှိတယ်... သူတို့ကို ငါဖုန်းနဲ့ အကြောင်း ကြိုတင်ကြားလိုက်မယ်ကွာ... ဆိုင်ကယ်နံပါတ်နဲ့ ဂျက်စနေနဲ့သွန်းရဲ့ ပုံသဏ္ဌာန်ပါ ပြောထားလိုက်မယ်... လှည်းကူးဘက် ဝင်လာတဲ့ ဆိုင်ကယ်မှန်သရွေ့ စောင့်ကြည့်ပါလို့... ဒါဆို သူတို့ ခြေရာကို ခံလို့ရမယ်..."

"ဂွဒ်... ဗဲရီးဂွဒ်... ကောင်းပ..."

"ဒီတော့ အဲဒီပျဉ်းမနားကိုပဲ ရောက်အောင် မောင်း ကွာ... ပျဉ်းမနားကို ဝင်ပြီး တစ်နေရာရာကို ဖုန်း ဆက်ရင် ပြီးတာပဲ..."

သူ့ဆယ်လူလာကို အသုံးချလို့ မရပါ။

သူ့ဆယ်လူလာမှာ မိုင်အပိုင်းအခြား သတ်မှတ်၍ ယင်းမိုင်အတွင်းသာ ခေါ်လို့ရသည်။

ကားကိုသာ ဗလကျော်သူက အာရုံစိုက် မောင်း နေ၍ နောက်တချီ ဂျက်စနေကို တွေ့လျှင် အပြတ် ဘယ်လို နှိမ်ရမည်ကို တွေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သေနတ်သုံးလက်အနက် နှစ်လက်

ယူသွားကြသည်။ ထိုသေနတ်များမှာလည်း လက်နက်ပုန်း

ဖြစ်ကြောင်း သူတို့ပဲသိကြသည်။

သူတို့က နောက်မှ လိုက်စဉ် ဂျက်စနေတို့

မော်တော်ဆိုင်ကယ်မှာ ယင်းတော်နား ရောက်လာသည်။

"ရန်ကုန်ကို... ဒီည အရောက်ဝင်ရမယ်... "

ဂျက်က နောက်မှ စီးလာသူကြားအောင် ကျ

ကျယ် ပြောသည်။

"ဖြစ်ပါ့မလား... ဆိုင်ကယ်စက်က သိပ်ပူနေတယ်

"သွန်းက ကိုယ့်ဆိုင်ကယ်ကို ကိုယ်မယုံဘူးလား

"ဝယ်ထားတာတော့ သိပ်မကြာသေးဘူး... တစ်

တော့ မပျက်ဖူးဘူး ကိုဂျက်... "

"ဆီပျောက်မီးပျောက်လောက်ကတော့ ကိုယ်လည်း

ပါတယ်... နည်းနည်းနားနားပြီးမှ သွားတာပေါ့

နေရှိန် မပြင်းပါ။

ဆောင်းလေကလည်း တိုးဝှေ့နေဆဲမို့ စီး

ကောင်းသည်။ မောင်းလို့ ကောင်းသည်။

ယင်းတော်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်

ကိုဖြတ်တော့ အချိန်က (၂) နာရီခွဲ ရှိနေပြီ။

ပျဉ်းမနားကို ရောက်တော့ သုံးနာရီ ဆယ်

မိနစ်။





ပျဉ်းမနားကိုဝင်တော့ အဲဒီမှာ **ခဏနားရအောင်**

ဟု သွန်းက ဆိုသည်။

အအေးဆိုင်တစ်ဆိုင်တွင် ဝင်နားကြသည်။

"သူတို့တော့ လိုက်လာမှာပဲ ထင်တယ်... "

သွန်းက ဆန်းကစ်ဘူးကို ဖွင့်လျက်ကပင် ဆို

သည်။

"အနေးနှင့်အမြန်ပဲ... ဒါပေမဲ့ သူတို့နဲ့ အလှမ်းတော့

ကွာသွားပြီ... ကိုယ်တို့က အစောကြီး ထွက်လာနိုင်ခဲ့

တာပဲ... "

"သိပ်လည်း မတွက်နဲ့ဦး... သူတို့ကားကလည်း စက်

ကောင်းကားကောင်းပဲ... ဗလကျော်သူက ကားမောင်း

ကျွမ်းတယ်... "

"တွေ့တော့လည်း ဖိုက်လိုက်ကြတာပေါ့... "

"နိုင်ချင်ကြက်စိတ်မျိုးတော့ မထားနဲ့နော်... ကိုယ်က

သူ့ကို နိုင်ပေမဲ့ ဥပဒေကိုတော့ ရှုံး ဘယ်လိုနည်း နဲ့မှ

မနိုင်ဘူးဆိုတာ ရှင်မှတ်ထား... "

သည်စကားအတွက် ဂျက်စနေက ရယ်လိုက်

ပါသည်။

"ဘာရယ်တာလဲ... "

စီပလပ်(စ်)အချိုရည်ဗူးကို ဂျက်စနေက မော့

သောက်နေသည်။ သွန်းကို တစ်စုံတစ်ခုပြောရန် ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ဖြစ်၏။

"ကျွန်တော် မကြောက်ပါဘူး... အခုလက်ရှိမှာလည်း ဥပဒေကို ရှောင်ပြေးနေတာပဲ... ဘယ်သူမှ ကျွန်တော့် အကြောင်း မသိကြပါဘူး... "

"ဆိုပါဦး... ရှင်က ဘာလုပ်လို့လဲ... "

"လူသတ်ခဲ့တယ်လေ... "

အသံကိုနှိမ့်၍ ကိုဂျက်က သူမကြားလောက် ရုံလေသံကလေးနှင့်ပဲ ပြောလိုက်သည်။ သွန်း၏မျက်လုံး ကလေးများ ကလယ်ကလယ် ဝိုင်းသွားသည်။

ကိုဂျက်ကို အထိတ်တလန့် ကြည့်၍...

"ရှင် လူသတ်ခဲ့တယ်... "

"ရှူး တိုးတိုး... သူများတွေ ကြားကုန်မယ်... "

ကိုယ်ကို ကုန်း၍ စားပွဲတစ်ဘက်တွင် မျက်နှာ ချင်းဆိုင်ထိုင်နေသော သွန်းကို တိုးတိုးလေး ပြောလိုက်သည်။

ဘောကိုလည်း အကဲခတ်မျက်လုံးများနှင့် မျက် လုံးကစားလိုက်သည်။

"ရှင်က ဘယ်သူ့ကို သတ်လာတာလဲ... "

အထိတ်တလန့်မျက်နှာကလေးနှင့် သွန်းက မေးခွန်းထုတ်လိုက်သည်။ ဂျက်စနေလို ရုပ်ပျော့ပျော့ ဆော မောသည့် ယောကျ်ားပျိုတစ်ယောက်က လူသတ်လာသည်ဆို ခြင်းကို ယုံရခက်ခက်ပဲ။





ဂျက်စနေက သက်ပြင်းချလိုက်သည်။ မျက်နှာ က မသိမသာ အိုသွားသည်။

"ကျွန်တော် လုပ်ခဲ့တာကို ဘယ်သူ့ကိုမှ မပြောဘူးလို့ စိတ်ကူးခဲ့တာပါပဲ... ဒါပေမဲ့ ခင်ဗျားကို မပြောဘဲနေ ရင် လိမ်ညာရာ ကျနေမလားလို့ စဉ်းစားမိပြီး အခုလို ပြောမိတာပါ... "

"ရှင် ကျွန်မကို ယုံလို့လား... "

"ယုံတယ်... "

"ဘာလို့ ယုံတာလဲ... "

"ချစ်လို့ ... "

ပြောကာ ရဲရဲတင်းတင်းပဲ သွန်းကို ကြည့်လိုက် သည်။ ရင်ထဲမှာတော့ ရင်ခုန်မှုကို အကြိတ်အနယ် တိုးဖော့ ခံစားနေရဆဲပါ သွန်း... ။

သွန်းက လျော့ရဲရဲလေး ပြုံးလိုက်သည်။ နှုတ် ကလည်း...

"တစ်နေ့ ဒီစကားကြားရလိမ့်မယ်လို့ ကျွန်မ သိပြီး သားပါ... ကျွန်မအပေါ်မှာ ရှင် ချစ်နေတယ်ဆိုတာ ကျွန်မကို ရှင်ကြည့်ကြည့်နေတဲ့ မျက်လုံးတွေအရ သိ ရတာပါ... ဒါဟာ ကျွန်မတို့မိန်းမသားတွေရဲ့ အား သာတဲ့သိစိတ်တစ်ခုပါ... "

"သွန်း စိတ်ဆိုးသလား... "



www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားတစ်ယောက်က မိန်းကလေးတစ်ယော
ကို ချစ်တယ်ပြောတာဟာ စော်ကားတာမှ မဟုတ်
ဖိုသဘာဝ မသဘာဝပဲ... မဟုတ်တန်းတရား ပြေ
သာ... "

သည်စကားကြောင့် ဂျက်စနေ အားတက်
သည်။

"သွန်းကော ကျွန်တော့်ကို မချစ်ဘူးလား... "

"ရှင်ဟာ ချစ်ဖို့ကောင်းပါတယ်... ဒါပေမဲ့ ချစ်
သေးဘူးလေ... ချစ်တယ်ဆိုတာ... ယောကျ်ား
ယောက်ရဲ့အကြောင်းကို မသိဘဲနဲ့ ချစ်လို့မရ သေး
အခုမဲ ရှင့်အကြောင်းတွေ ရှင်ပြောလာပြီ... "

"ဒါ ကျွန်တော် ရိုးသားစွာ ဝန်ခံချက်ပါ... "

"ရှင် ဘယ်သူ့ကို သတ်ခဲ့လဲ... "

"ရန်ကုန်က နာဂသော်တာဆိုတဲ့လူကိုပါ... "

သည်စကားသည် သွန်းကို ပိုထိတ်လန့်သွာ
သည်မှာ လက်တွင်းမှ ဆန်းကစ်ဖျော်ရည်သံဘူးကို ...
ချလိုက်သည်အထိ ဖြစ်သွားစေသည်။

"ဘုရားရေ... ရှင် နာဂသော်တာကို သတ်ခဲ့တာ
နာဂသော်တာဆိုတာ ဦးနာဂသူရာရဲ့ညီဆိုတာ
မသိဘူးလား... "

"ရန်ကုန်မှာတုန်းက ဘယ်သိမလဲ... ခင်ဗျား...





တဲ့စကားတွေထဲမှာ အဓိကရန်သူကြီးဦးနာဂသူရာ
အမည်ပါလာတော့ နာဂသော်တာနဲ့ နာမည်ချင်း ဆင်
လှချည့်လို့ အောက်မေ့တာ... ဒီနေ့မှပဲ ဒီလူကြီးကို
မြင်လိုက်တော့မှ နာဂသော်တာနဲ့ ရုပ်ချင်းဆင်နေတာ
ကို တွေ့ရတာကိုး... "

"နာဂသော်တာကို ရှင် ဘာလို့သတ်တာလဲ... "

"ဒီလိုဗျာ... ကျွန်တော့်မှာ ညီတစ်ယောက်ရှိတယ်...
သူက တက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသားပါ...
နာဂသော်တာနဲ့ သူ ဆုံဆည်း မိတ်ဖြစ်သွားတယ်...
ကျွန်ုပ်ော် ယတိပေးနေတဲ့ကြားက ကျွန်တော့်ညီ ဆေး
စွဲသွားတယ်... ပြီးတော့ နာဂသော်တာရဲ့ အခိုင်းခံဖြစ်
သွားတယ်... သူက ကျွန်တော့်ညီကို ဆေးနဲ့ခြယ်လှယ်
တာကိုး... နောက်ဆုံး ဟိုကေဇင်ဆေးသွင်းရာက သေ
သွားတယ်... "

"ဒီအတွက် ရှင်က နာဂသော်တာကို သတ်လိုက်တယ်
ဆိုပါတော့... "

"ဟုတ်တယ်... "

"အင်း... ရှင့်ဇာတ်လမ်းကြီးက မဆန်းပါဘူး... ဖြစ်ရိုး
ဖြစ်စဉ်ပါပဲ... "

"ရင်ထဲခံစားမှုက ဆန်းတယ် သွန်း... ကျွန်တော့်ညီ
အတွက် ကျွန်တော် မချိအောင် ခံခဲ့ရလို့ အမုန်းတရား



www.burmeseclassic.com

www.burmeseclassic.com



နဲ့ နာဂသော်တာကို ရှင်းပစ်လိုက်တာပါ... "

"ရဲက ဒါကိုသိသလား... "

"ရဲကတော့ လူသတ်ကောင်ကို စုံစမ်းနေဆဲပဲပေါ့... "

"သွန်းက... ရှင့်အကြောင်းကို ရဲသိအောင်... ရဲကို

အကြောင်းကြား တိုင်တန်းလိုက်ရင်... "

"ကျွန်တော်ဆိုတဲ့ကောင်က ကိုယ့်ကိုကိုယ် လုံခြုံတယ်

လို့ တွက်ဆသလို တစ်ဘက်လူကို ဆန်းစစ်ပြီးမှ ဖြေ

တတ်တာပါ... သွန်း မတိုင်ပါဘူး... "

"ရှင် ကျွန်မစိတ်ကို သိလို့လား... "

"သွန်း... ကျွန်တော့်ကို ချစ်နေတာပါဗျာ... "

ဂျက်စနေက အပိုင်ပြောလိုက်သည်။

"ရှင် အပိုင်မတွက်နဲ့... "

"ဟုတ်တယ်... တကယ်သာ ခင်ဗျား ကျွန်တော့်ကို

မချစ်ခဲ့ရင် ကျွန်တော် လူသတ်သမားပါလို့ ပြောလို

တာနဲ့ ခင်ဗျား ကျွန်တော့်ကို ဖယ်ခွာသွားမှာပါပဲ

ခင်ဗျားမျက်လုံးတွေကို ကျွန်တော် ဖတ်မိနေပါတယ်

အဲဒီမျက်လုံးတွေရဲ့အဓိပ္ပာယ်ကို ဘာသာပြန်နေ

တယ်... "

"ဘာသာပြန်မှားနေပြီ... သွန်း ရှင့်ကိုမချစ်ပါဘူး

ရှင် ထင်နေလို့ပါ... "

ပြော၍ နှုတ်ခမ်းလေးကို မဲ့လိုက်သည်။





ထစ်ဘူးထဲမှ လက်ကျန်ကို မော့ချလိုက်သည်။ ရွှန်းမြဝင်းစို

သော လည်တိုင်ကလေးမှ အကြောစိမ်းကလေးများ လှုပ်ရှား

မှုနှင့် ဆန်းကစ်ရည်များကျသွားသည်ကို မြင်ရတော့မလောက်

ဝါးလွှားသော အရေပြားခွံကလေးများ လှုပ်ရှားမှုလေးတွေက

သွန်းကို ပိုလှပစေသည်။

"ကဲ... သွားမယ်... "

"ရဲစခန်းကိုလား... "

"ရှင် သိပ်သွားချင်နေလား... "

"သွန်းပို့မယ်ဆိုရင် ကျွန်တော် မောင်းသွားပေးပါ့မယ်

ပျဉ်းမနားရဲစခန်းက အချုပ်ခန်းက...ဲ နေလို့ ထိုင်လို့

ကောင်းမကောင်းလည်း သိရတာပေါ့... "

"ရှင် ဘယ်လိုလူစားဆိုတာ ကျွန်မသိကိုမသိသေးဘူး...

လူသတ်ကောင်ဆိုတာတော့ သိလာပြီ... "

"စာရေးဆရာဆိုတာကော သိသွားပြီ မဟုတ်လား..."

"သိသွားခဲ့ပါပြီ... နောက်တစ်ခုပဲ လိုတယ်... "

"အိမ်ထောင်ရှိမရှိ... "

"ရှင် ဘယ်တော့သေမလဲဆိုတာပဲ... "

စိတ်ပေါက်ပေါက်နှင့် သွန်းက ပြော၍ လှည့်

ထွက်သွားသည်။ ဂျက်စနေက ခပ်ဖြည်းဖြည်းနှင့် ပခုံးတွန့်

သည်။ ဆံပင်တွေကို လက်ငါးချောင်းနှင့် ထိုးကော်ဖွလိုက်

၏။



www.burmeseclassic.com

www.burmeseclassic.com



စကားပြောရတာ နာရီဝက်လောက်တော့ ရှိသွား၏။

သူ့ဘာဝမှန်ကို ပြောလိုက်ရလို့ စိတ်ကျေနပ်သွားသည်။ သွန်းရဲ့နှလုံးသားဆုံးဖြတ်ချက်ကို သူမဘာသာ ဆုံးဖြတ်ပါစေတော့။

လိုအပ်သောစာတ်ဆီကို ဈေးနားမှာ သွားဝယ် ထည့်လိုက်ကာ ဆိုင်ကယ်ကို ဆက်စီးလာခဲ့၏။

ဆိုင်ကယ်သွားစဉ် ဆိုင်ကယ်ဦးထုပ်ဆောင်း၍ ဂျင်းဂျာကင် လက်ပြတ်ကို ဝတ်ထားသော သွန်း၏လက်တွေ က ဂျက်စနေ၏ခါးကို ဖက်မြဲဖက်ထားသည်။

တောင်ငူသို့ ရောက်တော့ မော်တော်ဆိုင်ကယ် ကို ခေတ္တအနားပေးကာ ထမင်းကို တောင်ငူထမင်းဆိုင်မှာပဲ စားကြသည်။

တောင်ငူသည် သန့်ပြန့်သော မြို့ဖြစ်သည်။ စစ်တောင်းမြစ်ကို ကန့်လန့်ဖြတ် ဆောက်ထားသောကြောင့် တောင်ငူစစ်တောင်းမြစ်ကူးတံတားကို ဖြတ်လျှောက်ကူးလို ကြောင်း သွန်းကပြော၏။

အချိန်မရဟု ဂျက်ကဆို၏။

ထမင်းစားပြီးသည်နှင့် ခရီးဆက်ကြရပြန် သည်။ နစ်ယောက်လုံးမှာတော့ ပင်ပန်းနေသည်။

ရန်ကုန်ကို ညအချိန်မီ အရောက်သွားကြရ





တော့မှာကိုး။

လေးနာရီလေးဆယ့်ငါးမိနစ် ရှိချေပြီ။

ပျဉ်းမနားမှ တောင်ငူသို့ တစ်နာရီတည်းနှင့် ပြတ်မောင်းချ မောင်းနှင်နိုင်တာတော့ အံ့ဩစရာပဲ မဟုတ် လား။

ဆိုင်ကယ်ကလည်း ကောင်း၊ မောင်းတဲ့လူက လည်း ကျွမ်းလို့။

သို့ရာတွင် သွန်းခမျာမှာတော့ လေတိုးခံရလို့ ဆံလုံးတွေ ကျိန်းစပ်၊ နားတွေ အူနေချေပြီ။

တောင်ငူမှာ တစ်ညလောက်တော့ ဂျက်က နား သည်။

သွန်းက လက်မခံ။

ဦးနာဂသူရာတို့ မီလာနိုင်စရာ ရှိသည်ဟု ပြော ၏။

ဖြစ်လည်း ဖြစ်နိုင်သည်။

ဆိုင်ကယ်ကို စီးတော့မည်အပြု မေ့ပြီး ဖွင့်ထား ခဲ့သော ဆယ်လူလာမှ လူခေါ်သံပေးလာသည်။ ဆယ်လူ လာကာ သူမ၏ခါးတွင် ချိတ်ထား၏။

သွန်းက ဖြတ်ယူနားထောင်လိုက်သည်။

အကြောင်းသိမို့။

"ဦးနာဂသူရာလား..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မင်းသိသွားပဲ… မင်းရဲ့သေမင်းလေ… မင်းကို အသေရရ အရှင်ရရ လိုချင်နေတာ… "

"ဝမ်တကဲဒစ်ဒ်အော်အလိုက် (Wanted Dead or Alive) လား… ဒါကောင်းဘွိုင်နယ်မြေ မဟုတ်ဘူး… မန္တလေးကားလမ်းမကြီးပါရှင်… အဲဒီလမ်းမကြီးမှာ ဥပဒေစိုးမိုးရေး ရှိတယ်… "

"မင်း သိပ်အာကျယ်မနေနဲ့… မင်းအကောင်ကိုလည်း ကူးတို့ခ ဆောင်ထားလို့… "

"ဟုတ်ကဲ့ ပြောလိုက်ပါ့မယ်… ခုခေတ်က အကြွေခေတ် မဟုတ်တော့ အကြွေအစားအရွက်ကြီးတစ်ရွက် ဆောင်ထားခိုင်းလိုက်ပါ့မယ် ဦးနာဂသူရာ… "

ပြောပြီး ဆယ်လူလာကို ပိတ်လိုက်သည်။

"ဘာတဲ့လဲ သွန်း… "

"ထုံးစံအတိုင်း ကြိမ်းဝါးချက်တွေပေါ့ရှင်… ကိုင်း… သွားကြရအောင်… "

သွန်းတွေးချက် မှန်ပါသကော။

နောက်က လိုက်လာကြသည်။

ပြေးလိုက်ကြဦးစို့ သွန်းရေ။





## ဇာတ်လမ်းစဉ် (၁၁)

မြို့တွေကို ဖြတ်သန်းသည်။

အမှောင်ကို ဖြတ်သန်းသည်။

ဆောင်း၏အအေးက လမ်းပေါ်ရောက်သူတွေကို ချမ်းသာပေးသည် မဟုတ်ပါ။

အုတ်တွင်း၊ ဇေယျာဝတီ၊ ဖြူး၊ကျောက်တံခါး၊ ညောင်လေးပင်၊ ပဲခူးယ်ကုန်းအထိ မနားမနေကို ဖြတ်ချလာသည်။

ဟွန်ဒါမှာ အတော်ကလေးကို ခံနိုင်ရည် ရှိသည်။ စက်ချွတ်ယွင်းခြင်း၊ ဘီးပေါက်ခြင်းရှိမှာကို စိတ်ထင်ခဲ့ပေမဲ့ ပဲခူးယ်ကုန်းအထိတော့ ချောချောမောမောပဲရှိနေသည်။

ပဲခူးယ်ကုန်းရောက်တော့ ခုနစ်နာရီခွဲနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလူကြီး မမီလာနိုင်တော့ပါဘူး... ခဏလောက်တော့ နားကြရအောင်..."

"ဟုတ်တယ်..."

သွန်းက ပြော၍ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဘွင် ထိုးရပ်ခိုင်းသည်။ သူတို့တစ်ကိုယ်လုံးမှာလည်း ညဘက်ခု လေက ပိုအေးသောကြောင့် အအေးဒဏ်ကြောင့် တုန်နေသည်။

"ပျော်တော့ ပျော်စရာကြီးနော်..."

လက်ဖက်ရည်ကြိုက်သော သွန်းက လက်ဖက်ည်မှာ သောက်ကာ ရွှန်းရွှန်းမြမြဆိုသည်။

ဂျက်ကမူ သောက်နေကျကော်ဖီကိုပဲ မှာသောက်သည်။

"တစ်ယောက် ဆယ်သိန်းစီရမယ်ဆိုတော့ ပျော်စရာကြီးပေါ့..."

ပြောပြီး ငေးသွားသည်။

မြို့တွင်းက မီးလက်လက်တွေကို ကြည့်နေသာ သူ့မျက်လုံးတွေက အနာဂတ်ကင်းမဲ့သလိုဖြစ်နေသည်။

သူ့လက်ကို လက်ကလေးတစ်ဘက်က လာ ိုင်သည်။ သွန်း၏ ဖြူဝင်းသွယ်ဖောင်းသော လက်ချောင်း ၁လေးများပင်။

"ကိုဂျက်တွေးနေတာ သွန်းသိပါတယ်... ကိုဂျက် ရန်





ကုန်မှာ နေရဲသေးလား..."

ဂျက်က သက်ပြင်းကို ခပ်ဝါးဝါးလေး ချလိုက်သည်။

"ကိုယ့်အနာဂတ်ဟာ မည်းမှောင်နေတယ် သွန်း— ဘယ်လို ထိုးဖောက်တိုးဝင်ရမလဲလို့ မှန်းဆနေတယ်"

"ဒါဖြင့်လည်း အမှောင်ထဲမှာပဲ ရမ်းသန်းပြေးဦးပေါ့"

"ပြေးတော့ ပြေးရဦးမှာပဲ သွန်း... ရာဇဝတ်ဘေး ပြေးမလွတ်ဆိုပေမယ့် ပြေးလေဝေးလေ အလှမ်းကွာလေ ဖြစ်ရမှာပဲပေါ့..."

"ဒါဆိုရင် ရှင့်အနာဂတ်ဟာ မည်းသထက် မည်းမှောင်သထက် မှောင်သွားလိမ့်မယ်..."

"ဘာလုပ်ရင် ကောင်းမလဲ..."

ဘာပြောရမှန်းမသိသောကြောင့် သွန်းက တွေးနေ၏။ အတန်ကြာမှ မျက်လွှာကိုပင့်ကာ...

"အဖမ်းခံလိုက်ပါလား..."

"အဖမ်းခံရင် ကြိုးမကျတောင် အနည်းဆုံး ခုနစ်နှစ်က ဆယ်နှစ်ပဲ..."

"မူးယစ်ဆေးဝါးမှုနဲ့ဆိုရင် သက်သာတာပေါ့... မူးယစ်ဆေးဝါးက လူသတ်မှုထက်တောင် အပြစ်ကြီးသေးတာ..."

"ကိုယ်သတ်တာကလည်း မူးယစ်ဆေးဝါးကောင်းဝယ်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့လူကို သတ်တာပဲ... ”

“အပြစ်ကပေါ့နိုင်ပါတယ်... ဒါပေမဲ့ ကြိုတင်ကြံစည်ချက်တွေ ပါနေတယ်... ”

ပြောပြီး ဟင့်ခနဲ ရယ်သည်။ ရယ်သံကို ရပ်၍

“ကိုဂျက်နဲ့ သွန်းကတော့ ပြေးပေါက်ချည်းပါပဲ... ကိုဂျက်က ရာဇဝတ်မှုနဲ့ပြေး... သွန်းက လူဆိုးတွေ လိုက်လို့ပြေး... ”

“သွန်းပြေးတာက အကျိုးဖြစ်နိုင်တယ်... သိန်းနှစ်ဆယ်ထဲက ဆယ်သိန်းရမှာကိုး... ”

“ဒါဆို ဒီလိုလုပ်... ကိုဂျက် ရန်ကုန်အထိမလိုက်နဲ့တော့... ပဲခူးမှာပဲ ဆင်းနေ... ပဲခူးက ဖားအံထိသွား ဖားအံကနေ မြဝတီကိုရောက်... အဲဒီကမှ... ”

ဟု ပြော၍ ကော်ဖီကို သောက်နေ၏။

“သွန်းမှတောင် ခေါင်းရှုပ်လာပြီ... မထူးဘူး... ရန်ကုန်ကိုပဲ ပြန်လိုက်ခဲ့တော့...ရန်ကုန်ရောက်ရင်လှိုင်သာယာကို သွားမယ်... လှိုင်သာယာမှာ သွန်းမိတ်ဆွေတွေ ရှိတယ်... တကယ်လို့ ကိုဂျက်သွားချင်ရင် အဲဒီက တစ်ဆင့် မြစ်ဝကျွန်းပေါ်တွေဘက်ကို သွားနိုင်တဲ့ ထွက်ပေါက်တွေ ရှိတယ်... မြစ်ဝကျွန်းပေါ်တစ်နေရာမှာ ငွေဆယ်သိန်းနဲ့ ဇာတ်မြှုပ်နေလိုက်... ”

“ဟာ ဟုတ်တာပေါ့... ကျေးဇူးတင်ပါတယ် သွန်းရာ—





သွန်းကျေးဇူးပါပဲကွာ... သွန်းက အကြံဉာဏ်ကောင်းတယ်... ”

“အကြံဉာဏ်ကောင်းလို့ ဦးနာဂသူရာလိုလူမျိုးကို နာဖြတ်လာနိုင်တာပေါ့ ကိုဂျက်ရာ... ”

သူ့အတွက်ဖွင့်လန်းလာသောအကြံဉာဏ်ကောင်းတစ်ခုအတွက် ဂျက်က တကယ်ပဲ ကျေးဇူးတင်မိစွာ အားတက်သရော‌ပြောတာကို သွန်းက လက်မလေးထောင်လျက် နောက်တောက်တောက် ပြန်ပြောလိုက်သည်။

သူတို့ လှည်းကူးဘက်ရောက်သောအခါ ညဆယ်နာရီ ထိုးကာနီးပြီ။

အအေးဒဏ်ကြောင့် လှည်းကူးမြို့တွင်းမှာ အသွားအလာပင် မရှိတော့။

ဆိုင်တချို့တောင် ပိတ်ကုန်ကြပြီ။

လက်ဖက်ရည်ဆိုင်တချို့ပင် ကျန်ရှိနေသည်။

ဆိုင်ကယ်က လှည်းကူးရောက်တော့ ဖောက်သာတော့သည်။ အိပ်ဇောမှ ချောင်းဆိုးသလို ဖြစ်လာသည်။

ထိုးရပ်သွားတော့၏။

ဘေးတစ်ဝိုက်တွင် မှောင်ရိပ်သန်းနေသည်။

“ဟယ်... ဘာဖြစ်သွားသလဲ... ”

သွန်း၏ စိုးရိမ်ကြီးအာသံ။

“ဓာတ်ဆီကုန်သွားသလား မသိဘူး... ”



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင် လင်းထိန်နေသော မီးရောင်မျာ

ဆိုင်တချို့ရှိသည်။ ကက်ဆက်သံသဲ့သဲ့လည်း ကြားရ

ညဘက် မပိတ်သေးသော ဆိုင်တွေ ဖြစ်

လှည်းကူးကုန်းတံတားကြီးဆီသို့ မရောက်သေးပါ။

ဖောင်ကြီးဘက်သွားသော လမ်းခွဲကို

ကျော်လွန်ခဲ့ပြီးပြီ။

"ကိစ္စမရှိဘူး... မာတ်ဆီကုန်ရင် အဲဒီနားမှာ

တစ်ဆိုင်ဆိုင်မှာ သွားထည့်လိုက်မယ်... ပက်

စတေရှင်တွေ ခုလောက်ဆို ပိတ်ချင်ပိတ်နေမှာ

လှည်းကူးက ရန်ကုန်နားကပ်နေတာ

လှည်းကူးအကြောင်းတော့ သိပ်မသိပါ။

အမှောင်ထဲတွင် ကြာကြာမနေလိုသော

ကက်ဆက်သံလာရာဘက်ကို ဆိုင်ကယ်ကို ဂျက်က

သွားသည်။

သူ့နားမှ သွန်းက လိုက်သွား၏။

လက်ဖက်ရည်ဆိုင်ပဲ ဖြစ်သည်။

ဆိုင်ထဲတွင် လူတချို့ ရှိနေပါသေးသည်။

ဂျက်က ဆိုင်ကယ်ကို စစ်ဆေးသည်။ သွ

သူမ ဆိုင်ကယ်ကို သူမသိသူပီပီ...

"ဆီကုန်တာတော့ ဖြစ်နိုင်မယ်မထင်ဘူး...

ရွှတ်ယွင်းသလား... လီဗာပဲ ကပ်သွားသလား





ဝဲ... "

သွန်းပြောတာ သေချာသည်။ ဆိုင်ကယ်တွင် ဆီမကုန်သေးပါ။ ဘုရားကြီးမှာ ဆီဝင်ထည့်လာခဲ့သေးသည်။

ဆိုင်ကယ်ကို စက်နှိုးကြည့်သည်။ တစ်ချက် နှစ်ချက် စက်သံပေးပြီး ချောင်းဆိုးသလို တဟွတ်ဟွတ် မြည် ကာ ပြန်ရပ်သွားသည်။

"ဆီချောင်းပိတ်နေတယ် ထင်တယ်... "

သွန်းက ပြော၍ ဆီသွားလမ်းကြောင်းကို ကုန်း စစ်သည်။ မီးရောင်က သည်အထိတော့ အားမပေးပါ။

သည်စဉ်ခိုက် လူနှစ်ယောက် ရောက်လာ၏။

"ဘာတွေဖြစ်နေတာလဲ... "

စပ်စပ်စုစုပင် မေးလာ၏။ မျက်လုံးတွေက သွန်းကို ကြည့်သည်။ သွန်းက ပြန်မပြောဘဲ ဂျက်ကို ကြည့် လိုက်တော့ ဂျက်က စိတ်ပျက်သံနှင့်...

"ဆိုင်ကယ်မောင်းမရလို့ စစ်နေတာ... "

တစ်ယောက်က ဆိုင်ကယ်ကို သွန်းနည်းတူ ငုံ့ကြည့်၏။ ထိုမှ ပြန်ရပ်ကာ...

"စက်ဆိုတာ စိတ်ချလက်ချ မောင်းလို့ရတာမှ မဟုတ် ဘဲ... ခင်ဗျား မပြင်တတ်ရင် ဟိုရှေ့မှာတော့ ဆိုင်ကယ် ပြင်တဲ့ဆိုင်တစ်ဆိုင် ရှိတယ်... "

"ဟုတ်လား... ကျေးဇူးပဲဗျာ... "



www.burmeseclassic.com

www.burmeseclassic.com



"နေဦးဗျ… အဲဒီဆိုင်ပိတ်သလား မပိတ်သလား သွားကြည့်ပေးမယ်… ဆိုင်အလုပ်သမားတွေ ပြန်ရင်တော့ ဆိုင်ရှင်ရှိကောင်းရှိမှာပဲ… "

ဂျက်က ဘာမှပြန်မပြော။

သွန်းကသာ ကျေးဇူးပါပဲဟု ပြော၏။

လူနှစ်ယောက်ထွက်သွားပြီး ခပ်လှမ်းလှမ်းရောက်လျှင် ဆိုင်သွားကြည့်ပေးမည်ဆိုသည့်လူက သူ့အဖော်အား…

"မါကျဲရှိး… ဆရာဦးနာဂ ဖုန်းနဲ့ပြောလိုက်တဲ့ မော်တော်ဆိုင်ကယ်နံပါတ် အဲဒီဆိုင်ကယ်နံပါတ်ပဲကွ… လူပုံသဏ္ဍာန်တွေလည်း မှန်တယ်… "

"ငါယင်တော့ ထင်သား… ဒါဆို ငါ ချိုတူးတို့ကိုသွားအကြောင်းကြားလိုက်မယ်… မင်း သူတို့ကိုဖြစ်တဲ့နည်းနဲ့ ခေါ်ခဲ့ ရှိန်း… "

"နေဦးကွ… ယုတ္တိရှိအောင် ကိုသန်းနိုင်ဆိုင်ဘက်သွားလိုက်ဦးမယ်…"

"သန်းနိုင်ကြီးက ဒီအချိန် အိပ်နေပြီပဲ… "

"ငါသိပါတယ်ကွာ… သူတို့နှစ်ယောက်ကို သန်းနိုင်ကြီးနဲ့ ဆွယ်ရမှာ… "

လူနှစ်ယောက်စကားပြောကြတာကို ဆိုင်ကယ်ကို အာရုံစိုက်နေသော ဂျက်စနေတို့ မသိကြသည်မှာ လူ





နှစ်ယောက် တစ်ယောက်တစ်လမ်း ခွဲသွားသည်အထိဖြစ်သည်။

ရှိန်းဆိုသည့် ငတိက အနည်းငယ်ဝေးကွာသောနေရာအထိ လျှောက်သွားသည်။

"ဆိုင်ထဲ ဝင်ချင် ဝင်နေလိုက်ပါလား သွန်း… အပြင်မှာ အေးတယ်… "

"အပြင်လည်း ထွက်ချင်တယ်… တစ်လမ်းလုံး အောင့်လာရတာ ကိုဂျက်ရဲ့… "

ပြောပြီး လက်ဖက်ရည်ဆိုင်ထဲ ဝင်သွားသည်။

အိမ်သာကို မေးသည်။ နောက်ဖေးတွင် မီးလင်းလျက်ရှိသောနေရာတစ်နေရာကို ဆိုင်လုပ်သားလေးတစ်ယောက်က ညွှန်ပြသည်။

မကြာမီ ဂျက်စနေ ဝင်လာသည်။

သူက ကော်ဖီပူပူတစ်ခွက်ကို မှာစဉ် သွန်း သူ့စားပွဲတွင် လာထိုင်သည်။ သွန်းမျက်နှာကလေးက တည်ကြည်နေသည်။ ဂျက်က လက်ဖက်ရည်သောက်ရန်ပြောသော်လည်း ငြင်းပယ်လိုက်၏။

ကော်ဖီကို မြန်မြန်သောက်လိုက်၏။

ပြန်ထွက်သွားသည်။

ဆိုင်ကယ်နားရောက်လို့ မရှေးမနှောင်းပင် ရှိန်းဆိုသည့်လူ ပြန်ရောက်လာသည်။



www.burmeseclassic.com

"ကိုသန်းနိုင် မအိပ်သေးဘူး... ခင်ဗျားဆိုင်ကယ်ကို သူကြည့်ပြီးမှ ဘာဖြစ်တယ်ဆိုတာ ပြောနိုင်မယ်တဲ့ ဆိုင်ကယ်ကို တွန်းယူခဲ့ဗျာ..."

"ဝေးသလား..."

"ဒီနားလေးတင်ပါ..."

သွန်းကို ထားပြီး ထွက်သွားဖို့ စိတ်ကူးလိုက် ပေမယ့် သွန်းက လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လာပြီး ဖြစ် သည်။

သွန်း၏ ဂျင်းရိုက်ဒါနှင့် ဂျင်းဂျာကင်လက် ပြတ်ဝတ်ထားမှုသည် သွန်း၏ထောင်မောင်းသော အရပ်နှင့် ကြည့်ကောင်းတာမို့ ရှိန်းဆိုသည့်ကောင်က ဆိုင်မီးရောင် အောက်တွင် ခဏတော့ ငေးသွားမိသည်။

"အစ်ကို ရလား..."

သွန်း၏အသံကလေးကို ကြားမှ ရှိန်းက သတိ ဝင်လာ၍...

"သြော် ဟော်... ရတယ် ရတယ်... ခင်ဗျားတို့ ထ ကောင်းတယ်... ကိုသန်းနိုင်ကြီး မအိပ်သေးဘူးဗျ— သူအိပ်ရင်တော့ လွယ်မှာ မဟုတ်ဘူး..."

"သွားမယ်လေ ကိုဂျက်... အကူအညီပေးတာ ကျေးဇူး တင်ပါတယ် အစ်ကိုရယ်... ဒီဆိုင်ကယ်က တစ်လမ်း လုံးကောင်းလာခဲ့တာ... ဒီရောက်မှ ဗွေဖောက်တော့





တယ်..."

ဂျက်က ဆိုင်ကယ်လက်ကိုင်ကို တွန်းသွား၍ နောက်ဘေးမှ လူနှစ်ယောက်က လိုက်သွားသည်။

အိမ်တချို့တလေမှာ အိပ်ကုန်ကြသော်လည်း တချို့အိမ်တွေ မအိပ်ကြသေး။ အေးလို့သာ အပြင်မထွက်ဘဲ အိမ်ထဲ ကွေးနေကြသည်။

ဈေးအဆောက်အဦတွေ ဆိုင်တွေကို ကျော် ဖြတ်လာသည်။

ရန်ကုန်ဘက်မှလာသော ကားနှစ်စီးသုံးစီး က မီးတဝင်းဝင်းနှင့် မောင်းသွားသလို ရန်ကုန်သို့ ဝင်သော ကားလေးငါးစီးကလည်း တစ်စီးပြီးတစ်စီး မီးတဝင်းဝင်းနှင့် မောင်းသွားကြသည်။

လမ်းကလေးတစ်လမ်းထဲကိုချိုးဝင်လိုက်သည်။

တိုက်ခံပျဉ်ထောင်အိမ်တစ်လုံးရှေ့တွင် ရပ် လိုက်သည်။ ထိုအိမ်ကလေးတွင်းမှာ မီးလင်းနေသည်။

အိမ်ရှေ့တွင် အပြာရောင်လေး ဘီးတစ်စီး ရပ် ထားသည်။ အိမ်တံခါးမှာ ပွင့်နေသည်။

ဆိုင်ကယ်ကို ဒေါက်ထောက်ကာ သူတို့ ဝင် လိုက်ကြ၏။

အထဲမှ လူလေးယောက်က ဝိုင်းဖွဲ့ကြိုနေပြီး တစ်ယောက်၏လက်ထဲမှာက သေနတ်တစ်လက်။



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ ကြုံတွေ့လိုက်ရမှုက ဂျက်စ
ကိုရော သွန်းကိုပါ ကြက်သေသေသွားစေသည်။

"နှစ်ယောက်လုံး အလောင်းမဖြစ်ချင်ရင်တော့ အေးဆေးဆေး လက်မြှောက်ထားလိုက်..."

"ခင်ဗျားတို့ ဘာလုပ်တာလဲ... ဘာလိုချင်လဲ..."

သတိဝင်လာသော ဂျက်ကမာတောက်တော
မေးခွန်းတွေ ထုတ်သည်။

လူလေးယောက်မှာ တုတ်ခိုင်သန်စွမ်းသ
ဂျက်အနေနှင့် အလွယ်တကူ ခုခံအနိုင်ရယူဖို့ မမျှော်လင့်

သွန်းကလည်း မီးရောင်အောက်တွင် ခပ်တ
တည် ကြည့်နေသည်။ သူမ၏ခါးနောက်ကြားတွင် ဦး
သူရာတို့ဆီမှ ယူလာသော သေနတ်ကို ထိုးထားသော်လ
လက်တစ်ဘက်တွင် အတက်ချိုကေ့(စ်) ကိုင်ထားတာမို့
ယူလို့ မရပါ။

"စကားမရှည်နဲ့... လက်တွေ မြှောက်ထား..."

တစ်ယောက်က သွက်လက်စွာပင် သွ
လက်ထဲမှ အတက်ချိုကေ့(စ်)ကို ဆွဲလုလိုက်သည်။

နှစ်ယောက်လုံး လက်မြှောက်လိုက်ကြသ

သူတို့ ဘယ်သူတွေလဲ။

ဂျက်စနေ တွေးနေသည်။ သွန်းက တစ်
တွက်ဆနေသည်။ ခုခံလို့ မရမှန်းလည်း သိ၏။





တစ်ယောက်က ပထမဦးစွာ ဂျက်စနေ၏ ကိုယ်ပေါ်တွင် သွက်လက်လျင်မြန်စွာ ရှာလိုက်သည်။ သေနတ်ကို တွေ့သွားသည်။ လေတစ်ချက် ချွန်လိုက်သည်။

"ရှော့ ဟော့ချိုတူး..."

ကိုယ်လုံးထွားထွား အသားညိုညို ရုပ်ရည်မဆိုးသော လူတစ်ယောက်ဆီသို့ သေနတ်ကို ပစ်ပေးလိုက်၏။

အဲသည်လူက ကျင်လည်စွာ သေနတ်ကို ဖမ်းယူလိုက်သည်။ သူ့လက်ထဲမှာလည်း အရှန်သင့်ကိုင်ထားသော ပစ္စတိုယ်တစ်လက်ရှိပြီးသား။

ရှာဖွေသူက သွန်း၏ကိုယ်ပေါ်သို့ မစမ်းမီ...

"မင်းဟာ မိန်းကလေးပဲ... အားနာတယ်... ငါ ဟိုစမ်းသည်စမ်း မလုပ်ချင်ဘူး... ဒီတော့ လက်နက်ပါရင် ထုတ်ပေးပါ..."

"ကျွန်မခါးနောက်မှာ..."

စိတ်ပျက်အားလျော့သံက သွန်းတွင် ပေါ်လာ၏။ သည်တော့မှ ဂျင်းဂျာကင်ကို ခါးနောက်ဘက်မှ လှန်ကာ စမ်းသပ်ရှာဖွေသူက သေနတ်ကို ဆွဲထုတ်လိုက်သည်။

"မင်းတို့ ဒီသေနတ်တွေ ဘယ်ကရသလဲ..."

"ဘယ်ကရရ ခင်ဗျားတို့နဲ့ မဆိုင်ပါဘူး..."

"ဦးနာဂသူရာဆီက မဟုတ်လား..."



www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဖက် မြှောက်ထားကြရာမှ ဂျက်စနေ့က သွန်းဘက်ကြည့်လိုက်သည်။ သွန်း၏မျက်လုံးများနှင့် အကြည့်ချင်းဆုံသွား၏။ သွန်းက...

"ရှင်တို့က ဦးနာဂသူရာရဲ့လူတွေလား... "

"ဟုတ်တယ်... ဦးနာဂသူရာက ဖုန်းဆက်လိုက်လို့ တို့က စောင့်နေတာကွ... "

"ကိုဂျက်... ဟိုလူကြီးက ကျွန်မတို့ထက် ခြေတစ်လှမ်း သာသွားပြန်ပြီ ကိုဂျက်... "

"မတတ်နိုင်ဘူးလေ... ကံတရားပေါ့... ဒီလိုဖြစ်လို့ မော်တော်ဆိုင်ကယ်က ဒီရောက်မှပျက်ပြီး ကြံသွားတာကိုး... "

ဂျက်က ပြောပြီးမှ ရှိန်းဘက်ကို လှည့်ကာ...

"တော်တယ်ဗျာ... ခင်ဗျား ကျုပ်တို့ကို အယုံသွင်းနိုင်တယ်...တကယ့်ငလိမ်ပဲ... "

ပြောပြီး သေနတ်နှင့်ချိန်ထားသော ချိုတူးဆီသူ့ဘက် လှည့်ပြန်၍...

"ကဲ... အခု ကျုပ်တို့ကို မိပြီ... ဘာလုပ်ချင်သလဲ..."

မာမာတင်းတင်း အမေး။

"တို့ကတော့ ဘာမှမလုပ်ဘူး... ဦးနာဂသူရာရဲ့အမိန့်ကို နာခံရုံပဲ... မင်းတို့ကို သူနဲ့တွေ့ပေးမယ်... "

"မင်းခါးက ဆယ်လူလာပေး... မင်း အတော်လှတာ





ပဲ... တစ်ကိုယ်လုံးလည်း မွေးနေတာပဲ... မင်းက ဒါတွေနဲ့ တို့ဆရာကြီးကို မှားခဲ့တယ် ထင်တယ်...မင်း အကြောင်းကို သော်မော်ကြီးက ပြောဖူးတယ်... "

"ရှင်တို့က ကိုသော်မော်ကြီးလူလား... "

ခါးကြားမှ ဆယ်လူလာကို ဖြုတ်၍ ကမ်းပေးရာက သွန်းက အေးစက်စက်လေသံနှင့် မေးသည်။

"အေး ဟုတ်တယ်... ကိုသော်မော်ကြီးက ထောင်ထဲရောက်နေပြီ... တို့က ဒီမှာ လာခိုနေတာ... "

"ဟေ့ မင်းမောင်... မိန်းမတွေကို စကားသိပ်မပြောနဲ့ ကြွေသွားလိမ့်မယ်... ဒီမိန်းမက လည်တယ်လို့ ဆရာကြီးက ငါ့ကိုဖုန်းထဲမှာ ပြောထားတယ်... "

မျက်ခုံးလှုပ်လှုပ်ကလေးကို မြှင့်၍ သွန်းက ချိုတူးအား...

"ဒီမှာရှင့်... အဲဒီသေတ္တာလေးထဲမှာ ငွေသိန်းနှစ်ဆယ်ပါတယ်... ရှင်တို့ ဒီငွေသိန်းနှစ်ဆယ် ယူပြီး ကျွန်မတို့ကို လွှတ်လိုက်ပါလား... "

"သိန်းနှစ်ဆယ်ထက် ဆရာကြီးကို တို့ကြောက်နေရတယ်... ကဲ ရှည်ပါတယ်... ရှိန်းရေ သူတို့ကို ကားပေါ်တင်လိုက်... ဆိုင်ကယ်ကို အိမ်ထဲမှာ ရွှေ့ထားခဲ့မယ်... တို့ သတ်မှတ်ထားတဲ့နေရာကို ခေါ်သွားကြရအောင် ရော့ သေနတ်... "



www.burmeseclassic.com

"ဒီလိုမြို့လယ်ခေါင်မှာ ခင်ဗျားတို့ ပစ်ရဲရဲ့လား..."

"ကျုပ်သေနတ်ကိုလည်း ကြည့်... ဆိုင်လင်ဆာပါတယ်..."

ချိုတူးသေနတ်မှာ တကယ်ပဲ အသံတိတ်ကိရိယာပါ၏။

အဲသည်သေနတ်ကို ရှိန်းက ယူ၍ ကျန်လူတွေအား ဂျက်စနေနှင့် သွန်းကို ကြိုးတုပ်၍ ပါးစပ်ပလာစတာကပ်ရန် ပြောလိုက်၏။

ပြီးစီးလျှင် ကြိုးတုပ်ခံရပြီး ပါးစပ်တွင် ပလပ်စတာကပ်ခံရသော လူနှစ်ယောက်လုံးကို တိတ်ဆိတ်စွာ လေးဘီးနောက်ခန်းတွင် တပ်လိုက်ကြသည်။

ဂျက်နှင့် သွန်းက မာမာပဲ။

သူတို့မျက်လုံးချင်း ဆုံမိတော့ ဂျက်က အခွင့်ရလျှင် ရန်းကန်ဖို့ မျက်ရိပ်မျက်ခြည်ပြသည်။

သွန်းက ခေါင်းလေး ညိတ်ပြ၏။

"တစ်ယောက်ကိုတစ်ယောက် အချက်ပေးမနေနဲ့... ငါတို့ သိပြီးသား..."

သွန်း၏ စလွယ်သိုင်းလွယ်ထားသော ပိုက်ဆံအိတ်ကလေးကို ချိုတူးကဖြုတ်ယူလိုက်သည်။

ကားရှေ့ခန်းတွင် ရှိန်းနှင့် ပါဂျဲရိုးခေါ်သော လူတစ်ယောက် ထိုင်၍ ၎င်းကပင် ကားမောင်းသည်။





နောက်ခန်းတွင် ချိုတူးအပါအဝင် လူသုံးယောက်နှင့် ဂျက်တို့ နှစ်ယောက် ထိုင်ကြရ၏။

ချိုတူးလက်တွင်းမှ သေနတ်က ချိန်ထားမြဲ။

ကားကလေးက လမ်းကလေးထဲမှ အရှေ့ကားလမ်းပေါ်သို့ မောင်းထွက်လာသည်။

ကားက လမ်းကလေးထဲမှ အထွက်တွင် လမ်းမပေါ် ရောက်ကာနီး၌ ပိတ်ဆို့ရပ်တန့်နေသော လူတစ်စုကို မီးရောင်နှင့် လမ်းမီးရောင်တွင် တွေ့လိုက်ကြရ၏။

ရှိန်း၏ အလန့်တကြားအော်ပြောလိုက်သံ။

"ကိုချိုတူးရေ... ရှေ့မှာ ရဲတွေ ရဲတွေ..."



www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ် (၁၂)

ရဲများသာမက ရပ်ကွက်လူကြီးတချို့ပါ ပါ၏။

ချိုတူးက သူ့သေနတ်ကို လမ်းဆေားတစ်နေရာသို့ ပစ်ထည့်လိုက်သည်။

ရဲဆိုတော့လည်း မခုခံရဲပါ။

ရှိန်းမှာ တုန်တုန်ယင်ယင်နှင့် ကားကို ရပ်လိုက်၏။

"ဘယ်သွားမှာလဲ... "

"ဖောင်ကြီးဘက်ပါ... "

ဖြေမိဖြေရာ ရှိန်းက ဖြေသည်။

"တို့သတင်းရထားတယ်... မင်းကားကို ရပ်ထား... "

ရဲတချို့က ကားကို သေနတ်နှင့် ချိန်ထားကြစဉ် နောက်ပိုင်းမှ လူတွေကို စစ်ဆေးသည်။





ကြိုးတုပ်ပလာစတာ ကပ်ခံရသူနှစ်ဦး၊
ချိုတူးနှင့် လိုင်စင်မဲ့သေနတ်ကိုင်လူနှစ်ဦး၊
ငွေသိန်းနှစ်ဆယ်ပါသော အတက်ချိကေ့(စ်)၊
ဂျက်စနေ၊ သွန်းနှင့် လူအားလုံးခေါင်းငိုက်စိုက်ကျသွားကြတော့သည်။

သူတို့ကို ရဲစခန်းသို့ ခေါ်သွားကြသည်။

ဘယ်လိုမှ မတတ်နိုင်ကြတော့ပါ။

ဂျက်စနေနှင့် သွန်းမှာ ပါးစပ်မှ ပလာစတာဖြုတ်၍ ကြိုးဖြေခံခဲ့ကြပြီးပြီ။

"ဆင်ပြောင်ကြီး အမြီးကျမှတစ်တာပဲ... "

ဂျက်စနေကညည်းတော့ သွန်းကစိတ်မကောင်းစွာနှင့်...

"ရှင်ပြောသလို ကံပဲပေါ့... အားလုံး ခံကြရမဲ့အပေါက်ရောက်လာပြီကို... ပြေးပေါက် မရှိတော့ပါဘူး... "

"တောက်... "

ချိုတူးကတော့ တောက်ခေါက်သည်။

ဘယ်ကောင်သတင်းသွားပေးတာလဲ။ သူတို့အထဲမှ တစ်ယောက်ယောက် သစ္စာဖောက်ပေလိမ့်မည်။

ကားက စခန်းထဲသို့ဝင်သလို ရဲများလိုက်လာသောကားကလည်း ကပ်ဝင်လာ၏။

လေးဘီးကို ရဲတစ်ဦးက မောင်း၍ နောက်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ကွင် ရဲတစ်ဦးက သေနတ်နှင့် လိုက်ပါလာ၏။

ကပ်လိုက်လာသော ရဲကားကြောင့် ဂျက်စနေကို ပြေးလို့မလွယ်။

သူတို့ကားပေါ်မှဆင်းပြီး ရဲစခန်းသို့ ဝင်သည်။

စခန်းမှူးသည် ရုံးခန်းကုလားထိုင်ပေါ်တွင် ထိုင်၍ စီးကရက် သောက်နေ၏။ လူတွေ ရုတ်ရုတ်သဲသဲ ဝင်လာတာကိုမြင်မှ စီးကရက်ကို ပြာခွက်တွင် ငြိမ်းသတ်ရင်း

"ကိုမျိုး... မိခဲ့ရဲ့လား..."

ဒုရဲအုပ်တစ်ဦးက စခန်းမှူးကို အလေးပြုကာ သတင်းပို့၏။

"သူတို့အားလုံး သက်သေခံပစ္စည်းတွေနဲ့အတူ မိခဲ့ပါတယ်... သိန်းနှစ်ဆယ်ပါတယ်ဆိုတဲ့ ငွေသေတ္တာသေနတ်သုံးလက်၊ တစ်လက်က ချိုတူးဆိုတဲ့လူ လွှင့်ပစ်လိုက်တဲ့သေနတ်ပါ..."

"အားလုံးကို စစ်ဆေးရမှာပေါ့... ကဲ ရပ်ကွက်လူကြီးတွေလည်း အဖမ်းပုံစံနဲ့ ရှာဖွေပုံစံမှာ လက်မှတ်ထိုးပေးပါကြပါဦး..."

လူတွေကို တန်းစီရပ်ခိုင်းသည်။

ထိုစဉ် မထင်မှတ်သော လှုပ်ရှားချက်က ထွက်လာ၏။

သွန်းသည် ရပ်နေသူတွေထဲမှ သွက်လက်ဖျတ်





လတ်စွာ ရှေ့သို့ ထိုးထွက်ကာ မီးရောင်အောက်မှာ စခန်းမှူးကို စနစ်တကျ ဆလုရိုက် အလေးပြု၍...

"စခန်းမှူး... ကျွန်မက ရန်ကုန်တိုင်း ဒန (ဒုစရိုက်နှိမ်နင်းရေးအဖွဲ့)က ဒုရဲအုပ်သွန်းရွှေစင်သွယ်ပါ... ကြိုတင်သတင်းပေးပုံ့ချက်က လျှို့ဝှက်စကားနဲ့ ဆယ်လူလာကနေပြီး ကျွန်မ သတင်းပေးပို့လိုက်တာပါ..."

"ဟုတ်ပါတယ်... ဒေါ်သွန်းရွှေစင်ရဲ့ဆောင်ရွက်မှုနဲ့ ပတ်သက်ပြီး တိုင်းက သတင်းပေးပို့ထားပါတယ်..."

စခန်းမှူးစကားကြောင့် ရုံးခန်းထဲမှာ ရှိသော လူတွေအားလုံး အံ့အားသင့်သွားကြသည်။ ဂျက်စနေ အပါအဝင် ချိုတူးတို့ လူသိုက်မှာ ဟာခနဲဖြစ်သွားကြသည်။

ကြောင်ငေးသွားကြသည်။

ဘယ်လိုမှ မမျှော်လင့်သော စကား။ ဘယ်လိုမှ မမျှော်လင့်သောသူ။

သူတို့ကို သွန်းက ဂရုမစိုက်ဘဲ...

"ကုသိုလ်ကံကောင်းချင်တော့... ဆိုင်ကယ်စက်ချွတ်ယွင်းသွားတယ်... ရှိန်းဆိုတဲ့လူကို ကျွန်မ မသက်ာဘူး... ဒါကြောင့် အကူအညီရနိုင်အောင် လက်ဖက်ရည်ဆိုင်က စခန်းမှူးဆီ ကြိုတင်လျှို့ဝှက်အကြောင်းကြားခဲ့တာပါ..."

"ကောင်းပါတယ်... တရားခံတွေထဲက အဓိကတရားခံ



www.burmeseclassic.com

www.burmeseclassic.com



ကိုမိလာပြီလား ဒေါ်သွန်းရွှေစင်သွယ်... "

"သူတို့လာပါလိမ့်မယ်... စောင့်ဖမ်းရုံပါပဲရှင်... အဲဒါကလည်း စခန်းမှူးနဲ့ ကျွန်မရဲ့တာဝန်ဝတ္တရားအပေါ်မှာ တည်ပါတယ်... "

သူတို့သည် ပူးပေါင်းဆောင်ရွက်မှုကို တစ်မုဟုတ်ချင်းလုပ်ကြရသည်။ တရားခံများထဲမှ ဦးစီးဦးဆောင်ပြုသူ ချိုတူးနှင့် ရှိန်းကို သူတို့က သဘောပေါက်အောင်ပြောကာနားလည်မှုရအောင် စည်းရုံးကြရသည်။

ပထမတော့ တင်းခံနေကြသည်။

နောက်တော့ သူတို့၏ကွက်ပေါက်သက်သာမည့်ဘက်ကိုတွေးကာ ခေါင်းညိတ်လိုက်ကြသည်။

ကူညီပါရစေ။

ကူပါ့မယ် ခင်ဗျာ။

နာရီပိုင်းအတွင်း ရဲများက စခန်းမှူးနှင့် သွန်း၏အကြံပေးချက်အရ လုပ်ဆောင်ကြသည်။

ချိုတူးသည် သွန်း၏ဆယ်လူလာနှင့် သူ့ဆရာကြီးကို ခေါ်သည်။

တစ်ခါနှင့် ခေါ်မရ။

နောက်ဆယ့်ငါးမိနစ်အကြာမှ ခေါ်သည်။

ဖုန်းထဲအသံဝင်လာသည်။ ဘေးမှ လူတွေအားငြိမ်ငြိမ်နေကြရန် စခန်းမှူးက လက်ရိပ်ပြ၏။





ခဏအကြာ စကားပြောပြီး ချိုတူးက ရှတ်နှာမသာမယာနှင့်...

"သူတို့ ဘုရားကြီးကို ရောက်နေပြီ... သွန်းရွှေစင်နဲ့ဂျက်စနေကို ကျွန်တော်တို့ မိထားတဲ့အကြောင်း ပြောလိုက်တယ်... "

"ကောင်းပြီ... ဒီအတိုင်းဆိုရင် စောစောက မင်းပြောတဲ့အထဲမှာ သတ်မှတ်နေရာလို့ ပြောသံကြားရတယ် အဲဒီသတ်မှတ်နေရာကို သူလိုက်လာမလား... "

"လိုက်လာပါလိမ့်မယ်... "

"အဲဒီနေရာကို ဒီလူသိသလား... "

"သိပါတယ်... "

"ဒါဆိုရင် မင်းနဲ့ဟိုလူ... အဲ မင်းနာမည်... "

"ကိုရှိန်း... "

"အေး... အခု တို့ရဲ့အဖွဲ့ကြီးကို မင်းတို့တရားခံတွေက ဝိုင်းဝန်းကူညီကြမယ်ဆိုရင်တော့ ကျူးလွန်မယ့်ရာဇဝတ်မှုကြီးတစ်ခုလုံးလည်း တားဆီးပြီးသား ဖြစ်သွားမယ်... ဒီဦးနာဂသူရာရဲ့လုပ်နေတဲ့ မူးယစ်ဆေးဝါးလုပ်ငန်းနဲ့ ဟို သူတို့ခေါ်တဲ့... "

စခန်းမှူး ခဏနားပြီးမှ ဆက်၍...

"ကောင်တာဖိတ်ငွေတုလုပ်ငန်းကြံစည်မှုပါ ဖော်ထုတ်ပြီး ဖြစ်သွားမယ်... "



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည်သွန်းယူလာသောအတာက်ချိုကေ့(စ်) ထဲမှ သက်သေခံငွေများကိုသာမက နိုင်ငံခြားငွေကိုပါ ဖြ လုပ်ရန် လျာထားသက်မှတ်မှုကိရိယာတွေထဲမှ တစ်စိတ် တစ်ဒေသဖြစ်သော ငွေတုမျက်နှာစာဖလင်နှစ်ချပ်ကိုပါ ရရှိ ပြီး ဖြစ်၏။

"ကျွန်တော်တို့ ကူပါမယ် ဆရာရယ်... ကျွန်တော်တို့ ကို သက်သာအောင်... "

"မပူနဲ့ ကိုချိုတူး... မင်းတို့က တို့ရဲအဖွဲ့ကို ကူ တို့ကလည်း ပြန်ကူဖို့ ဝန်မလေးဘူး... "

သူက သွန်းဘက်သို့ လှည့်၍...

"ဒေါ်သွန်းရွှေစင်သွယ်... ကျွန်တော်တို့လုပ်ငန်း ဆက်လုပ်ကြရအောင်... သတ်မှတ်နေရာကို သွား မယ်... ဆရာမနဲ့ ဆရာမရဲ့မိတ်ဆွေ... "

"သူက ကိုဂျက်စနေပါ... စာရေးဆရာပဲ... နာ တော့ မကြီးသေးဘူးပေါ့လေ... "

သွန်းက ပြောပြီး ဂျက်စနေ နားကပ်သွား ဂျက်စနေက မလိုတမာ မျက်နှာကြီးနှင့် သူမကို မျက်မှော ကြီးကုပ်ကြည့်နေသည်။

သွန်းက ပြုံးပြလိုက်ပါသည်။ ဖွေးဖွေးဖြူ သွားကလေးများ မပေါ့တပေါ်ပြုံးလိုက်သော အပြုံး အင်မတန် နှစ်လိုဖွယ် ချစ်စဖွယ်ကောင်း၍ ဂျက်စနေ န





သားထဲ တစ်သက်တာရှင်သန်လိမ့်မည်ဟု ထင်ရ၏။

"ကဲ... ကိုဂျက်ရယ်... သွန်း တာဝန်ကိုထမ်းဆောင်ရာမှ ကိုဂျက်က ပြည်သူတစ်ယောက်အနေနဲ့ရော သွန်းရဲ့ မိတ်ဆွေတစ်ယောက်အနေနဲ့ရော... ကူညီပါဦးနော် ဒီတစ်ခါပြေးပေါက်ကတော့ သွန်းနဲ့ကိုဂျက် မဟုတ် တော့ပါဘူး... အခု လာနေကြတဲ့ ဦးနာဂသူရာနဲ့ ဗလ ကျော်သူတို့အဖို့ ဖြစ်မှာပါ... "

ညသန်းခေါင်ကျော်ပြီ။

တခြားတစ်ရက်သို့ပင် နာရီပိုင်းလေးမှာ ကူးစ စွန်းစ ရှိသွားပါပြီ။

အချိန်က ဆယ်နှစ်နာရီခွဲ။

လှည်းကူးမှ ဖောင်ကြီးသို့ သွားသော လမ်းခွဲရှိ လယ်ကွင်းပြင်များကိုဖြတ်ကာ ဆောင်းလေအေးက တသွင် သွင်တိုက်နေသည်။

ကားတစ်စီးက မှောင်ထဲတွင် ထိုးရပ်လာသည်။

မရိပ်ရသော စပါးပင်များသည် စပါးနံ့ တသင်း သင်းနှင့် လယ်ကွင်းပြင်များမှ သူတို့ကို ကြိုဆိုနှုတ်ဆက်နေ သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆိုသော အသိုက်အဝန်းက ဦးနာဂသူရာ ဗလကျော်သူနှင့် ဖိုးဒီပင် ဖြစ်သည်။

"ပင်ပန်းလိုက်တာဗျာ... ဟိုစကားလို မျက်မျက်ကလေး စားရမလားလို့ ဓာတ်ထဲလိုက်ကာမှ နဲကြီးတက်နင်းမိတဲ့အဖြစ်မျိုးပဲ... ကျွန်တော်တော့ အိပ်တောင် အိပ်ချင်နေပြီ... "

"မင်းက ငါတပည့်လုပ်ပြီး ညည်းနေရသေးလား ဖိုးဒီရာ... အနာခံမှ အသာစံရမယ်တဲ့ကွ... ငါ ညည်းဖို့ထားပါဦး... "

ကားထဲမှအထွက် ဖိုးဒီ ညည်းစကားလေးကြောင့် ဗလကျော်သူက အလိုမကျသလိုပြောပြီး ကျွတ်ကျွတ်ဟု စုတ်သပ်မိသည်။

ဂျက်စနေလက်ရာက လတ်လတ်ဆတ်ဆတ်ကြီးရှိနေသေးသည်။ ဖူးရောင်နေသော မျက်နှာ၊ ကွဲသွားသော နှုတ်ခမ်း။

ဒါတွေက ကားနှင့်လာစဉ် လေတိုးသံ၊ ယာဆောင်းလေတိုးမှုကြောင့် ပိုနာပိုရောင်လာသည်ဟု အော မေ့ရသည်။

"ငါတို့ကို တော်တော်ဒုက္ခပေးတဲ့ကောင်နဲ့ ကောင်မ ကိစ္စကို တုံးပစ်လိုက်မယ်... "

"ကိစ္စလည်း မြန်မြန်တုံးပါမှ... နို့မို့ ကျွန်တော်တို့





ယောက်လုံး ခေါင်းတုံးတုံးနေရမယ်... "

"ဟိတ်ကောင်... မင်း ပါးစပ်ပုတ်ကြီးကို ပိတ်ထားစမ်း... မင်းကြီးဒေါ်တဲ့... "

မနေနိုင်တော့ဘဲ ဗလကျော်သူက ဟောက်ပစ်လိုက်ရသည်။ သူတို့တွင် တစ်လက်တည်း ကျန်ရစ်ခဲ့သော ဓားတိုကို ဦးနာဂသူရာကပင် ကိုင်၍ သူ့ရှေ့မှ ဗလကျော်သူက လယ်ကွင်းတာရိုးပေါ်တွင် ရှေ့မှလက်နှိပ်ဓာတ်မီးနှင့် အသွားတွင် နောက်မှ လိုက်၏။

ဦးနာဂသူရာနောက်မှ ဖိုးဒီ။

"လမ်းကိုပဲ ထိုးကွာ... ဟိုဘက် မထိုးနဲ့... မြွေပါး ကင်းပါးလည်း ကြည့်... "

သူတို့ဘယ်ဘက်တွင် ထန်းပင်လေးငါးပင်စုဆောက်နေပြီး ယင်းထန်းပင်အောက်မှာ ဆိုင်ကလေးတစ်ဆိုင်ရှိသည်။ ရန်ကုန်ရောက်လျှင် ထိုဆိုင်သို့ ဗလကျော်သူ လာဘတ်၏။

အဲသည်ဆိုင်မှ ဆိုင်ရှင်ကောင်မလေးက လှသည်။ အအေး၊ ထမင်းနှင့် ထန်းရည်ရောင်းသဖြင့် ဗလကျော်သူ ရန်ကုန်သို့ ဦးနာဂ ခိုင်းလို့လာလျှင် ကောင်မလေးကို နေ်းကြောဆွဲ၍ ဤဆိုင်သို့ဝင်တတ်ပါသည်။

ယခုလည်း တွေးနေသည်။

ကိစ္စဝိစ္စတွေ ပြီးလျှင် မနက်ဖြန်တော့ ဖိုးဒီနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထန်းရည်သောက်လာဦးမှာပဲလို့။

သူတို့ဦးတည်နေရာက ရွာငယ်ကလေး တစ်ခုပဲဖြစ်သည်။

တစ်ရွာလုံး တစ်လယ်ကွင်းလုံး တိတ်ဆိတ်ကာ ကျလာသည့် နှင်းထုနှင့် အမှောင်ပဲ ကြီးစိုးနေသည်။

ဗလကျော်သူက အိမ်တွေနားရောက်လျှင် လက်နှိပ်ဓာတ်မီးကို အိမ်တွေဘက် ထိုးပြီး ဖွင့်ချည်မှိတ်ချည် သုံးချက် ပြလိုက်၏။

မဆိုးပါ။

အိမ်တစ်အိမ်မှလည်း လက်နှိပ်ဓာတ်မီး သုံးခါ ဖွင့်လိုက်ပိတ်လိုက် လုပ်ပြ၏။

"ဒါချိုတူးတို့ ရောက်နေကြောင်း အချက်ပေးတာပဲကွ သွား... သွား..."

လက်နှိပ်ဓာတ်မီးရောင်မြင်လျှင် အားတက်သရောနှင့် ဦးနာဂသူရာက ပြော၍ ဗလကျော်သူကို တွန်းလိုက်၏။

အနွေးထည်ဝတ်ထားသော လူသုံးယောက်လုံးသည် လက်နှိပ်ဓာတ်မီးနှင့် အချက်ပေးသော အိမ်ကလေးဆီသို့ရောက်သွား၏။

မှောင်နှင့်မည်းမည်း ထင်ရပေမဲ့ အနီးရောက်တော့ အတွင်းတွင် နှစ်ပေမီးချောင်းရောင်ကြောင့် လင်းနေ





သည်။

စောစောက သစ်ပင်အုပ်တွေကြောင့် အလင်းမမြင်ခဲ့မိပါ။

ဖွင့်ထားသော တံခါးအတွင်းသို့ ဝင်လိုက်ကြ၏။

အထဲတွင် ကုလားထိုင်နှစ်လုံးနှင့် ခုံတန်းရှည်တစ်ခု။

ခုံတန်းရှည်ပေါ်တွင် ကြိုးချည်ထားရ၍ ပါးစပ်ပလာစတာကပ်ခံရသော သွန်းနှင့် ဂျက်စနေထိုင်နေကြသည်။

မျက်နှာငယ်ကလေးတွေနှင့်။

ဒါကို... ဦးနာဂသူရာရော၊ ဗလကျော်သူပါ သဘောကျသွားကြသည်။

သူတို့အနီးတွင် ချိုတူး၊ ရှိန်းနှင့် လူသုံးယောက် စောင့်တတ်ရပ်နေကြသည်။ ချိုတူးက သေနတ်ပြောင်းနှင့် သူ့ခါးပြင်ကို အသာပွတ်ထိုးနေသည်။

"ဟာ... တွေ့ရတာ ဝမ်းသာစရာကြီးပဲ... ဘယ်လိုလဲ သွန်း... ပြေးမဲ့ပြေးတော့ အရပ်ရှစ်မျက်နှာပဲ... ခွေးလိုတွေ့တော့ အရပ်တစ်မျက်နှာထဲမှာပဲလား..."

ဝမ်းခေါင်းသံကြီးနှင့် ဦးနာဂသူရာက ပြော၍ ချိုတူးဘက်လှည့်ကာ...

"ချိုတူး... မင်းတော်တယ်ကွာ... ဒါမှ ငါ့လူပီသ



www.burmeseclassic.com

www.burmeseclassic.com



တာကွ... ဟစ် ဟစ် ဟီး... ”

ဝမ်းခေါင်းသံလိုက်ပါသောအသံကြီးနှင့်ဦးနာဂသူရာက ရယ်သည်။

ဗလကျော်သူက သူ့လက်ဝါးထဲ လက်သီးပွတ်၍...

“အကြွေးဆိုတာ ယူပြီးရင် ပြန်ဆပ်ရစမြဲပဲ... ဂျက်စနေ ငါ့အလှည့်တော့ လာပြီဟေ့... ”

“ဆရာကြီးရေ... နိုပ်စက်ပွဲလေးတော့ပြီးမှ လုပ်... ဆရာကြီးပစ္စည်းတွေ အလျှင်စစ်ကြည့်လိုက်ပါဦး... ကိုရှိန်း ပေးလိုက်... ”

“ငါ့တပည့်ချီတူး တကယ်တော်တယ်ကွာ... ဟာ ဟာ”

သူ့ကိုယ်ထည်ကြီးကို ဟိုမှသည်မှ လှုပ်ရှားရင်း ဦးနာဂသူရာက လက်ဟန်ခြေဟန်နှင့်ပြောသည်။

ငွေသေတ္တာကို စစ်ဆေးသည်။ ငွေတုဖလင်ကို စစ်ဆေးသည်။ ကွန်ပျူတာဂရပ်ဖစ်မို့ မီးရောင်တွေ ထောင်ကြည့်၏။

“ဟုတ်တယ်ကွ... အဲဒါတွေပဲ... ”

သူက ပြန်သိမ်းခိုင်းလိုက်၍ သွန်းနားကပ်ကာ

“သွန်း... သွန်း ဘယ်လိုလဲ မိရွှေသွန်း... အခုတော့ ကျုပ်လက်က လွတ်အောင် ပြေးနိုင်သေးရဲ့လား... ”

“သတ်ပစ်လိုက်... ”





ထိုစကားကို သွန်းက ပြောရသည် မှတ်ပါ။ ဘေးမှ လက်တွေ နောက်ပြန်ကြိုးတုပ်ခံထားရသောဂျက်စနေက ဝင်အော်လိုက်ခြင်း ဖြစ်သည်။

ဂျက်စနေမျက်လုံးတွေမှာ မီးတောက်သလို ထင်ရ၏။

“ဖောင်း... ”

သူ့ကို ဦးနာဂသူရာက လက်ပြန်ရိုက်ထည့်ပေးလိုက်၏။

“ဟင်... မဆိုင်ဘဲ ဝင်ရှုပ်တဲ့ကောင်... ကိုယ့်သေတွင်းကိုယ်တူးတဲ့ကောင်... ငါ့ခေါင်းကို မင်းထုသွားတာ မှတ်မိသေးရဲ့လား... အခု မင်းအလှည့်လာတော့မယ် ငါ့ပစ္စည်းတွေလည်း ပြန်ရပြီကွ... စာရေးဆရာအစုတ်ပလုတ်ကောင်ရဲ့... ”

“ခင်ဗျား မဆဲနဲ့... ”

“ဆဲ... ဘာဖြစ်လဲကွ... ”

“ခွပ်... ”

“ဖုံး... ”

ရိုက်ချက်တွေကြောင့် ဂျက်စနေ ပုနေရ၏။ ဦးနာဂသူရာမှာ ခုန်ဆွခုန်ဆွလို ဖြစ်နေ၏။

“ဆရာကြီး... နေ နေ ကျွန်တော် ဆော်မယ်... ”

“ဗလကျော်သူ... မင်းအလှည့်လာမယ်... ခဏနေဦး”



www.burmeseclassic.com

www.burmeseclassic.com



ဦးနာဂသူရာလက်ကို တား၍ ဟန့်လိုက်သည်။ သူက ဂျက်စနေနှင့် သွန်းကို ယှဉ်ကြည့်လိုက်သည်။

နှစ်ယောက်လုံး လိုက်ဖက်သော်လည်း ဂျက်စနေကပျော့ပြီး သွန်းက မာသည်။ ထန့်သည်။

"နေပါဦးကွ... မင်းတို့နှစ်ယောက်လုံး ရည်းစားဖြစ်နေကြပလား..."

ကိုယ်ကြီးတွင် ခါးထောက်ကာ ကုန်းပြီး သွန်းကိုမေးလိုက်ပါသည်။

"ဒါ ရှင့်အလုပ် မဟုတ်ပါဘူး... ရှင် မေးစရာမလိုပါဘူး..."

"မေးရမယ်ကွ... မေးရမယ်... မင်းဟာ ငါ့ရဲ့ပထမဆုံး ရည်ရွယ်ပြီး မိန်းမ... ပထမဆုံး ရည်ရွယ်ထားတဲ့ ချစ်သူ..."

"ကြောင်မနေစမ်းပါနဲ့... ကျွန်မမှ ရှင့်ကို မချစ်တာ..."

"မင်း ငါ့ကို ချစ်ရမယ်... မင်းကို ငါချစ်တယ်... မင်း ငါ့ကို ချစ်ရမယ် ယူရမယ် လက်ထပ်ရမယ် နားလည်ပလား..."

"ရှူး... ရှင့်အသံကြီးမကျယ်နဲ့... ဘေးလူတွေ ကြားရင် ရှင် ကျွန်မတို့ကို မသတ်ဖြစ်ဘဲ နေဦးမယ်..."

"ဟိုကောင့်ကို သတ်မယ်... မင်းကို မသတ်ဘူး... မင်း ငါ့ကို လက်ထပ်ပါ... ငါ့ကို မင်းလက်ထပ်ရင် မင်း





အပြစ်တွေကို ခွင့်လွှတ်မယ်..."

"တော်ပါတော့... ခင်ဗျားလက်ထပ်ရမှာက သွန်းရွှေစင်ကို မဟုတ်ဘူး... လက်ထိပ်နဲ့ လက်ထပ်ရမှာ ဦးနာဂသူရာ..."

ထိုစကားသံသည် ချုံတွေးဘေးတွင် ရပ်နေသူ ချုံတွေး၏တပည့်များအနက်မှ တစ်ယောက်၏အသံပင် ဖြစ်သည်။

သည်လူက ရယ်၍...

"ကျုပ်က... သည်မြို့က စခန်းမှူးပါ... ခင်ဗျားကို ဖမ်းချင်လို့ အခုလိုစောင့်နေတာပါ... ပြေးပေါက် မရှိတော့ပါဘူး ဦးနာဂသူရာ..."

သူတို့ ကြောင်သွားကြသည်။

သည်အခိုက်မှာပင် လက်ကြိုးတုပ်ခံရဟန် ဆောင်နေသော ဂျက်စနေက ဝုန်းခနဲ ထ၍ ဦးနာဂသူရာ၏ မေးအောက်ထဲ လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။

ခြေကားယားလက်ကားယားနှင့် ဦးနာဂသူရာ ပစ်ကျသွားစဉ် သွန်းကလည်း ဖျတ်ခနဲထကာ ညာလက်သီးနှင့် ဗလကျော်သူ၏မျက်နှာတစ်ဘက်ကို ဖြတ်ထိုးချလိုက်၏။

"ပွဲပြီးပြီ..."

ဂျက်စနေက အော်လိုက်သည်။

ထိုစဉ်မှာပဲ ယူနီဖောင်းဝတ်ရဲတွေ ဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးနာဂသူရာတို့သုံးယောက်မှာ မလှုပ်နိုင်တော့ပါ။ သူတို့ကို သွန်းကိုယ်တိုင် လက်ထိပ်ခတ်လိုက်၏။ ကျန်သော လက်ထိပ်တစ်ခုကို လှည့်ကစားရင်း...

"ဆောရီး ဦးနာဂသူရာ... ကျွန်မဟာ ရှင်ထင်သလို ရှင်နဲ့ပြိုင်ဘက်မိန်းမလည် သွန်းရွှေစင်သွယ်မဟုတ်ဘူး... ရှင့်လုပ်ငန်းတွေ ဖော်ထုတ်ပြီး ရှင့်ကိုဖမ်းဖို့ကြိုးစားခဲ့တဲ့ ဒုစရိုက်နှိမ်နင်းရေးရဲအဖွဲ့က ဒုရဲအုပ်သွန်းရွှေစင်ပါ... အခုတော့ ဥပဒေအောက်က ရှင်မပြေးနိုင်တော့ဘူး... ရှင် ပြေးပေါက်ပိတ်သွားပြီ... "

ဦးနာဂသူရာသည် အားလုံးကို ချက်ချင်း နားလည်လိုက်၏။ လက်ထိပ်တန်းလန်းနှင့် ခေါင်းငိုက်စိုက်ကျသွားစဉ် စခန်းမှူးက...

"ခင်ဗျားကို အားလုံးသက်သေတွေရှေ့မှာ မျက်မြင်သက်သေအဖြစ်ရော... အထောက်အထားအဖြစ် ဒီသေတ္တာထဲက ငွေတွေ၊ ငွေတုလုပ်မယ့် ဖလင်တွေ... ပြီးတော့ လိုင်စင်မဲ့ ကိုင်ဆောင်တဲ့ သေနတ်တွေအပြင် ခင်ဗျားတပည့်တွေက ခင်ဗျားရဲ့မှုးယစ်ဆေးဝါးလုပ်ငန်းတွေကိုပါ ဖော်ပြောကုန်ပြီးပြီ... ပြီးတော့ ယူလာခဲ့ဟေ့... "

တစ်ဘက်သို့ လှည့်ပြောတော့ရဲဝန်ထမ်းတစ်ဦးက ဆိုနီအသံဖမ်းကက်ဆက်ငယ်ကလေးကို ယူလာသည်။





"ဟောဒီမှာ ခင်ဗျားပြောတာတွေ... ခင်ဗျားလုပ်ခဲ့တာတွေ အားလုံးအသံဖမ်းပြီးသား... ကျွန်တော်တို့က ဖရိမ် (Frame) လုပ်ရင် ခိုင်ခံ့အောင်လုပ်တာပါပဲ... "

ဘာကိုမှ ပြန်မပြောနိုင်အောင် ဦးနာဂသူရာ ခေါင်းငိုက်စိုက်ချထားဆဲ။

မိုးဒီကသာ တိုးတိုးလေး ပြောလိုက်၏။

"အထင်တခြား အမြင်တခြားပါလား... အသားစားချင်လို့ နတ်ပွဲဝင်ကာမှ အရိုးကိုက်ရကိန်း ဆိုက်နေပြီပေါ့ မိုးဒီရေ... အဇာတသတ်နဲ့ဒေဝဒတ်လို အဇာတသတ်က ဒေဝဒတ်ကို ဆရာမှားပြီး ကိုးကွယ်သလို ငါလည်း ဆရာမှား ကိုးကွယ်လိုက်တာ အရိုးကိုက်ရတဲ့အပြင် ဖွတ်ကို ဖြစ်သွားပါရောလား... "

ဒါကို ဗလကျော်သူက ကြားတော့...

"ညည်းမနေနဲ့... ဖွတ်မရ ဓားမဆုံးဆိုတာ ဒါပဲပေါ့ကွ... ဖွတ်မင်းသားရဲ့... "

သည်စကားက အားလုံးကို ရယ်ပွဲလေးဖြစ်သွားစေ၏။

တရားခံဖမ်းတာတောင် ပျော်ပျော်ရွှင်ရွှင် ဖမ်းရသလို ဖြစ်နေသည်။

ကျေးရွာကောင်စီလူကြီးတချို့ ရောက်လာကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အကြောင်းကြားချက်ဖြင့် ရောက်လာကြခြင်းဖြစ်သည်။

တချို့အိမ်မှလူတွေလည်း နိုးကုန်သည်။

စခန်းမှူးကိုယ်တိုင် ပါလာသဖြင့် လိုအပ်သောအကူအညီများကို ကျေးရွာလူကြီးတချို့ဆီမှ တောင်းရသည်။

ရွာထဲတွင် ကားနှစ်စီးသုံးစီး ရှိ၏။

တစ်စီးကို ခေတ္တယူလိုက်ကြသည်။

"ပွဲတော့ပြီးပြီ သွန်း... ဘာဆက်လုပ်ကြဦးမလဲ... "

ရွှန်းမြသော မျက်နှာလေးရှိသည့် သွန်း၏မျက်နှာကို ဂျက်စနေက စူးစူးစိုက်စိုက် ကြည့်ကာ မေးလိုက်သည်။

သွန်းက သက်ပြင်းလေး ချလိုက်၍...

"လုပ်စရာကတော့ စိတ်မသက်သာစရာပဲ... "

ပြောလည်းပြော လက်တွင်ကိုင်ထားသောလက်ထိပ်ဖြင့် ဂျက်စနေလက်တစ်ဘက်ကို လျင်မြန်စွာ ချိတ်ဆွဲလိုက်ကာ ကလစ်ခနဲ နှိပ်ချလိုက်သည်။

"ဟင် သွန်း... "

"You are under arrest by the instruction of law... "

ဥပဒေ၏ညွှန်ကြားချက်ဖြင့် ရှင့်ကို ဖမ်းဆီးလိုက်ပါသည်ဟူသော စကားကို သွန်းက အင်္ဂလိပ်လိုပဲ ပြောလိုက်၏။





"ဟာ... သွန်းရယ် လုပ်ရက်လိုက်တာ... "

"ဝတ္တရားဟာ ဝတ္တရား... တာဝန်ဟာ တာဝန်ပဲ... ကိုဂျက်စနေ... သွန်းရင်ထဲမှာတော့ မချိပါဘူး ကိုဂျက်ရယ်... "

တကယ် သွန်းရင်ထဲမှာမချိပါ။ ငိုချင်နေသည်။ မျက်ဝန်းတွင် မျက်ရည်တွေ စို့နေသည်။

"ရက်စက်လိုက်တာ သွန်းရယ်... ကိုယ်မမျှော်လင့်ဘူး... "

ဆို့နင့်နင့်အသံနှင့် ဂျက်ကပြောကာ လက်ထိပ်ကို တွေတွေကြီး ကြည့်နေရှာသည်။

ကျန်လူတွေလည်း အံ့အားသင့်ကုန်သည်။စခန်းမှူးက...

"ဒေါ်သွန်းရွှေစင် ဘယ်လိုဖြစ်တာလဲ... အခု အမှုထဲမှာ သူပါလို့လား... "

"သူက တခြားအမှုပါ... လူသတ်မှု... ရန်ကုန်မှာ ဖြစ်တဲ့အမှု... ဦးနာဂသော်တာဆိုတဲ့လူကို သတ်ခဲ့တဲ့အမှုပါ... "

"ဟာ ဖြစ်မှဖြစ်ရလေ... ခင်ဗျားက ဟိုမြို့ကိုရောက်နေတာပဲ... ဘယ်လို ဒီအမှုနဲ့ သူပတ်သက်တာလဲ"

"စိတ်မကောင်းစရာပါရှင်... သူက သူ လူသတ်ခဲ့တဲ့အကြောင်း ကျွန်မကို ဝန်ခံခဲ့တယ်လေ... ကျွန်မ သူ့



www.burmeseclassic.com

www.burmeseclassic.com



ကို မဖမ်းချင်ပေမဲ့ တာဝန်နဲ့ဝတ္တရားကျေပွန်မှုကို ကြည့်ပြီး ဖမ်းရတော့တာပဲရှင့်... ”

အသံတုန်တုန်ကလေးနှင့် ပြောလိုက်စဉ် စီးကျလာတော့မည့် မျက်ရည်တွေကိုမကျအောင် မျက်တောင်တွေကို မှိတ်ခတ်ပစ်လိုက်သည်။

“သွန်းကို ခွင့်လွှတ်ပါ ကိုဂျက်ရယ်... သွန်း တောင်းပန်ပါတယ်... ”

“သွန်းရယ်... သွန်းကို ဦးနာဂသူရာတို့လက်ထဲက ကယ်ခဲ့တာ မထောက်ဘူးပေါ့... ”

“တာဝန်နဲ့ဝတ္တရားအရပါ ကိုဂျက်ရယ်... ”

“သွန်းနဲ့ သွားခဲ့ လာခဲ့တာလေးလည်း ထောက်ပါဦး”

ဂျက်စနေသည် သွန်းကို စိမ်းစိမ်းကြည့်လိုက်သည်။ သွန်းမျက်နှာလေးမှာ ဇိုမဲ့မဲ့ ဖြစ်နေသည်။

“တို့က သွန်းကိုယုံကြည်ခဲ့တယ်... သွန်းက တာဝန်နဲ့ဝတ္တရားကို ဦးစားပေးနေပြီပေါ့... ဒါလောက်တာဝန်ကျေလှတာကို ချီးကျူးပါတယ်... ကိုယ့်ချစ်သူက ရက်စက်မှတော့ ကိုယ်ခံရပါတယ်ကွာ... ”

တစ်လုံးချင်း ပြောကာ ခေါင်းငိုက်စိုက်ဖြင့် ရှေ့သို့ ခြေလှမ်းလိုက်သည်။ သွန်းကလည်း ကျန်လက်ထိပ်တစ်ကွင်းဖြင့် သူမ၏လက်တစ်ဖက်ကို ခတ်လိုက်၏။

“ကိုဂျက်နဲ့အတူ သွန်းပါ လက်ထိပ်ခတ်ခံပြီး သွားမှာပါ





ကိုဂျက်ရယ်... လာပါ... သွားကြပါစို့... ”

အဓိပ္ပာယ်သဘောပေါက်သွားကြသည့်လူအချို့မှာ စခန်းမှူးမှစပြီး စိတ်မကောင်းကြတော့။

ဂျက်စနေ ရင်ထဲမှာ မခံချည့်။

ရက်စက်တဲ့ သွန်းရယ်။

ကိုဂျက်နဲ့ လည်ခဲ့တာတွေကို မမေ့။

ကိုဂျက်နဲ့ ပြောခဲ့တဲ့စကားတွေကို မမေ့။

ကိုဂျက်နှင့် အန္တရာယ်ကို ရင်ဆိုင်ခဲ့၊ ဖြေရှင်းခဲ့ရတာတွေကို သတိရတာ နာရီနှင့်အမျှ မိနစ်နှင့်အမျှ။

အယ်(လ်)အယ်(လ်)ဘီဘွဲ့ကို ယူလာပြီး ရဲဘက်တွင် အမှုဝင်လာထမ်းသော သူမသည် ဥပဒေကြောင်းရာတွေကို လှန်လှောဖတ်ရှုသည်။ လေ့လာသည်။

ကိုဂျက်ကို လူသတ်မှုမှ လွတ်ရာလွတ်ကြောင်းရှာဖွေရေးပဲ ဖြစ်သည်။

သွန်း ကိုဂျက်ကို ချစ်ခဲ့တာတော့ မငြင်းပါ။

လူသတ်မှုနှင့် တစ်နေ့ဖမ်းရမှာမို့ ကိုဂျက်ကို ချစ်လျက်နှင့် မချစ်ရဲပါ။

ထမင်းဟင်းပင် မစားနိုင်ဘဲ စိတ်သောကများ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော မိမိကို ဖေဖေနှင့်မေမေကတောင် ဘာဖြစ်နေသလဲဟု မေးလာသည်။

ဖေဖေက ဆရာဝန်ကြီး။

မေမေက ကျောင်းတစ်ကျောင်းမှ အထက်တန်းပြဆရာမ။

သွန်းသည် မိမိခံစားမှုတို့ကို မိဘတွေ မသိအောင် တုပ်နှောင်ခဲ့သည်။

ကိုဂျက်ကို လှည်းကူးရဲစခန်းတွင် ထားခဲ့ပြီးနောက်တစ်ရက်တိုင်အောင် သွားမတွေ့ခဲ့ပါ။

ကိုဂျက်ကို တွေ့လျှင် ငိုမိမည် စိုးသောကြောင့်ပဲ။

ကိုဂျက်ကို လက်ထိပ်နှင့် မိမိပါပူးတွဲခေါ်ဆောင်လာခဲ့စဉ် ညအမှောင်မှ ကိုဂျက်မျက်နှာ ဘယ်သို့ရှိမည်ကို တွေးပြီး မကြည့်ရဲခဲ့ပါ။

တာဝန်ရှိသေးသည်မို့ သည်ကနေ့တော့ စောစောကလေး အိပ်ရာထသည်။ ညက အတွေးတွေနှင့် အိပ်မပျော်ခဲ့တာကြောင့် ခေါင်းက မူးနောက်နောက်။

ဆောင်းတွင်းပေမဲ့ တံခါးကိုလုံလုံပိတ်၍ ဘတ်တပ်(ပ်) (Bath Tub)ခေါ် ကြွေဇလားထဲ ရေပူရေအေး စပ်ကာ ဆပ်ပြာမှုန့်တွေထည့်၍ ရေစိမ်ကာ ချိုးပစ်လိုက်သည်။

ထိုသည်နောက် မွေးပွမျက်နှာသုတ်ပဝါထူထူ





နှင့် တိုက်ပစ်၍ အမွေးနံ့သာတွေ လူးလိုက်ဖြန်းပက်လိုက်၏။

ဆလက်အင်္ကျီတစ်ထည်နှင့် နိုင်လွန်အနွေးထည်ဝတ်၍ ပြုလုပ်နေကျမှုအတိုင်း ရေချမ်းနှင့်ဆီမီးကို ဘုရားတွင် ကပ်သည်။ ရဟန္တာများတွင် ကပ်သည်။ ဘုရားဝတ်ပြုသည်။ စိပ်ပုတီးကို အဓိဋ္ဌာန်နှင့် စိပ်လိုက်၏။

ယမန်နေ့တွေက နံနက်ခင်းတွင် ကျန်းမာရေးလေ့ကျင့်ခန်းများလုပ်သော်လည်း ယနေ့မလုပ်ဖြစ်။

မိမိတို့ ဌာနမှ ရဲမှူးကြီးနှင့် တွေ့ဆုံကာ ကိုဂျက်အတွက် အကြံဉာဏ်ကောင်းရသော်ကောင်းလိမ့်မည်ဟု ယုံကြည်သည်။

ကိုးနာရီခွဲအရောက် ရုံးသို့သွားသည်။

လုပ်ဖော်ကိုင်ဖက်တွေနှင့် တွေ့ဆုံကာ စကားပြောဖြစ်သည်။ သူမ ရွက်ဆောင်လာသော အမှုအတွက် လုပ်ဖော်ကိုင်ဖက်တွေက ချီးကျူးကြ၏။

ဆယ်နာရီခွဲလောက်တွင် အစည်းအဝေးမှ ပြန်လာသော ရဲမှူးကြီးနှင့်တွေ့ဆုံရန် သူ၏ရုံးခန်းထဲသို့ ခွင့်တောင်းဝင်သွား၏။

ရဲမှူးကြီးက ဖိုင်တစ်ခုကို လှန်လှောကြည့်ရှုနေရာမှ မျက်မှန်တွင်းမှ မျက်လုံးများကို ပင့်ကြည့်လိုက်၏။

"ဩော်... ဒေါ်သွန်းရွှေစင်ပဲ... လာထိုင်..."

ရင်းနှီးစွာပင် ဖိတ်ခေါ်သည်။ ယူနီဖောင်းဝတ်ပြည့်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားသော ရဲမှူးကြီးကိုယ်က ဝဖိုင့်သည်။ မျက်နှာပြည့် ပြည့်နှင့် သဘောကောင်းပုံရသည်။

"ကွန်ကရက်ကျူးလေးရှင်း ဒေါ်သွန်းရွှေစင်... ခင်ဗျား ဆောင်ရွက်ခဲ့တဲ့ အမှုအတွက် ခင်ဗျားရဲ့ရီပို့နဲ့ အမှု ဖိုင်ကို ပြန်ကြည့်နေတာ... "

"ကျွန်မ အစွမ်းကုန်ဆောင်ရွက်ခဲ့ပါတယ် အန်ကယ်"

"ကျွန်တော်တို့ လိုက်နေတဲ့ အမှုတွေ ပြီးဆုံးသွားပါပြီ၊ မူးယစ်ဆေးဝါးကော... ငွေတုပါ ဖော်ထုတ်နိုင်ခဲ့တယ် ဦးနာဂသုရာဟာ အဲ့တော်ဟန်ဆောင်ကောင်းခဲ့တဲ့ လူ တစ်ယောက်ပါ... နေရာတကာမှာ သူက ငွေနဲ့ဖုံးပြီး အနိုင်ယူနေခဲ့တာ ဒေါ်ရွှေစင်သွန်းနဲ့ကျမှ အရည်ပျော် သွားခဲ့တာပဲ... "

သွန်းရွှေစင်က ဆတ်ခနဲ ကိုယ်ကို မတ်၊ ခြေ ချင်းရိုက်ကာ ဆလုရိုက်အလေးပြုလိုက်ပြီးမှ ဝင်ထိုင်သည်။

သည်စဉ် လူတစ်ယောက်လည်း ဝင်လာသည်။ သူသည်လည်း သွန်းကဲ့သို့ပင် အလေးပြုလိုက်ပြီးလျှင် လက် တွင် လာပါသောဖိုင်ကို ပေးကာ...

"ဒါက ကျွန်တော့်အင်ဖော်မေးရှင်းရီပို့ပါ... "

ပြောလိုက်သော စကားအသံကြောင့် သွန်း တစ်ကိုယ်လုံးမှာ ဆတ်ခနဲ တွန့်သွားသည်။ မော်ကြည့်လိုက် ၏။





လုံးလုံးမျှော်လင့်မထားတဲ့လူ။

"ဟာင်.. ကိုဂျက်... "

ရဲဝတ်စုံယူနီဖောင်းအပြည့်နှင့်လူ။ ရဲပီကက် ဦးထုပ်ကိုလည်း ဆောင်းထားသည်။

သွန်းမှာ ပြူးပြူးပြဲပြဲ ဖြစ်သွား၏။ သူ့ပခုံးမှ ရာထူးက သွန်းလိုပဲ ကြယ်တစ်ပွင့်။

"နေကောင်းပါရဲ့လား ဒေါ်သွန်းရွှေစင်... "

ဘုရား... ဘုရား။

ကိုဂျက်စနေမှ ကိုဂျက်စနေ။

သူက တည်ကြည်လေးစားဖွယ်ရွာပင် နှုတ် ဆက်တော့ သွန်းမှာ စကားမပြောနိုင်ဘဲ ကုလားထိုင်လက် ရမ်းတွေကို ဆုပ်ကိုင်ထားမိကာ ငေးကြည့်နေမိ၏။

ရဲမှူးကြီးက ဖိုင်ကို ယူလိုက်သည်။ ထို့နောက် ပြုံး၍ မျက်မှန်တွင်းမှ မျက်လုံးများနှင့် သွန်းနှင့်ကိုဂျက်ကို သုံးသပ်သောအကြည့်နှင့် ကြည့်ပြီးမှ...

"ဒေါ်သွန်းရွှေစင်... မိတ်ဆက်ပေးရဦးမယ်... သူက မကြာသေးခင်ကမှ ရဲသိပ္ပံသင်တန်းကျောင်းက ဆင်း လာတဲ့ ဒုရဲအုပ်စနေထွန်းပါ... "

"သူ... သူ... "

"ဟုတ်ပါတယ်... ကျွန်တော် ဂျက်စနေပါ... "

"ရှင်... ရှင်... လူသတ်မှု... "



www.burmeseclassic.com

ရဲမှူးကြီးက အပြုံးနှင့်...

"ဒေါ်သွန်းရွှေစင် မျက်စိလည်သွားပြီထင်တယ်... ဒုရဲအုပ်ကိုစနေထွန်းဟာ ဦးနာဂသော်တာကိုသတ်တဲ့ လူသတ်ကောင် မဟုတ်ပါဘူး... သူဟာ ကျွန်တော်တို့ ဒုစရိုက်နှိမ်နင်းရေးအဖွဲ့အတွက် ဒေါ်သွန်းရွှေစင်နောက်ကို ရှဒိုးလိုက်ခိုင်းလိုက်တဲ့သူပါ... ဦးနာဂသော်တာကို သတ်တဲ့တရားခံကို ဒေါ်သွန်းရွှေစင်က ဦးနာဂသူရာနောက်ကို လိုက်စဉ်မှာ ကျွန်တော်တို့က ဖမ်းမိထားပြီးခဲ့ပါပြီ... သူက လူသတ်တရားခံစစ်စစ်ဖြစ်တဲ့ မြင့်ဝေဆိုတဲ့ တခြားလူသတ်သမားပါ..."

"ဟင်... ဒါဆို သူက လူသတ်တယ် ပြောခဲ့တာပဲ..."

"ကိုစနေထွန်းကလား..."

"ဟုတ်ပါတယ် ရဲမှူးကြီးခင်ဗျာ... ကျွန်တော် ဒေါ်သွန်းရွှေစင်နဲ့တွေ့တဲ့အခါမှာ သူ့အကြောင်းသိချင်လို့... ဦးနာဂသော်တာကို ကျွန်တော်သတ်ခဲ့တယ်လို့ လီစယ်ပြောမိခဲ့ပါတယ်... သူဟာ တာဝန်နဲ့ ဝတ္တရားကို ရှိသေတဲ့မိန်းကလေးပါ ရဲမှူးကြီးခင်ဗျား... ကျွန်တော့်ကို လူသတ်ကောင်အဖြစ်နဲ့ဖမ်းခဲ့ပါတယ် လှည်းကူးစခန်းက... ရန်ကုန်အချုပ်ကိုတင်ပို့တော့မှ ကျွန်တော်က စခန်းမှူးကို အကြောင်းစုံပြောပြီး အထောက်အထားတွေ တင်ပြခဲ့ရတယ်..."





"ဒါတွေ ကျုပ်သိပြီးပါပြီ ကိုစနေထွန်း... ဒေါ်သွန်းရွှေစင်ဟာ တာဝန်ဝတ္တရားကျေပွန်တဲ့ ရဲအမျိုးသမီးအမှုထမ်းပါပဲ... ဒီကနေ့ လူ့ဘောင်မှာ ရာဇဝတ်မှုတွေ ကျဆင်းအောင် ကျုပ်တို့ ကြိုးစားနေတဲ့အခါမှာ ဒေါ်သွန်းရွှေစင်လို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်တဲ့ မြန်မာအမျိုးသမီးတွေဟာ ကျုပ်တို့ရဲ့အဖွဲ့မှာအများကြီးလိုပါတယ်... ဒီကနေ့ အမျိုးသမီးတွေဟာ... ယောကျ်ားတွေနဲ့ လုပ်ရည်ကိုင်ရည်မှာ ရင်ဘောင်တန်းနိုင်တယ်ဆိုတာ ကျုပ်ယုံတယ် ကိုစနေထွန်း..."

"ဟုတ်ကဲ့... ကျွန်တော် သူနဲ့တွဲလုပ်ဆောင်ခဲ့လို့ သိပြီးပါပြီ..."

စကားပြောပြီးလို့ သူတို့နှစ်ယောက် ရဲမှူးကြီးရုံးခန်းမှ ထွက်လာတော့ ရယ်ရယ်မောမောပဲ။

အပြင်ရောက်တော့ သွန်းက...

"ကဲ... ကျွန်မတို့နှစ်ယောက်နားလည်မှုရှိဖို့ပဲ လိုတယ်... ကျွန်မက ဝတ္တရားအရ ရှင့်ကို ဖမ်းတယ်... ရှင်ကလည်း ကျွန်မကို လူသတ်ကောင်အဖြစ် လှည့်စားခဲ့တယ်..."

"စာရေးဆရာဆိုတာကတော့ အမှန်ပါ..."

"မယုံဘူး..."

"ယုံအောင်..."

ဂျက်စနေခေါ် စနေထွန်းက လက်ဝါးပြန့်ပေး

www.burmeseclassic.com



၏။ သွန်းကရယ်မောပြီး ဖတ်ခနဲ ထိုလက်ဝါးကို သူမ လက်ဝါးနှင့် ရိုက်လိုက်သည်။

"ဒါဆို ယုံပြီလား... "

"ယုံပြီ... "

နှစ်ယောက်သား ရယ်မောသံတွေက လွင့်ပျံ့သွားပါတော့၏။ "

ဝဲ့ကြည်းမယ်ဘွယ်

ဇော်ညို

၂၃-၉-၂၀၀၁



www.burmeseclassic.com